http://www.dhammadownload.com

၂၂၀၀



# သာမဏေကျော်

# သင်္ဂဟာအလင်းတန်း

အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသ

စုစည်းတင်ပြသည်

သာသနာ – ၂၅၄၆ ကောဇာ – ၁၃၆၄

http://www.dhammadownload.com

JJoo



# သာမဏေကျော်

# သင်္ဂဟာအပေါင်းစာနှုန်း

အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသ
စုစည်းတင်ပြသည်

သာသနာ – ၂၅၄၆ ကောဇာ – ၁၃၆၄

http://www.dhammadownload.com



အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသ

စုစည်းတင်ပြသည်

သာသနာ - ၂၅၄၆ ကောဇာ - ၁၃၆၄

http://www.dhammadownload.com

http://www.dhammadownload.com

2000



# သာမဏေကျော်

# ဦးပုညအကြောင်းစာတမ်း

အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသ


စုစည်းတင်ပြသည်

သာသနာ – ၂၅၃၆ ကောဇာ – ၁၃၅၄

http://www.dhammadownload.com

# တောင်းပန်လွှာ

သင်္ဂဟအလင်းတန်း၊ ကျမ်းတပန်း၊ တတ်ကျွမ်းလှ၍ ရေးပါ၊
ကူညီသသော၊ လမ်းညွှန်ပြော၊ မနော ဖြူစင်စွာ။
ဉာဏ်ရည်နုနယ်၊ စာသင်ငယ်၊ သိလွယ် စိမ့်သောငှာ။
ထိုပြင် တ၀၊ မိနှင့်ဖ၊ သင်ပြ မြတ်ဆရာ။
ကျေးဇူးဂုဏ်ဆင်၊ ဦးထိပ်တင်၊ ဆပ်ချင်သည့်တွယ်တာ။
အခွင့်သာခိုက်၊ လုလ္လစိုက်၊ ရေးလိုက်ရသည်သာ။
အမှားပါရှိ၊ ဝန္ဒာမိ၊ အဉ္ဇလိ တောင်းပန်လွှာ။



သမိဒ္ဓိကွန်ပျူတာ
စည်ရှင်ကျောင်း၊
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေး

http://www.dhammadownload.com

# နိဒါန်း

ပိဋကသုံးပုံဟု ဆိုအပ်သော မြတ်စွာဘုရား၏ စကားတော်သည် "နာနာနယနိပုဏံ" (ဒီ၊ဋ္ဌ၊၁၊ ၂၈) ဟူသော အဋ္ဌကထာပါဠိနှင့် အညီ အထူးထူးသောနည်းတို့ဖြင့် သိမ်မွေ့နက်နဲ၏၊ ထို့ကြောင့်ပင် မဟာသမုဒ္ဒရာကို သေးငယ်သော ယုန်ကြောင်စသော သတ္တဝါတို့သည် ထောက်တည်ရာကို မရနိုင်သကဲ့သို့ မန္ဒပုဂ္ဂိုလ်များအနေဖြင့် ပိဋကအဏ္ဏဝါကို ကူးခတ်ရန် အလွန်ပင် ခက်ခဲလှသည်၊ ယင်းပိဋကသုံးပုံတို့တွင် ပရမတ္ထသဘာဝ အဘိဓမ္မာ သဘောတရားသည် ပို၍ပင် နက်နဲ၏။

ထို့ကြောင့်ပင် ယင်းအဘိဓမ္မာသဘောတရားကို မြတ်စွာဘုရားသည် လူသားတို့ထက် ပညာရည်မြင့်မားသော တာဝတိံသာနတ်ပြည်၌ ဟောကြားခဲ့ခြင်း ဖြစ်သည်၊ မည်သို့ပင် ခက်ခဲနက်နဲသည်ဖြစ်စေ၊ အရှင်သာရိပုတ္တရာထေရ်၊ အရှင်မဟာဂတိဂမိယတိဿဒတ္တထေရ် (ဒီ၊ဋ္ဌ၊၁၊၁၂) တို့ ကဲ့သို့သော တိက္ခပညာပုဂ္ဂိုလ်တို့အနေဖြင့်မူကား တစ်ထိုင်တည်းဖြင့်ပင် ပင်ပန်းမှုမရှိဘဲ လွယ်ကူစွာ ကူးခတ်နိုင်ခဲ့ကြသည်။

ယင်းပရမတ္ထသဘာဝတို့ကို ပုဒ်အရဓာတ်အရပစ္စည်းအရ၊ အကြောင်းအကျိုး ဆက်သွယ်ဟန်စသည်ကို ခွဲခြားသိမှသာ စာပေပိဋကအရသာကို အပြည့်အဝ ခံစားနိုင်ကြသည်၊ ထို့ကြောင့် စာမေးပွဲများ၌ ပရမတ္ထသဘာဝ ပုဒ်အရဓာတ်အရပစ္စည်းအရ၊ အကြောင်းအကျိုး ဆက်သွယ်ဟန် စသည်များကို မေးမြန်းရန် သတ်မှတ်ခဲ့ကြသည်၊ ယင်းသတ်မှတ်ချက်ကြောင့် စာသင်သားတိုင်း ပရမတ္ထသဘာဝဆိုင်ရာများကို လေ့လာကြရသည်။

ယင်းသို့ လေ့လာရာတွင် တိက္ခပညာပုဂ္ဂိုလ်များအနေဖြင့် ပုဒ်အရ

http://www.dhammadownload.com



ခေတ်တရ၊ ပစ္စည်းတရ အကြောင်းအကျိုး ဆက်သွယ်ဟန် စသည်ကို အရကောက်ရှာဟ. အဓိပ္ပါယ်ယူဆတတ်ကြသဖြင့် ပင်ပန်း ခက်ခဲမှု မရှိဘဲ လွယ်ကူစွာပင် လိုရာပန်းတိုင်သို့ ရောက်၍ အောင်ပွဲဆင်နိုင် ခဲ့ကြသည်။

မန္ဒပညာပုဂ္ဂိုလ်များ အနေဖြင့်မူကား ဗွေ့ာစရိယတန်းကို ရောက်နေသည့်တိုင်အောင် ခွဲခြားပကောက်တတ်. အကြောင်းအကျိုးဆက်သွယ်ဟန် စသည်ကို အဓိပ္ပါယ် မယူဆတတ်ကြသည့်အတွက် စာမေးပွဲအောင်ပန်းကို ဆွတ်ခူးရန် ခက်ခဲပင်ပန်းစွာ ကြိုးစားကြရသည်၊ သာမဏေယ်များအဖို့ မှာကား ဆိုဘွယ်ရာ မရှိ၊ ခက်ခဲမည်မှာ အမှန်ပင် ဖြစ်သည်။

ယင်းအခက်အခဲများကို ပြေရှင်းနိုင်ရန် သာမဏေကျော်စာမေးပွဲဝင် သာမဏေယ်များအတွက် အထူးသင့်လျော်အောင် ဤ "သင်္ဂဟ တလင်း တန်း" စာအုပ်ငယ်ကို စီစဉ်ထားသည်ကို တွေ့ရသည်။

ဤ "သင်္ဂဟ တလင်းတန်း" စာအုပ်ငယ်၌ ပရမတ္ထသဘာဝများနှင့် ပတ်သက်၍ ယှဉ်ဘက်သမ္ပယုတ္တစဥ္စ ကောက်ပုံကောက်နည်းမှ အစ. ဝီထိချုပ် ချနည်း အလယ်. ပဌာန်းပစ္စည်းပစ္စယုပ္ပန် ဆက်သွယ်နည်း ကမ္မဋ္ဌာန်းများဖြင့် ဝေဘန်နည်းအဆုံး အဘိဓမ္မတ္ထသင်္ဂဟကျမ်းဆရာ စီစဉ်ထားသည့်အတိုင်း အခန်းကဏ္ဍများဖြင့် ပြည့်စုံစွာ စီစဉ်ထားသည်ကို တွေ့နိုင်ပါသည်။

မည်သို့ပင် ပြည့်စုံကောင်းမွန်အောင် စီစဉ်ထားသည့် ဖြစ်စေ၊ အသုံးမပြုတတ်သော ဉာဏ်မရှိသော ပုဂ္ဂိုလ်အတွက်မူကား ..

ယဿ နတ္ထိ သယံ ပညာ၊ သတ္ထံ တဿ ကရောတိ ကိံ၊
လောစနေဟိ ဝိဟီနဿ၊ ဒပ္ပဏော ကိံ ကရိဿတိ။

(တကကျနီတိ)

ရှေးကုသိုလ်ကံ၊ ကြောင်းစပ်သည်၊ ဉာဏ်မှ ကျဉ်းဘိ၊
ထိုသူ၏ ကား။ နီတိ စကား၊ ကျမ်းဂန်များ သည်၊ ကျိုးကား မပေါ်၊ မှုံ
မဝင်းသူ၊ အမြင် မျက်စိ ဆုတ်ယုတ်ဘိက၊ သူ၏ ရှေ့ပါသည်၊ မှန်အကြည်
သည်၊ မည်သည့် အကျိုး၊ ရှိပေနိုးအံ့၊ စိုးစဉ်းမပေါ်၊ သုံးမမျှော်သည်၊
ကြေငြာစရာ၊ ကောင်းရှိကြည်။ ဤ၏သို့

http://www.dhammadownload.com



မျက်စိနှစ်ကွင်း အလင်းမရသူအတွက် မှန်ကြေးမုံသည် အကျိုးမပြီး အချည်းနှီးသာ ဖြစ်သကဲ့သို့ အကျိုးမပြီး အချည်းနှီးသာ ဖြစ်ပေလိမ့်မည်၊ အသုံးပြုတတ်သော ဉာဏ်ရည်ရှိသူအတွက်ကား ဖရမတ္ထဆိုင်ရာ အမေး အဖြေတို့၌ များစွာ အထောက်အကူ ပြုနိုင်လိမ့်မည်ဟု ထင်မိပါသည်၊

အပြောကျယ်စွာ သုံးဖြာသော ပိဋကအဏ္ဏဝါတွင် ဤ"သင်္ဂဟတလင်း ကန်း" ဟူသည့်ဟူသော သမ္မန်ငယ်ဖြင့် သာမဏေကျော်စာမေးပွဲဝင် သာမဏေ ငယ် ပင်လယ်ကူးခရီးသည်တို့ကို ဒုရတိက္ကမ ဒုစ္စဉ္စေယျ မနောဝိလော ဝသော ငါးလိပ်မကာရ် ဘေးဘျမ်းရန်မှာ အတန်တန်မှ ကေန်ပင်လွှန် မြောက်စေ၍ အောင်ပန်းတည်းဟူသော ကမ်းတစ်ဖက်ရောက်အောင် ပို့ဆောင်စေနိုင်လိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်မိပါသတည်း။

အရှင်မာနိတာလင်္ကာရာဘိဝံသ
ညှဉ်ရှင်ကျောင်း၊
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး။

၁၃၆၄ ခု၊ သီတင်းကျွတ်လဆုတ် ၁ ရက်၊ တနင်္လာနေ့၊

http://www.dhammadownload.com

# အမှာစာ

## ''စုစည်းတင်ပြရခြင်း အကြောင်းရင်း''

စုစည်းတင်ပြသူသည် မိမိကိုယ်တိုင်ပင် သင်္ကြံသို့ဟာ သာမဏေကျော် စာမေးပွဲကို ဝင်ရောက် ဖြေဆိုခဲ့ဖူးပါသည်။

ထိုသို့ ဝင်ရောက်ဖြေဆိုစဉ်အခါက အဘိဓမ္မာဆိုင်ရာ သင်္ဂြိုဟ်(၂)ပုဒ်ကို ဖြေဆိုရာ၌ မှန်ကန်အောင် အရ မကောက်တတ်ခြင်း၊ အရကောက်တတ်သော်လည်း နောက်ဆက်တွဲဆိုင်ရာ အာရုံအာရမ္မဏိကထုတ်ပုံ၊ စိတ်အစဉ်ဖြစ်ပုံ၊ ပဋ္ဌာန်းပစ္စည်းပြိုင်ပုံ၊ ပစ္စယသတ္တိထုတ်ပုံ၊ ဝိသုဒ္ဓိ နှင့် ဗောဓိပက္ခိယတရားတွဲစပ်ပုံ-စသည်တို့ကို ပိုင်နိုင်စွာ မထုတ်ဆိုနိုင်ခြင်းတို့ကြောင့် အခက်အခဲမျိုးစုံတို့နှင့် တွေ့ကြုံခဲ့ရပါသည်။

ယခုခေတ် သာမဏေကျော် စာမေးပွဲဝင် သာမဏေအရှင်တို့မှာကား မိမိတွေ့ကြုံခဲ့ရသော အခက်အခဲထက်ပင် သာလွန်သော အခက်အခဲမျိုးစုံနှင့် တွေ့ကြုံ ခံစားနေကြရသည်။

အဘယ့်ကြောင့်ဆိုသော် .....
သာမဏေကျော်စာမေးပွဲ လက်ခံကျင်းပသည့် အသင်းအဖွဲ့များက သင်္ဂါအမှတ် သင်္ဂြိုဟ်အမှတ်ပါ ထပ်မံသတ်မှတ်လိုက်သည့်အတွက် ဘုရားဟောပါဠိတော် (၆)ပုဒ်စွာ ကောင်းစွာ ဖြေဆိုနိုင်ရုံမျှဖြင့် အောင်မြင်မှုပန်းတိုင်ကို မလှမ်းကိုင်နိုင်သေးဘဲ သင်္ဂါအမှတ်သင်္ဂြိုဟ်အမှတ် ရာခိုင်နှုန်းတဝက် ရရှိမှသာ အောင်မြင်မှုပန်းတိုင်သို့ အရောက်လှမ်းနိုင်သောကြောင့်တည်း။

ထိုသို့သော အခက်အခဲမျိုးစုံနှင့် တွေ့ကြုံခံစားနေကြရကုန်သော သာမဏေကျော်လောင်းလျာ သာမဏေငယ်များစွာတို့အား တဖက်တလမ်းမှ ဖြေဆိုပုံနည်းလမ်းများကို ပေးကမ်းလိုသောကြောင့် ဤ"သင်္ဂဟအလင်းတန်း" ကျမ်းငယ်ကို စုစည်းတင်ပြလိုက်ရပါသည်။

http://www.dhammadownload.com



## ''စုစည်းတင်ပြပုံ အစုံစုံ''

ဤစာအုပ်ငယ်၌ ....

စေတသိက်ပိုင်းမှ စ၍ ကမ္မဋ္ဌာန်းပိုင်းအထိ (၈)ပိုင်းခွဲပြီး စုစည်းတင်ပြထားရာ အပိုင်းတိုင်း၊ အပိုင်းတိုင်း၌ ပဌမဦးစွာ ဖြေဆိုပုံ နည်းစနစ်များကို တင်ပြထားသည်။

ထို့နောက် နမူနာ ပုစ္ဆာအဖြေများ၊ ပုံသေနည်းယူရန် အထူးမှတ်ချက်များ စသည်စသည်တို့ကို တင်ပြထားပါသည်။

အထူးအားဖြင့် ပကိဏ်းပိုင်း၌ တိကျသေချာသော အာရုံအာရမ္မဏိက အခွဲများ၊ ဝီထိပိုင်း၌ သုဂ္ဂတိပဋိသန္ဓေပုဂ္ဂိုလ်တို့၏ မဂ္ဂဝီထိ, ဖလသမာပတ္တိဝီထိ ချပုံများ၊ အသိခက်သော အိပ်မက်ဝီထိများ၊ ရုပ်ပိုင်း၌ သက်ရှိသက်မဲ့ အရာဝတ္ထုတို့၌ ရုပ်အရေအတွက်ပုံနည်းလမ်းများ၊ ပစ္စည်းပိုင်း၌ သိလွယ်မှတ်လွယ်သော ပဋ္ဌာန်းပစ္စည်းပြိုင်ပုံ နည်းလမ်းများ၊ ပြိုင်နိုင်သော ပစ္စယသတ္တိရှာဖွေပုံ နည်းလမ်းများ၊ တပြိုင်နက် ယထာရဟခွဲနည်းများ၊ သဒ္ဒပညတ်, အတ္ထပညတ် ထုတ်ပုံနည်းလမ်းများ၊ ကမ္မဋ္ဌာန်းပိုင်း၌ စရိုက်နှင့်ကမ္မဋ္ဌာန်း, ဈာန်နှင့်ကမ္မဋ္ဌာန်း, ဝိသုဒ္ဓိနှင့်ဗောဓိပက္ခိယတရား တွဲစပ်ပုံ စသည်စသည်တို့ကို နမူနာပုစ္ဆာ ပုံစံများဖြင့် ရှင်းလင်းစွာ ဖြေဆိုတင်ပြထားသည်။

## ''ကြည့်ရှုလေ့လာ နည်းယူပါ''

ဤစာအုပ်ငယ်ကို ကြည့်ရှုလေ့လာသောအခါ အရှင်အနုရုဒ္ဓါမထေရ် စီရင်ရေးသားအပ်သော အဘိဓမ္မတ္ထသင်္ဂဟပါဠိနှင့် တွဲဖက်ပြီး ပဌမဦးစွာ ဖြေဆိုပုံ နည်းစနစ်များကို ကြည့်ရှုလေ့လာပါ။ ထို့နောင် နမူနာ ပုစ္ဆာအဖြေများ၊ မှတ်ချက်, အထူးမှတ်ချက်, သတိပြုရန်, အထူးသတိပြုရန် ခေါင်းစီးတို့ဖြင့် ပြဆိုထားသော စကားရပ်များကို ဖတ်ရှုလေ့လာ၍ ပုံသေနည်းယူကြရန် တိုက်တွန်းအပ်ပါသည်။

## ''အမှားကိုဖျက် အမှန်စွက်''

ပေါ်ပေါက်ကြီးကျယ်နေ၌ အမှားနှင့် အမှန်တရား ပွန်းတွဲ၍ ဖြစ်နေကြရာ၊ အမှားတောင်ကြီး အမှန်တရားကိုသာ ရှုပ်ဆိုရေးသားနိုင်သူကိုသည် အရေးပေါ်

http://www.dhammadownload.com



မာဂဓ ပါဠိဘာသာကို မသင်ယူဘဲ တွတ်တွတ်ပြောက်ကျွမ်းကျင်ကြကုန်သော ပဋိသမ္ဘိဒါဉာဏ်ရ ရဟန္တာပုဂ္ဂိုလ်မြတ်ကြီးတို့သာ ဖြစ်ကြသည်။

စုစည်းတင်ပြသူ မိမိမှာကား သာမန် ပုထုဇဉ်ပုဂ္ဂိုလ် တစ်ယောက်မျှသာ ဖြစ်သည့်အတွက် အပေါ့အဆ လွဲမှားခြင်း၊ သတိမေ့လျော့ခြင်း စသည်တို့ကြောင့် အမှားအယွင်း ရှိမည်မှာ သေချာသလောက် ရှိပေမည်။ ထိုသို့ အမှားအယွင်းကို တွေ့မြင်သိရှိခဲ့သော် အမှားကို ပယ်၍ အမှန်ကိုဖြည့်စွက်ပြီး ကြည့်ရှုလေ့လာကြပါရန် တောင်းပန်အပ်ပါသည်။

## "ဦးထိပ်တော်တင် ကန်တော့ပန်းဆင်"

ဤစာအုပ်ငယ် စုစည်းတင်ပြနိုင်ရန် အခြေခံပညာများ သင်ကြားပို့ချပေးတော်မူသော ဖော်ပြပါ ကျေးဇူးရှင်ဆရာတော်တို့အား ဤ "သင်္ဂဟအလင်းတန်း" ကျမ်းငယ်ကို စုစည်းတင်ပြခြင်းဖြင့် ရိုသေတုပ်ဝပ် ကန်တော့ပန်းဆင်အပ်ပါသည်။

၁။ ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ) ပဓာနနာယကဆရာတော် ပန္နောတာရုံကျောင်းတိုက် မုံရွာမြို့။

၂။ ဘဒ္ဒန္တအဂ္ဂဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ သ-ဓ-ဇ ဓမ္မာစရိယ ပါဠိပါရဂူ)ပဓာနနာယကဆရာတော် စည်းရှင်ကျောင်း မဟာဝိသုဒ္ဓါရုံတိုက်သစ် မန္တလေးမြို့။

၃။ ဘဒ္ဒန္တဉာဏဝရ (ဓမ္မကထိကဗဟုဇနဟိတဓရ) ဝိပဿနာချောင် စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့။

၄။ ဘဒ္ဒန္တသြဘာသိရိဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သ· စ· ဓ ဓမ္မာစရိယ ပါဠိပါရဂူ) ပဓာနနာယကဆရာတော် အဝေရာရာမ ရန်ကင်းကျောင်းတိုက် ၄၁-လမ်း ဝိန်ပန်း မန္တလေးမြို့။

၅။ ဘဒ္ဒန္တနန္ဒမာလာ ရွှေဥမင်ကျောင်းတိုက် စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့။

၆။ ဘဒ္ဒန္တမာနိတာလင်္ကာရာဘိဝံသ (သ· သံ· ဓ ဓမ္မာစရိယ၊ ပါဠိပါရဂူ) စည်ရှင်ကျောင်း မဟာဝိသုဒ္ဓါရုံတိုက်သစ် မန္တလေးမြို့။

http://www.dhammadownload.com



၇။ ဘဒ္ဒန္တဇောတိပါလာလင်္ကာရ (ဒွိပိဋကဓရ) ပဋ္ဌာနတာရုံကျောင်းတိုက် မုံရွာမြို့။

၈။ ဘဒ္ဒန္တအဂ္ဂညာဏ (သာသနဓဇဓမ္မာစရိယ)ပဓာနနာယကဆရာတော် ပဋ္ဌာနတာရုံကျောင်းတိုက် ရွှေနံ့သာ ပုလဲမြို့သစ် ရန်ကုန်မြို့။

၉။ ဘဒ္ဒန္တနန္ဒမာလင်္ကာရ (သာသနဓဇဓမ္မာစရိယ) ပဋ္ဌာနတာရုံကျောင်း တိုက် မုံရွာမြို့။

## ''ကျေးဇူးတင်လွှာ မင်္ဂလာ''

ဤ စာအုပ်ဖြစ်မြောက်ရေးအတွက် စာမူကြမ်း ရေးကူးပေးသော အရှင်ညာဏိဿရာလင်္ကာရ(မြင်းမူ) အရှင်ထေရဝံသ(ရေဦး) တို့အား လည်းကောင်း၊ တပက်ဖက်မှ ဝိုင်းဝန်းကူညီကြသော စည့်ရှင်-ဒိုပါကာ သံဃာတော်များအားလည်းကောင်း၊ စိတ်ပါဝင်စားစွာ ကွန်ပျူတာစာစီ ပေးသော အရှင်သောဘိတာလင်္ကာရ (မင်္ဂလာဗိမာန်) အားလည်းကောင်း ဓမ္မဒါန အလှူရှင်များအားလည်း ကောင်း၊ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဤစာအုပ်ငယ်၌ ကမ္ပည်းထိုး မှတ်တမ်းတင်အပ်ပါသည်။

ရေးသားတင်ပြသူ —

အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသ
(သ - ဓ - ဇ ဓမ္မာစရိယ) ,
စည်ရှင်ကျောင်း ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေမြို့နယ် ၊ မန္တလေးမြို့
၁၃၆၄-ခု၊ သီတင်းကျွတ်လဆန်း (၆) ရက်
(12-10-2002) ဝါနေ့။

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **စေတသိက်ပိုင်း** | |
| သမ္ပယုတ်ဖြစ်နိုင်ရန် ပြည့်စုံရမည့် အချက်များ | ၁ |
| စိတ်ယှဉ်ရာစိတ်၌ ပါဝင်သော ယှဉ်နိုင်သော (ပဋ္ဌက) စေတသိက်များ | ၁ |
| ပဋ္ဌကစေတသိက်တို့၏ အာရုံအခွဲ | ၂ |
| စိတ်ယှဉ်+စေတသိက်ယှဉ် ထုတ်ရာ၌ အသုံးပြုသော နည်း(၃)မျိုး | ၃ |
| တနည်း·နည်း(၄)မျိုး | ၄ |
| ၄စေတသိက်၏ ယှဉ်ဘက်စိတ်,စေတသိက်တို့ကို ထုတ်ရာ၌ အရင်းခံ ကြည့်၊ မကြည့် | ၄ |
| စိပ္ပယုတ်တရား ရှာပုံ | ၆ |
| စိတ်သည် သဘောစေတသိက်နှင့် အယှဉ်ဖြစ်ရာစိတ်များ | ၇ |
| **ပကိဏ်းပိုင်း** | |
| ဝေဒနာဖြင့် စိတ်ကိုဝေဘန်ခြင်း | ၉ |
| ဟိတ်တို့ဖြင့် စိတ်ကိုဝေဘန်ခြင်း | ၁၀ |
| ကိစ္စဖြင့် စိတ်ကိုဝေဘန်ခြင်း | ၁၁ |
| ဒွါရဖြင့် စိတ်ကိုဝေဘန်ခြင်း | ၁၂ |
| အာရုံဖြင့် စိတ်ကိုဝေဘန်ခြင်း | ၁၃ |
| အာရုံမှ အာရမ္မဏိကကို ရှာဖွေခြင်း | ၁၅ |
| ဝိညာဏ်, မနောဝိညာဏ်တို့၏ အာရုံကို အသေးစိတ်ပြဆိုခြင်း | ၁၇ |
| အာရုံ အကျဉ်း(၄)မျိုး | ၁၇ |
| အာရမ္မဏိကမှ အာရုံကို ရှာဖွေခြင်း | ၁၈ |

http://www.dhammadownload.com



ဂရုကတာရမ္မဏ + ဂရုကာရမ္မဏိက အခွဲ
(အာရုံမှ အာရမ္မဏိကကို ရှာဖွေခြင်း) ၂၁
အာရမ္မဏိကတရားမှ အာရုံကို ရှာဖွေခြင်း ၂၃
ဝတ္ထုဖြင့် စိတ်ကိုဝေဘန်ခြင်း ၂၄
စိတ်တို့၏ မှီရာဝတ္ထုကို တိကျစွာ ပြဆိုခြင်း ၂၄

ဝီထိပိုင်း

ဝီထိ အဓိပ္ပါယ် ၂၆
ဝီထိ အကျဉ်း (၂)မျိုး ၂၆
ပဥ္စဒွါရဝီထိ အကျဉ်း (၅)မျိုး အကျယ် (၇၅) ၂၆
စက္ခုဒွါရိက အတိမဟန္တာရုံဝီထိပုံစံ ၂၇
စက္ခုဒွါရိက မဟန္တာရုံဝီထိပုံစံ ၂၇
စက္ခုဒွါရိက ပရိတ္တာရုံဝီထိပုံစံ ၂၇
စက္ခုဒွါရိက အတိပရိတ္တာရုံဝီထိပုံစံ ၂၇
ပဥ္စဒွါရဝီထိချရန် ကောက်ယူနိုင်သော ပရမတ်တရား ၂၇
တဒါရုံကျနိုင်ရန် အင်္ဂါ(၃)ချက် ၂၇
ပုဂ္ဂိုလ်နှင့် တဒါရုံအတွဲ ၂၈
ပဥ္စဒွါရဝီထိ၌ စိတ်သရုပ်စသည်အားဖြင့် ဝေဘန်ပုံ ၂၈
ဘုံနှင့် ပုဂ္ဂိုလ်တို့ ကောက်ယူရန် (ပဓာန)နည်းစနစ် ၃၀
အာဂန္တုကဘဝင်ဝီထိ ၃၁
အာဂန္တုကဘဝင်ဝီထိ (၂) မျိုး ၃၁
အတိမဟန္တာရုံ၌ အာဂန္တုကဘဝင် ကျနိုင်ရန်အင်္ဂါ(၂)ချက် ၃၂
မဟန္တာရုံ၌ အာဂန္တုကဘဝင် ကျနိုင်ရန်အင်္ဂါ(၃)ချက် ၃၂
အာဂန္တုကဘဝင် ကျသော အတိမဟန္တာရုံဝီထိပုံစံ ၃၂
အတိဣဋ္ဌာရုံ၌ ဒေါသဇောစောလျက် တဒါရုံလည်းမကျ
အာဂန္တုကဘဝင်လည်း မကျသော အတိမဟန္တာရုံဝီထိပုံစံ ၃၂
မဟန္တာရုံ၌ အာဂန္တုကဘဝင်ဝီထိပုံစံ ၃၃
အာဂန္တုကဘဝင် မကျသော မဟန္တာရုံဝီထိပုံစံ ၃၃

| | |
|---|---|
| မနောဒွါရဝီထိ (၂)မျိုး | ၃၄ |
| ကာမဇော မနောဒွါရဝီထိ(၂)မျိုး | ၃၄ |
| ဝိဘူတာရုံဝီထိ(၂)မျိုး | ၃၄ |
| အဝိဘူတာရုံဝီထိ(၂)မျိုး | ၃၄ |
| စိတ္တက္ခဏလွန်သော ဝိဘူတာရုံဝီထိပုံစံ | ၃၄ |
| စိတ္တက္ခဏမလွန်သော အဝိဘူတာရုံဝီထိပုံစံ | ၃၄ |
| ကာမဇော မနောဒွါရဝီထိချိန်ရန် ကောက်ယူနိုင်သောပရမတ် | ၃၅ |
| ကာမဇော မနောဒွါရဝီထိ၌ စိတ်သရုပ်စသည် ဝေဘန်ပုံ | ၃၅ |
| မနောဒွါရိက အာဂန္တုကဘဝင်ဝီထိ | ၃၆ |
| အာဂန္တုကဘဝင်ဝီထိ(၂)မျိုး | ၃၆ |
| ဝိဘူတာရုံ အာဂန္တုကဘဝင်ဝီထိချိန်ရန် အင်္ဂါ(၂)ချက် | ၃၆ |
| ဝိဘူတာရုံ အာဂန္တုကဘဝင်ဝီထိပုံစံ | ၃၆ |
| အာဂန္တုကဘဝင် မကျသော ဝိဘူတာရုံဝီထိပုံစံ | ၃၆ |
| အဝိဘူတာရုံ အာဂန္တုကဘဝင်ဝီထိချိန်ရန် အင်္ဂါ(၂)ချက် | ၃၆ |
| အဝိဘူတာရုံ အာဂန္တုကဘဝင်ဝီထိပုံစံ | ၃၇ |
| အာဂန္တုကဘဝင် မကျသော အဝိဘူတာရုံဝီထိ | ၃၇ |
| အိပ်မက်ဝီထိ | ၃၇ |
| ဝိဘူတာရုံ အိပ်မက်ဝီထိပုံစံ | ၃၈ |
| အဝိဘူတာရုံ အိပ်မက်ဝီထိပုံစံ | ၃၈ |
| အပ္ပနာဇော မနောဒွါရဝီထိ | ၃၉ |
| အပ္ပနာဝီထိ(၅)မျိုး | ၃၉ |
| ဈာနဝီထိ(၂)မျိုး | ၃၉ |
| တိက္ခပညာပုဂ္ဂိုလ်၏ အာဒိကမ္မိက ဈာနဝီထိပုံစံ | ၃၉ |
| မန္ဒပညာပုဂ္ဂိုလ်၏ အာဒိကမ္မိက ဈာနဝီထိပုံစံ | ၃၉ |
| အာဒိကမ္မိကဝီထိချိန်ရန် ပါဠိသင်္ဂဟ | ၃၉ |
| အာဒိကမ္မိက ဈာနဝီထိ၌ စိတ်သရုပ်စသည် ဝေဘန်ပုံ | ၄၀ |
| သမာပတ္တိဈာနဝီထိ | ၄၂ |
| တိက္ခပညာပုဂ္ဂိုလ်၏ သမာပတ္တိဈာနဝီထိပုံစံ | ၄၂ |

http://www.dhammadownload.com


| | |
|---|---|
| မနောပညာပုဂ္ဂိုလ်၏ သမာပဇ္ဇနဝီထိပုံစံ | ၄၂ |
| သမာပဇ္ဇနဝီထိ ချနိုင်ရန် ပါဠိသင်္ကေတ | ၄၂ |
| မဂ္ဂဝီထိ(၄)မျိုး | ၄၃ |
| သောတာပတ္တိမဂ္ဂဝီထိ(၅)မျိုး | ၄၃ |
| တိက္ခပညာပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိပုံစံ | ၄၄ |
| မန္ဒပညာပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိပုံစံ | ၄၄ |
| မဂ္ဂဝီထိ ချနိုင်ရန် ပါဠိသင်္ကေတ | ၄၄ |
| မဂ္ဂဝီထိ၌ စိတ်သရုပ်စသည် ဝေဘန်ပုံ | ၄၄ |
| ဖလသမာပတ္တိဝီထိ(၄)မျိုး | ၄၆ |
| တိက္ခပညာပုဂ္ဂိုလ်၏ သောတာပတ္တိဖလသမာပတ္တိဝီထိပုံစံ | ၄၆ |
| မန္ဒပညာပုဂ္ဂိုလ်၏ သောတာပတ္တိဖလသမာပတ္တိဝီထိပုံစံ | ၄၆ |
| ဖလသမာပတ္တိဝီထိ ချနိုင်ရန် ပါဠိသင်္ကေတ | ၄၇ |
| ဖလသမာပတ္တိဝီထိ၌ စိတ်သရုပ်စသည် ဝေဘန်ပုံ | ၄၇ |
| ပစ္စဝေက္ခဏဉာဏ်ဖြစ်ပုံ | ၄၈ |
| ဝိပဿနာ(၄)ပါးနှင့် အရကောက် | ၅၀ |
| ဝိပဿနာ(၄)ပါး ရနိုင်သောနေရာများ | ၅၀ |
| ပစ္စဝေက္ခဏဝီထိ(၅)မျိုး | ၅၁ |
| ပစ္စဝေက္ခဏဝီထိ၌ လောဘကြိုပ် သတ်မှတ်ချက် | ၅၁ |
| ဉာဏသမ္ပယုတ် ၊ ဉာဏဝိပ္ပယုတ် အခွဲ | ၅၂ |
| ပစ္စဝေက္ခဏဝီထိ ချနိုင်သော နေရာများ | ၅၂ |
| ပစ္စဝေက္ခဏဝီထိပုံစံ | ၅၂ |
| ပစ္စဝေက္ခဏဝီထိ၌ စိတ်သရုပ်စသည် ဝေဘန်ပုံ | ၅၂ |
| အဘိညာဉ်ဝီထိ(၅)မျိုး | ၅၄ |
| အဘိညာပါဒက ပဉ္စမဈာန သမာပဇ္ဇနဝီထိပုံစံ | ၅၅ |
| ပရိကမ္မဝီထိပုံစံ | ၅၅ |
| တဖန် အဘိညာပါဒက ပဉ္စမဈာန သမာပဇ္ဇနဝီထိပုံစံ | ၅၅ |
| အဘိညာဉ်ဝီထိပုံစံ | ၅၅ |

http://www.dhammadownload.com


| | |
|---|---|
| အဘိညာဉ်ဝိထိ၌ စိတ်သရုပ်စသည် ဝေဘန်ပုံ | ၅၅ |
| နိရောဓသမာပတ္တိဝိထိ | ၅၇ |
| နိရောဓသမာပတ်၏ အဓိပ္ပါယ် | ၅၇ |
| ဝင်စားနိုင်သောပုဂ္ဂိုလ် | ၅၇ |
| နိရောဓသမာပတ် မဝင်စားမီ ပြုလုပ်ရမည့် ပုဗ္ဗကိစ္စ(၄)ပါး | ၅၈ |
| နိရောဓသမာပတ္တိဝိထိပုံစံ | ၅၈ |
| နိရောဓသမာပတ္တိဝိထိ ချုပ်နိုင်သောနေရာ | ၅၈ |
| နိရောဓသမာပတ္တိဝိထိ၌ စိတ်သရုပ်စသည် ဝေဘန်ပုံ | ၅၈ |
| မရဏာသန္နဝိထိ(၂)မျိုး | ၆၀ |
| ပဉ္စဒွါရ မရဏာသန္နဝိထိ အကျဉ်း(၅)မျိုး | ၆၀ |
| စက္ခုဒွါရ မရဏာသန္နဝိထိ(၄)မျိုး | ၆၀ |
| စက္ခုဒွါရိက မရဏာသန္နဝိထိပုံစံ | ၆၀ |
| မရဏာသန္နဝိထိ အဓိပ္ပါယ် | ၆၀ |
| ပဋိသန္ဓေဝိထိ အဓိပ္ပါယ် | ၆၀ |
| ပဉ္စဒွါရ မရဏာသန္နဝိထိဖြင့် စုတေနိုင်သော ပုဂ္ဂိုလ်(၂)ဦး | ၆၁ |
| ပဉ္စဒွါရ မရဏာသန္နဝိထိ၌ စိတ်သရုပ်စသည် ဝေဘန်ပုံ | ၆၁ |
| ဘဝသစ်က ပဋိသန္ဓေနှင့် ဘဝင်တို့၏ အာရုံကို အသေးစိတ် အတိအကျ ပြဆိုခြင်း | ၆၂ |
| မနောဒွါရ မရဏာသန္နဝိထိ | ၆၄ |
| မနောဒွါရ မရဏာသန္နဝိထိ(၂)မျိုး | ၆၄ |
| မနောဒွါရ မရဏာသန္နဝိထိဖြင့် စုတေနိုင်သူ(၄)ဦး | ၆၄ |
| မနောဒွါရ မရဏာသန္နဝိထိပုံစံ | ၆၅ |
| မနောဒွါရ မရဏာသန္နဝိထိ၌ စိတ်သရုပ်စသည် ဝေဘန်ပုံ | ၆၅ |
| ကာမဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်၌ စိတ်တို့၏ အာရုံအခွဲ | ၆၅ |
| ကာမဘုံမှ စုတေ၍ ရူပဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်၌ စိတ်တို့၏ အာရုံအခွဲ | ၆၆ |

http://www.dhammadownload.com




ကာမဘုံမှ စုတေ၍ အရူပဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်၌
စိတ်တို့၏ အာရုံအခွဲ ၆၆
အာရုံအတွက် အကျဉ်းချုပ်မှတ်ရန် ၆၇
အသညသတ်ဘုံ၌ ဖြစ်လတ့်သူ၏ မရဏာသန္နဝီထိ ၆၈
အသညသတ်ဘုံသား၏ စုတိနောင် နောင်းနိုင်သော
ပဋိသန္ဓေနှင့် အာရုံ ၆၉
ပရိနိဗ္ဗာနဝီထိ(၂)မျိုး ၆၉
ကာမဇော ပရိနိဗ္ဗာနဝီထိပုံစံ ၆၉
ကာမဇောဖြင့် ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်(၂)ဦး ၆၉
စိတ်သရုပ်စသည် ဝေဘန်ပုံ ၆၉
အပ္ပနာဇော ပရိနိဗ္ဗာနဝီထိ(၄)မျိုး ၇၀
ဈာနသမနန္တရဝီထိချုပ် ၇၁
ပစ္စဝေက္ခဏာ သမနန္တရဝီထိချုပ် ၇၁
အဘိညာ သမနန္တရဝီထိချုပ် ၇၂
ဇီဝိတသမသီသီဝီထိချုပ် ၇၂
ကာမဇောနောင် အပ္ပနာဇောနောင်းပုံ ၇၃
စည်းမျဉ်း(၂)ချက် ၇၃
ပုဂ္ဂိုလ်အတိအကျ သတ်မှတ်၍လည်း ပေးနိုင် ၇၄
တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် (၃)ယောက်တို့၏
ဈာနသမာပဇ္ဇနဝီထိပုံစံ ၇၄
ရဟန္တာပုဂ္ဂိုလ်၏ ဈာနသမာပဇ္ဇနဝီထိပုံစံ ၇၄
သောတာပတ္တိမဂ္ဂဝီထိပုံစံ ၇၄
သကဒါဂါမိမဂ္ဂဝီထိပုံစံ ၇၄
အနာဂါမိမဂ္ဂဝီထိပုံစံ ၇၄
အရဟတ္တမဂ္ဂဝီထိပုံစံ ၇၅
သောတာပတ္တိဖလသမာပတ္တိဝီထိပုံစံ ၇၅
သကဒါဂါမိဖလသမာပတ္တိဝီထိပုံစံ ၇၅
အနာဂါမိဖလသမာပတ္တိဝီထိပုံစံ ၇၅

http://www.dhammadownload.com




| | |
|---|---|
| အရဟတ္တဖလ သမာပတ္တိဝင်စားပုံ | ၇၅ |
| ကာမလောကနောင် ဘာဂါရှိနောင်းပုံ | ၇၆ |
| ပညာကောင်းချက်များ | ၇၆ |
| ပါဒကရှုကွက်ပွဲ | ၇၈ |
| ပုဂ္ဂိုလ်တို့၏ ဥါရိက(ဝီထိ)စိတ် | ၇၈ |
| ထိုထိုဘုံ၌ ရနိုင်သောပုဂ္ဂိုလ်များ | ၈၀ |
| ထိုထိုဘုံ၌ ရနိုင်သော ဥါရိက(ဝီထိ)စိတ် | ၈၁ |


ဝီထိမုတ်ပိုင်း


| | |
|---|---|
| ကမ္မစတုက္က | ၈၃ |
| ကိစ္စ၏အစွမ်းဖြင့် ကွဲပြားသော ကံ(၄)မျိုး | ၈၃ |
| ပါကဒါနပရိယာယ၏ အစွမ်းဖြင့် ကံ(၄)ပါး | ၈၄ |
| ပါကကာလစတုက္က | ၈၄ |
| ပါကဌာန၏ အစွမ်းဖြင့် ကံ(၄)ပါး | ၈၅ |
| လောကီ ကုသိုလ်၊ အကုသိုလ်ကံတို့၏ ပါကဓမ္မ ပါကဌာနအခွဲ | ၈၆ |
| မဟဂ္ဂုတ်ကုသိုလ်ကံ၏ ပါကဓမ္မ ပါကဌာန | ၈၈ |
| ဒုစရိုက်သုစရိုက်တို့သို့ သွင်းပုံ | ၈၉ |
| ဒေါသမူလကြောင့် ဖြစ်ပေါ်လာနိုင်သော ဒုစရိုက်များ | ၈၉ |
| လောဘမူလကြောင့် ဖြစ်ပေါ်လာနိုင်သော ဒုစရိုက်များ | ၉၀ |
| နောက်ဆက်တွဲ ကြည့်ရှုရန် | ၉၀ |
| မဟာကုသိုလ် ပဉ္စမလောဘဓာတ်နာ၏ အကျိုးနာမ်ရုပ်များ | ၉၀ |
| ပဋိသန္ဓေ၏ အကြောင်းကံစသည် | ၉၁ |
| စုတိနောင် ပဋိသန္ဓေနောင်းပုံနှင့် ပုဂ္ဂိုလ်တို့ ရောက်နိုင်သောဘုံ | ၉၁ |


ရုပ်ပိုင်း


| | |
|---|---|
| ကမ္မဇရုပ် | ၉၆ |
| ကာမဘုံ၌ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ကွဲပြားသောသတ္တဝါ(၄)မျိုး | ၉၆ |
| ပဋိသန္ဓေ ကမ္မဇရုပ် (၂)မျိုး | ၉၉ |

http://www.dhammadownload.com



စိတ္တဇရုပ် ၁၀၀
ပဋိသန္ဓေစိတ်က ရုပ်ကို မဖြစ်စေနိုင်ခြင်း အကြောင်း ၁၀၁
ရဟန္တာ၏ စုတိစိတ်က ရုပ်ကို မဖြစ်စေနိုင်ခြင်းအကြောင်း ၁၀၁
ဥတုဇရုပ် ၁၀၃
အဇ္ဈတ္တဥတုကြောင့် ဖြစ်နိုင်သောရုပ်, ရုပ်ကလာပ် ၁၀၃
ဗဟိဒ္ဓဥတုကြောင့် ဖြစ်နိုင်သောရုပ်, ရုပ်ကလာပ် ၁၀၄
အာဟာရဇရုပ် ၁၀၆
ကြာမှသော အာဟာရကြောင့် ရနိုင်သောရုပ် ၁၀၆
ရုပ်(၄)ပါးတို့၏ ဖြစ်စဉ် ချုပ်စဉ် ၁၀၇
လူ့ခန္ဓာကိုယ်၏ အစိတ်အစိတ်တို့၌ ရုပ်အရကောက်ပုံ ၁၁၀
ခန္ဓာကိုယ်၏ အရောင်အလင်းနှင့် ဗဟိဒ္ဓဝတ္ထုတို့မှ
အရောင်အလင်းတို့၌ ရုပ်အရကောက်ပုံ ၁၁၁
ကောဋ္ဌာသတရားတို့၌ ရုပ်အရကောက်ပုံ ၁၁၂

သမုစ္စယပိုင်း
အကုသလသင်္ဂဟလာ နာမည်(၉)မျိုး ၁၁၄
အာသဝစသော နာမည်များ ရှာဖွေရန် နည်းလမ်း ၁၁၄
ထိုထိုတရားတို့ ရနိုင်သောနာမည်များ ၁၁၅
မိဿကသင်္ဂဟလာ နာမည်(၇)မျိုး ၁၁၆
ထိုထိုတရားတို့ ရနိုင်သောနာမည်များ ၁၁၇
ဗောဓိပက္ခိယသင်္ဂဟလာ နာမည်(၇)မျိုး ၁၁၇
ထိုထိုတရားတို့ ရနိုင်သောနာမည်များ ၁၁၈

ပစ္စယပိုင်း
ပဋိစ္စသမုပ္ပါဒ် (တရားကိုယ်နှင့် အရကောက်) ၁၂၁
ပဋ္ဌာန်းပစ္စည်းမြိုင် ၁၂၄
ပဋ္ဌာန်းပစ္စည်း မှန်ကန်စွာ ပြိုင်နိုင်ရန် လိုက်နာရမည့်အချက် ၁၂၄
ပဋ္ဌာန်းစာစဉ် ၁၂၄
ဟာမေးပွဲအမေးများမေးသော ပဋ္ဌာန်းပစ္စည်းမျိုး (၆)မျိုး ၁၂၆

http://www.dhammadownload.com


| | |
|---|---|
| အာရမ္ဘကာသုဒ္ဓသင်္ချာ ဇယား | ၁၂၆ |
| အာရမ္ဘကာမျိုး လက္ခဏာ(၂)ပါး | ၁၂၇ |
| ပစ္စယသတ္တိ ရှာဖွေနည်း | ၁၂၈ |
| ပုံစံပြင် ရှင်းလင်းချက် | ၁၂၈ |
| တပြိုင်နက် ယထာရဟ ခွဲနည်း | ၁၂၉ |
| ပုံစံပြင် ရှင်းလင်းချက် | ၁၂၉ |
| အာရမ္ဘကာမျိုးဆိုင်ရာ သက္ကျသီဟပုစ္ဆာအဖြေများ | ၁၃၀ |
| အန္တဋ္ဌတရ မှချဉပစာ ခွဲကောက်ပုံ | ၁၃၆ |
| သဟဇာတမျိုး သုဒ္ဓသင်္ချာဇယား | ၁၄၅ |
| သဟဇာတမျိုး လက္ခဏာ | ၁၄၇ |
| ပစ္စယသတ္တိ ရှာဖွေနည်း | ၁၄၉ |
| တပြိုင်နက် ယထာရဟ ခွဲနည်း | ၁၅၁ |
| ပုံစံပြင် ရှင်းလင်းချက် | ၁၅၁ |
| သဟဇာတမျိုးဆိုင်ရာ သက္ကျသီဟပုစ္ဆာ အဖြေများ | ၁၅၂ |
| အနန္တရမျိုး သုဒ္ဓသင်္ချာဇယား | ၁၇၃ |
| အနန္တရမျိုး လက္ခဏာ | ၁၇၃ |
| ပရမတ္ထတပါး ခြားကွယ်မှု ရှိ၊မရှိ သိနိုင်ရန် နည်းလမ်း | ၁၇၃ |
| ပုံစံပြင် ရှင်းလင်းချက် | ၁၇၄ |
| ပစ္စယသတ္တိ ရှာဖွေနည်း | ၁၇၄ |
| အနန္တရမျိုးဆိုင်ရာ သက္ကျသီဟပုစ္ဆာ အဖြေများ | ၁၇၅ |
| ပကတူပမျိုး သုဒ္ဓသင်္ချာဇယား | ၁၈၃ |
| ပကတူပမျိုး ပြိုင်နိုင်သောတရားများ | ၁၈၃ |
| ပကတူပမျိုးဆိုင်ရာ သက္ကျသီဟပုစ္ဆာအဖြေများ | ၁၈၄ |
| ပစ္ဆာပုရေဇာတမျိုး သုဒ္ဓသင်္ချာဇယား | ၁၈၈ |
| ပစ္ဆာပုရေဇာတမျိုး လက္ခဏာ | ၁၈၈ |
| ပစ္စယသတ္တိ ရှာဖွေနည်း | ၁၈၉ |
| ညွှန်ကြားချက် | ၁၉၀ |

http://www.dhammadownload.com



ဝတ္ထုပုရေစာတဆိုင်ရာ သကျသိဟပုစ္ဆာ အဖြေများ ၁၉၀
နာနာက္ခဏိကကမ္မမျိုး လက္ခဏာ ၁၉၃
နာနာက္ခဏိကကမ္မမျိုး သုဒ္ဓသင်္ချာဂဏနာ ၁၉၄
နာနာက္ခဏိကကမ္မမျိုးဆိုင်ရာ သကျသိဟပုစ္ဆာ အဖြေများ ၁၉၅
ပစ္ဆာဇာတ ရုပ်အာဟာရ ရူပဇီဝိတိန္ဒြိယမျိုး သုဒ္ဓသင်္ချာဂဏနာ ၁၉၇
ပစ္ဆာဇာတ ပစ္စည်းပစ္စယုပ္ပန် အခွဲ ၁၉၇
ပစ္ဆာဇာတမျိုးဆိုင်ရာ ပုစ္ဆာအဖြေ ၁၉၈
ရုပ်အာဟာရပစ္စည်း ပစ္စယုပ္ပန်အခွဲ ၁၉၉
ရုပ်အာဟာရမျိုးဆိုင်ရာ ပုစ္ဆာအဖြေ ၁၉၉
ရူပဇီဝိတိန္ဒြိယ ပစ္စည်းပစ္စယုပ္ပန် အခွဲ ၂၀၀
ပညတ်အခွဲ ၂၀၀

**ကမ္မဋ္ဌာန်းပိုင်း**

ကမ္မဋ္ဌာန်း (၄၀)အကျဉ်း ၂၀၃
ဘုံနှင့် ကမ္မဋ္ဌာန်း ၂၀၃
ကမ္မဋ္ဌာန်း(၄၀) ပရမတ်ပညတ် အခွဲ ၂၀၄
စရိုက်နှင့် ကမ္မဋ္ဌာန်း ၂၀၄
ဘာဝနာနှင့် ကမ္မဋ္ဌာန်း ၂၀၆
အပ္ပနာဈာန်နှင့် ကမ္မဋ္ဌာန်း ၂၀၆
နိမိတ်နှင့် ကမ္မဋ္ဌာန်း ၂၀၇
နိမိတ်နှင့် ဘာဝနာတွဲပုံ ၂၀၈
ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တွဲပုံ ၂၁၂
ဝိမောက္ခ အခွဲ ၂၁၄
ဝိပဿနာနှင့် စပ်၍ မဂ်၏ဝိမောက္ခ အမည်ရပုံ ၂၁၄
မဂ်နှင့်စပ်၍ ဖိုလ်၏ ဝိမောက္ခ အမည်ရပုံ ၂၁၅
အာရုံနှင့်စပ်၍ မဂ်ဖိုလ်၏ ဝိမောက္ခ အမည်ရပုံ ၂၁၅
မိမိကိစ္စနှင့်စပ်၍ မဂ်ဖိုလ်၏ ဝိမောက္ခ အမည်ရပုံ ၂၁၅
ဝိမောက္ခမုခ ၂၁၈

http://www.dhammadownload.com


ဝိသုဒ္ဓိနှင့် တောဓိပက္ခိယတခွဲ ၂၁၉

ပါတိမောက္ခသံဝရ အာဇီဝပါရိသုဒ္ဓိ သီလဝိသုဒ္ဓိအခိုက်
ရနိုင်သော တောဓိပက္ခိယတရားများ ၂၂၀

ဣန္ဒြိယသံဝရ ပစ္စယသန္နိဿိတ သီလဝိသုဒ္ဓိအခိုက် ရနိုင်သော
တောဓိပက္ခိယတရားများ ၂၂၁

စိတ္တဝိသုဒ္ဓိ ၂၂၂

အသုဘပဋ္ဌမဈာနုပစာရ စိတ္တဝိသုဒ္ဓိအခိုက် ရနိုင်သော
တောဓိပက္ခိယတရားများ ၂၂၂

ကြွင်းကျန်သော ဥပစာရစိတ္တဝိသုဒ္ဓိအခိုက် ရနိုင်သော
တောဓိပက္ခိယတရားများ ၂၂၂

အသုဘပဋ္ဌမဈာန်ဟူသော စိတ္တဝိသုဒ္ဓိအခိုက် ရနိုင်သော
တောဓိပက္ခိယတရားများ ၂၂၃

ကျန်သော ကသိုဏ်းပညတ်စသည်ကို အာရုံပြု၍ဖြစ်သော
ပဋ္ဌမဈာန်စိတ္တဝိသုဒ္ဓိအခိုက် ရနိုင်သော တောဓိပက္ခိယတရားများ ၂၂၃

မဂ္ဂါမဂ္ဂဉာဏဒဿန ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအခိုက်
ရနိုင်သော တောဓိပက္ခိယတရားများ ၂၂၄

ဉာဏဒဿနဝိသုဒ္ဓိအခိုက် ရနိုင်သော တောဓိပက္ခိယတရားများ ၂၂၄

နောက်ဆက်တွဲ ဖြည့်စွက်ရန်

ဟာန် (ဟာန)၉-မျိုး ၂၄၀

ယာထာဝဟာန် + အယာထာဝဟာန် အခွဲ ၂၄၀

ပဟာယက + ပဟာတဗ္ဗ အခွဲ ၂၄၀

ဘုရားရှင်၏ ပရိနိဗ္ဗာနဝိထိ ၂၄၁

စိတ်သရုပ်စသည် ဝေဘန်ပုံ ၂၄၁

ဓမ္မဒါန အလှူရှင်များ စာရင်း ၂၄၂

http://www.dhammadownload.com

# သင်္ဂြိုဟ်အလင်းတန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## စေတသိက်ပိုင်း

ဤအပိုင်း၌ စိတ်နှင့်ယှဉ်သော စေတသိက်၊ စေတသိက်နှင့်ယှဉ်သော စိတ်, စေတသိက်တို့ကို မေးလေ့ရှိ၏။ သို့ဖြစ်၍ စိတ်ယှဉ်, စေတသိက်ယှဉ် ထုတ်ပုံ နည်းစနစ်ကို မကျဉ်းမကျယ် ပြဆိုပေအံ့။

### သမ္ပယုတ်ဖြစ်နိုင်ရန် ပြည့်စုံရမည့် အချက်များ

စိတ်,စေတသိက်တို့သည် အချင်းချင်း-

၁။ အဖြစ် တူညီရခြင်း၊ ၂။ အချုပ် တူညီရခြင်း၊

၃။ အာရုံ တူညီရခြင်း၊ ၄။ မှီရာဝတ္ထု တူညီရခြင်း၊ (ပဉ္စဝေါကာရဘုံအတွက်သာ) တို့ ဖြစ်သည်။

### မိမိယှဉ်ရာစိတ်၌ ထစ်ဝါးစီသာယှဉ်နိုင်သော (ဝဓ္မေက) စေတသိက်များ၊

လောကီဝိရတိ- ၃

၁။ သမ္မာဝါစာ (အာဇီဝ၏ အကြောင်းမဟုတ်သော ဝစီဒုစရိုက်မှ ရှောင်ကြဉ်မှု)

၂။ သမ္မာကမ္မန္တ (အာဇီဝ၏ အကြောင်းမဟုတ်သော ကာယဒုစရိုက်မှ ရှောင်ကြဉ်မှု)

၃။ သမ္မာအာဇီဝ (အာဇီဝ၏ အကြောင်းဖြစ်သော ကာယ,ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်မှု)

http://www.dhammadownload.com



အပ္ပမညာ- ၂

၁။ ကရုဏာ (ဒုက္ခိတသတ္တဝါ အပေါ်၌ သနားမှု)
၂။ မုဒိတာ (သုခိတသတ္တဝါ အပေါ်၌ ဝမ်းမြောက်မှု)

(ပစ္စေက) အကု စေတသိက်- ၃

၁။ ဣဿာ (သူတစ်ပါး စည်းစိမ်ကို ငြူစူမှု)
၂။ မစ္ဆရိယ (မိမိစည်းစိမ်ကို လျှို့ဝှက်မှု)
၃။ ကုက္ကုစ္စ (ပြုအပ်ပြီး ဒုစရိုက်, မပြုခဲ့မိသော သုစရိုက်တို့၌ နှိုးရိမ်မှု)

### ဝစ္စေကစေတသိက်တို့၏ အာရုံအာရုံ

လောကီဝိရတီသည် ဝိတိက္ကမိတဗ္ဗဝတ္ထုကို၊ အပ္ပမညာ ၂-ပါးသည် ဒုက္ခိတ, သုခိတ သတ္တဝါပညတ်အသီးအသီးကို၊ ဣဿာသည် သူတစ်ပါးစည်းစိမ်တည်းဟူသော ဗဟိဒ္ဓကို၊ မစ္ဆရိယသည် မိမိစည်းစိမ်တည်းဟူသော အဇ္ဈတ္တကို (အာဝါသ မစ္ဆရိယကို ထောက်၍ ယေဘုယျ)၊ ကုက္ကုစ္စသည် ပြုအပ်ပြီး ဒုစရိုက်, မပြုခဲ့မိသော သုစရိုက်ကို အာရုံပြုကြသည်။

### ကြည့်ရှုရန်

ဝိရတီနှင့် အပ္ပမညာတို့သည် မဟာကုသိုလ်စိတ်၌ယှဉ်ရာ မဟာကုသိုလ်က ဝိတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြုခိုက် ဝိရတီသာ ယှဉ်နိုင်၏၊ အပ္ပမညာ မယှဉ်နိုင်။ သတ္တဝါပညတ်ကို အာရုံပြုခိုက် အပ္ပမညာသာ ယှဉ်နိုင်၏၊ ဝိရတီ မယှဉ်နိုင်။ ထိုသို့ ယှဉ်ရာ၌လည်း တစ်ပါးစီသာ ယှဉ်နိုင်၏၊ တစ်ပြိုင်နက် မယှဉ်နိုင်ကြ။

ထို့ကြောင့် မဟာကုသိုလ်စိတ် ပထမစွေး၌ -

(က) အများဆုံး ၃၈- ပါး (ပစ္စေကအားလုံး ထည့်)
(ခ) တစ်ပြိုင်နက် ၃၄-ပါး (ပစ္စေက တစ်ပါးပါး ထည့်)
(ဂ) အမြဲတမ်း ၃၃-ပါး (ပစ္စေကအားလုံး နှုတ်) ယှဉ်ကြသည်။

အပ္ပမညာ ၂- ပါးသည် မဟာကြိယာစိတ်, မဟဂ္ဂုတ်စိတ်တို့၌ ယှဉ်ရာ တစ်ပါးစီသာ ယှဉ်ကြ၏၊ တစ်ပြိုင်နက် မယှဉ်နိုင်ကြ။ မဟာကြိယာနှင့် မဟဂ္ဂုတ်စိတ်တို့က ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြုခိုက် ကရုဏာသာ

ယှဉ်နိုင်၏၊ မုဒိတာ မယှဉ်နိုင်။ သုခိတသတ္တဝါပညတ်ကို အာရုံပြုနိုက် မုဒိတာသာ ယှဉ်နိုင်၏၊ ကရုဏာ မယှဉ်နိုင်။ ထို့ကြောင့်

မဟာကြိယာစိတ် (ပထမဒွေး) မဟဂ္ဂုတ်စိတ် (ပထမဈာန်) ၌-

(က) အများဆုံး ၃၅-ပါး (ပစ္စေကအားလုံး ထည့်)

(ခ) တစ်ပြိုင်နက် ၃၄-ပါး (ပစ္စေက တစ်ပါးပါး ထည့်)

(ဂ) အမြဲတမ်း ၃၃-ပါး (ပစ္စေကအားလုံး နှုတ်) ယှဉ်ကြသည်။

ကြ္တသာ မစ္ဆရိယ ကုက္ကုစ္စတို့သည် ဒေါသမူစိတ်၌ ယှဉ်ရာ တစ်ပါးစီသာ ယှဉ်ကြ၏၊ တစ်ပြိုင်နက် မယှဉ်နိုင်ကြ။ ဒေါသမူစိတ်က သူတစ်ပါး စည်းစိမ်ကို ငြူစူသောအခါ ကြ္တသာသာ ယှဉ်နိုင်၏၊ ကျန်နှစ်ပါး မယှဉ်နိုင်။ မိမိစည်းစိမ်ကို လျှို့ဝှက်သောအခါ မစ္ဆရိယသာ ယှဉ်နိုင်၏၊ ကျန်နှစ်ပါး မယှဉ်နိုင်။ ကတာကတ ဒုစ္စရိတသုစရိတတို့၌ စိုးရိမ်ပူပန်သောအခါ ကုက္ကုစ္စသာ ယှဉ်နိုင်၏၊ ကျန်နှစ်ပါး မယှဉ်နိုင်။

ထို့ကြောင့် ဒေါသမူစိတ်၌-

(က) အများဆုံး ၂၂-ပါး (ပစ္စေကအားလုံးထည့်)

(ခ) တစ်ပြိုင်နက် ၂၀-ပါး (ပစ္စေက တစ်ပါးပါးထည့်)

(ဂ) အမြဲတမ်း ၁၉-ပါး (ပစ္စေက အားလုံး နှုတ်) ယှဉ်ကြသည်။

မှတ်ချက်။ ။ ယှဉ်ဘက်စေတသိက်တို့၌ ပစ္စေကစေတသိက်များ ပါရှိခဲ့သော် အများဆုံး၊ တစ်ပြိုင်နက်၊ အမြဲတမ်း ယှဉ်နိုင်သော စေတသိက်တို့ကို မေးနိုင်သည်။

### စိတ်ယှဉ်၊ စေတသိတ်ယှဉ် ထုတ်ရာ၌ အသုံးပြုသော နည်း ၃-မျိုး

၁။ သမ္ပယောဂနည်း (စေတသိက်၏ယှဉ်ဘက်စိတ်ကိုလိုက်ရသောနည်း)

၂။ သင်္ဂဟနည်း (စိတ်၏ယှဉ်ဘက် စေတသိက်ကို ယူရသောနည်း)

၃။ ကာဒုဘယမိဿကနည်း (စေတသိက်၏ယှဉ်ဘက် စိတ်, စေတသိက် ကို ထုတ်ရသောနည်း)

http://www.dhammadownload.com



(ဓာစ်နည်း) နည်း ၄- မျိုး

၁။ သမ္ပယောဂနည်း (စေတသိက်၏ယှဉ်ဘက် စိတ်ကို ထုတ်ရသောနည်း)

၂။ သင်္ဂဟနည်း (စိတ်၏ယှဉ်ဘက် စေတသိက်ကို ထုတ်ရသောနည်း)

၃။ တဒုဘယမိဿကနည်း (စေတသိက်၏ယှဉ်ဘက် စေတသိက်ကိုသာ ထုတ်ရသောနည်း)

၄။ တတ္တိကနည်း (စေတသိက်၏ယှဉ်ဘက် စိတ်, စေတသိက်ကို ထုတ်ရသောနည်း)

မှတ်ချက်။ ။ ပထမနည်းသုံးမျိုးသည်သာ အများသုံးရိုးဖြစ်၍ နားလည်သဘောပေါက်အောင် လေ့လာထားကြရမည်။

## ကြည့်ရှုရန်

"စေတသိက်၏ ယှဉ်ဘက်တို့ကို သမ္ပယောဂနည်းအရ ထုတ်ပြခဲ့ပါ" ဟု မေးခဲ့သော် စိတ်ကိုသာ ထုတ်နှုတ်ဖြေဆိုရမည်၊ "တဒုဘယမိဿကနည်း အရ ဖြေဆိုခဲ့ပါ" ဟု မေးသော်လည်းကောင်း "စေတသိက်၏ ယှဉ်ဘက်တို့ကို ထုတ်ပြပါ"ဟို သာမညမေးခဲ့သော်လည်းကောင်း စိတ်, စေတသိက် နှစ်မျိုးလုံးကို ထုတ်နှုတ်ဖြေဆိုရမည်။ (စိတ်၏ ယှဉ်ဘက် စေတသိက်, စေတသိက်၏ ယှဉ်ဘက် စိတ်,စေတသိက်တို့ကို ထုတ်နှုတ်ဖြေဆိုရမည်- ဟူလို။)

**စေတသိက်၏ယှဉ်ဘက် စိတ်, စေတသိက်တို့ကို ထုတ်ရာ၌ အရင်းခံ ကြည့်+စဉ်း**

အရင်းခံ စေတသိက်က တစ်လုံးထဲဖြစ်ရာ၌ မှချကြည့်ရမည်။ နှစ်လုံးမှစ၍ အများဖြစ်ရာ၌ အရင်းခံစေတသိက်တို့နှင့် ယှဉ်ဘက်စိတ်တို့တွင် (စိတ်တိုင်း စိတ်တိုင်း၌) အရင်းခံထဲက အနည်းဆုံး နှစ်လုံးယှဉ်ခဲ့သော် (အချင်းချင်း သမ္ပယုတ်ဖြစ်နိုင်၍)ကြည့်စရာမလို၊ အချို့သောစိတ်တို့၌ အရင်းခံထဲက တစ်လုံးသာ ယှဉ်ခဲ့သော် (အချင်းချင်း သမ္ပယုတ် မဖြစ်နိုင်၍) ကြည့်ရမည်။

အောက်ပါ အမေးအဖြေတို့နှင့် ယှဉ်တွဲ၍ ကြည့်ပါ။

မေး။ ပဉ္စာယန္တော အပ္ပဋိဘာနော နိသိဒိ-အရကို ကောက်ပြ၍ ယှဉ်ဘက် တရားတို့ကိုလည်း တဒုဘယမိဿကနည်းအရ ထုတ်ပြပါ။

http://www.dhammadownload.com



ဖြေ၊ ပဋ္ဌာယန္တော အာပ္ပဋိဘာနော နိသိဒိ- အရ ဒေါသမူဒွေးရှိ ဒေါမနဿ ဝေဒနာ ဖြစ်သည်၊

ယှဉ်ဘက်စိတ်- ဒေါသမူဒွေး။

ယှဉ်ဘက်စေတသိက်- ဝေဒနာ ပီတိကြဉ် အညသမာန်းစေတသိက် ၁၁-ပါး၊ ဒေါစတုက်, မောစတုက် ၈-ပါး၊ထိနမိဒ္ဓ ၂ပါး၊ ပေါင်း ၂၁-ပါး။

(အရင်းခံစေတသိက်က တစ်လုံးတည်း ဖြစ်၍ ဝေဒနာနှင့်ယှဉ်သော အခြားဝေဒနာ တစ်ပါး မရှိသောကြောင့် ကြဉ်ထားသည်။)

မေး။ ဣမေ ဓမ္မာ ကုသလာ ဝါ အကုသလာ ဝါတိ၊ အကုသလာ ဘန္တေ- ၌ ဣမေ ဓမ္မာ-အရကို ကောက်ပြ၍ ယင်း၏ယှဉ်ဘက်တို့ကိုလည်း ထုတ်ပြပါ။

ဖြေ၊ ဣမေ ဓမ္မာ-အရ လောဘ ဒေါသ မောဟဖြစ်သည်၊

ယှဉ်ဘက်စိတ်- အကုသိုလ် စိတ်၁၂-ပါး၊

ယှဉ်ဘက်စေတသိက်- အညသမာန်းစေတသိက် ၁၃-ပါး၊ မောဟမူဒွေး၌ မောဟကြဉ် အကုသိုလ် စေ ၁၄-ပါး၊ ပေါင်း ၂၇-ပါး။

(လောဘမူစိတ် ၈-ခု၌ လောဘ မောဟ၊ ဒေါသမူစိတ် ၂-ခု၌ ဒေါသ မောဟ၊ နှစ်လုံးစီယှဉ်၏၊ ထိုတွင် လောဘသည် မောဟနှင့်, မောဟသည် လောဘနှင့် ယှဉ်၏၊ ဒေါသသည် မောဟနှင့်, မောဟသည် ဒေါသနှင့် အပြန်အလှန် ယှဉ်၏၊ ထို့ကြောင့် လောဘမူရှိ လောဘ မောဟ, ဒေါသမူရှိ ဒေါသ မောဟကို မကြဉ်ရ၊ မောဟမူစိတ်၌ မောဟ တစ်လုံးတည်း ယှဉ်၍ အခြား ယှဉ်ဘက် အရင်းခံ စေတသိက် မရှိသောကြောင့် ကြဉ်ရသည်။)

မှတ်ချက်။ ။စိတ်, စေတသိက်တို့၏ သမ္ပယုတ်တရားများကို မေးသကဲ့သို့ ဝိပ္ပယုတ်တရားများကိုလည်း မေးနိုင်သည်၊ သို့ဖြစ်၍ ဝိပ္ပယုတ်သဘောတရားကိုလည်း လေ့လာထားရမည်။

http://www.dhammadownload.com



## ဝိပ္ပယုတ်တရား ရှာပုံ

၁။ စိတ်၏ ဝိပ္ပယုတ်တရား အရ- မိမိကောက်ယူထားသော စိတ်နှင့် မယှဉ်နိုင်သော စေတသိက်တို့ကိုလည်းကောင်း, ရုပ်အဋ္ဌဝီသ နိဗ္ဗာန်တို့ကိုလည်းကောင်း ကောက်ယူရမည်။ (စိတ်အချင်းချင်း သမ္ပယုတ်လည်း မဟုတ်, ဝိပ္ပယုတ်လည်း မဟုတ်-ဟု မှတ်ပါ။)

၂။ စေတသိက်၏ ဝိပ္ပယုတ်တရားအရ- ကောက်ယူထားသော စေတသိက်နှင့် မယှဉ်နိုင်သော စိတ်တို့ကိုလည်းကောင်း, ယင်းစိတ်၏ယှဉ်ဘက် စေတသိက်တို့ကိုလည်းကောင်း, (အရင်းခံ စေတသိက်က အများဖြစ်ရာ၌) သမ္ပယုတ် မဖြစ်နိုင်သော အရင်းခံ စေတသိက် အချို့ကိုလည်းကောင်း, ရုပ် အဋ္ဌဝီသ နိဗ္ဗာန်တို့ကိုလည်းကောင်း ကောက်ယူရမည်။ (အရင်းခံ စေတသိက်က တစ်လုံးတည်း ဖြစ်ရာ၌ ယင်းတစ်လုံးတည်းသော အရင်းခံ စေတသိက်ကို သမ္ပယုတ်လည်း မဟုတ်, ဝိပ္ပယုတ်လည်း မဟုတ်-ဟု မှတ်ပါ။)

အောက်ပါ အမေးအဖြေတို့နှင့် ယှဉ်တွဲကြည့်ပါ။

မေး။ မေထုန် ဓမ္မ ပဋိသေဝတိ- အရ ဖြစ်သင့်သောစိတ်ကို ထုတ်ပြ၍ ယင်း၏ သမ္ပယုတ်တရား ဝိပ္ပယုတ်တရားတို့ကို အပိုအလိုမရှိ ထုတ်ပြပါ။

ဖြေ။ မေထုန် ဓမ္မ ပဋိသေဝတိ- အရ လောဘမူစိတ် ၈-ပါး ဖြစ်ပါသည်။

ယင်း၏ သမ္ပယုတ်တရားကား- အညသမာန်းစေတသိက် ၁၃-ပါး၊ အကုသလ သာဓာရဏ စေတသိက် ၄-ပါး၊ လောဘ ဒိဋ္ဌိ မာန ထိန မိဒ္ဓ ၅-ပါး၊ ပေါင်း- ၂၂-ပါး ဖြစ်ပါသည်။

ယင်း၏ ဝိပ္ပယုတ်တရားကား- သောဘနစေတသိက် ၂၅-ပါး၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ၄-ပါး၊ ဝိစိကိစ္ဆာ စေတသိက် ၁-ပါး၊ ပေါင်း ၃၀-ပါး နှင့် ရုပ် အဋ္ဌဝီသ နိဗ္ဗာန်-တို့ ဖြစ်ပါသည်။

မေး။ အာသဂါ ဝိယာတပရိဋ္ဌာဟာ၌ အာသဝါ အချို့ကို ထောက်ပြ၍ ယင်း၏ သမ္ပယုတ်တရား ဝိပ္ပယုတ်တရားတို့ကို အပိုအလိုမရှိ ထုတ်ပြပါ။

http://www.dhammadownload.com



ဖြေ။ ဘာသဝါ-ဘရ , လောဘ ဒိဋ္ဌိ မောဟဟု ဆိုအပ်သော ဘာသဝတရား ကိုယ် သုံးပါး ဖြစ်ပါသည်။

ယင်း၏ သမ္ပယုတ်တရားကား- အကုသိုလ်စိတ် ၁၂ ပါး၊ အညသမာန်းစေတသိက် ၁၃-ပါး၊ ဒေါသမူ ၂ မောဟမူ ၂ မောဟကြဉ် အကုသိုလ် စေတသိက် ၁၄-ပါး၊ ပေါင်း ၂၇-ပါး ဖြစ်ပါသည်။

ယင်း၏ ဝိပ္ပယုတ်တရားကား- ကုသိုလ်စိတ် ၂၁-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ စေတသိက် ၃၈-ပါး၊ ဒေါသမူ ၂ မောဟမူ ၂ မောဟနှင့် ရုပ်အဋ္ဌဝီသ နိဗ္ဗာန်တို့ ဖြစ်ပါသည်။ *(ပထမဆင့် သာမဏေများသည် ဝိပ္ပယုတ်တရားဘက်၌ ရုပ်နှင့် နိဗ္ဗာန်ကို ထည့် မဖြေရ။)*

**ညွှန်ကြားချက်**

ပုစ္ဆာ၌ "ယှဉ်ဘက်စေတသိက်တို့ကို ဝိသေသက အဝိသေသကအားဖြင့် ခွဲပြပါ"ဟု မေးနိုင်သည် ဖြစ်၍ ပေါ်ပြလတ့်ပါ ဝိသေသက စေတသိက် တို့ကို အထူးပြုရာစိတ်နှင့် တကွ မှတ်သားထားကြရမည်။

**ဝိသေသက စေတသိက်နှင့် အထူးပြုရာစိတ်များ**

၁။ ဝိတက် ဝိစာရ ပီတိ ဝေဒနာ(ဈာန်တရား)တို့သည် လောကုတ္တရာစိတ်၌၊

၂။ အပ္ပမညာနှင့် ဈာန်တရားတို့သည် မဟဂ္ဂုတ်စိတ်၌၊

၃။ ဝိရတီ ဉာဏ် ပီတိ အပ္ပမညာတို့သည် ကာမာဝစရသောဘနစိတ်တို့၌၊ စိတ်အချင်းချင်း ထူးခြားအောင် ပြုကုန်၏။

**အောက်ပါ ပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။**

မေး။ တဝ ဋ္ဌမိနာ အတ္တဘာဝေန ဈာန် ဝါ ဝိပဿန ဝါ မဂ္ဂဖလ ဝါ နတ္ထိ ၌ မဂ္ဂ-အရ မဂ်ဒုတိယဈာန်စိတ်ကို ယူခဲ့လျှင် ယင်းတရား၏ ယှဉ်ဘက် တရားကို ဝိသေသကာဝိသေသကအားဖြင့် ခွဲခြားပြခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ မဂ်ဒုတိယဈာန်စိတ်၏ ယှဉ်ဘက်တရားတို့တွင်-ဝိစာရ ပီတိ သုခ ဝေဒနာ တို့သည် ဝိသေသက။

ဝိတက် ဝိစာရ ပီတိ သုခဝေဒနာကြဉ် အညသမာန်း စေတသိက် ၉-ပါး၊ အပ္ပမညာကြဉ် သောဘနစေတသိက် ၂၃-ပါးတို့ သည် အဝိသေသက။ (နယဂ္ဂါဟ ပြုလေ။)

မှတ်ချက် အထက်ပါအဖြေ၌ ဝိသေသကစေတသိက်တို့ကို ထုတ်ပြထား ခြင်းသည် ဖြစ်နိုင်သမျှထုတ်ပြထားခြင်း ဖြစ်၏။ ကျစာမေးပွဲတ ဝိသေသကစေတသိက်ကို ထုတ်ပြရလျှင်မူကား ဝိစာရစေတ သိက် တစ်လုံးတည်းကိုသာ ထုတ်ပြရပေမည်။

။။ပြီး။

http://www.dhammadownload.com



# ဝေဒနာပိုင်း

ဤအပိုင်း၌ "ကောက်ယူနိုင်းထားသော စိတ် စေတသိက်တို့ကို ဝေဒနာ ဟိတ် ကိစ္စ ဒွါရ အာရုံ ဝတ္ထု (ဝေဒနာဒိဆက္က)တို့ဖြင့် ဝေဘန်ပြပါ"-ဟု မေးနိုင်သည်၊ သို့ဖြစ်၍ ဝေဒနာစသည်တို့ဖြင့် ဝေဘန်ပုံကို တိုကျဉ်း လိုရင်းမိအောင် ပြဆိုပေအံ့။

## ဝေဒနာဖြင့် စိတ်ကို ဝေဘန်ခြင်း

မိမိကောက်ယူထားသော စိတ်သည် သုခသဟဂုတ်စိတ်ဖြစ်ပါက သုခဝေဒနာ-ဟုလည်းကောင်း, ဒုက္ခသဟဂုတ်စိတ် ဖြစ်ပါက ဒုက္ခဝေဒနာ-ဟုလည်းကောင်း, သောမနဿသဟဂုတ်စိတ် ဖြစ်ပါက သောမနဿဝေဒနာ-ဟုလည်းကောင်း, ဒေါမနဿသဟဂုတ်စိတ် ဖြစ်ပါက ဒေါမနဿဝေဒနာ-ဟုလည်းကောင်း, ဥပေက္ခာသဟဂုတ်စိတ် ဖြစ်ပါက ဥပေက္ခာဝေဒနာ-ဟုလည်းကောင်း ဝေဘန်ရမည်။ *(စိတ်ပိုင်း ကြေညက်ရုံဖြင့် ဝေဘန်နိုင်ပြီ၊)*

အောက်ပါ အမေးအဖြေကိုလည်း ကြည့်ပါ၊

မေး။ ယတြ ဟိ နာမ စေတသာ်ဝိ စိတ္တံ ပဏ္ဍိသတိ-၌ စေတသာအရ တရားကို ဝေဒနာဒိဆက္ကဖြင့် ဝေဘန်ပြပါ။

ဖြေ၊ စေတသာ-အရ ပရစိတ္တဝိဇာနန အဘိညာဉ်ကိစ္စတပ်သော ရူပကြိယာ ပဉ္စမဈာန်စိတ်သည်-

| | |
|---|---|
| ဝေဒနာအားဖြင့် | ဥပေက္ခာဝေဒနာ၊ |
| ဟိတ်အားဖြင့် | အလောဘအဒေါသအမောဟဟူသော တိဟိတ်၊ |
| ကိစ္စအားဖြင့် | ဇောကိစ္စ၊ |
| ဒွါရအားဖြင့် | မနောဒွါရ၊ |
| အာရုံအားဖြင့် | အလုံးစုံအာရုံ (သာမည)၊ |

ဥရုမပေလပ(ာ)ဿပ ရဒေ့ငါ (ကျသာ ပြပ္ပာန်းသော ပေါ်သမှု စိပ္ပါ့ပ်ပါသဲ·
(ဝိသေသ)

| | |
|---|---|
| ဝတ္ထုအားဖြင့် | ဟဒယဝတ္ထု (အမြဲမှီ) |

http://www.dhammadownload.com



မှတ်ချက် ။ ။စေတသိက်ကို ဝေဒနာအားဖြင့် ဝေဘန်နိုင်းပါက ဝေဒနာမှ တစ်ပါး ကျန်သောစေတသိက်တို့ကို သုခသဟဂုတ်စိတ်နှင့်ယှဉ်က သုခဝေဒနာ, ဒုက္ခသဟဂုတ်စိတ်နှင့် ယှဉ်က ဒုက္ခဝေဒနာ-ဟု စသည်ဖြင့် ဝေဘန်ပါ။ ဝေဒနာစေတသိက်ကိုကား ဝေဒနာ တစ်ပါးတည်းဖြစ်၍ ဝေဒနာနှင့်ယှဉ်သော အခြားဝေဒနာတစ်ပါး မရှိနိုင်သောကြောင့် ဝေဒနာဖြင့် ဝေဘန်စရာ မရှိပြီ။ *(မရှိ-ဟု ဖြေပါ ဟူလို။)*

### ဟိတ်တို့ဖြင့် စိတ်တို့ ဝေဘန်ခြင်း

မိမိကောက်ယူထားသော စိတ်၏ ယှဉ်ဘက်စေတသိက်ထဲတွင် ဟိတ် တစ်ပါးပါရှိက ဧကဟိတ်-ဟုလည်းကောင်း, ဟိတ်နှစ်ပါးပါရှိက ဒွိဟိတ်-ဟုလည်းကောင်း, ဟိတ်သုံးပါးပါရှိက တိဟိတ်-ဟုလည်းကောင်း, တစ်ပါးမျှ မပါရှိက အဟိတ်-ဟုရင်း ဝေဘန်ရမည်။ *(စိတ်ယှဉ် စေတသိက်ယှဉ် ကျွမ်းကျင် ရုံဖြင့် ဝေဘန်နိုင်ပြီ။)*

### အောက်ပါ အမေးအဖြေကိုလည်း ကြည့်ပါ။

မေး သွားကွာတော ဓမ္မော-၌ ရှေ့ပုဒ်ဝယ် ဓာတ်အရတရားကို ဟေတာဒိ ပဥ္စကဖြင့် ဝေဘန်ပြပါ။

ဖြေ ဓာတ်အရ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ်သည် -

| | |
|---|---|
| ဟိတ်အားဖြင့် | တိဟိတ်၊ |
| ကိစ္စအားဖြင့် | ဇောကိစ္စ၊ |
| ဒွါရအားဖြင့် | မနောဒွါရ၊ |
| အာရုံအားဖြင့် | အလုံးစုံအာရုံ (သာမည) |
| | သစ္စာလေးပါး တရားအာရုံ (ဝိသေသ) |
| ဝတ္ထုအားဖြင့် | ဟဒယဝတ္ထု-(ရုံခါမှီ) |

မှတ်ချက်။ ။စေတသိက်တို့ကို ဟိတ်အားဖြင့် ဝေဘန်နိုင်းပါက မိမိကောက်ယူ ထားသော စေတသိက်၏ ယှဉ်ဘက်စေတသိက်ထဲတွင် ဟိတ်တစ်ပါး ပါရှိက ဧကဟိတ်, နှစ်ပါး ပါရှိက ဒွိဟိတ်-ဟု စသည်ဖြင့် ဝေဘန်ရမည်။

http://www.dhammadownload.com

**အောက်ပါ အမေးအဖြေကိုလည်း ကြည့်ပါ။**

မေး ဘဒ္ဒဝဂ္ဂီယဝတ္ထုလာ မွေစကျွဲ-အရ ဖြစ်သင့်သော စေတသိက်ကို ဟေတာဒိစတုက္ကဖြင့် ဝေဘန်ပြပါ။

ဖြေ မွေစကျွဲ-အရ အောက်မင်္ဂသုံးပါးရှိ ပညာစေတသိက်သည်

| | |
|---|---|
| ဟိတ်အားဖြင့် | ဒွိဟိတ် (အလောဘ၊အဒေါသ) |
| ကိစ္စအားဖြင့် | ဇောကိစ္စ၊ |
| ဒွါရအားဖြင့် | မနောဒွါရ၊ |
| အာရုံအားဖြင့် | နိဗ္ဗာန်။ |

မှတ်ချက် ။ ။အောက်မင်္ဂသုံးပါးရှိ ပညာသည် အညသမာန်းစေတသိက် ၁၃၊ အပ္ပမညာ နှင့် အရင်းခံပညာကြဉ် သောဘနစေတသိက် ၂၂ ပေါင်း ၃၅-ပါးသော စေတသိက်တို့နှင့် ယှဉ်၏၊ ထိုစေတသိက်တို့၌ အလောဘ အဒေါသ ဟိတ် ၂-ပါးသာ ပါရှိ၏။ထို့ကြောင့် အောက်မင်္ဂသုံးပါးရှိ ပညာကို ဒွိဟိတ်ဟု ဝေဘန်ရသည်၊

**ဝါစ္စဖြင့် စိတ်တို့ကို ဝေဘန်ခြင်း**

အကုသိုလ်စိတ် ၁၂-ပါး၊ ကုသိုလ်စိတ် ၂၁-ပါး၊ ဖိုလ်စိတ် ၄-ပါး၊ အာဝဇ္ဇန်းနှစ်ခုကြဉ် ကြိယာစိတ် ၁၈-ပါးတို့ကို ဇောကိစ္စ။

| | |
|---|---|
| စက္ခုဝိညာဏ်နှစ်ခုကို | ဒဿနကိစ္စ၊ |
| သောတဝိညာဏ်နှစ်ခုကို | သဝနကိစ္စ၊ |
| ဃာနဝိညာဏ်နှစ်ခုကို | ဃာယနကိစ္စ၊ |
| ဇိဝှါဝိညာဏ်နှစ်ခုကို | သာယနကိစ္စ၊ |
| ကာယဝိညာဏ်နှစ်ခုကို | ဖုသနကိစ္စ၊ |
| သမ္ပဋိစ္ဆိုင်းနှစ်ခုကို | သမ္ပဋိစ္ဆိုင်းကိစ္စ၊ |
| သောမနဿ သန္တီရဏကို | သန္တီရဏကိစ္စ,တဒါရုံကိစ္စ၊ |
| ပဉ္စဒွါရာဝဇ္ဇန်းကို | အာဝဇ္ဇန်းကိစ္စ၊ |
| မနောဒွါရာဝဇ္ဇန်းကို | (ပဉ္စဒွါရ၌ ဖြစ်ခိုက်) ဝုဋ္ဌောကိစ္စ၊ |
| | (မနောဒွါရ၌ ဖြစ်ခိုက်) အာဝဇ္ဇန်း[illegible] |

http://www.dhammadownload.com



မဟာဂ္ဂုတ်ဝိပါက် ၉၊ မဟာဝိပါက် ၈၊ ဥပေက္ခာသန္တီရဏ ၂-ပါးကို ပဋိသန္ဓေအခါဖြစ်ခိုက် ပဋိသန္ဓေကိစ္စ၊ သေသောအခါဖြစ်ခိုက် စုတိကိစ္စ၊ ပဋိသန္ဓေ စုတိအခါ ဝီထိစိတ်တို့မဖြစ်သောအခိုက် ဘဝင်ကိစ္စ(အားလုံးအတွက်) လောဘအာရုံကိုယူ၍ ဖြစ်သောအခိုက် တဒါရုံကိစ္စ (မဟာဝိနှင့် သန္တီအတွက်) ပဉ္စဒွါရ၌ ထင်လာသောအာရုံကို ကောင်း+မကောင်း စုံစမ်းသောအခိုက် သန္တီရဏကိစ္စ (သန္တီရဏအတွက်သာ) ဟု ဝေဘန်ပါ။

**အောက်ပါ အမေးအဖြေကိုလည်း ကြည့်ပါ၊**

မေး နိရယ် ဥပပန္နတ္တိ-အရကို ကိစ္စာဒိစတုက္ကဖြင့် ဝေဘန်ပါ။

ဖြေ နိရယ် ဥပပန္နတ္တိ-အရ ပဋိသန္ဓေကိစ္စတပ်သော အဟိတ်အကုသလ ဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည်-

ကိစ္စအားဖြင့် ပဋိသန္ဓေကိစ္စ၊

ဒွါရအားဖြင့် ဒွါရဝိမုတ်၊

အာရုံအားဖြင့် အခြားမဲ့ဘဝ ဆဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန် အတိတ်ဖြစ်သော ကံ၊ကမ္မနိမိတ်၊ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးသော အာရုံ၊

ဝတ္ထုအားဖြင့် ဟဒယဝတ္ထု (အမှီ)

မှတ်ချက် ။ ။ စိတ်တစ်ခုသည် ကိစ္စများစွာကို တစ်ချိန်တည်း တစ်ပြိုင်နက် မတပ်နိုင်သည် ဖြစ်၍ စာမေးပွဲ ဖြေဆိုသောအခါ ဤနေရာ၌ ဖြစ်သင့်သော ကိစ္စကိုသာ ဖြေဆိုရမည်။ *(အဖြေ၌ ပဋိသန္ဓေကိစ္စကိုသာယူ၍ ဖြေထားသည်ကို သတိပြုပါ။)*

**ဒွါရဖြင့် စိတ်ကို ဝေဘန်ခြင်း**

စက္ခုဝိညာဏ်ခွေးကို စက္ခုဒွါရ၊

သောတဝိညာဏ်ခွေးကို သောတဒွါရ၊

ဃာနဝိညာဏ်ခွေးကို ဃာနဒွါရ၊

ဇိဝှါဝိညာဏ်ခွေးကို ဇိဝှါဒွါရ၊

ကာယဝိညာဏ်ခွေးကို ကာယဒွါရ၊

http://www.dhammadownload.com


မဟဂ္ဂုတ်လောကုတ္တရာစောတို့ကို မနောဒွါရ၊
မနောဓာတ်သုံးပါးကို ပဥ္စဒွါရ၊
သုခသန္တီရဏ, ဝုဋ္ဌော, ကာမဇော ၂၉-ပါးကို ၆-ဒွါရ၊
ဥပေက္ခာသန္တီရဏ ၂-ပါး၊ မဟာဝိပါက် ၈-ပါးတို့ကို
(သန္တီရဏ တဒါရုံကိစ္စ တပ်ခိုက်) ၆-ဒွါရ၊
(ပဋိသန္ဓေ ဘဝင် စုတိကိစ္စတပ်ခိုက်) ဒွါရဝိမုတ်။
မဟဂ္ဂုတ်ဝိပါက် ၉-ပါးကို ဒွါရဝိမုတ်ဟု ဝေဘန်ပါ။

မှတ်ချက်။ ။ စိတ်တစ်ခုသည် ဒွါရအားလုံးတို့၌ တစ်ချိန်တည်း တစ်ပြိုင်နက် မဖြစ်နိုင်ပါ။ သို့ဖြစ်၍ စာမေးပွဲဖြေဆိုသောအခါ မိမိကောက်ယူထားသောစိတ်၏ ကိစ္စဓာမ်ပွေတ ဖြစ်ရာဒွါရကိုသာ ဖြေဆိုရမည်။

အောက်ပါ အမေးအဖြေကို ကြည့်ပါ။

မေး အနုတ္တသံဟိတော် သောတုယာတော တထာဂတာန်-၌ သောတု-အရကို ဒွါရာဝိတိတဖြင့် ဝေဘန်ပါ။

ဖြေ။ သောတု-အရ အရဟတ္တမဂ်တရားသည်

| | |
|---|---|
| ဒွါရအားဖြင့် | မနောဒွါရ၊ |
| အာရုံအားဖြင့် | နိဗ္ဗာန်၊ |
| ဝတ္ထုအားဖြင့် | ဟဒယဝတ္ထု (ရုံခါမှိ) |

အာရုံဖြင့် စိတ်ကို ဝေဘန်ခြင်း

| | |
|---|---|
| စက္ခုဝိညာဏ်ခွေးသည် | ရူပါရုံ၊ |
| သောတဝိညာဏ်ခွေးသည် | သဒ္ဒါရုံ၊ |
| ဃာနဝိညာဏ်ခွေးသည် | ဂန္ဓာရုံ၊ |
| ဇိဝှါဝိညာဏ်ခွေးသည် | ရသာရုံ၊ |
| ကာယဝိညာဏ်ခွေးသည် | ဖောဋ္ဌဗ္ဗာရုံ |
| မနောဓာတ်သုံးပါးသည် | ပဥ္စာရုံ၊ |

တဒါရုံ ဆာဒသ, ဟသိတုပ္ပါဒ်သည် ကာမအာရုံ၊

အကု-၁၂ မဟာကုကြိ ဉာဏဝိပ် ကာမဇော ၈-သည် လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊

5

http://www.dhammadownload.com


ပုထုဇဉ်၏ မဟာကုသိုလ်ဉာဏ်-၄၊ ကုသိုလ်အဘိညာဉ်-၁ သည် လောကုတ္တရာကြဉ် အလုံးစုံအာရုံ (ကာမ၊ မဟဂ္ဂုတ်၊ ပညတ်၊ နိဗ္ဗာန်အာရုံ)

သောတာပန်၏ မဟာကုသိုလ်ဉာဏ်-၄၊ ကုသိုလ်အဘိညာဉ်-၁ သည် အထက်မဂ်ဖိုလ် ၆-ပါးကြဉ် အလုံးစုံအာရုံ၊

သကဒါဂါမ်၏ မဟာကုသိုလ်ဉာဏ်-၄၊ ကုသိုလ်အဘိညာဉ်-၁ သည် အထက်မဂ်ဖိုလ် ၄-ပါးကြဉ် အလုံးစုံအာရုံ၊

အနာဂါမ်၏ မဟာကုသိုလ်ဉာဏ်-၄၊ ကုသိုလ်အဘိညာဉ်-၁ သည် အရဟတ္တမဂ်ဖိုလ်ကြဉ် အလုံးစုံအာရုံ၊

မဟာကြိယာဉာဏ်-၄၊ ကြိယာအဘိညာဉ်-၁ သည် အလုံးစုံ အာရုံ၊

အာရုပ္ပ ဒုတိယ၊ စတုတ္ထစိတ်သည် မဟဂ္ဂုတ်အာရုံ၊
ကြွင်း မဟဂ္ဂုတ်စိတ် ၂၁-ပါးသည် ပညတ်အာရုံ၊
လောကုတ္တရာစိတ် ၈-ပါးသည် နိဗ္ဗာန်အာရုံ၊

ကာမပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်သည် အခြားမဲ့အတိတ် ဆဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန် အတိတ်ဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးအာရုံ၊

အာရုပ္ပ ဒုတိယ၊ စတုတ္ထဖြစ်သော မဟဂ္ဂုတ်ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်သည် အခြားမဲ့အတိတ် မနောဒွါရိက မရဏာသန္နဇောသည် ယူအပ်သောမဟဂ္ဂုတ် ကမ္မနိမိတ် အာရုံ၊

ကြွင်းမဟဂ္ဂုတ် ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်သည် အခြားမဲ့အတိတ် မနောဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ပညတ်ကမ္မနိမိတ် အာရုံကို အာရုံပြု၏-ဟု ဝေဘန်ပါ။

မှတ်ချက်။ ။ အထက်ပါအာရုံဖြင့် စိတ်ကို ဝေဘန်ချက်သည် ဝေနယျ်ဒီဆဂ္ဂဝေဘန်ရာ၌ အသုံးပြုရန်သာ ဖြစ်ပေသည်။ စိတ်တစ်ခု၏ အာရုံ+ အာရမ္မဏိကတရားများကို မေးဟောခဲ့မူကား ပေါ်ပြလတ္တံ့ပါ "အာရုံ+ အာရမ္မဏိက အခွဲ" ဇယားကွက်များကို ကြည့်၍ ဖြေဆိုရမည်။

http://www.dhammadownload.com



## အာရုံမှ အာရမ္မဏိကကို ရှာဖွေခြင်း

| အာရုံ | အာရမ္မဏိက |
|---|---|
| (၁) ရူပါရုံ | စက္ခုဝိညာဏ်ဒွေး (ဧကန်) [ပကိဏ်းပိုဒ်၊၅၄] |
| | မနောဓာတ် ၃၊ မဟာဝိ ၈၊ သန္တီရဏ ၃ ဟသိတုပ္ပါဒ် ၁၊ အကု ၁၂ မဟာကု ၈၊ မဟာကြိ ၈၊ မနောဒွါရာဝဇ္ဇန်း ၁၊ အဘိညာဉ် ၂ (အနေကန်) [ပကိဏ်းပိုဒ် ၅၅-မှ ၅၉ အထိ] |
| သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့၏ အာရမ္မဏိက တို့ကိုလည်း ရူပါရုံ နည်းတူ ကြံပါ။ | |
| (၂) ပဉ္စာရုံ | မနောဓာတ် ၃ (ဧကန်) [ပိုဒ်၊၅၅] |
| | မဟာဝိပါက် ၈၊ သန္တီရဏ ၃၊ ဟသိတုပ္ပါဒ် ၁၊ အကု ၁၂ မဟာကု ၈၊ မဟာကြိ ၈၊ မနောဒွါရာဝဇ္ဇန်း ၁၊ အဘိညာဉ် ၂ (အနေကန်) [ပိုဒ်၊ ၅၆ မှ ၅၉ အထိ] |
| (၃) ကာမစိတ် ၅၄၊ စေတသိက် ၅၂ ပသာဒရုပ် ၅၊ သုခုမရုပ် ၁၆ [illegible] (တစ်ပါးပါး) | မဟာဝိပါက် ၈၊ သန္တီရဏ ၃၊ ဟသိတုပ္ပါဒ် ၁၊ ( ဧကန် ) [ ပိုဒ် ၅၆။] |
| | အကု ၁၂ မဟာကု ၈၊ မဟာကြိ ၈၊ မနောဒွါရာဝဇ္ဇန်း ၁၊ အဘိညာဉ် [illegible] [illegible] |

| | |
|---|---|
| (၄) အာကာ ကုကြိ | ဝိညာ ၃။ (ကောန်)။ ပိုဒ် ၆၀။<br>အကု ၁၂ မဟာ ကု ၈ မဟာ ကြိ ၈၊ မနောဒွါရာဝဇ္ဇန်း၁၊ အဘိညာဉ် ၂၊ (အနေကန်)။ ပိုဒ် ၅၇၊၅၈၊၅၉။ |
| (၅) အာကိ ကု၊ ကြိ | နေဝသညာစိတ် ၃ (ကောန်)။ ပိုဒ် ၆၀။<br>အကု ၁၂ မဟာကု ၈၊ မဟာကြိ ၈၊ မနောဒွါရာဝဇ္ဇန်း၁၊ အဘိညာဉ်၂ (အနေကန်)။ ပိုဒ် ၅၇၊၅၈၊၅၉။ |
| (၆) အာကာ အာကိ ကု ကြိ မှတစ်ပါး ကြွင်း မဟဂ်စိတ် ၂၃ ပါးတွင် (တစ်ပါးပါး) | အကု ၁၂ မဟာကု ၈ မဟာကြိ ၈၊ မနောဒွါရာဝဇ္ဇန်း ၁၊ အဘိညာဉ် ၂။ ပိုဒ် ၅၇၊၅၈၊၅၉။ |
| (၇) အောက်မဂ်ဖိုလ် ၆ တွင် (တစ်ပါးပါး) | မဟာကုကြိ ညာဉ် ၈၊ မနောဒွါရာဝဇ္ဇန်း၁၊ အဘိညာဉ်၂။ ပိုဒ် ၅၈၊၅၉။ |
| (၈)အရဟတ္တမဂ်ဖိုလ် တွင်(တစ်ပါးပါး) | မဟာကြိညာဉ် ၄၊ မနောဒွါရာဝဇ္ဇန်း ၁၊ ကြိ အဘိညာဉ်၁၊ ပိုဒ် ၅၉။ |
| (၉)မဂ် ၄၊ ဖိုလ် ၄ | မဟာကုကြိ ညာဉ် ၈၊ မနောဒွါရာဝဇ္ဇန်း ၁၊ အဘိညာဉ် ၂။ ပိုဒ် ၅၈၊၅၇။ |
| (၁၀) နိဗ္ဗာန် | [illegible] ၈ (ကောန်)။ ပိုဒ် ၆၂။<br>မဟာကုကြိညာဉ် ၈၊ မနောဒွါရာဝဇ္ဇန်း ၁၊ အဘိညာဉ် ၂။ (အနေကန်)။ ပိုဒ် ၅၈၊၅၉ |

http://www.dhammadownload.com



## ဝိညာဏ, နေဝသညာတို့၏ အာရုံတို့ အသေးစိတ် ပြဆိုခြင်း

၁။ ဝိညာဏဥာယတန ကုသိုလ်သည် ဤဘဝ ရှေးဘဝ အဖွတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြုသည်။

၂။ ဝိညာဏဥာယတန ဝိပါက်သည် ရှေးဘဝ အဖွတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကုသိုလ် မဟဂ္ဂုတ် ကမ္မနိမိတ်ကို အာရုံပြုသည်။

၃။ ဝိညာဏဥာယတန ကြိယာသည် ဤဘဝ, ရှေးဘဝ အဖွတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကုသိုလ်၊ ဤဘဝ အဖွတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကြိယာတို့ကို အာရုံပြုသည်။

(ဤနည်းအတူ နေဝသညာနာသညာယတနစိတ် ၃ ခုတို့သည် အာကိဉ္စညာယတနစိတ် ၂- ခုတို့ကို အာရုံပြုကုန်၏။)

မှတ်။ ။ ကုသိုလ်ဟူက၊ ဤဘဝနှင့် ထိုဘဝရှေး၊ ဖြစ်ရေး အဖွ ကုသလကို၊ မှချအာရုံ ပြုရတုံ၏၊ တစ်ပုံ ဝိပါက်၊ ရှေးဘဝတွက်သာ၊ ကြိယာမူ၊ နှစ်ပြာ ခုရှေး၊ ဘဝဒွေးဝယ်၊ ဖြစ်ရေး အဖွ၊ ကုသလနှင့်၊ ကြိယာစု၊ လျော်စွာပြုသည်၊ ရှုလေအာရုံ အခွဲတည်း။

**အောက်ပါ အမေးအဖြေကိုလည်း ကြည့်ပါ။**

မေး။ ။ စကျွနာ ရုပ် ဒိဿ-၌ စကျွနာအရ တရားဇော်ကြန်+အနေကန် အာရမ္မဏာကမ္မတို့ကို ထုတ်ပြပါ။

ဖြေ။ ဧကန်အာရမ္မဏာကမ္မ-မဟာဝိပါက် ၈၊ သန္တီရဏ ၃၊ ဟသိတုပ္ပါဒ် ၁-တို့ ဖြစ်ပါသည်။

အနေကန် အာရမ္မဏာကမ္မ- အကု ၁၂ မဟာကု ၈၊ မဟာကြိ ၈၊ မနောဒွါရာဝဇ္ဇန်း ၁၊ အဘိညာဉ် ၂တို့ ဖြစ်ပါသည်။

### အာရုံ အကျဉ်း ၄-မျိုး

(၁) ကာမအာရုံ ။ (ကာမစိတ် စေတသိက်ဥပါဒ်၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ)

http://www.dhammadownload.com



(၂) မဟဂ္ဂုတ်အာရုံ • (မဟဂ္ဂုတ်စိတ် သတ္တဝီသ၊ စေတသိက် ပဉ္စတ္တိံသ)
(၃) လောကုတ္တရာအာရုံ • (လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်)
(၄) ပညတ်အာရုံ • (ရေတွက်၍ မရနိုင်သော ပညတ်များ)

## အာရမ္မဏိကမှ အာရုံကို ရှာဖွေခြင်း

| အာရမ္မဏိက | အာရုံ |
|---|---|
| (၁) စက္ခုဝိညာဉ် စသည် | ပစ္စုပ္ပန် ရူပါရုံ စသည် (အစဉ်အတိုင်းပြ) [ပကိဏ်း ပိုဒ် ၅၄] |
| (၂) မနောဓာတ် ၃-ပါး | ပစ္စုပ္ပန် ပဉ္စာရုံ[ပကိဏ်း ပိုဒ် ၅၅] |
| (၃)တဒါရုံကောဒသဟသိတ္ပပွါဒ် | ကာမအာရုံ [ပကိဏ်း ပိုဒ် ၅၆] |
| (၄) အကု ၁၂ ဉာဏဝိပ္ပယုတ် ကာမဇော ၈၊ | ကာမ၊ မဟဂ္ဂုတ်၊ ပညတ်အာရုံ [ပကိဏ်း ပိုဒ် ၅၇] |
| (၅) ပုထုဇဉ်၏ မဟာကုဉာသ် ၄၊ ကုသိုလ် အဘိညာဉ် ၁၊ | ကာမ၊ မဟဂ္ဂုတ်၊ ပညတ်အာရုံနှင့် နိဗ္ဗာန်အာရုံ၊ [ပကိဏ်း ပိုဒ် ၅၈] |
| (၆) သောတာပန်၏ မဟာကုဉာသ် ၄၊ ကုသိုလ်အဘိညာဉ် ၁၊ | ကာမ မဟဂ္ဂုတ် ပညတ်အာရုံနှင့် သောတာပတ္တိမဂ်ဖိုလ် နိဗ္ဗာန်အာရုံ [ပိုဒ် ၅၈] |
| (၇) သကဒါဂါမ်၏ မဟာကု ဉာသ် ၄၊ ကုသိုလ်အဘိညာဉ် ၁၊ | ကာမ မဟဂ္ဂုတ် ပညတ် အာရုံနှင့် အောက်မဂ် ၂ အောက်ဖိုလ် ၂ နိဗ္ဗာန်[illegible] |

http://www.dhammadownload.com


| | |
|---|---|
| (၈) အနာဂါမိ၏ မဟာကု ဉာဏ်ယှဉ်ကုသိုလ် အဘိညာဉ် ၁၊ | ကာမ မဟဂ္ဂုတ်ပညတ်အာရုံနှင့် အောက်မဂ် ၃၊ အောက်ဖိုလ် ၃၊ နိဗ္ဗာန်အာရုံ \|ပိုဒ် ၅၈\| |
| (၉) မဟာကြိ ဉာဏ် ၄၊ကြိယာ အဘိညာဉ်၁၊ ဝုဋ္ဌော၊ (မနောဒွါရာဝဇ္ဇန်း) | ကာမ၊ မဟဂ္ဂုတ်၊ ပညတ်၊ လောကုတ္တရာ အာရုံ \|ပိုဒ် ၅၈\| |
| (၁၀) ဝိညာဏ ကုဝိကြိ စိတ် | အာကာကုကြိစိတ် (မဟဂ္ဂုတ်အာရုံ) \|ပိုဒ်၆၀\| |
| (၁၁) နေဝသညာကုဝိကြိ စိတ် | အာကိဉ္စညာကုကြိစိတ်(မဟဂ္ဂုတ်အာရုံ) \|ပိုဒ် ၆၀\| |
| (၁၂) အာကာသာနဉ္စာ-ယတန ကုဝိကြိ၃ | အာကာသကြဉ် ကသိုဏ်း ၉-ပါးတွင် တစ်ပါးပါးကိုခွာ၍ ရအပ်သော ကောင်းကင်ပညတ်အာရုံ \|ပိုဒ် ပကိဏ်း ၆၁၊ ကမ္မဋ္ဌာန်း ၂၅\| |
| (၁၃) အာကိဉ္စညာယတန ကုဝိကြိ၊ ၃ | အာကာသာနဉ္စာယတန ကုသိုလ် ကြိယာ၏ မရှိခြင်း ဟူသော နတ္ထိဘောပညတ် အာရုံ \|ပိုဒ် ပကိဏ်း ၆၁၊ ကမ္မဋ္ဌာန်း ၂၅\| |
| (၁၄) ပထမဈာန် | ကသိုဏ်းပညတ် ၁၀၊ အာနာပါနပညတ် ၁၊ အသုဘပညတ် ၁၀၊ ကောဋ္ဌာသပညတ် ၁၊ မေတ္တာ ကရုဏာ မုဒိတာတို့၏ အာရုံဖြစ်သော သတ္တပညတ်(၃) \|ပကိဏ်း ၆၁၊ ကမ္မဋ္ဌာန်း ၂၁၊ ၂၂၊ ၂၃\| |

http://www.dhammadownload.com



| | |
|---|---|
| (၁၅) ဒုပဟိယ၊ ဘာဟိယ စတုတ္ထဈာန် | ကသိုဏ်းပညတ် ၁၀၊ အာနာပါနပညတ် ၁၊ မေတ္တာ ကရုဏာ မုဒိတာတို့၏ အာရုံ ဖြစ်သောသတ္တဝါပညတ် ၃၊ [ပိုဒ် ပကိဏ်း ၆၁၊ ကမ္မဋ္ဌာန်း ၂၁၊ ၂၃] |
| (၁၆) ရူပပဥ္စမဈာန် | ကသိုဏ်းပညတ် ၁၀၊ အာနာပါနပညတ် ၁၊ ဥပေက္ခာ၏အာရုံဖြစ်သော သတ္တဝါ ပညတ် ၁၊ [ပိုဒ် ပကိဏ်း ၆၁၊ ကမ္မဋ္ဌာန်း ၂၁၊ ၂၄] |
| (၁၇)လောကုတ္တရာစိတ် ၈-ပါး | နိဗ္ဗာန်အာရုံ [ပိုဒ် ပကိဏ်း ၆၂] |

မှတ်ချက်။ ။ (၉)နံပါတ်ပါ အာရမ္မဏိကတရားတို့သည် ဘုရားရှင်၏ သန္တာန်၌ ဖြစ်နိုက်သာ အလုံးစုံကို အာရုံပြုနိုင်သည်၊ အခြားရဟန္တာတို့၏ သန္တာန်၌ဖြစ်မှုကား အလုံးစုံကို အာရုံမပြုနိုင်ကြ၊ ယထာရဟသာ ပြုကြသည်။

(မဟာကြီးညာဏ်အရ သဗ္ဗညုတညာဏ်ကိုစွတ်သော မဟာကြီး ညာဏ်ကို ယူ၊ ဝုဋ္ဌော အရ သဗ္ဗညုတညာဏ်စီထိပါ ဝုဋ္ဌောကို ယူ။)

အောက်ပါ အမေးအဖြေကို ကြည့်ပါ။

မေး။ ဝိဟာနတော ခြံရှယ သတ္တာရံ ဝဋ္ဋတ္တာ-အရ တရား၏ အာရုံတရား များကို ပြည့်စုံအောင် ထုတ်ပြပါ။ (မဋ္ဌ၊ ၁၃၊ ပ်ဝဏ္ဏ)

ဖြေ။ ဝဋ္ဋတ္တာ-အရ မဟာကုသိုလ်ညာဏသမ္ပယုတ်၏ အာရုံတရားများမှာ ကာမစိတ် စေတသိက် ရုပ်ဟူသော ကာမအာရုံ၊
မဟဂ္ဂုတ်စိတ် စေတသိက်ဟူသော မဟဂ္ဂုတ်အာရုံ၊
ပညတ်အာရုံ၊ နိဗ္ဗာန်အာရုံတို့ ဖြစ်သည်။

(တိဟိတ်ပုထုဇဉ်၏ မဟာကုသိုလ် ညာဏသမ္ပယုတ် ဖြစ်သည်ကို သတိပြုပါ)

http://www.dhammadownload.com



# ဂရုကတာရမ္မဏ+ ဂရုကာရမ္မဏိက ဓာနွ

## [အာရုံမှ အာရမ္မဏိကကို ရှာဖွေခြင်း]

| ဂရုကတာရမ္မဏ<br>အလေးအမြတ်ပြုအပ်သော အာရုံ | ဂရုကာရမ္မဏိက<br>အလေးအမြတ်အာရုံပြုတတ်သော တရား |
|---|---|
| (၁)လောကီကုသိုလ် ၁၇၊<br>(တစ်ပါးပါး) | လောဘမူ ၈၊ ဝေဒသိက် ၂၂<br>ပုထုဇဉ်၏ မဟာကု ဉာဝိရုတ်<br>အပ္ပမညာ ကြဉ် စေ ၃၃၊ [illegible]<br>(၃၈)မျှ |
| (၂) လောဘမူ ၈၊ ဒုက္ခသဟဂုတ်<br>ကာယဝိညာဉ်ကြဉ် လောကီဝိ ၁၁၊<br>ကြိယာ ၂၀၊ စေ ၄၇၊ စတုဇက္ကန္ဓ<br>နိပ္ဖန္နရုပ် ၁၈၊ (တစ်ပါးပါး) | လောဘမူ ၈၊ ဝေဒသိက် ၂၂ |
| (၃) သောတာပတ္တိမဂ်ဖိုလ်<br>နိဗ္ဗာန်(တစ်ပါးပါး) | သောတာပန်၏ မဟာကုဉာသံ ၄၊ |
| (၄) သကဒါဂါမိမဂ်ဖိုလ်<br>နိဗ္ဗာန် (တစ်ပါးပါး) | သကဒါဂါမ်၏ မဟာကုဉာသံ ၄၊ |
| (၅) အနာဂါမိမဂ်ဖိုလ်<br>နိဗ္ဗာန် (တစ်ပါးပါး) | အနာဂါမ်၏ မဟာကုဉာသံ ၄၊ |
| (၆) အရဟတ္တမဂ်ဖိုလ်<br>နိဗ္ဗာန် (တစ်ပါးပါး) | ရဟန္တာ၏ မဟာကြိဉာသံ ၄၊ |
| (၇) နိဗ္ဗာန် | လောကုတ် ၈၊ စေ ၃၆၊<br>မဟာကုကြိဉာသံ ၈၊ |

http://www.dhammadownload.com


မှတ်ချက်။ ။ အထက်ပါ အရိယာပုဂ္ဂိုလ်တို့သည် မိမိ၏ ဥစ္စာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကိုသာ အလေးအမြတ် အာရုံပြုကြ၏၊ သူများ၏ မဂ်ဖိုလ် နိဗ္ဗာန်ကိုကား သာမန်လောက်သာ အာရုံပြုကြသည် ထို့ကြောင့် ပဌာန်း၌ ဂရုကတာရမ္မဏ ဂရုကာရမ္မဏိကတို့ကို မေးလာခဲ့သော် အာရုံဘက်၌ မိမိ၏ (ဥစ္စာဖြစ်သော)ဟု ဝိသေသနတပ်၍ လည်းကောင်း, အာရမ္မ ဏိကဘက်၌ ပရမတ်ပိုင်ရှင် ပုဂ္ဂိုလ်ကို ဖော်ထုတ်၍ လည်းကောင်း အတိအကျ ဖြေဆိုကြရမည်။

စာတက်ပါ အမေးအဖြေကိုလည်း ကြည့်ပါ။

မေး။ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ပဉ္စမေ့ ဘာဝေတိ-၌ ဘာဝေတိ၊ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ-၌ အနာဂါမိတာ အရတို့၏ ဂရုကာ ရမ္မဏိက အသီးသီးတို့ကို ထုတ်ပြပါ။

ဖြေ။ ဘာဝေတိအရ သတိ ပညာ ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပ ယုတ်၏ ဂရုကာရမ္မဏိကတရား-

လောဘမူ ၈၊ စေတသိက် ၂၂ ပုထုဇဉ်၏ မဟာကု ၈၊ ဝိရတိ အပ္ပမညာကြဉ် စေတသိက် ၃၃ တို့ ဖြစ်ပါသည်။

အနာဂါမိတာ-အရ အနာဂါမိဖိုလ်၏ ဂရုကာရမ္မဏိကတရား- အနာဂါမ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄၊ ဝိရတိ အပ္ပမညာကြဉ် စေတသိက် ၃၃ တို့ ဖြစ်ပါသည်။

ဆောင်။ လောဘမူသည်၊ ဒေါသမူ မောဟ၊ ဒုက္ခကြဉ်ဖယ်၊ ခုနစ်ဆယ့် ခြောက်ခု၊ လောကီစု နှင့်၊ စတုဂ်ဌ၊ ရုပ်နိဗ္ဗာန်ကို၊ ကြည်ညိုသမျှ၊ အလေး ပြု၏၊ ကုသိုလ်ကာမ၊ စိတ် အဋ္ဌလည်း၊ လောကဓော်ဆို၊ ကုသိုလ် သတ္တ ရည်၊ လွန်လေးမြတ်၏၊ ရှစ်မှတ် သပုဟ်၊ သမ္ပယုတ်လည်း၊ လောကုတ် နဝ၊ သ-သက်ကို၊ ချောင် စွဲမိုတ်၊ လောကုတ်စိတ်လည်း၊ အောင်ပြိုက် နိဗ္ဗူ အလေးမူသည်၊ ဘုန်းလူဂီ၊ နှ် ပေါက်ကွန်းတည်း။

http://www.dhammadownload.com



## အာရုမ္မဏိကတရားမှ အာရုံကို ရှာဖွေခြင်း

| ဂရုကာရမ္မဏိက | ဂရုကတာရမ္မဏ |
|---|---|
| (၁)လောဘမူ၈၊စေတသိက် ၂၂ | ဒေါသမူ,မောဟမူ,ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ် လောကီစိတ် ၇၆၊ ဒေါ၀တွက်၄၊ ဝိစိကိစ္ဆာကြဉ် စေတသိက် ၄၇၊ စတုဇရုပ္မ နိပ္ဖန္နရုပ် ၁၈၊ |
| (၂)ပုထုဇဉ်၏ မဟာကုဉာဏဝိပ်၄ | လောကီကုသိုလ် ၁၇ |
| (၃)မဟာကုဉာသံ ၄၊ | အရဟတ္တမဂ်ကြဉ် ကု- ၂၀၊ အောက်ဖိုလ်-၃၊ နိဗ္ဗာန် |
| (၄)မဟာကြိ ဉာဏသံ ၄ | မိမိ၏ အရဟတ္တမဂ် ဖိုလ် နိဗ္ဗာန် |
| (၅)လောကုတ္တရာ ၈၊ စေတသိက် ၃၆ | နိဗ္ဗာန် |

မှတ်ချက်။ ။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုသည် ပုထုဇဉ်၏ သန္တာန်၌ ဖြစ်ခိုက် လောကီကု-၁၇ ကိုသာ,(အောက်ဖလဋ္ဌာန် သုံးယောက်၏ သန္တာန်၌ဖြစ်ခိုက် မိမိ၏ဥစ္စာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကိုသာ အလေးအမြတ် အာရုံပြုသည်။)

အောက်ပါ အမေးအဖြေကိုလည်း ကြည့်ပါ။

မေး။ ဓံ ဆ သုတံ-၌ သုတံဝယ် အန္တတ်အရ ဖြစ်သင့်သော ဇောစိတ်၏ ဂရုကတာရမ္မဏတရားကို တိကျအောင် ထုတ်ပြပါ။

ဖြေ။ အန္တတ်အရ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော၏ ဂရုကတာရမ္မဏ တရား- မိမိ၏ ဥစ္စာဖြစ်သော သောတာပတ္တိမဂ် ဖိုလ် နိဗ္ဗာန် ဖြစ်သည်။

(အန္တတ်အရ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောစိတ်သည် သောတာပန် ,အရှင်အာနန္ဒာ၏ ဇောစိတ်ဖြစ်သည်ကို သတိပြုပါ။)

| | |
|---|---|
| စက္ခုဝိညာဏ်ခွေးကို | စက္ခုဝတ္ထု |
| သောတဝိညာဏ်ခွေးကို | သောတဝတ္ထု |
| ဃာနဝိညာဏ်ခွေးကို | ဃာနဝတ္ထု |
| ဇိဝှါဝိညာဏ်ခွေးကို | ဇိဝှါဝတ္ထု |
| ကာယဝိညာဏ်ခွေးကို | ကာယဝတ္ထု |
| မနောဓာတ် ၁၊ သန္တိရဏ ၃၊ မဟာဝိပါက် ၈၊ ဒေါသမူ ၂ သောတာမဂ် ၁၊ ဟသိတုပ္ပါဒ် ၁၊ ရူပါဝစရစိတ် ၁၅၊ | ဟဒယဝတ္ထု(အမြဲမှီ) |
| လောဘမူ ၈၊ မောဟမူ ၂ မနော ဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၁၆၊ အရူပါဝစရကုသိုလ် ၈၊ သောမဂ်ကြဉ် လောကုတ် ၇၊ | ဟဒယဝတ္ထု(ရံခါမှီ) |

အရူပဝိပါက် ၄ ကို မှီရာမရှိ- ဟူ ဝေဘန်ပါ။

မှတ်ချက်။ ။ ဟဒယဝတ္ထု ရံခါမှီ ၄၂-ပါးသည် ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထုကို မှီ၍ စတုဝေါကာရဘုံ၌ ဖြစ်ခိုက် (ဝတ္ထုရုပ် မရှိသောကြောင့်) မည်သည့်ဝတ္ထုရုပ်ကိုမျှ မမှီပါ၊ သို့ဖြစ်၍(အရူပဘုံသားတို့၏ သန္တာန်၌ ဖြစ်သော စိတ်တို့၏မှီရာကို မေးလာပါက မှီရာဝတ္ထုရုပ် မရှိ-ဟု ဖြေဆိုပါ။ ။

အထက်ပါစိတ်တို့၏ မှီရာဝတ္ထုကို ပြဆိုခြင်းသည် ဝေနာဒိဆက္က ဝေဘန်ရာ၌ အသုံးပြုရန်သာ ဖြစ်ပေသည်၊ မည်သည့်စိတ်၏ မှီရာဝတ္ထုကို တိကျစွာ ဖြေဆိုပါ-ဟု မေးလာခဲ့လျှင်ကား ဖေါ်ပြလတ့ံပါ နည်းစနစ်ကိုကြည့်၍ ဖြေဆိုရမည်။

စိတ်တို့၏မှီရာ ဝတ္ထုကို တိကျစွာ ဖြဆိုခြင်း

ပရဏာသန္နဝိထိ၌ ဒွေပဉ္စဝိညာဏ် ၁၀-ကို သည် စုတိစိက်မှ ပြန်၍ ရေသော် (၁၇)ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သောပဉ္စဝတ္ထု အသီး

http://www.dhammadownload.com



အသီးကိုလည်းကောင်း၊ ကျန်သော ဝိထိစိတ် ဝိထိမုတ်စိတ်တို့သည် စုတိစိတ်မှ ပြန်၍ ရေသော် (၁၇)ချက်ပြောက်သော စိတ်နှင့် အတူပါသော ဟဒယဝတ္ထု ကိုလည်းကောင်း မှီကြသည်။

ကြွင်းကျန်သော ဝိထိအားလုံးတို့၌ ပဋိသန္ဓေစိတ်သည် ၆၆နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုလည်းကောင်း၊ ဒွေပဥ္စဝိညာဏ် ၁၀ သည် မရှိမှာ ယုက မြစ်၍ အတိတ်ဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဥ္စဝတ္ထု အသီးအသီးကိုလည်း ကောင်း၊ ကြွင်းကျန်သော ဝိထိစိတ် ဝိထိမုတ်စိတ်တို့သည် ရှေ့ရှေ့စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုလည်းကောင်း မှီကြသည်။

နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်တို့ သည် ရှေ့စိတ္တက္ခဏ(၁)ချက်ခန့်ကာလ၌ဖြစ်သော (နိရောဓသမာပတ် ဝင်စား ခါနီး အခါ၌ဖြစ်သော နေဝသညာနာသညာယတန ကုသိုလ်ဇော ကြိယဇောနှင့်အတူ ဥပါဒ်သော) ဟဒယဝတ္ထုကို မှီကြသည်။

ဖောက်ပါ အမေးကိုလည်း ဖြေကြည့်ပါ။

မေး။ ။ ဝဏ္ဏုပဏ် အဝိဇ္ဇာမဟန္တာရမ္မဏ ပသန္နမနော ကာလေ ကာတွာ ၌ ဖြစ် သင့်သော စိတ်ကို ကောက်ပြ၍ ယင်းတရားပါဝင်သော ဝိထိတစ်ခုကို ပေါ်ပြီး ယင်းဝိထိ၌ ပါဝင်သောဝိထိစိတ် ဝိထိမုတ်စိတ်တို့၏ မှီရာ များကို ပြည့်စုံကျအောင် ခွဲခြားဖြေဆိုပါ။

မှတ်ချက်။ မေးခွန်းကို ကိုယ့်ဉာဏ်ရှိ ဝတ္ထုတို့ဖြင့် ဖြေနိုင်ပါက ၆၆ နောက်မှပေးသော မေးခွန်း၏ ယှဉ်ဘက်စိတ်ကို ကြည့်ပြီး ဖော်ရမည်။

ပထမပိုင်း ပြီး၏။

http://www.dhammadownload.com



# ဝီထိပိုင်း

## ဝီထိ အဓိပ္ပါယ်

ဒွါရငြခြာက်ပါး၌ ဖြစ်ကုန်သော စိတ်တို့၏ဖြစ်စဉ်ကို (ဝါ) စိတ်တို့၏ဖြစ်ပုံ အစဉ်အတန်းကို ဝီထိ-ဟု ခေါ်၏။ (ဒွါရပဝတ္တာ စိတ္တပ္ပဝတ္တိယော-ကို ထောက်)

ဒွါရ၌ မဖြစ်ကုန်သော ပဋိသန္ဓေ ဘဝင် စုတိစိတ်တို့ကို ဝီထိမုတ်စိတ်-ဟု မှတ်ပါ။

### ဝီထိအကျဉ်း ၂-မျိုး

၁။ ပဉ္စဒွါရ ဝီထိ      ၂။ မနောဒွါရ ဝီထိ

### ပဉ္စဒွါရဝီထိ အကျဉ်း ၅-မျိုး

၁။ စက္ခုဒွါရဝီထိ      ၂။ သောတဒွါရဝီထိ

၃။ ဃာနဒွါရဝီထိ      ၄။ ဇိဝှါဒွါရဝီထိ

၅။ ကာယဒွါရဝီထိ

### ပဉ္စဒွါရဝီထိ အကျယ် ၇၅

| | | | |
|---|---|---|---|
| ၁။စက္ခုဒွါရဝီထိ | ၁၅ | အတိမဟန္တာရုံ | ၁ ဝီထိ |
| ၂။သောတဒွါရဝီထိ | ၁၅ | မဟန္တာရုံ | ၂ ဝီထိ |
| ၃။ဃာနဒွါရဝီထိ | ၁၅ | ပရိတ္တာရုံ | ၆ ဝီထိ |
| ၄။ဇိဝှါဒွါရဝီထိ | ၁၅ | အတိပရိတ္တာရုံ | ၆ ဝီထိ |
| ၅။ကာယဒွါရဝီထိ | ၁၅ | အားပြင့် (၁၅)ဝီထိစီ ဖြစ်သည်။ | |

ဆောင်  အတိမဟန်၊ တစ်ချက်လွှန်၊ မဟန် နှစ်, သုံးသာ၊

လေးက အစ၊ ကိုးတိုင်ကျ၊ လွန်က ပရိတ္တာ၊

တစ်ဆယ်အာဒိ၊ ဆယ့်ငါးထိ၊ လွန်-တိ ပရိတ္တာ၊

http://www.dhammadownload.com



စက္ခုဒွါရိက ဇာတိမဟာနွာရုံဝီထိ ပုံစံ

တိ. န. ဒ. ပ. စ. သံ. ဏ. ဝု. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ရုံ. ရုံ/ဘ

စက္ခုဒွါရိက မဟန္တာရုံဝီထိ ပုံစံ

တိ. တိ. န. ဒ. ပ. စ. သံ. ဏ. ဝု. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဘ/ဘ

( စိတ္တက္ခဏ သုံးချက်လွန်ပါက နောက်ဆုံးဘဝင်ဖြတ်)

စက္ခုဒွါရိက ပရိတ္တာရုံဝီထိ ပုံစံ

တိ. တိ. တိ. တိ. န. ဒ. ပ. စ. သံ. ဏ. ဝု. ဝု. ဝု. ဘ. ဘ. ဘ. ဘ/ဘ

( စိတ္တက္ခဏ ငါးချက်လွန်သောဝီထိ- စသည် လွယ်ပြီ )

စက္ခုဒွါရိက ဇာတိပရိတ္တာရုံဝီထိ ပုံစံ

တိ. တိ. တိ. တိ. တိ. တိ. တိ. တိ. တိ. တိ. န. ဒ. ဘ. ဘ. ဘ. ဘ. ဘ/ဘ

မှတ်ချက်။ ။ ပဥ္စဒွါရိကဝီထိစိတ်တို့၏ အာရုံတို့သည် စိတ္တက္ခဏ (၁၇) ချက် အသက်ရှည်သော ပစ္စုပ္ပန်ရုပ်တရားများဖြစ်၍ ပဥ္စဒွါရဝီထိချရာ၌ စိတ္တက္ခဏ (၁၇) ချက် ပြည့်အောင် ချရမည်။

ပဥ္စဒွါရဝီထိချရာ၌ ထောက်ထားနိုင်သော ပရမတ်တရား

ပဥ္စဒွါရ၌ဖြစ်သော ကာမစိတ်၅၄-ပါးတို့တွင် တစ်ပါးပါး၊ အထူးအားဖြင့် ဒွေပဉ္စဝိညာဏ်(၁၀)တို့တွင် တစ်ပါးပါးဖြစ်သည်။

(စက္ခုဒွါရ၌ဖြစ်နိုက် စက္ခုဒွါရဝီထိ ၊ပ၊ ကာယဒွါရ၌ဖြစ်နိုက် ကာယဒွါရဝီထိ ချရမည်-ဟူလို။)

တဒါရုံ ကျနိုင်ရာ အင်္ဂါသုံးချက်

(၁)ကာမဇော (၂)ကာမသတ္တဝါ (၃)ကာမအာရုံ

| အတိမဟန္တာရုံ၊ ဝိဘူတာရုံတို့၌သာ တဒါရုံကျသည်၊ (ကေန္တ)။ ဉာဏသံမ္ပယုတ်ဇောနောင်ဉာဏသမ္ပယုတ်တဒါရုံကို၊ ဉာဏဝိပ္ပယုတ်ဇောနောင် ဉာဏဝိပ္ပယုတ်တဒါရုံကို၊ အကုသိုလ်ဇောနောင် အဟိတ်တဒါရုံကို၊ ကုသိုလ် ဇောနောင် သဟိတ်တဒါရုံကို ချပါ။ (ယေဘုယျ)|

http://www.dhammadownload.com


### ပုဂ္ဂိုလ်နှင့် ထားရုံ အတွဲ

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ အဟိတ်တဒါရုံ ၃၊ သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်၌ အဟိတ်တဒါရုံ ၃, ဒွိဟိတ်တဒါရုံ ၄၊ တိဟိတ်ပုထုဇဉ် ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့၌တဒါရုံ ၁၁-ပါး၊ (အာရုံအားလျော်စွာ) ဖြစ်ကြသည်။

### ပဉ္စဒွါရဝီထိ၌ စိတ်သရုပ်ဝသည်အားဖြင့် ဇောနံဝ

စိတ်သရုပ်။ ။ ဝီထိစိတ်- ပဉ္စဒွါရဝီထိ၌ ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ဝီထိစိတ်တို့သည် ယေဘုယျအားဖြင့် ကာမစိတ် ၅၄-ပါးတို့သာ ဖြစ်၏။

ထိုတွင် ဣဋ္ဌာဓိပ္ပေတစိတ်ကို အတိအကျ ကောက်ရာ၌ ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံတို့၏အရ အာရုံကို ထောက်ဆ၍ ကောက်ရမည်။

အနိဋ္ဌာရုံ (မကောင်းသောအာရုံ)၌- အကုသလဝိပါက် (၇)ခုကို ကောက်၊ ဣဋ္ဌမဇ္ဈတ္တာရုံ (သာမန်ကောင်းသောအာရုံ)၌ ကာမကုသလဝိပါက် သုခသဟဂုတ်, ဥပေက္ခာသဟဂုတ် (၁၁)ခုကိုကောက်၊ အတိဣဋ္ဌာရုံ (အလွန်ကောင်းသောအာရုံ)၌ သောမနဿသန္တီရဏ သောမနဿ တဒါရုံ (၅)ခုကို ကောက်။

ဇောတို့၏ အရ။ ။ ပုထုဇဉ် သေက္ခသန္တာန်၌ အယောနိသော မနသိကာရဖြစ် (နှလုံးသွင်းမှုညံ့ဖျင်း)လျှင် အကုသိုလ်ဇော၊ ယောနိသောမနသိကာရဖြစ် (နှလုံးသွင်းမှုကောင်း)လျှင် မဟာကုသိုလ်ဇောကိုကောက်။

ရဟန္တာသန္တာန်၌ဖြစ်မှု အတိဣဋ္ဌာရုံ၌ သောမနဿကြိယာဇော၊ ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ ဥပေက္ခာကြိယာဇောကို ကောက်၊ (ပဉ္စဒွါရာဝဇ္ဇန်းနှင့် ဝုဋ္ဌောတို့သည် တစ်ပါးတည်းဖြစ်၍ အထူးရှာဖွယ်မလို။)

ဝီထိပုတ်စိတ်။ ။ ဝီထိ၏ ရှေ့နောက်ဘဝင်တို့အရ ဝီထိဖြစ်ရာဘုံနှင့် ပုဂ္ဂိုလ်တို့ကို ထောက်ဆ၍ ကောက်ရမည်။

ကာမဘုံ၌ဖြစ်သောဝီထိဖြစ်လျှင် ကာမဘဝင်(၁၀)တို့တွင် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဖြစ်က အဟိတ်အကုသလဝိပါက် ဥပေက္ခာသဟဂုတ်

http://www.dhammadownload.com



သန္တီရဏဘာဝင်ကို ကောက်၊ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်က ဒွိဟိတ်ဘဝင်(၄)ပါး ကိုကောက်၊ စသည်ဖြင့်သိပါ။ (ဝိထိအားလုံးနှင့် သက်ဆိုင်သည်။)

တာရုံ။ ။ဝိထိရှေ့နောက်ဘဝင်တို့သည် (အခြားမဲ့ဘဝ ဆဒ္ဒါရိက မရဏာသန္ န လောသည် ယုံအပ်သော) အတိတ် ကံ,ကမ္မနိမိတ်,ဂတိနိမိတ် သုံးပါးတို့ တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။

ပဉ္စဒွါရာဝဇ္ဇန်း- စသော ဝိထိစိတ်တို့သည် ပစ္စုပ္ပန် ပဉ္စာရုံ အသီး အသီးကို အာရုံ ပြုကုန်၏။

မှီရာဝတ္ထု။ ။ပဉ္စဝိညာဏ်တို့သည် မဇ္ဈိမာယုကဖြစ်၍ အတိတဘဝင်နှင့် ဥပါဒ် ပြိုင်သော ပဉ္စဝတ္ထု အသီးအသီးကို၊ ကြွင်းသောစိတ်တို့သည် ရှေ့အနန္တရ စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို မှီကုန်၏။

ဘုံ။ ။ (၁) တဒါရုံမကျသော စက္ခုသောတဒွါရိက ဝိထိတို့သည်-

(က) ကြိယာဇောစောခဲ့လျှင် ကာမသုဂတိ(၇)ဘုံ, ရူပ(၁၅)ဘုံတို့၌၊

(ခ) ဒိဋ္ဌိဂတသမ္ပယုတ် ဝိစိကိစ္ဆာသဟဂုတ်ဇော စောခဲ့လျှင် ကာမ (၁၁)ဘုံ, ဝေဟပ္ဖိုလ်တိုင် ရူပ(၁၀)ဘုံတို့၌၊

(ဂ) မဟာကုသိုလ်ဇောနှင့် ဒိဋ္ဌိဂတဝိပ္ပယုတ် ဥဒ္ဓစ္စသဟဂုတ်ဇော စောခဲ့လျှင် ကာမ(၁၁)ဘုံ, ရူပ(၁၅)ဘုံတို့၌၊

(ဃ) ဒေါသဇောစောခဲ့လျှင် ကာမ(၁၁)ဘုံတို့၌ ဖြစ်ကုန်၏။

(၂) ယာနာဝိဝိထိတို့နှင့် တဒါရုံကျသော စက္ခုသောတဒွါရိက ဝိထိတို့သည်-

(က) ကြိယာဇော စောခဲ့လျှင် ကာမသုဂတိ (၇)ဘုံ၌၊

(ခ) ကျန်ဇောများစောခဲ့လျှင် ကာမ(၁၁)ဘုံတို့၌ ဖြစ်ကုန်၏။

ပုဂ္ဂိုလ်။ ။

(၁) ကြိယာဇောစောသော ပဉ္စဒွါရဝိထိတို့သည် ရဟန္တာပုဂ္ဂိုလ်၌

(၂) ဒေါသဇောစောသော ပဉ္စဒွါရဝိထိတို့သည် ပုထုဇဉ်(၄)ယောက်၊ အောက်ဖလဋ္ဌာန် (၂) ယောက်တို့၌၊

http://www.dhammadownload.com


(၃) ဒိဋ္ဌိဂတသမ္ပယုတ်, ဝိစိကိစ္ဆာသဟဂုတ်စော စောသော ပဋ္ဋဂ္ဂါရ စိတ္တိတို့သည် ပုထုဇဉ်(၄)ယောက်တို့၌၊

(၄) ဒိဋ္ဌိဂတဝိပ္ပယုတ်, ဥဒ္ဓစ္စသဟဂုတ်, မဟာကုသိုလ်စော စောသော ပဋ္ဋဂ္ဂါရစိတ္တိတို့သည် ပုထုဇဉ်(၄) အောက်ဖလဋ္ဌာန်(၃)ယောက် တို့၌ ဖြစ်ကုန်၏။

**ဘုံနှင့် ပုဂ္ဂိုလ်တို့ကောက်ယူရန် (ဝေဒနာ)နည်းစနစ်**

ဘုံနှင့် ပုဂ္ဂိုလ်တို့အရ- ဝိထိစိတ္တက္ခဏအားလုံး ဖြစ်နိုင်သော (ရနိုင်သော) ဘုံ ပုဂ္ဂိုလ်တို့ကို ကောက်ယူရမည်။

[စိတ္တက္ခဏ တစ်ခုက စိတ်သရုပ်များစွာ ကောက်ယူထားရာ၌ စိတ်အားလုံးဖြစ်နိုင်သောဘုံပုဂ္ဂိုလ်တို့ကိုသာ ကောက်ယူနိုင်သည်မဟုတ်၊ အနည်းဆုံး စိတ်တစ်ခု ဖြစ်နိုင်သော ဘုံပုဂ္ဂိုလ်တို့ကိုလည်း ကောက် ယူရမည်။]

**အောက်ပါ သင်္ချိုသိဟပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။**

မေး။ ။ အဿောသိ ခေါ ဘဂဝါ ဥဠာသဒ္ဒံ မဟာသဒ္ဒံ-၌ အဿောသိ အရ ဘုရားရှင်၏သန္တာန်၌ ဖြစ်ထိုက်သော အတိမဟန္တာရုံ ဝိထိတစ်ခုကို ချပြ၍ ၎င်းဝိထိ၌ပါသောစိတ်တို့၏ မိုရာဝတ္ထုရုပ်, အာရုံတို့ကို တိကျစွာ ကောက်ပြပါ။ (သင်္ချိုး၅၃၊ဝိ)

ဖြေ။ ။ သောတဒွါရိက အတိမဟန္တာရုံဝိထိ-

အတီတဘဝင် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း သောတဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော မဟာကြိယာဉာဏ်သမ္ပယုတ် သဟဂုတ်စော (၇) ကြိမ် တဒါရုံ(၂)ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်ကြလေသည်။

၎င်းဝိထိ၌ပါသော စိတ်တို့၏ မိုရာဝတ္ထုရုပ်-

သောတဝိညာဏ်စိတ်သည် ပမ္ပိဟာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ် ပြိုင်သော သောတပသာဒရုပ်၊ ကြွင်းကျန်သော စိတ်တို့သည် မျှောအနန္တရ စိတ်တို့နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီပါသည်။

အာရုံ • ပစ္စုပ္ပန်သဒ္ဒါရုံ ဖြစ်သည်။

http://www.dhammadownload.com


မှတ်ချက်။ ။ပုစ္ဆာ၌ အတိမဟန္တာရုံ ဝီထိတစ်ခု ချပြပါ-ဟု သာမည မေးထားသည်ဖြစ်၍ စိတ္တက္ခဏတိုင်း၏ ဣစာဝိပ္ပယုတ် စိတ်သရုပ်ကို မဖော်ထုတ်တော့ဘဲ ဇော၏စိတ်သရုပ်ကိုသာ အတိအကျထုတ်၍ ပြဆိုထားသည်။

မေး။ ။ သောရေယျသေဋ္ဌိပုတ္တော တံ ဒိသွာ စိန္တေသိ-၌ ဒိသွာ အရ အတိမဟန္တာရုံ ဝီထိဖြစ်ရာ၌ ဖြစ်သင့်သော ဝီထိစိတ်အစဉ်ကို တိကျစွာ အစဉ်အတိုင်း ရေးခဲ့ပါ။ (သကျ၊၅၈၈မေး)

ဖြေ။ ။ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ပါးတို့တွင် တစ်ပါးပါးသည် အတီတဘဝင် ဘဝင်စလန ဘဝင်ုပစ္ဆေဒအဖြစ်ဖြင့် သုံးကြိမ်၊ ပဉ္စဒွါရာဝဇ္ဇန်းသည် ပဉ္စဒွါရာဝဇ္ဇန်းအဖြစ်ဖြင့် တစ်ကြိမ်၊ ကုသလဝိပါက်စက္ခုဝိညာဏ်သည် စက္ခုဝိညာဏ်အဖြစ်ဖြင့် တစ်ကြိမ်၊ ကုသလဝိပါက် သမ္ပဋိစ္ဆိုင်းသည် သမ္ပဋိစ္ဆိုင်းအဖြစ်ဖြင့် တစ်ကြိမ်၊ ကုသလဝိပါက် သောမနဿသန္တီရဏသည် သန္တီရဏအဖြစ်ဖြင့် တစ်ကြိမ်၊ မနောဒွါရာဝဇ္ဇန်းစိတ်သည် ဝုဋ္ဌောအဖြစ်ဖြင့် တစ်ကြိမ်၊ လောဘမူ သောမနဿ ၄-ပါးတို့တွင် တစ်ပါးပါးသည် ဇောအဖြစ်ဖြင့် (၇)ကြိမ်၊ ကုသလဝိပါက် သောမနဿ တဒါရုံ ၅-ပါးတို့တွင် တစ်ပါးပါးသည် တဒါရုံအဖြစ်ဖြင့် (၂)ကြိမ် ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်ကြလေသည်။

မှတ်ချက်။ ။ ပုစ္ဆာ၌ ဝီထိစိတ်အစဉ်ကို အစဉ်အတိုင်း တိကျစွာရေးပါ-ဟု "တိကျစွာ"ဟူသော စကားကို သုံးနှုန်းကာ မေးထားသည်ဖြစ်၍ စိတ္တက္ခဏတိုင်း၏ စိတ်သရုပ်ကို အတိအကျထုတ်၍ ပြဆိုထားသည်။

## အာဂန္တုက ဘဝင်ဝီထိ

အာဂန္တုကဘဝင်ဝီထိ ၂- မျိုး

၁။ အတိမဟန္တာရုံ အာဂန္တုကဘဝင်ဝီထိ

၂။ မဟန္တာရုံ အာဂန္တုက ဘဝင်ဝီထိ

http://www.dhammadownload.com


### အတိတေဌာရုံ၌ အာဂန္တုကဘဝင် ကျနိုင်ရန် အင်္ဂါ ၂-ချက်

(၁) အတိဣဋ္ဌာရုံ၌ ဒေါသဇော ဇောခြင်း
(၂) ဒေါသဇော ဇောသောပုဂ္ဂိုလ်က သောမနဿဖြင့် ပဋိသန္ဓေနေခဲ့ခြင်း။

### ဇောဌာရုံ၌ အာဂန္တုကဘဝင် ကျနိုင်ရန် အင်္ဂါ ၃-ချက်

(၁) အာရုံသုံးပါးတို့တွင် တစ်ပါးပါးသောအာရုံ၌ ဒေါသဇောဇောခြင်း။
(၂) ဒေါသဇောဇောသောပုဂ္ဂိုလ်က သောမနဿဖြင့် ပဋိသန္ဓေနေခဲ့ခြင်း။
(၃) စိတ္တက္ခဏ နှစ်ချက်လွန်သော မဟန္တာရုံဝီထိဖြစ်ခြင်း။
(စိတ္တက္ခဏ သုံးချက်လွန်ပါက အာဂန္တုကဘဝင် ချစရာ မလို။)

(၁)အာဂန္တုကဘဝင် ကျသော အတိမဟန္တာရုံဝီထိ ပုံစံ
တီ. န. ဒ. ပ. စ. သံ. ဏ. ဝု. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. အာ. ဘ/ဘ
ဒေါသ

(၂)အတိဣဋ္ဌာရုံ၌ ဒေါသဇော ဇောလျှက် တဒါရုံလည်းမကျ
အာဂန္တုကဘဝင်လည်း မကျသော အတိမဟန္တာရုံ ဝီထိ ပုံစံ
တီ. န. ဒ. ပ. စ. သံ. ဏ. ဝု. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဘ. ဘ/ဘ

မှတ်ချက်။ ။ "တိဣဋ္ဌာရုံဝယ် ဒေါသဇော ဇောသောနေရာမျိုး၌ ဝီထိချပြပါ" ဟု ဝိသေသန မမ,ဘဲ သာမညမေးခဲ့သော် အထက်ပါ နှစ်မျိုးလုံး ချရမည်၊ "သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သော်"-ဟု ဝိသေသန မ,၍ မေးခဲ့လျှင် အာဂန္တုကဘဝင်ကျသော (၁)နံပါတ်ဝီထိကို ချပါ၊ "ဥပေက္ခာဖြင့် ပဋိသန္ဓေ နေခဲ့သော်"-ဟု ဝိသေသန မ,၍ မေးခဲ့လျှင် အာဂန္တုကဘဝင် မကျသော (၂)နံပါတ်ဝီထိကို ချပါ။

အောက်ပါ အမေးအဖြေကိုလည်း ကြည့်ပါ၊

မေး။ ။ မနသာ တံ ဘိက္ခုံ ပဿိတွာ (ရှင်္ဂဝါ၊ ၂၄)-၌ ဖြစ်သင့်သော စိတ်အစဉ်ကို ပေါ်ပြပါ။

ဖြေ၊ ။ အတိမဟန္တာရုံ အာဂန္တုက ဘဝင်ဝီထိ-
အတီတဘဝင် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဒေါသဇော(၇)ကြိမ် အာဂန္တုကဘဝင်

http://www.dhammadownload.com


တစ်ကြိမ် အာဝဇ္ဇနဘဝင် တစ်ကြိမ် ဖြစ်ပြီးလျှင် ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်ကြလေသည်။ (သောမနဿဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်ကို ရည်ရွယ်)

(တစ်နည်း) အာဂန္တုကဘဝင် မကျသော အတိမဟန္တာရုံဝီထိ-အတီတဘဝင် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဥ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇေါသဇော(၇)ကြိမ် ဘဝင်(၂)ကြိမ် ဖြစ်ပြီးလျှင် ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်ကြလေသည်။ (ဥပေက္ခာဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်ကို ရည်ရွယ်)

မှတ်ချက်။ ။အာဂန္တုကဘဝင်အရ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ကို ယူ၊ ယင်းစိတ်သည် ဤဘဝ ရှေးကာလ၌ လေ့ကျက်အပ်ဖူးသော ကာမအာရုံကို အာရုံ ပြုသည်။

**မဟန္တာရုံ အာဂန္တုက ဘဝင် ဝီထိ ပုံစံ**

တီ. တီ. န. ဒ. ပ. စ. သံ. ဏ. ဝု. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. အာ/ဘ

ဇေါသ (ဇ × ၇)

**အာဂန္တုကဘဝင် မကျသော မဟန္တာရုံဝီထိ ပုံစံ**

တီ. တီ. န. ဒ. ပ. စ. သံ. ဏ. ဝု. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဘ/ဘ

မှတ်ချက်။ ။အတိဣဋ္ဌာရုံ၌ ဒေါသဇော စောသောပုဂ္ဂိုလ်သည် ဥပေက္ခာသဟဂုတ်ဖြင့် ပဋိသန္ဓေနေခဲ့သော် အာဝဇ္ဇနဘဝင်သာ ချရမည်၊ (အာဂန္တုကဘဝင် မချရ)

အကြောင်းကား အာဂန္တုကဘဝင် ကျခြင်းသည် အခက်အခဲကြုံရာ၌ ယင်းအခက်အခဲကို ဖြေရှင်းရန်အလွက်သာ ကျရခြင်း ဖြစ်၏။ ဥပေက္ခာဖြင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်အား ဒေါသဇောနောင် ဥပေက္ခာဘဝင် ကျနိုင်သည်ဖြစ်၍ အခက်အခဲ မရှိနိုင်သောကြောင့် ဖြစ်သည်။

။ပဉ္စမပိုင်း ပြီး၏။

http://www.dhammadownload.com


## မနောဒွါရ ဝီထိ

### မနောဒွါရဝီထိ ၂-မျိုး

၁။ကာမဇော မနောဒွါရဝီထိ ၂။အပ္ပနာဇော မနောဒွါရဝီထိ

### ကာမဇော မနောဒွါရဝီထိ ၂-မျိုး

၁။ ဝိဘူတာရုံဝီထိ ၂။ အဝိဘူတာရုံဝီထိ

### ဝိဘူတာရုံဝီထိ ၂-မျိုး

၁။ စိတ္တက္ခဏ (တစ်မှ ငါးထိ)လွန်သော ဝိဘူတာရုံဝီထိ

၂။ စိတ္တက္ခဏ မလွန်သော ဝိဘူတာရုံဝီထိ

### အဝိဘူတာရုံဝီထိ ၂-မျိုး

၁။ စိတ္တက္ခဏ (ခြောက်မှ ခုနစ်ထိ) လွန်သော အဝိဘူတာရုံ ဝီထိ

၂။ စိတ္တက္ခဏ မလွန်သော အဝိဘူတာရုံဝီထိ

အထူးမှတ်ချက်။ ။အာရုံက ပစ္စုပ္ပန် နိပ္ဖန္နရုပ်ဖြစ်လျှင် အတီတဘဝင် ချ၍ ကြွင်းအာရုံများဖြစ်လျှင် အတီတဘဝင် မချရ။ အတီတဘဝင် ချခဲ့လျှင် စိတ္တက္ခဏ(၁၇)ချက် ပြည့်အောင် ချပါ။ အတီတဘဝင် မချခဲ့လျှင် (၁၇)ချက်ပြည့်အောင် ချစရာမလို။

### စိတ္တက္ခဏလွန်သော ဝိဘူတာရုံဝီထိ ပုံစံ

တီ. န. ဒ. မ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ရုံ. ရုံ. ဘ. ဘ. ဘ. ဘ/ဘ

### စိတ္တက္ခဏ မလွန်သော ဝိဘူတာရုံဝီထိ ပုံစံ

န. ဒ. မ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ရုံ. ရုံ/ဘ

[တဒါရုံမကျသော ဝိဘူတာရုံဝီထိလည်းရှိနိုင်သည်၊ ကြံစည်ကြလေ။]

### စိတ္တက္ခဏ လွန်သော အဝိဘူတာရုံ ဝီထိပုံစံ

တီ. တီ. တီ. တီ. တီ. တီ. န. ဒ. မ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဘ/ဘ

[စိတ္တက္ခဏ (၇) ချက် လွန်ပါက နောက်ဆုံးဘဝင်ဖြုတ်။]

### စိတ္တက္ခဏ မလွန်သော အဝိဘူတာရုံဝီထိ ပုံစံ

န. ဒ. မ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ/ဘ

http://www.dhammadownload.com



## ကာမဇော မနောဒွါရဝီထိ ဖြစ်ပုံ ဆောင်ထုံးသော

### ဝေ့ဆက် ဇယား

မနောဒွါရ၌ဖြစ်သော (ဒွေပဥ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ပါး ကြဉ်သော) ကာမစိတ် ၄၁-ပါးတို့တွင် တစ်ပါးပါး၊ အထူးအားဖြင့် ကာမဇော တစ်ခုယုတ် သုံးဆယ်တို့တွင် တစ်ပါးပါးဖြစ်သည်၊

### ကာမဇော မနောဒွါရဝီထိ၌ စိတ်သရုပ်စသည် သေ့ဆိုပုံ

စိတ်သရုပ်။ ။မနောဒွါရဝီထိ၌ ဝီထိစိတ်, ဝီထိမုတ်စိတ်တို့၏ အရကို ပဥ္စဒွါရဝီထိ၌ ပြဆိုခဲ့သော နည်းဥပဒေကို မှီး၍ကောက်လေ၊

အာရုံ၊ ။စိတ္တက္ခဏ လွန်သော ဝိဘူတာရုံ, အဝိဘူတာရုံ ဝီထိတို့၌ ဝီထိစိတ်တို့သည် ပစ္စုပ္ပန်နိပ္ဖန္နရုပ်ကို အာရုံပြုကုန်၏၊ (မှချ)

စိတ္တက္ခဏ မလွန်သော တဒါရုံကျသော ဝိဘူတာရုံဝီထိ၌ ဝီထိစိတ်တို့သည် ကာလသုံးပါး၌ ဖြစ်သော ကာမစိတ်,စေတသိက်နှင့် အတိတ်အနာဂတ် နိပ္ဖန္နရုပ်တို့ကို အာရုံပြုကုန်၏၊ (မှချ)

ကြွင်းသော ဝိဘူတာရုံ, အဝိဘူတာရုံဝီထိတို့၌ ဝီထိစိတ်တို့သည် ကာလသုံးပါး၌ ဖြစ်သော စိတ်စေတသိက် အနိပ္ဖန္နရုပ်နှင့် အတိတ်အနာဂတ် နိပ္ဖန္နရုပ်,ပညတ်,နိဗ္ဗာန်တို့ကို ထိုက်သည်အားလျော်စွာ အာရုံပြုကုန်၏၊ (နိဗ္ဗာန်ကား ဝိဘူတာရုံသာတည်း)

### အထူးသတိပြုရန်

"မဂ္ဂဝီထိ ဖလသမာပတ္တိဝီထိတို့မှ တစ်ပါးသော ဝီထိတို့၌ ဝီထိစိတ်တို့သည် ဝီထိတစ်ခုအတွင်းဝယ် အချင်းချင်းအာရုံကွဲပြားမှု မရှိရ" ဟူသော ဥပဒေကို အထူးသတိပြု၍ ပကိဏ်းပိုင်းလာ အာရုံ+အာရမ္မဏိက အခွဲကို လောက်သကာ ကာမဇော မနောဒွါရိက ဝီထိစိတ်တို့၏ အာရုံကို အတိအကျ ကောက်ယူရမည်၊ (ပုံမှာပတ္တ၊ဘုံ,ပုဂ္ဂိုလ်တို့၏ အရကို ရှေးနည်းမှီ၍ သိလေ။)

အောက်ပါ သင်္ချိုဟပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ၊

မေး။ ။နိဗ္ဗာန်ကို အာရုံပြုသော ပုထုဇဉ်ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော တရားကို ဖော်ပြ၍ ယင်းတရားပါဝင်သော ဝီထိကိုပုံ ချပြပါ။

http://www.dhammadownload.com



ဖြေ၊ အရကား- ပဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ပါး ဖြစ်သည်။

နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော ဝိဘူတာရုံဝီထိ

ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း မဟာကုဉာဏ်ဇော (၇)
ကြိမ် ဖြစ်ပြီးလျှင် ထိုနောင်ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ကြလေသည်။

မှတ်ချက်။ ။အထက်ပါအဖြေသည် နိဗ္ဗာန်၏ အေးငြိမ်းမှု အခြင်းအရာ အာကာရ ပညတ်အာရုံကို ရည်ရွယ်၍ ပြဆိုထားသော အဖြေဖြစ်၏၊ ပရမတ္ထနိဗ္ဗာန်ကို ရည်ရွယ်၍ ဖြေဆိုရမူကား - ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ပါးကို အရကောက်၍ သောတာပတ္တိမဂ္ဂဝီထိ ချရမည်။

**ဧကော္ဂဒွါရိက အာဝဇ္ဇိုက ဘဝင် ဝီထိ**

**အာဂန္တုကဘဝင်ဝီထိ ၂-မျိုး**

**၁။ ဝိဘူတာရုံ အာဂန္တုကဘဝင် ဝီထိ**

**၂။ အဝိဘူတာရုံ အာဂန္တုကဘဝင် ဝီထိ**

**ဝိဘူတာရုံ အာဂန္တုကဘဝင်ဝီထိ ချနိုင်ရန် အင်္ဂါ ၂-ချက်**

၁။ အတိဣဋ္ဌကာမအာရုံ ပညတ်မဟဂ္ဂုတ်အာရုံတို့၌ ဒေါသဇောစောခြင်း။

၂။ ဒေါသဇော စောသောပုဂ္ဂိုလ်က သောမနဿဖြင့် ပဋိသန္ဓေနေခဲ့ခြင်း။

**ဝိဘူတာရုံ အာဂန္တုက ဘဝင်ဝီထိ ပုံစံ**

န. ဒ. မ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. အာ/ဘ

ဒေါသ

**အာဂန္တုကဘဝင် မကျသော ဝိဘူတာရုံဝီထိ ပုံစံ**

န. ဒ. . မ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ/ဘ

**အဝိဘူတာရုံ အာဂန္တုကဘဝင်ဝီထိ ချနိုင်ရန် အင်္ဂါ ၂-ချက်**

၁။ အာရုံတစ်ခုခု၌ ဒေါသဇော စောခြင်း။

၂။ ဒေါသဇော စောသောပုဂ္ဂိုလ်က သောမနဿဖြင့် ပဋိသန္ဓေနေခဲ့ခြင်း။

### အဝိဘူတာရုံ အာဂန္တုကဘဝင်ဝီထိ ပုံစံ

န. ဒ. မ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. အာ/ဘ

ဒေါသ

### အာဂန္တုကဘဝင် မကျသော အဝိဘူတာရုံဝီထိ ပုံစံ

န. ဒ. မ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ/ဘ

အောက်ပါ သကျသီဟပုစ္ဆာ၏ အဖြေကိုလည်းကြည့်ပါ။

မေး။ ပရိဟီနဈာနသ-၌ ဈာန်လျောသောအခါ ဖြစ်သော စိတ်အစဉ်ကိုပြ၍ ယင်းဝီထိစိတ်အစဉ် ဖြစ်နိုင်သည့်ဘုံ၊ ယင်းဝီထိစိတ် ပထမဇောနှင့်အတူ ဖြစ်ပေါ်လာသော ကမ္မဇကလာပ်စည်းများကို ပြခဲ့ပါ။

ဖြေ ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဒေါသဇော (၇) ကြိမ်၊ အာဂန္တုကဘဝင် တစ်ကြိမ်၊ အာဝါသိကဘဝင် တစ်ကြိမ်၊ ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ကြလေသည်။ (သောမနဿ ဖြင့် ပဋိသန္ဓေနေသူကို ရည်ရွယ်)

(တစ်နည်း) ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဒေါသဇော (၇)ကြိမ်ဖြစ်ပြီးလျှင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ကြလေသည်။ (ဥပေက္ခာဖြင့် ပဋိသန္ဓေနေသူကို ရည်ရွယ်)

ယင်းဝီထိ ဖြစ်နိုင်သည့်ဘုံ = ကာမသုဂတိ (၇)ဘုံ၊
ပထမဇောနှင့်အတူ ဖြစ်ပေါ်လာသော ကမ္မဇကလာပ်စည်းများ-ဣတ္ထိဘာဝဒသက ကလာပ်ကြဉ် ကမ္မဇကလာပ် (၈)စည်း ဖြစ်သည်။

### သတိပြုရန်

အာဂန္တုက ဘဝင်ဝီထိတို့သည် ဘုံအားဖြင့် ကာမ(၁၁)ဘုံ၌၊ ပုဂ္ဂိုလ်အားဖြင့် ပုထုဇ္ဇဉ်၄-ယောက်, အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၂-ယောက်တို့၏ သန္တာန်၌သာ ဖြစ်နိုင်သည်ကို အထူးသတိပြုကြပါကုန်။

### အိပ်မက် ဝီထိ

ဝီထိ ၂- မျိုး ၁။ ဝိဘူတာရုံ အိပ်မက်ဝီထိ၊
၂။ အဝိဘူတာရုံ အိပ်မက်ဝီထိ၊

http://www.dhammadownload.com


ဝိဘူတာရုံ ဘိပ်မက်ဝိထိ ပုံစံ

န. ဒ. မ. ဇ. ဇ. ဇ. ဇ./ဇ. ဇ. ဇ. ရုံ. ရုံ/ဘ

| တဒါရုံမကျသော ဝိထိလည်း ရှိနိုင်သည်။ |

အဝိဘူတာရုံ ဘိပ်မက်ဝိထိ ပုံစံ

န. ဒ. မ. မ. မ/ဘ

**ကြည့်ရန်**

* မနောဒွါရ၌ထင်လာသောအာရုံကိုအထင်အရှား မြင်မက်ရာအခါ၌ (၁)နပါတ် ဝိဘူတာရုံအိပ်မက် ဝီထိကို ချပါ။
* အိပ်မက်ထဲ၌ မြင်လိုက်သလိုကြားလိုက်သလိုဖြစ်ပြီး မထင်မရှား မြင်မက်ရာအခါ၌ (၂)နပါတ် အဝိဘူတာရုံ အိပ်မက်ဝိထိကို ချပါ။
* ဇောကျသော အိပ်မက်ဝိထိ၌ ဇောစိတ်အရ မဟာကုသိုလ်ဇော အကုသိုလ်ဇော တို့တွင် ဖြစ်သင့်ရာကို ယူပါ။
* အိပ်မက်ဝိထိသည် ဒွါရအားဖြင့် မနောဒွါရ၌သာ ဖြစ်၏၊ ပဉ္စဒွါရ၌ မဖြစ်၊ ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်,သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌သာဖြစ်၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏သန္တာန်၌ မဖြစ်။
* အိပ်မက်မက်သောအခါ၌ ဖြစ်ပေါ်လာသော ဇောစေတနာတို့သည် ပဋိသန္ဓေအကျိုးကို မပေးနိုင်၊ အခြားကံတို့၏ အထောက်အပံ့ကို ရခဲ့သော် ပဝတ္တိ အကျိုးကိုကား ပေးနိုင်၏။

တောက်ပါ အမေးအဖြေကိုလည်း ကြည့်ပါ။

မေး၊ အယံ စတုတ္ထော မဟာသုပိနော ပါတုရဟောသိ- အရ ဖြစ်သင့်သော စိတ်အစဉ်ကို ထုတ်ပြ၍ ယင်းစိတ်အစဉ်ဖြစ်ရာ ဒွါရ, ပုဂ္ဂိုလ်တို့ကိုလည်း ထုတ်ပြပါ။

ဖြေ ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ်ဇော (၇)ကြိမ် တဒါရုံ(၂)ကြိမ် ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက်သပျဖြစ်၍ ချပ်ကြလေသည်။

ဖြစ်ရာဒွါရ • မနောဒွါရ၊

http://www.dhammadownload.com



ပုဂ္ဂိုလ် • တိဟိတ်ပုထုဇဉ် (ဣတ္ထာဝိပ္ပေဂ္ဂတ)
ပုထုဇဉ် ၄၊ အောက်ဖလဋ္ဌာန် ၃၊ (ရနိုင်သမျှ)

အဝ္ဈာကတ စေတောနုပ္ပါဒ်ထိ

တမ္ပနာဝီထိ ၅-မျိုး

၁။ဈာနဝီထိ ၂။မဂ္ဂဝီထိ
၃။ဖလသမာပတ္တိဝီထိ ၄။အဘိညာဝီထိ
၅။နိရောဓသမာပတ္တိဝီထိ

ဈာနဝီထိ ၂-မျိုး

၁။ အာဒိကမ္မိက ဈာနဝီထိ ၂။ သမာပဇ္ဇန ဈာနဝီထိ

တိက္ခပညာပုဂ္ဂိုလ်၏ အာဒိကမ္မိက ဈာနဝီထိ ပုံစံ
န. ဒ. မ. ဉ. နု. ဂေါ. ဈ / ဘ

မန္ဒပညာပုဂ္ဂိုလ်၏ အာဒိကမ္မိက ဈာနဝီထိ ပုံစံ
န. ဒ. မ. ပ. ဉ. နု. ဂေါ. ဈ / ဘ

အာဒိကမ္မိကဝီထိ ချုံနိုင်ရန် စံပြသင်္ဂြိုဟ်

ဈာန် နိပ္ဖန္နတိ၊ ဈာန် နိပ္ဖန္နတွာ၊ ဈာန် ဥပ္ပါဒေတိ၊ ဈာန် ဥပ္ပါဒေတွာ၊ ဈာန် ဥပသမ္ပဇ္ဇ- စသည်တည်း။

ကြည့်ရှုရန်။

အာဒိကမ္မိကဈာန်- အရ ရခါစ, ရောက်ခါစ, ရပြီးခါစ, ရောက်ပြီးခါစ ဖြစ်သော ဈာန်ကိုယူ။ သမာပဇ္ဇနဈာန်အရ-ဝင်စားဆဲဖြစ်သောဈာန်, နှစ်ကြိမ်မှ စ၍ အကြိမ်များစွာဖြစ်သော ဈာန်ကိုယူ။

ဤကောက်ယူထားသော ဈာန်က ဝင်စားဆဲ ဖြစ်ခဲ့သော် သမာပဇ္ဇန ဝီထိချ၊ ဝင်စားဆဲ မဟုတ်ခဲ့သော် အာဒိကမ္မိကဝီထိချ။ မိမိကောက်ယူထား သော ဈာန်က ပဌမဈာန်ဖြစ်လျှင် ပဌမဈာန်ဝီထိချ၊ ။ပ။ ပဥ္စမဈာန်ဖြစ်လျှင် ပဥ္စမဈာန်ဝီထိ ချပါ။

http://www.dhammadownload.com


### အာဒိတမ္ပိတ ဈာနဝီထိ၌ စိတ်သရုပ်ခွဲသည့် ဓေသနိဝှ

စိတ်သရုပ်။ ။ဤဝီထိ၌ မနောဒွါရာဝဇ္ဇန်းမှစ၍ ဈာန်တိုင်အောင်သော ဝီထိ စိတ်တို့သည် မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၄၊ မဟာကြိယာ၄၊ မဟဂ္ဂုတ်ကု ၉၊ မဟဂ္ဂုတ်ကြိ ၉-တို့သာ ဖြစ်၏။

ထိုတွင် ဣဓာဝိပ္ပယုတ်စိတ်ကို အတိအကျ ကောက်ရာ၌ ပရိကံ ဥပစာ အနုလုံ ဂေါတြဘု (ဥပစာရသမာဓိဇော)တို့အရ- ပုထုဇဉ် သေက္ခ သန္တာန်၌ဖြစ်ခိုက် မဟာကုသိုလ်ကို ကောက်၊ ရဟန္တာသန္တာန်၌ဖြစ်ခိုက် မဟာကြိယာကို ကောက်။

ထိုမဟာကုကြိယာတို့တွင်လည်း အပ္ပနာဇောက သောမနဿ ဖြစ်ခဲ့သော် သောမနဿ ကာမဇောကို ကောက်၊ ဥပေက္ခာ ဖြစ်ခဲ့သော် ဥပေက္ခာကာမဇောကို ကောက်။

ဈာန်အရ- မိမိကောက်ယူထားသော ဈာန်ကိုယူ၊ ပဌမဈာန်ကို ကောက်ထားပါက ပဌမဈာန်ကိုယူ စသည်ဖြင့် သိပါ။ (မနောဒွါရာ ဝဇ္ဇန်းက တစ်ပါးတည်းဖြစ်၍ ရှာဖွယ်မလို။)

အာရုံ။ ။ မနောဒွါရာဝဇ္ဇန်းမှ စ၍ ဈာန်တိုင်အောင်သော ဝီထိစိတ်အားလုံး တို့သည် ဈာန်၏အာရုံကိုပင် အာရုံပြုကြသည်၊ ပဌမဈာနဝီထိဖြစ်က ပဌမဈာန်၏ အာရုံကိုပြု၊ ပေါ၊ ပဥ္စမဈာနဝီထိဖြစ်က ပဥ္စမဈာန်၏ အာရုံကို ပြုသည်-ဟု မှတ်ပါ။ [ဈာန်တို့၏အာရုံကို ပကိဏ်းပိုင်း၌ ပြဆိုခဲ့ပြီ။]

ပုဂ္ဂိုလ်။ ။ ကုသိုလ်ဈာနဝီထိ ဖြစ်ပါက တိဟိတ်ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်ကိုယူ၊ ကြိယာဈာနဝီထိ ဖြစ်ပါက အရဟတ္တဖလ ဋ္ဌာန် (ရဟန္တာပုဂ္ဂိုလ် တစ်ယောက်ကိုသာ ယူ။)

ဘုံ။ ။ ပဌမဈာန အာဒိကမ္မိက ဝီထိသည် ကာမသုဂတိ (၇)ဘုံ၌၊ ဒုတိယဈာန ၊တတိယဈာန အာဒိကမ္မိကဝီထိတို့သည် ကာမသုဂတိ (၇)ဘုံ ပဌမဈာန် (၃)ဘုံတို့၌၊ စတုတ္ထဈာန အာဒိကမ္မိကဝီထိသည် ကာမသုဂတိ (၇)ဘုံ ပဌမဈာန်(၃)ဘုံ ဒုတိယဈာန်(၃)ဘုံတို့၌၊ ပဥ္စမဈာန အာဒိကမ္မိက ဝီထိသည် ကာမသုဂတိ(၇)ဘုံ ပဌမဈာန်(၃)ဘုံ ဒုတိယဈာန်(၃)ဘုံ တတိယဈာန်(၃)ဘုံတို့၌ ဖြစ်၏။ (ရှေးဆရာတို့၏ ဝါဒ)

http://www.dhammadownload.com



(တစ်နည်း) ရူပဈာနဝိထိ(၅)မျိုးတို့သည် ကာမသုဂတိ(၇)ဘုံ ဘသညသတ်ကြဉ်သော ရူပ(၁၅)ဘုံတို့၌ ဖြစ်၏။ အရူပဈာနဝိထိ(၄) မျိုးတို့သည် ကာမသုဂတိ(၇)ဘုံ ရူပ(၁၅)ဘုံ အရူပ(၄)ဘုံတို့၌ ဖြစ်၏၊ [အထက်အထက် ဖြစ်သော အရူပဈာန်တို့သည် အောက်အောက် အရူပဘုံတို့၌ မဖြစ်နိုင်သည်ကိုလည်း သတိပြုလေ။] (ဘာဋီ၀ါ၁)

မှတ်ချက်။ ။ဝိထိစိတ်တို့၏ မိုရာဝတ္ထုရုပ်ကို ပကိဏ်းပိုင်း၌ အတိအကျ ပြဆိုပြီး ဖြစ်သောကြောင့် ကြွင်းကျန်သော ဝိထိတို့၌ မိုရာဝတ္ထုရုပ်ကို ပြဆိုတော့ မည် မဟုတ်ပေ။

အောက်ပါ သကျသီဟ ပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး။ ပဌမ် ဈာန် ဥပသမ္ပန္န ဝိဟရတိ-၌ တိက္ခပညပုဂ္ဂိုလ်၏ - အာဒိကမ္မိက ပဌမဈာနဝိထိပုံစံကို ချပြ၍ ယင်းဝိထိ၌ ပါဝင်သော ဘဝင်နှင့် ဥပစာရ ဇောတို့ကို ကောက်ပြပြီးလျှင် ဝိထိစိတ်တို့၏ အာရုံကိုလည်း ဖော်ပြပါ။ (၄၈။ ဘ၊)

ဖြေ။ တိက္ခပညပုဂ္ဂိုလ်၏ အာဒိကမ္မိကပဌမဈာနဝိထိ ပုံစံ-
န. ဒ. မ. ဥ. နု. ဂေါ. ဈ /ဘ
ဘဝင်အရ- မဟာဝိပါက် ဉာဏသမ္ပယုတ်၄-ပါး ဖြစ်သည်၊
ဥပစာရသမာဓိဇောအရ- မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿ သဟဂုတ်ဇော ၂-ပါး ဖြစ်သည်။

ဝိထိစိတ်၏အာရုံ- ကသိုဏ်းပညတ်(၁၀) အာနာပါနပညတ်(၁) အသုဘပညတ်(၁၀) ကောဋ္ဌာသပညတ်(၁) မေတ္တာ၊ ကရုဏာ၊ မုဒိတာဘတို့၏ အာရုံဖြစ်သော သတ္တပညတ်(၃) ပေါင်း (၂၅)ပါး... ပညတ်အာရုံ ကို ဖြစ်သည်။

မှတ်ချက်။ ။ပဌမဈာန်အရ ကာမဘုံသားရောက်နေသော်၏ ပဌမဈာန်ဟု ဆိုလ် ဖြစ်၍ ဥပေက္ခာအရ ကာမကိုက်ကိုက်ခင်း ဥပစာရဇောကိုအရ မဟာ ကုသိုလ်ဉာဏသမ္ပယုတ် သောမနဿသဟဂုတ်ဇောတို့ကို ယူရသည်။

http://www.dhammadownload.com


## သမာပဋ္ဌာန ဈာနဝီထိ

### တိက္ခပညာပုဂ္ဂိုလ်၏ ဝီထိပုံစံ

န. ဒ. မ. ဥ. နု. ဂေါ. ဈ. ဈ. ဈ (အကြိမ်များစွာ)/ဘ်

### မန္ဒပညာပုဂ္ဂိုလ်၏ ဝီထိပုံစံ

န. ဒ. မ. ပ. ဥ. နု. ဂေါ. ဈ. ဈ. ဈ (အကြိမ်များစွာ)/ဘ

### သမာပဋ္ဌာနဈာနဝီထိ ဈာန်ဂိုဏ်ရှိ ဝိဂ္ဂဟသင်္ဂြဟ

ဈာနံ သမာပဇ္ဇတိ၊ ဈာနံ သမာပန္နော၊ သုညာဂါရေ အဘိရတိ၊ ဈာနာ ဘိရတော၊ စတုန္နံ ဈာနာနံ (နိကာမလာဘီ အကိစ္ဆလာဘီ) အကသိရလာဘီ၊ တေဇောဓာတုံ သမာပဇ္ဇိတွာ- စသည်တို့ ဖြစ်သည်။

မှတ်ချက်။ ။ဈာနဝီထိချရာ၌ ဈာန်နေရာဝယ် ဣတ္တာဓိပ္ပေတ စိတ်သရုပ်ကို အတိအကျ ဖေါ်ထုတ်၍ ချရမည်။ ကုသိုလ်ပဉ္စမဈာန်ဖြစ်ပါက ကုသိုလ် ပဉ္စမဈာန်(၁)ကြိမ် (အာဒိကမ္မိကအတွက်)၊ ကုသိုလ်ပဉ္စမဈာန် အကြိမ် များစွာ (သမာပဋ္ဌာန အတွက်) စသည်ဖြင့် ချပါ။
[အာဒိကမ္မိကဈာန ဝီထိချရာ၌ ဈာန် (၁) ကြိမ်၊ သမာပဋ္ဌာန ဈာနဝီထိ ချရာ၌ ဈာန်အကြိမ်များစွာ ချရသည်ကို အထူးသတိပြုပါ။]

ညွှန်ကြားချက်။ ။ဈာနသမာပဋ္ဌာန ဝီထိ၌ စိတ်သရုပ်စသည့် ဝေဘန်ပုံကို အာဒိကမ္မိက ဈာနဝီထိ၌ လာသည့်အတိုင်း မှတ်ပါ။ ဘုံအရ- ထုတ်ဆို သောအခါ အာဒိကမ္မိကဝီထိ၌ ပြဆိုထားသော နည်းတို့တွင် ဒုတိယ နည်းကိုသာ သုံးပါ။

အောက်ပါ သကျသီဟပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး။ ဒဗ္ဗော မလ္လပုတ္တော တေဇောဓာတုံ သမာပဇ္ဇိတွာ အင်္ဂုလိယာ လေမာ နာယ- ဝယ် သမာပဇ္ဇိတွာ-အရ ဖြစ်သင့်သော ဝီထိချပြ၍ ထို၏အာရုံ ကို ကောက်လျှက် အာရုံက ဝီထိစိတ်အား ပဌာန်းကျေးဇူးပြုပုံကိုလည်း ကောင်း၊ လေမာနာယ- ဝယ် ဖြစ်သင့်သော အဘိညာဉ်ကိုလည်း ကောင်း ဖေါ်ပြပါ။ (၄၈၊သကျ၊တ-ဆင့်)

http://www.dhammadownload.com


ဖြေ၊ ဖြစ်သင့်သော ဝီထိ-

ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘု တေဇောကသိုဏ်း ပညတ်လျှင် အာရုံရှိသော ရူပါဝစရ ကြိယာပဥ္စမဈာန်ဇော တကြိမ်များစွာ ဖြစ်ပြီးလျှင် ထို့နောင် ဘဝင် ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ကြလေသည်၊

အာရုံ- တေဇောကသိုဏ်း ပညတ် အာရုံ

ပဒ္ဒါန်းပစ္စည်း ကျေးဇူးပြုပုံ-

တေဇောကသိုဏ်း ပညတ်အာရုံ ပစ္စည်းတရားက မနောဒွါရာဝဇ္ဇန်း မဟာကြိယာ ဉာဏသမ္ပယုတ် ဥပေက္ခာ-၂ ရူပါဝစရ ကြိယာပဥ္စမဈာန် ဟူသောဝီထိစိတ်အား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၊

ဗလမာနာယ အရ ဖြစ်သင့်သော အဘိညာဉ်- ဣဒ္ဓိဝိဓ အဘိညာဉ် ဖြစ်သည်၊ (ဝီထိစိတ်တို့၏ အာရုံအရ ပုစ္ဆာက၏ မေးပုံအခြင်းအရာကို ကြည့်၍ ဣဒ္ဓိဝိဓ မပြောဘဲ တေဇောကသိုဏ်းပညတ် အာရုံကိုသာ ယူ၍ ဖြေဆိုထားသည်၊)

## မဂ္ဂဝီထိ

### မဂ္ဂဝီထိ ၄-မျိုး

၁။ သောတာပတ္တိ မဂ္ဂဝီထိ ၂။ သကဒါဂါမိ မဂ္ဂဝီထိ
၃။ အနာဂါမိ မဂ္ဂဝီထိ ၄။ အရဟတ္တ မဂ္ဂဝီထိ

### သောတာပတ္တိမဂ္ဂဝီထိ ၅-မျိုး

၁။ ပဌမဈာန် သောတာပတ္တိမဂ္ဂဝီထိ
၂။ ဒုတိယဈာန် သောတာပတ္တိမဂ္ဂဝီထိ
၃။ တတိယဈာန် သောတာပတ္တိမဂ္ဂဝီထိ
၄။ စတုတ္ထဈာန် သောတာပတ္တိမဂ္ဂဝီထိ
၅။ ပဥ္စမဈာန် သောတာပတ္တိမဂ္ဂဝီထိ

(ကျန်မဂ္ဂဝီထိတို့၌လည်း ငါးပါးစီ ရှိသည်၊)

တိက္ခပည ပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ ပုံစံ
န. ဒ. မ. ဥ. န. ဂေါ. (သော)မဂ်. ဖိုလ်. ဖိုလ်. ဖိုလ်/ဘ

မန္ဒပည ပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ ပုံစံ
န. ဒ. မ. ပ. ဥ. န. ဂေါ. (သော)မဂ်. ဖိုလ်. ဖိုလ်/ဘ
[အထက်မဂ္ဂဝီထိတို့၌ဂေါတြဘုနေရာဝယ်ဝေါဒါန်ပြောင်း၍ချရုံသာ။]

မဂ္ဂဝီထိ ချနိုင်ရန် ဝါဠိသင်္ကေတ

သက္ကာယဒိဋ္ဌိယာပဟီနတ္တာ-စသောကိလေသာ (ကုသိုလ်+ အကုသိုလ်) တို့ကို အကြွင်းမဲ့ပယ်သတ်သည့် နေရာမျိုး၊ အရဟတ္တံ သစ္ဆိကတံ- စသောဖိုလ်ကို မျက်မှောက်ပြုသည့် နေရာမျိုး၊ မဂ္ဂဖလာနိ ပါပုဏာိသု, အရဟတ္တံ ပါပုဏိ-စသော မဂ်ဖိုလ်သို့ ရောက်ပုံကို ပြဆိုသည့် နေရာမျိုးတို့၌ မဂ္ဂဝီထိ ချပါ (မိမိ ကောက်ယူထားသော ဖိုလ်က မဂ္ဂါနန္တရဖိုလ် ဖြစ်ပါကလည်း မဂ္ဂဝီထိပင်ချပါ)

မဂ္ဂဝီထိ၌ စိတ်သရုပ်စသည့် ဝေဘန်ပုံ

စိတ်သရုပ်။ ။ဤဝီထိ၌ ပရိကံ ဥပစာ အနုလုံ ဂေါတြဘု(ဝေါဒါန်) တို့အရ- မဟာကုသိုလ် ဉာဏသမ္ပယုတ်ကိုသာကောက်၊ (ကြိယာကို မကောက်ရ)

ထိုကုသိုလ်ဉာဏသမ္ပယုတ်တွင်လည်း မဂ်ဇောက သောမနဿ ဖြစ်ခဲ့သော် သောမနဿ ကုသိုလ်ဇောကိုသာ ကောက်၊ ဥပေက္ခာ ဖြစ်ခဲ့သော် ဥပေက္ခာကုသိုလ် ဇောကိုသာ ကောက်။

မဂ်နှင့်ဖိုလ်တို့အရ ဖြစ်သင့်ဖြစ်ထိုက်သော မဂ်ဖိုလ်ကိုသာ ကောက်။ (မနောဒွါရာဝဇ္ဇန်းကား တစ်ပါးတည်းဖြစ်၍ ရှာဖွယ်မလို။)

အာရုံ။ ။ မနောဒွါရာဝဇ္ဇန်းမှ အနုလုံတိုင်အောင်သော ဝီထိစိတ်တို့သည် တေဘူမက သင်္ခါရကို အာရုံပြု၏၊ ဂေါတြဘု (ဝေါဒါန်) မဂ်ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံ ပြု၏။

ဘုံ။ ။ သောတာပတ္တိမဂ္ဂဝီထိသည် ကာမသုဂတိ (၇) ဘုံ, ဝေဟပ္ဖိုလ်တိုင် အောင်သော ရူပ (၁၀) ဘုံတို့၌ ဖြစ်၏။ သကဒါဂါမိမဂ္ဂ အနာဂါမိမဂ္ဂ ဝီထိတို့သည် ကာမ သုဂတိ (၇) ဘုံ, ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ

http://www.dhammadownload.com



(၁၀) ဘုံ, အရူပ (၄)ဘုံတို့၌ ဖြစ်ကုန်၏။ အရဟတ္တမဂ္ဂဝီထိသည် ကာမ သုဂတိ (၇) ဘုံ, အသညသတ်ကြဉ်သော ရူပ(၁၅) ဘုံ, အရူပ (၄) ဘုံတို့၌ ဖြစ်၏။

ပုဂ္ဂိုလ်၊ ။သောတာပတ္တိမဂ္ဂဝီထိ၌ ဂေါတြဘူဟိုင်အောင်သော ဝီထိစိတ်တို့သည် ဟိတ်ပုထုဇဉ်၌, သောတာပတ္တိမဂ်စိတ်သည် သောတာပတ္တိမဂ္ဂဋ္ဌာန်၌, သောတာပတ္တိဖိုလ်စိတ်သည် သောတာပတ္တိဖလဋ္ဌာန်၌ ဖြစ်၏။

သကဒါဂါမိမဂ္ဂဝီထိ၌ ဝေါဒါန်တိုင်အောင်သော ဝီထိစိတ်တို့သည် သောတာပတ္တိဖလဋ္ဌာန်၌, သကဒါဂါမိမဂ်စိတ်သည် သကဒါဂါမိမဂ္ဂဋ္ဌာန်၌, သကဒါဂါမိဖိုလ်စိတ်သည် သကဒါဂါမိဖလဋ္ဌာန်၌ ဖြစ်၏။

အနာဂါမိ မဂ္ဂဝီထိ၌ ဝေါဒါန်တိုင်အောင်သော ဝီထိစိတ်တို့သည် သကဒါဂါမိဖလဋ္ဌာန်၌, အနာဂါမိမဂ်စိတ်သည် အနာဂါမိမဂ္ဂဋ္ဌာန်၌, အနာဂါမိဖိုလ်စိတ်သည် အနာဂါမိဖလဋ္ဌာန်၌ ဖြစ်၏။

အရဟတ္တမဂ္ဂဝီထိ၌ ဝေါဒါန်တိုင်အောင်သော ဝီထိစိတ်တို့သည် အနာဂါမိဖလဋ္ဌာန်၌, အရဟတ္တမဂ်စိတ်သည် အရဟတ္တမဂ္ဂဋ္ဌာန်၌, အရဟတ္တဖိုလ်စိတ်သည် အရဟတ္တဖလဋ္ဌာန်၌ ဖြစ်၏။

**တောတိပါ သင်္ကျသီဟပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။**

မေး သန္တိ ပဿယျ စေတသာ-၌ စေတသာအရ ဖြစ်ထိုက်သော စိတ်ကို အတိအကျကောက်ပြီးလျှင် ယင်း၏ ဝီထိစဉ်ကို ပေါ်လွင်စွာ ဖော်ပြ၍ ထိုဝီထိတွင် ပါဝင်သော ဝီထိစိတ်, ထိုဝီထိစိတ်တွင် ပါဝင်သော ဥပါဒ်နှင့် အာရုံတို့ကိုလည်း ရေးခဲ့ပါ။

ဖြေ စေတသာ အရ အရဟတ္တမဂ်စိတ် ဖြစ်သည်။

ယင်းစိတ်၏ ဝီထိစဉ်

ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဝေါဒါန် အရဟတ္တမဂ် တစ်ကြိမ်, အရဟတ္တဖိုလ် နှစ်ကြိမ် ဖြစ်ပြီးလျှင်

http://www.dhammadownload.com



ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ကြလေသည်။

|တိက္ခပညာ ပုဂ္ဂိုလ်ဖြစ်လျှင် ပရိက်ဖြတ်၍ အရဟတ္တဖိုလ် သုံးကြိမ်ချပါ|

ဝီထိစိတ်- မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄၊ အရဟတ္တမဂ် ၁၊ အရဟတ္တဖိုလ် ၁၊ ဖြစ်သည်။ (ဖြစ်နိုင်သမျှ ထုတ်ထားသည်။)

ဒွါရ- မနောဒွါရ၊

အာရုံ- မနောဒွါရာဝဇ္ဇန်းမှ အနုလုံတိုင်အောင်သော ဝီထိစိတ်တို့သည် တေဘူမကသင်္ခါရကို အာရုံပြုကုန်၏၊ ဂေါတြဘု အရဟတ္တမဂ် အရဟတ္တဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။

မှတ်ချက်။ ။သင္ကိ ပဋ္ဌယျ စေတသာ- စသောပါရှိသော ဂါထာသည် ရဟန္တာပုဂ္ဂိုလ် အားလုံးကို ရည်ရွယ်၍ ဆိုထားသောစကား ဖြစ်၏၊ ပုဏ္ဏကသရာတော်က မြတ်စွာဘုရားကို ရည်ရွယ်၍ မေးထားလျှင်မှကား ပဥ္စမဈာန်နှင့် ယှဉ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ကောက်ရပေမည်။

## ဖလသမာပတ္တိဝီထိ

ဖလသမာပတ္တိဝီထိ ၄-မျိုး

၁။ သောတာပတ္တိဖလသမာပတ္တိဝီထိ
၂။ သကဒါဂါမိဖလသမာပတ္တိဝီထိ
၃။ အနာဂါမိဖလသမာပတ္တိဝီထိ
၄။ အရဟတ္တဖလသမာပတ္တိဝီထိ

|ပဥ္စမဈာန် သောတာပတ္တိဖလသမာပတ္တိဝီထိ ၏ နည်းကိုလည်း ရေတွက်လေ|

တိက္ခပညာပုဂ္ဂိုလ်၏ သောတာပတ္တိဖလသမာပတ္တိဝီထိ ပုံစံ

န. ဒ. မ. နု. နု. နု. (မသော)ဖိုလ်. ဖိုလ်. ဖိုလ်(အကြိမ်များစွာ)/ဘ

မန္ဒပညာပုဂ္ဂိုလ်၏ သောတာပတ္တိဖလသမာပတ္တိဝီထိ ပုံစံ

န. ဒ. မ. နု. နု. နု. နု. (မသော)ဖိုလ်. ဖိုလ်(အကြိမ်များစွာ)/ဘ

||ကြွင်းကျန်သော ဖလသမာပတ္တိဝီထိတို့၏ ပုံစံကိုလည်း အထက်ပါနည်းမှီ၍ ချလေ|

http://www.dhammadownload.com



## ဖလသမာပတ္တိဝီထိ ချနိုင်ရန် ဝိနိုသဇော်တများ

စေတောဝိမုတ္တိ ပညာဝိမုတ္တိ ။ပ။ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ပဋိသလ္လာနာ ဝုဋ္ဌိတော၊ တထာဂတသေယျာ၊ ဖလသမာပတ္တိတော ဝုဋ္ဌာယ- စသော ဗိုလ်ဇော်အကြိမ်များစွာ စောသော နေ့ရာမျိုး၌သာ ဖလသမာပတ္တိဝီထိ ချရမည်။

### သတိပြုရန်

ဖလသမာပတ္တိဝီထိ၌ ဥပစာရသမာဓိဇောတို့ကို အနုလုံနာမည်ဖြင့် ချရမည်ကိုလည်းကောင်း၊ တိက္ခပညာပုဂ္ဂိုလ်၌ အနုလုံတစ်ကြိမ်မျှတ်၍ သုံးကြိမ်သာ ချရမည်ကိုလည်းကောင်း၊ ဗိုလ်ဇောအကြိမ်ပေါင်းများစွာ ချရမည်ကိုလည်းကောင်း၊ အထူးသတိပြုပါ။

### စိတ်သရုပ်စသည် ဝေဘန်ပုံ

စိတ်သရုပ် အောက်ဖလသမာပတ္တိဝီထိ သုံးမျိုးတို့၌ ဝီထိစိတ်တို့အရ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄၊ အောက်ဗိုလ် ၃ တို့ကို (ကာမဇောနှင့် အပ္ပနာဇော ညှိ၍) ကောက်။

အရဟတ္တဖလသမာပတ္တိဝီထိ၌ ဝီထိစိတ်တို့အရ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကြိယာ ဉာဏသမ္ပယုတ် ၄၊ အရဟတ္တဗိုလ် ၁ တို့ကို (ကာမဇောနှင့် အပ္ပနာဇော ညှိ၍) ကောက်။

အာရုံ ။ မနောဒွါရာဝဇ္ဇန်းနှင့် အနုလုံတို့သည် တေဘူမကသင်္ခါရကို အာရုံပြုကုန်၏၊ ဗိုလ်ဇောတို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။

ဘုံ ။ သောတာပတ္တိ ဖလသမာပတ္တိ၊ သကဒါဂါမိ ဖလသမာပတ္တိဝီထိတို့သည် ကာမသုဂတိ (၇)ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ (၁၀)ဘုံ၊ အရူပ (၄)ဘုံတို့၌ ဖြစ်ကုန်၏။

အနာဂါမိဖလသမာပတ္တိဝီထိ၊ အရဟတ္တဖလသမာပတ္တိဝီထိတို့သည် ကာမ သုဂတိ(၇)ဘုံ၊ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၊ အရူပ (၄)ဘုံတို့၌ ဖြစ်ကုန်၏။

http://www.dhammadownload.com


ပုဂ္ဂိုလ်၊ ၊ သောတာပတ္တိဖလသမာပတ္တိ ဝိထိသည် သောတာပန်ပုဂ္ဂိုလ်၌ ဖြစ်၏၊ ၊ပ၊ အရဟတ္တဖလသမာပတ္တိဝိထိသည် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်၌ ဖြစ်၏၊

ဓောက်ပါ သင်္ချိုဟ ပုစ္ဆာ၏ ဖြေကိုလည်း ကြည့်ပါ၊

မေ၊ မဟဂ္ဂုတ္တိသမာပေါ-၌ မဟာဘရ တရားနှင့်ယှဉ်သော စေတသိက်ကို သင်္ချာမျှဖော်ပြ၍ သော ဈာယီ အသာသရတော-၌ အသာသ အရ တရား၏ ဖြစ်ပုံကို ဝိထိချပြပြီးလျှင် ၎င်းတရား၏အာရုံ၊ ကိစ္စ၊ သမ္ပယုတ္တဓမ္မတို့ကိုလည်း ဖော်ပြခဲ့ပါ၊ (၄၉၊သင်္ချိုဟ-ဆင့်)

ဖြေ ဓမ္မာအရ တရားနှင့်ယှဉ်သော စေတသိက်သင်္ချာ ၂၉ ပါးဖြစ်သည်၊ အသာသအရ တရား၏ ဝိထိ

ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း အနုလုံသုံးကြိမ် ပဉ္စမဈာန်နှင့် ယှဉ်သော အရဟတ္တဖိုလ် အကြိမ်များစွာ ဖြစ်ပြီးလျှင် ထို့နောင် ဘဝင် ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ကြလေသည်၊

၎င်းတရား၏ အာရုံ - နိဗ္ဗာန်အာရုံ၊

ကိစ္စ - ဇော ကိစ္စ၊

သမ္ပယုတ္တဓမ္မ- ဝိတက် ဝိစာရ ပီတိကြဉ်သော အညသမာန်း (၁၀)၊ အပ္ပမညာကြဉ်သော သောဘနစေတသိက် (၂၃)၊ ပေါင်း (၃၃) ပါး ဖြစ်ပါသည်၊

## ဝဉ္စိတ ပဌမဈာန်မဂ် ၄-မျိုး

| ဝုဋ္ဌာနဂါမိနီ ဝိပဿနာနည်းအားဖြင့် ရအပ်သော ပဌမဈာန်မဂ်များ |

(၁) သုက္ခဝိပဿကပုဂ္ဂိုလ်၏ မဂ်ဖိုလ်၊

(၂) ရပြီးဈာန်ကို ပဝင်စား မသုံးသပ်ဘဲ တေဘူမကသင်္ခါရကိုသာ သုံးသပ်၍ရသော မဂ်ဖိုလ်၊

(၃) ဝင်စားသော ဈာန်ကို မသုံးသပ်ဘဲ အခြားသော တေဘူမက သင်္ခါရကို သုံးသပ်၍ ရသော မဂ်ဖိုလ်၊

(၄) ဝင်စားသော ပဌမဈာန်ကို သုံးသပ်၍ ရသော မဂ်ဖိုလ်၊

http://www.dhammadownload.com


(“ထက်ပါ မဂ်ဖိုလ်တို့ကို ပဌမဈာန်နှင့်ယှဉ်သော မဂ်ဖိုလ်များ ဟူ၍ အမှုသတိပြုပါ။)

## ကြည့်ရန်

ဒုတိယဈာန်ကို ဝင်စားပြီး ထိုဈာန်ကိုသုံးသပ်၍ ရသောမဂ်သည် ဒုတိယဈာန်မဂ် ဖြစ်၏၊ ။ပေ၊ ပဥ္စမဈာန်ကို ဝင်စားပြီး ထိုဈာန်ကို သုံးသပ်၍ရသော မဂ်သည် ပဥ္စမဈာန်မဂ် ဖြစ်၏၊

အောက်အောက်ဈာန်ကို ဝင်စားပြီး အထက်အထက်ဈာန်ကို သုံးသပ်၍ ရသော မဂ်သည်လည်းကောင်း၊ အထက်အထက်ဈာန်ကို ဝင်စားပြီး အောက်အောက်ဈာန်ကို သုံးသပ်၍ ရသောမဂ်သည်လည်းကောင်း၊ ပုဂ္ဂလဇ္ဈာသယ မရှိခဲ့သော် အထက်ဈာန်နှင့် တူသောမဂ်ဖြစ်၏၊ ပုဂ္ဂလဇ္ဈာသယ ရှိခဲ့သော်ကား ပုဂ္ဂိုလ်၏ အလိုအားလျော်စွာ အောက်အောက်ဈာန်နှင့် တူသောမဂ်လည်း ဖြစ်နိုင်၏၊ အထက်အထက် ဈာန်နှင့်တူသော မဂ်လည်း ဖြစ်နိုင်၏၊

အောက်ပါ ပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ၊

မေး၊ ပ္ပါယနိရောဓ ခေါ် ပနသ မနသိကာရောတော (အံ၊ ၂။ ၂၁၅)၌ ပ္ပါယနိရောဓ အရ ဖြစ်သင့်သော စိတ်အစဉ်ကို စိတ်သရုပ် ပြုတ်ကာ ဖြေဆို၍ ယင်း၌ပါဝင်သော ဝိထိစိတ်တို့၏ အာရုံ ဖြစ်ရာ လ်၊ ဘုံတို့ကိုလည်း ထုတ်ပြပါ။

ဖြေ ဝိပါက်ဉာဏသမ္ပယုတ်(၄)ပါးတို့တွင် တစ်ပါးပါးသည် ဘဝင်စလန ဂုံပစ္ဆေဒအဖြစ်ဖြင့် နှစ်ကြိမ်၊ မနောဒွါရာဝဇ္ဇန်းစိတ်သည် မနောဒွါ ဇ္ဇန်းအဖြစ်ဖြင့် တစ်ကြိမ်မဟာကြိယာဉာဏသမ္ပယုတ် သောမနဿ ဂုတ်နှစ်ပါးတို့တွင် တစ်ပါးပါးသည် အနုလုံအဖြစ်ဖြင့် လေးကြိမ်၊ ဈာန်နှင့် ယှဉ်သော အရဟတ္တဖိုလ်စိတ်သည် အရဟတ္တဖိုလ်အဖြစ် ကြိမ်ပေါင်းများစွာ ဖြစ်ပြီးလျှင် ဖို့နေ ဝင် ။ င်ဖြစ်ပြီးက် သမျှ ၍ ချုပ်ကြွေလေသည်။

- ဇောင်းစိတ်တို့၏ အာရုံ မနောဒွါရာဝဇ္ဇန်းနှင့် အနုလုံတို့သည် ဓမ္မများကို အာရုံပြုကြသည်။ ဈာန်နှင့် ယှဉ်သော အရဟတ္တ သည် နိဗ္ဗာန်ကို အာရုံပြုသည်။

http://www.dhammadownload.com



ဖြစ်ရာပုဂ္ဂိုလ်။ သုက္ခဝိပဿက ရဟန္တာပုဂ္ဂိုလ် ဖြစ်သည်။
ဖြစ်ရာ ဘုံ။ ကာမသုဂတိ (၇) ဘုံ ဖြစ်သည်။

မှတ်ချက် သုက္ခဝိပဿကပုဂ္ဂိုလ်၏ မဂ္ဂဝိထိ၊ ဖလသမာပတ္တိဝိထိ၌ ပါဝင်သော မနောဒွါရာဝဇ္ဇန်းနှင့် ကာမဇောတို့သည် ကာမအာရုံကိုသာ အာရုံ ပြုနိုင်သည်ကိုလည်းကောင်း၊ ၎င်းဂိုဏ်သည် ကာမသုဂတိ (၇) ဘုံ၌သာ ဖြစ်နိုင်သည်ကိုလည်းကောင်း အထူးသတိပြု မှတ်သားထား ရမည်။ | ဈာန်မရသော စကျွပါလမထေရ်ကဲ့သို့သော အရိယာ ပုဂ္ဂိုလ်တို့ကို သုက္ခဝိပဿကဟု ခေါ်သည်။

## ဝိဟာရ ၄-ပါးနှင့် အရကောက်

၁။ ဣရိယာပထဝိဟာရ • (ရပ်ခြင်း၊ စသည်တို့၏ အခြင်းအရာ အားဖြင့် ဖြစ်သော စိတ္တဇသဏ္ဌာနရုပ် အစု)
၂။ ဒိဗ္ဗ ဝိဟာရ • (မဟဂ္ဂုတ်ဈာန် ၉-ပါး)
၃။ ဗြဟ္မ ဝိဟာရ • (အပ္ပမညာဈာန် ၄-ပါး)
၄။ အရိယ ဝိဟာရ • (ဖလသမာပတ် ၄-ပါး)

မှတ်ချက် ဘုရားရှင်၏ ဒိဗ္ဗဝိဟာရ-အရ ရူပကြိယာ စတုတ္ထဈာန်၊ ဗြဟ္မဝိဟာရ အရ အပ္ပမညာစတုတ္ထဈာန်၊ အရိယဝိဟာရ-အရ စတုတ္ထဈာန်နှင့် ယှဉ်သော အရဟတ္တဖလသမာပတ်ကို ယူ။

## ဝိဟာရ ၄-ပါး ရနိုင်သော နေရာများ

(၁) ပါတိမောက္ခသံဝရသီလတော ဝိဟရတိ-စသော နေရာမျိုး၌ ဣရိယာ ပထဝိဟာရကို ရနိုင်သည်။

(၂) ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ- စသော နေရာမျိုး၌ ဒိဗ္ဗဝိဟာရကို ရနိုင်သည်။

(၃) မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ- စသော နေရာမျိုး၌ ဗြဟ္မဝိဟာရကို ရနိုင်သည်။

(၄) တဒနုတ္တရံ ဗြဟ္မစရိယပရိယောသာနံ ။ပ။ ဥပသမ္ပဇ္ဇ ဝိဟာသိ၊ အနာသဝံ

http://www.dhammadownload.com


စေတောဝိမုတ္တိ ပညာဝိမုတ္တိ ၊ပ၊ ဥပသမ္ပဇ္ဇ ဝိဟရတိ- စသော နေရာမျိုး၌ အရိယ ဝိဟာရကို ရနိုင်သည်။

ညွှန်ကြားချက် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်တို့၏ အောက်အောက် မဂ္ဂဝီထိ, ဖလသမာပတ္တိဝီထိ ချသောအခါ ဥပစာရ သမာဓိဇော ၄-ကြိမ် ပြည့်အောင် ချပါ။ အရဟတ္တမဂ္ဂဝီထိ, အရဟတ္တဖလသမာပတ္တိဝီထိ ချသောအခါ၌ကား ဥပစာရ သမာဓိဇော ၃-ကြိမ်သာ ချပါ။

**ပစ္စဝေက္ခဏာ ဝီထိ**

**ပစ္စဝေက္ခဏာဝီထိ၅-မျိုး**

**၁။ မဂ္ဂ ပစ္စဝေက္ခဏာဝီထိ**

**၂။ ဖလ ပစ္စဝေက္ခဏာဝီထိ**

**၃။ နိဗ္ဗာန ပစ္စဝေက္ခဏာဝီထိ**

**၄။ ပဟီနကိလေသ ပစ္စဝေက္ခဏာဝီထိ**

**၅။ အဝသေသကိလေသ ပစ္စဝေက္ခဏာဝီထိ**

**(ဈာန ပစ္စဝေက္ခဏာဝီထိ ထည့်က ၆-မျိုး ရှိနိုင်သည်။)**

**ကြည့်ရှုရန်**

ပစ္စဝေက္ခဏာဉာဏ်အရ ပနောဒ္ဓါရိက မဟာကုသိုလ် မဟာကြိယာ ကာမဇောတို့ကို အရကောက်ရသည်ဖြစ်၍ ပစ္စဝေက္ခဏာဝီထိကို ကာမဇော မနောဒ္ဓါရိက ဝီထိကဲ့သို့ ချရမည်၊ ထိုသို့ချရာ၀ယ် ပယ်ပြီးကိလေသာ , ကြွင်းကျန်သော ကိလေသာတို့ကို ဆင်ခြင်ရာ၌သာ တဒါရုံကို ချနိုင်သည်၊ ဈာန် စသည်တို့ကို ဆင်ခြင်ရာ၌ကား တဒါရုံကို မချရ။

**ပစ္စဝေက္ခဏာဝီထိ၌ ဇောအကြိမ် သတ်မှတ်ချက်**

မြတ်စွာဘုရား၏ ကေနိုးပြင်ငို ... ပြုရာအခါ, အရှင် ... ... နှင့် ၏ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမရာအခါ, စသော အဆောတလျင် (အလျင်မြန်တကြီး)ပြုရာအခါတို့၌ ဘုရားရှင်၏ ... ယ် ၄-ကြိမ်၊ သ ... ၏

http://www.dhammadownload.com



သန္တာန်ဝယ် ၅-ကြိမ်၊ (တစ်နည်း) တိက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌ ၄-ကြိမ်၊ မန္ဒပုဂ္ဂိုလ်တို့၏ သန္တာန်၌ ၅-ကြိမ် စောကြ၏။ ပကတိရိုးရာအချိန်၌ကား ၇-ကြိမ် စောကြ၏။

## ဉာဏသမ္ပယုတ်+ ဉာဏဝိပ္ပယုတ် အဖွဲ့

ချာန်မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်ရာ၌ ဉာဏသမ္ပယုတ် ပစ္စဝေက္ခဏာဇောများ ဖြစ်၏၊ ပယ်ပြီးကိလေသာ, ကြွင်းကျန်သော ကိလေသာတို့ကို ဆင်ခြင်ရာ၌ ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ် ပစ္စဝေက္ခဏာဇောများ ဖြစ်၏၊

## ပစ္စဝေက္ခဏာဝီထိ ချနိုင်သော နေရာများ

ပစ္စဝေက္ခဏာဉာဏ် အရကောက်ရသော ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ ခီဏာ ဇာတိ ။ပ။ အဇ္ဈညာသိ၊ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ။ပ။ သယံ အဘိညာ သစ္ဆိကတွာ၊ သမ္မာဉာဏာတိ ဘဝဿ ပါရဂူ - စသော နေရာမျိုး၌ ပစ္စဝေက္ခဏာဝီထိ ချရမည်။

## ပစ္စဝေက္ခဏာဝီထိ ပုံစံ

န. ဒ. မ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ/ဘ
[ပစ္စဝေက္ခဏာဝီထိ အားလုံးအတွက်]

န. ဒ. မ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ရုံ. ရုံ/ဘ
[ကိလေသာပစ္စဝေက္ခဏာဝီထိအတွက်]

## စိတ်သရုပ် ဖေည် ဝေဘန်ပုံ

စိတ်သရုပ် ဤဝီထိ၌---

ဇောတို့အရ အောက်မဂ် အောက်ဖိုလ် ၆-ပါးနှင့် ယင်းတို့၏ အာရုံ နိဗ္ဗာန်ကို ဆင်ခြင်ရာအခါ၌ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ပါးကို ကောက်၊

အရဟတ္တမဂ် အရဟတ္တဖိုလ်နှင့် ယင်းတို့၏ အာရုံ နိဗ္ဗာန်ကို ဆင်ခြင်ရာအခါ၌ မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ပါးကို ကောက်။

http://www.dhammadownload.com



ကိလေသာတို့ကို ဆင်ခြင်ရာအခါ၌ သောတာပန်ပဖလဋ္ဌာန်ပုဂ္ဂိုလ် တို့၏ သန္တာန်၌ဖြစ်မူ မဟာကုသိုလ် ၈-ပါးကိုကောက်။ ရဟန္တာ ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်မူ မဟာကြိယာ ၈-ပါးကို ကောက်၊

ဈာန်အင်္ဂါတို့ကို ဆင်ခြင်ရာအခါ၌ ပုထုဇဉ် သေက္ခတို့ သန္တာန်၌ဖြစ်မူ မဟာကုဉာဏ်သံ ၄-ပါးကို ကောက်၊ ရဟန္တာ သန္တာန်၌ ဖြစ်မူ မဟာကြိဉာဏ်သံ ၄-ပါးကို ကောက်၊

တစ်ပါး၌ အရေ ကိလေသာဟူသော အနိဋ္ဌာရုံကို အာရုံပြု သည်ဖြစ်၍ အကုသလဝိပါက် တစ်ပါးကို ကောက်၊ (မနောဒွါရာဝဇ္ဇန်းကား တစ်ပါးတည်း ဖြစ်၍ ရှာဖွယ် မလို။)

အာရုံ၊ ။ မဂ်ကို ဆင်ခြင်ရာအခါ၌ အတိတ်ဖြစ်သော မဂ်ကိုလည်းကောင်း, ။ပ၊ ကိလေသာကို ဆင်ခြင်ရာအခါ၌ ကိလေသာကိုလည်းကောင်း အာရုံပြု၏။

ဘုံ ။ ။ မဂ္ဂဝီထိနောင်ဖြစ်သော ပစ္စဝေက္ခဏာဝီထိသည် ယင်းမဂ္ဂဝီထိ၏ ဖြစ်ရာဘုံ နှင့် တူ၏။ဖလသမာပတ္တိဝီထိနောင် ဖြစ်သော ပစ္စဝေက္ခဏာဝီထိသည် ယင်းဖလသမာပတ္တိဝီထိ၏ ဖြစ်ရာဘုံနှင့် တူ၏။ ဈာနဝီထိနောင် ဖြစ်သော ပစ္စဝေက္ခဏာဝီထိသည် ယင်းဈာနဝီထိ ၏ ဖြစ်ရာဘုံနှင့် တူ၏။ နိရောဓသမာပတ္တိဝီထိနောင် ဖြစ်သော ပစ္စဝေက္ခဏာဝီထိသည် ယင်းနိရောဓသမာပတ္တိဝီထိ၏ ဖြစ်ရာ ဘုံနှင့် တူ၏။

ပုဂ္ဂိုလ် ။ ။သောတာပတ္တိမဂ်, ဖိုလ်, နိဗ္ဗာန်, ပယ်ပြီးကိလေသာ, ကြွင်းကျန် သော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိသည် သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်၌ ဖြစ်၏။ ။ပ၊ အရဟတ္တမဂ်, ဖိုလ်, နိဗ္ဗာန်, ပယ်ပြီးကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိသည် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်၌ ဖြစ်၏။

[ ဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိသည် တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်၏ သန္တာန်၌လည်း ဖြစ်နိုင်သေးသည်။]

http://www.dhammadownload.com



## အောက်ပါ ပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး။ အနာသဝ စေတောဝိမုတ္တိ ပညာဝိမုတ္တိ ။ပ။ သယံ အဘိညာ သစ္ဆိကတွာ
အရ ဖြစ်သင့်သော စိတ်အစဉ်ကို ထုတ်ပြ၍ ဝိထိစိတ်တို့၏ အာရုံ,
ဖြစ်ရာဘုံ, ပုဂ္ဂိုလ် တို့ကိုလည်း ထုတ်ပြပါ။

ဖြေ ပစ္စဝေက္ခဏာဝိထိ

ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း မဟာကြိယာဉာဏ
သမ္ပယုတ် ပစ္စဝေက္ခဏာဇော (၇) ကြိမ် ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်
ထိုက်သမျှဖြစ်၍ ချုပ်ကြ လေသည်။

ဝိထိစိတ်တို့၏ အာရုံ• အရဟတ္တဖိုလ်အာရုံ၊

ဖြစ်ရာ ဘုံ • ကာမသုဂတိ(၇)ဘုံ, ရူပ(၁၅)ဘုံ, အရူပ(၄)ဘုံ၊

ဖြစ်ရာ ပုဂ္ဂိုလ် •အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်၊

မှတ်ချက် တန်ခိုးပြာဋိဟာကို ပြခြင်း စသော အဆောတ္တလျှင် ပြုသောအခါ
မဟုတ်၍ ပစ္စဝေက္ခဏာဇော (၇) ကြိမ် ချထားသည်။

### အဘိညာဉ် ဝိထိ

အဘိညာဉ်ဝိထိ ၅•မျိုး

၁။ ဒိဗ္ဗစက္ခု အဘိညာဉ်ဝိထိ
၂။ ဒိဗ္ဗသောတ အဘိညာဉ်ဝိထိ
၃။ ဣဒ္ဓိဝိဓ အဘိညာဉ်ဝိထိ
၄။ ပရစိတ္တဝိဇာနန အဘိညာဉ်ဝိထိ
၅။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဝိထိ

(ယထာကမ္မူပဂနှင့် အနာဂတံသအဘိညာဉ်ဝိထိတို့သည် ဒိဗ္ဗစက္ခု အဘိညာဉ်
ဝိထိ၌ ပါဝင်ပြီ )

မှတ်ချက်။ ။ အဘိညာဉ်ဝိထိကို ဖြစ်စေလိုသော ပုဂ္ဂိုလ်သည်

(၁) အဘိညာပါဒက ပဉ္စမဈာန သမာပဇ္ဇနဝိထိ၊
(၂) (ကာမဇော မနောဒွါရဝိထိ ဟူသော) ပရိကမ္မဝိထိ၊
(၃) အဘိညာပါဒက ပဉ္စမဈာန ဝိထိ· ဟု သုံးမျိုးသော အခြေခံဝိထိ

http://www.dhammadownload.com



တို့ကို ဖြစ်စေပြီးမှသာလျှင် အဘိညာဉ်ဝီထိကို ဖြစ်စေနိုင်၏၊ သို့ဖြစ်၍ အခြေခံဝီထိတို့နှင့် တကွ အဘိညာဉ်ဝီထိတို့၏ ပုံစံကို ပြဆိုအံ့၊

အဘိညာပါဒက ပဥ္စမဈာန သမာပဇ္ဇနဝီထိ ပုံစံ

န. ဒ. မ. ပ. ဥ. နု. ဂေါ. ဈ. ဈ. ဈ (အကြိမ်များစွာ) / ဘ

ပရိကမ္မဝီထိ ပုံစံ

န. ဒ. မ. ဧ. ဧ. ဧ. ဧ. ဧ. ဧ. ဧ/ဘ

တစ်ဖန် အဘိညာပါဒက ပဥ္စမဈာနသမာပဇ္ဇနဝီထိ ပုံစံ

န. ဒ. မ. ပ. ဥ. နု. ဂေါ. ဈ. ဈ. ဈ (အကြိမ်များစွာ) /ဘ

[ အထက်ပါ ဝီထိတို့သည်ကား၊ အဘိညာဉ်၏အခြေခံဝီထိတို့ ဖြစ်ကြသည်။]

အဘိညာဉ်ဝီထိ ပုံစံ

န. ဒ. မ. ပ. ဥ. နု. ဂေါ. အဘိ/ဘ

မှတ်ချက် အဘိညာဉ်ကိုစွဲတပ်သော ရူပကုသိုလ်ကြိယာ ပဥ္စမဈာန်ကို အရ တောက်သောနေရာမျိုး၌ အဘိညာဉ်ဝီထိ ချပါ။ ဒိဗ္ဗစက္ခု အဘိညာဉ်ကောက်လျှင် ဒိဗ္ဗစက္ခုအဘိညာဉ် ဝီထိချပါ။ ။ပ။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ကောက်လျှင် ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ်ဝီထိ ချပါ။

## စိတ်သရုပ် ဖေသည် ဝေဘန်ပုံ

စိတ်သရုပ် ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့၏ အဘိညာဉ်ဝီထိ၌ ကာမဇောတို့အရ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာသဟဂုတ် ၂-ပါးကို၊ အဘိညာဉ်အရ ရူပကုသိုလ် ပဥ္စမဈာန်ကိုကောက်၊

ရဟန္တာပုဂ္ဂိုလ်၏ အဘိညာဉ်ဝီထိ၌ ကာမဇောတို့အရ မဟာကြိယာဉာဏသမ္ပယုတ် ဥပေက္ခာသဟဂုတ် ၂-ပါးကို၊ အဘိညာဉ်အရ ရူပကြိယာ ပဥ္စမဈာန်ကိုကောက်၊ (မနောဒွါရာဝဇ္ဇန်းကား တစ်ပါးတည်းဖြစ်၍ ရှာဖွယ်မလို၊)

တခု ဒိဗ္ဗစက္ခုအဘိညာဉ်သည် ဒူရ ပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန် ရူပါရုံတို့

http://www.dhammadownload.com



ဒိဗ္ဗသောတ အဘိညာဉ်သည် ဒူရ ပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံကို

ဣဒ္ဓိဝိဓအဘိညာဉ်သည် ပါဒကဖြစ်သော ရူပကုသိုလ်ကြိယာ ပဥ္စမဈာန်၊ သတသဟဿ-စသော နိမ္မိတရုပ်ကို

ပရစိတ္တဝိဇာနနအဘိညာဉ်သည် လွန်လေပြီးသော (၇)ရက်မှ စ၍ လာလတ္တံ့သော (၇)ရက်တိုင်အောင် ကာလသုံးပါး၌တည်သော သူတစ်ပါးတို့၏ စိတ်-၈၉၊ စေ-၅၂ဟု ဆိုအပ်သော ဓမ္မာရုံကို

ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်သည် ပုဗ္ဗေနိဝုတ္ထဖြစ်သော စိတ် -၈၉၊ စေ-၅၂ရုပ် ၂၈ ဟု ဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှ အစဉ်လျှောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည်အမျိုးစသော ပညတ် ဟုဆိုအပ်သော အာရုံ-၆ပါးကို

ယထာကမ္မူပဂအဘိညာဉ်သည် အတိတ်ဖြစ်သော လောကီကုသိုလ်အကုသိုလ်ကံ ဟုဆိုအပ်သော ဓမ္မာရုံကို

အနာဂတံသအဘိညာဉ်သည် အနာဂတ်ဖြစ်သော စိတ်-၈၉၊ စေ-၅၂ ရုပ်-၂၈ ဟုဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှ အစဉ်လျှောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည်အမျိုးစသောပညတ် ဟုဆိုအပ်သော အာရုံ ၆-ပါးကို အာရုံပြု၏။

ဘုံ အဘိညာဉ်ဝီထိသည် ကာမသုဂတိ (၇)ဘုံ၊ အသညသတ်ကြဉ်သော ရူပ (၁၅)ဘုံတို့၌ ဖြစ်၏။

ပုဂ္ဂိုလ် ကုသိုလ်အဘိညာဉ်ဝီထိသည် တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန် ၇ ယောက်တို့၌၊ ကြိယာအဘိညာဉ်ဝီထိသည် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်၌ ဖြစ်၏။

အောက်ပါ သင်္ချာသီဟပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး အမှတ် (၂)ပါဠိတော်လာ ပဿဟာ- အရ ဝိသေသစ္စ ပဌမနည်းအရ ပုံ ဖြစ်ထိုက်သောဝီထိကို ချပြ၍ ယင်းဝီထိ၏ အခြေခံဖြစ်သောဝီထိတို့၏ ပဓာနအာရုံတို့ကို အသေးအသီး ထုတ်ပြပြီးလျှင် ပညတ္တိ-၌ တဟျ္ဇ

http://www.dhammadownload.com


အရ ဖြစ်ထိုက်သောရုပ်နှင့် ထိုရုပ်၏သမုဋ္ဌာန်တို့ကို ဖေါ်ပြနဲ့ပါ။ (၅၂ သက္ကရာဇ် ၃-ဆင့်)

ဖြေ ပဿတာအရ ဝိသေသတ္တ ပဋ္ဌမနည်းအလို ဖြစ်ထိုက်သောဝိထိ-

ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဥပစာ အနုလုံ ဂေါတြဘု ဒွိဗ္ဗစက္ခု ကြိယာအဘိညာဉ်တစ်ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ကြလေသည်။

အခြေခံ ဝိထိတို့၏ ပဓာနအာရုံ-

ပါဒကဈာနဝိထိစိတ်တို့သည် တေဇောကသိုဏ်း ဩဒါတကသိုဏ်း အာလောကကသိုဏ်းပညတ်တို့တွင် တစ်ပါးပါးကို အာရုံပြုကြသည်၊ ပရိကမ္မဝိထိ၌ ဝိထိစိတ်တို့သည် အနာဂတ်ရုပါရုံကို အာရုံပြုကြသည်၊

တဟျွတ္တအရ ဖြစ်ထိုက်သော ရုပ်-

ပထမပါရာဇိက သိက္ခာပုဒ်ပါဠိတော်-ဟူသော သဂ်ညတ္တိက ဝစီဘေဒ သဒ္ဒရုပ် ဖြစ်သည်၊

ထိုရုပ်၏ သမုဋ္ဌာန်-

ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏ...ယုတ် စိတ္တုပ္ပါဒ် ဟူသော စိတ္တသမုဋ္ဌာန် ဖြစ်သည်၊

မှတ်ချက်။ ကျန်သောအဘိညာဉ်ဝိထိတို့၌ အခြေခံဖြစ်...ဝိထိတို့၏ ပဓာန အာရုံကိုလည်း အထက်ပါအဖြေကို နည်းမှီ၍ ဖြေ...လေ။

## နိရောဓသမာပတ္တိ ဝိထိ

### နိရောဓသမာပတ်၏ အဓိပ္ပါယ်

နေဝသညာနာသညာယတနဈာန်ဇော နှစ်ကြိမ်...ဆုံး၍ ကာမသု ဂတိ (၇)ဘုံ၌ ဖြစ်လျှင် (၇)ရက်၊ ရူပဘုံ၌ဖြစ်လျှင် အလိုရှိ... စိတ်စေတသိက် စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့ရောက်နေခြင်းကို "နိရောဓ...က်" ဟု ခေါ်၏။

### ဝင်စားနိုင်သောပုဂ္ဂိုလ်

ဤဝိထိကို ကာမဘုံသား ရူပဘုံသား သမာပတ္တိ... အနာဂါမ်ရဟန္တာ ပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်၏၊ ...ဝင်စားပုံအစီအစဉ်ကို ...ပြန်းပိုင်း၌ ရှု

http://www.dhammadownload.com



### နိရောဓသမာပတ် ဝင်စားခြင်းမပြုလုပ်ရမည့် ဝုဋ္ဌာန်းခြင်း ၄-ပါး

(၁) နာနာဗဒ္ဓ အဝိကောပန • (မိမိကိုယ်နှင့်ကင်းကွာနေသည့်ကျောင်းသင်္ကန်း၊ အစရှိသော ပစ္စည်းအမျိုးမျိုးကို မပျက်စီးပါစေသတည်း-ဟု အဓိဋ္ဌာန်ခြင်း၊)

(၂) သံဃပဋိမာနန- (သံဃာတို့ တောင့်တအလိုရှိအပ်လျှင် သမာပတ်မှ ထပါစေသတည်း ဟု အဓိဋ္ဌာန်ခြင်း၊)

(၃) သတ္ထုပက္ကောသန- (ဘုရားရှင် ခေါ်တော်မူလျှင် သမာပတ်မှ ထပါစေသတည်း- ဟု အဓိဋ္ဌာန်ခြင်း။)

(၄) အဒ္ဓါနပရိစ္ဆေဒ- (နိရောဓသမာပတ် ဝင်စားနေစဉ် (၇)ရက်အတွင်း သေမည်+မသေမည် အသက်အပိုင်းအခြားကို ဆင်ခြင် ကြည့်ရှုခြင်း။)

### နိရောဓသမာပတ္တိ ဝီထိ ပုံစံ

န. ဒ. မ. ပ. ဥ. နု. ဂေါ. (နေဝသညာ)ဇ. ဇ. နိရောဓ. ဖိုလ်/ဘ

### နိရောဓသမာပတ္တိဝီထိ ချနိုင်သော နေရာ

နိရောဓသမာပတ် ဖြစ်နိုင်သော သညာဝေဒယိတ နိရောဓ သမာပတ္တိကထာ၊ သတ္တာ နိရောဓသမာပတ္တိတော ဝုဋ္ဌာယ - စသော နေရာမျိုး၌ နိရောဓသမာပတ္တိဝီထိ ချရမည်။

### စိတ်သရုပ် ဖော်ပြသည့် ဓေသာန်ပုံ

စိတ်သရုပ် အနာဂါမ်ပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝီထိ၌ ပရိကံ ဥပစာ အနုလုံ ဂေါတြဘု တို့အရ မဟာကုသိုလ် ဥပေက္ခာသဟဂုတ် ၂-ပါးကို ကောက်။ ဈာန်အရ နေဝသညာ နာသညာယတန ကုသိုလ်ဈာန်ကို ကောက်။ ဖိုလ်အရ အနာဂါမိဖိုလ်ကို ကောက်။

ရဟန္တာပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝီထိ၌ ပရိကံ ဥပစာ အနုလုံ ဂေါတြဘုတို့အရ မဟာကြိယာ ဥပေက္ခာသဟဂုတ် ၂-ပါးကို ကောက်၊ ဈာန်အရ-နေဝသညာနာသညာယတနကြိယာ

http://www.dhammadownload.com



**ဈာန်ကိုကောက်၊ ဖိုလ်တရ-အရဟတ္တဖိုလ်ကိုကောက်။**

[မနောဒွါရာဝဇ္ဇန်းကား တစ်ပါးတည်းဖြစ်၍ ရှာဖွယ်မလို။]

ဓာရုံ၊ ၊ မနောဒွါရာဝဇ္ဇန်းမှ စ၍ ဈာန်တိုင်အောင်သော ဝီထိစိတ်တို့သည် အာကိဉ္စညာယတန ကုသိုလ်ကြိယာဈာန်ကို အာရုံပြု၏၊ အနာဂါမိဖိုလ် အရဟတ္တဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြု၏။

ဘုံ ၊ ၊ကာမသုဂတိ (၇)ဘုံ၊ ရူပ (၁၅)ဘုံတို့၌သာ ဖြစ်၏၊ [အရူပဘုံ၌ ရူပဈာန်များ မရှိ၍ နိရောဓသမာပတ် မဝင်စားနိုင်။]

ပုဂ္ဂိုလ်၊ ၊ ကာမဘုံသား၊ ရူပဘုံသား သမာပတ္တိလာဘီ အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်။ (ယထာရဟ)

**အောက်ပါပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။**

မေး၊ သတ္တာ နိရောဓတော ဝုဋ္ဌာယ ။ပ။ နိသဘတ္ထေရ အာမန္တေသိ(ဓမ္မပဒ၊ ၁၊၆၉)-၌ ပုဗ္ဗကာလကြိယာအရ တရားပါဝင်သော ဝီထိတစ်ခု ချပြ၍ ယင်းအရတရား၏ မိုရာဝတ္ထုရုပ်ကိုလည်း အတိအကျ ထုတ်ပြပါ။

ဖြေ ဝုဋ္ဌာယအရ- အရဟတ္တဖိုလ်တရားပါဝင်သော ဝီထိ-

ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဥပစာ အနုလုံ ဂေါတြဘု နေဝသညာနာသညာယန ကြိယာဈာန်ဇောနှစ်ကြိမ် ဖြစ်ပြီးလျှင် စိတ်၊စေတသိက်၊စိတ္တဇရုပ်တို့၏ ချုပ်ခြင်း ဟူသော နိရောဓ သမာပတ် ဖြစ်၏၊ ထို့နောင် အရဟတ္တဖိုလ်တစ်ကြိမ် ဖြစ်ပြီးလျှင် ဘဝင်ဖြစ် ထိုက်သမျှဖြစ်၍ ချုပ်ကြလေသည်။

မှီရာဝတ္ထုရုပ် - ဒုတိယ နေဝသညာနာသညာယန ဈာန်ဇောနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ဖြစ်သည်။

**သတိပြုရန်**

နိရောဓသမာပတ်မှ ထရာ၌ အနာဂါမိဖိုလ် အရဟတ္တဖိုလ် နှစ်မျိုးပဲ့တွင် တစ်မျိုးမျိုးကို အရကောက်ရသည်ကိုလည်းကောင်း၊ ဈာနသမာပတ် ဖလသမာပတ်မှ ထရာ၌ သမာပတ်ပိုင်ရှင်ပုဂ္ဂိုလ်၏ ဘဝင်ကို အရကောက်ရ သည်ကိုလည်းကောင်း အထူးသတိပြုပါ။

http://www.dhammadownload.com


## မရဏာသန္နဝီထိ

မရဏာသန္နဝီထိ ၂-မျိုး

၁။ ပဉ္စဒွါရ မရဏာသန္နဝီထိ

၂။ မနောဒွါရ မရဏာသန္နဝီထိ

ပဉ္စဒွါရ မရဏာသန္နဝီထိ တကျဉ်း ၅-မျိုး

၁။ စက္ခုဒွါရ မရဏာသန္နဝီထိ

၂။ သောတဒွါရ မရဏာသန္နဝီထိ

၃။ ဃာနဒွါရ မရဏာသန္နဝီထိ

၄။ ဇိဝှါဒွါရ မရဏာသန္နဝီထိ

၅။ ကာယဒွါရ မရဏာသန္နဝီထိ

စက္ခုဒွါရ မရဏာသန္နဝီထိ ၄- မျိုး

၁။ ဇောနောင် စုတိကျသော ဝီထိ

၂။ ဇောဘဝင်နောင် စုတိကျသောဝီထိ

၃။ တဒါရုံနောင် စုတိကျသော ဝီထိ

၄။ တဒါရုံဘဝင်နောင် စုတိကျသောဝီထိ

[ကျန်ဝီထိတို့၌လည်း ၄- မျိုးစီ ရှိသည်။

### စက္ခုဒွါရိက မရဏာသန္နဝီထိ ပုံစံ

တီ. နှ. ခ. ပ. စ. သံ. ဏ. ဝု. ဇ. ဇ. ဇ. ဇ. ဇ. စု/ပဋိ. ဘ. ဘ. ဘ ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. (၁၆) မ. ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ/ဘ

·[ဇောဘဝင်နောင် စုတိကျသောဝီထိ စသည်တို့ကိုလည်း ချဲကြည့်ပါ။]

### မရဏာသန္နဝီထိ အဓိပ္ပါယ်

သေခါနီးအခါ၌ဖြစ်သော စိတ်တို့၏ ဖြစ်စဉ်ကို "မရဏာသန္နဝီထိ" ဟု ခေါ်၏။

### ပဋိသန္ဓေဝီထိ အဓိပ္ပါယ်

ပဋိသန္ဓေနေပြီးကာစ အခါ၌ဖြစ်သော စိတ်တို့၏ဖြစ်စဉ်ကို "ပဋိသန္ဓေ ဝီထိ" ဟု ခေါ်၏။

http://www.dhammadownload.com



## ကြည့်ရှုရန်

မရဏာသန္နဝီထိ၏ပုံစံကို ပြဆိုရာဝယ် ပဋိသန္ဓေဝီထိပုံစံကိုပါ ရောနှော၍ ပြဆိုထား၏။

ထိုသို့ ပြဆိုထားသော်လည်း ဝီထိချသောအခါ ပုစ္ဆက၏ မေးပုံအားလျော်စွာ ဝီထိချရမည်။

မိမိကောက်ယူထားသောတရားက စုတိစိတ်တစ်ခုတည်းဖြစ်လျှင် စုတိတိုင်အောင်ချ၊ ပဋိသန္ဓေစိတ် တစ်ခုတည်းဖြစ်လျှင် ပဋိသန္ဓေမှစ၍ ဇောတိုင်အောင်ချ၊ စုတိစိတ်, ပဋိသန္ဓေစိတ် နှစ်မျိုးလုံးဖြစ်လျှင် အစမှ-အဆုံးတိုင်အောင်ချ။

[စုတိစိတ်ကို အရကောက်လျှင် မရဏာသန္နဝီထိ ချ၊ ပဋိသန္ဓေစိတ်ကို အရကောက်လျှင် ပဋိသန္ဓေဝီထိချ၊ စုတိပဋိသန္ဓေ နှစ်မျိုးလုံးအရကောက်လျှင် မရဏာသန္နဝီထိနှင့် ပဋိသန္ဓေဝီထိ ပေါင်း၍ချပါ-ဟူလို၊]

## သတိပြုရန်

အချို့သောဆရာတို့က စုတိစိတ်တစ်ခုတည်းကိုသာ အရကောက်ရပါလျက် မရဏာသန္နဝီထိနှင့် ပဋိသန္ဓေဝီထိတို့ကို ရောနှော၍ ချလိုကြ၏၊ သို့ဖြစ်၍ မရဏာသန္နဝီထိချရာ၌ ဝါဒနှစ်မျိုး ကွဲပြားနေသည်ကို အထူးသတိပြုပါ။

### ဤဥဒ္ဒါရ မရဏာသန္နဝီထိဖြင့် စုတေနိုင်သောပုဂ္ဂိုလ် ၂-ဦး

(၁) ကာမဘုံမှ-စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်၊ (၄)ဝီထိလုံး ရနိုင်သည်)

(၂) ရူပဘုံမှ-စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်၊ (ဇောနောင် စုတိ, ဇောဘဝင်နောင် စုတိကျသော (၂)ဝီထိသာ ရနိုင်သည်၊)

### စိတ်သရုပ် စသည် ဝေဘန်ပုံ

စိတ်သရုပ် · ဤပဥ္စဒွါရ မရဏာသန္နဝီထိ၌ ဝီထိစိတ်တို့အရ ကာမကြိယာဇော ၉-ပါးကြဉ်သော ကာမစိတ် ၄၅-ပါးတို့ကို အရာဌာနကြည့်၍ ကောက်ပါ။

http://www.dhammadownload.com


ဘာရုံ ဘဝဟောင်း၌မှဘဝင်နှင့် စုတိစိတ်တို့သည် ဘတိအာနန္တရဘဝက ဆဲခွါရိကမရဏာသန္နဇောသည် ယူအပ်သော ကံ၊ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။

ပဥ္စဒွါရာဝဇ္ဇန်း၊မှစ၍ တဒါရုံတိုင်အောင်သော ဝီထိစိတ်တို့သည် ပစ္စုပ္ပန်ပဉ္စာရုံ ကမ္မနိမိတ်ကို အသီးအသီး အာရုံပြုကုန်၏၊ ဘဝသစ်က ပဋိသန္ဓေနှင့်ဘဝင်တို့သည် ရံခါ ပစ္စုပ္ပန်ပဉ္စာရုံကမ္မနိမိတ်ကို၊ ရံခါ အတိတ်ပဉ္စာရုံကမ္မနိမိတ်ကို အာရုံပြုကုန်၏၊ [အသေးစိတ် နောက်မှပြအံ့၊]

ဘဝသစ်က မနောဒွါရာဝဇ္ဇန်းနှင့် ဘဝနိကန္တိကဇောတို့သည် ပဋိသန္ဓေနာမက္ခန္ဓာ ကရဇကာရုပ်ကို အာရုံပြုကုန်၏၊

## ဘဝသစ်က ပဋိသန္ဓေ-နှင့် ဘဝင်တို့၏ အာရုံကို အသေးစိတ် အထိအကျ ပြဆိုခြင်း၊

ဇောနောင် စုတိကျသောဝီထိဖြစ်အံ့-ပဋိသန္ဓေနှင့် ပဌမဒုတိယ ဘဝင်တို့သည် ပစ္စုပ္ပန်ပဉ္စာရုံ ကမ္မနိမိတ်ကို၊ ကျန်သောဘဝင်တို့သည် အတိတ်ပဉ္စာရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏၊

ဇောဘဝင်နောင် စုတိကျသော ဝီထိဖြစ်အံ့- ပဋိသန္ဓေနှင့် ပထမဘဝင်တို့သည် ပစ္စုပ္ပန်ပဉ္စာရုံ ကမ္မနိမိတ်ကို၊ ကျန်သောဘဝင်တို့သည် အတိတ် ပဉ္စာရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏၊

တဒါရုံနောင် စုတိကျသောဝီထိဖြစ်အံ့- ပဋိသန္ဓေစိတ်သည်သာ ပစ္စုပ္ပန် ပဉ္စာရုံ ကမ္မနိမိတ်ကို၊ ဘဝင် ၁၅-ချက် (သို့မဟုတ်) ၁၆-ချက်တို့သည် အတိတ် ပဉ္စာရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏၊

တဒါရုံဘဝင်နောင် စုတိကျသောဝီထိဖြစ်အံ့- ပဋိသန္ဓေနှင့် ဘဝင်တို့သည် အတိတ်ပဉ္စာရုံ ကမ္မနိမိတ်ကိုသာ အာရုံပြုကုန်၏၊

အံ့၊ ၊ ကာမဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသောပုဂ္ဂိုလ်သည်သော တာပန် သကဒါဂါမ်ဖြစ်အံ့- ကာမသုဂတိ (၇)ဘုံ၌၊ ပုထုဇဉ်ဖြစ်အံ့-

http://www.dhammadownload.com



ကာမ(၁၁)ဘုံ၌၊ ရူပဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသောပုဂ္ဂိုလ်သည် (ဘဝဟောင်းအတွက်) ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ(၁၀)ဘုံ၊ (ဘဝသစ်အတွက်) ကာမသုဂတိ (၇)ဘုံတို့၌ ဖြစ်၏။

ပုဂ္ဂိုလ် ကာမဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသောပုဂ္ဂိုလ်အရ ပုထုဇဉ် ၄-ယောက်, အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၂-ယောက်၊ ရူပဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသောပုဂ္ဂိုလ်အရ (ဘဝဟောင်းအတွက်) တိဟိတ်ပုထုဇဉ်၊ (ဘဝသစ်အတွက်) တိဟိတ်, ဒွိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ၂-ယောက်တို့ကိုကောက်။

[မိုရာဝတ္ထုရုပ်ကို ပကိဏ်းပိုင်း၌ အတိအကျ ပြဆိုခဲ့ပြီ။]

မှတ်ချက် မြင်သိစိတ် စက္ခုဝိညာဏ်, ။ပ။ အတွေ့အထိကို သိသောစိတ် ကာယဝိညာဏ်ဖြစ်ပြီးနောက် စိတ္တက္ခဏအနည်းငယ် ခြား၍ စုတိကျပါက ပဉ္စဒွါရမရဏာသန္နဝီထိချ၊ ထိုသို့ မဟုတ်ပါက မနောဒွါရမရဏာသန္နဝီထိချ။

သတ္တဝါတို့သည် များသောအားဖြင့် မနောဒွါရ မရဏာသန္နဝီထိဖြင့်သာ စုတေကြသည်။

ရူပဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်အား ဃာနဒိတ္တာယဝီထို မရနိုင်၊ တဒါရုံလည်း မကျနိုင်။

'အောက်ပါ သကျသီဟပုဏ္ဏာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး။ ။သော ဘိက္ခု ပိပါသာယ ပိဋ္ဌိတော ကာလမကာသိ-၌ ဇောနောင် စုတိကျသော ပဉ္စဒွါရမရဏာသန္နဝီထိချ၍ ဘဝနိကန္တိကဇော၏ အစွဲကို ဖေါ်ပြပါ။ (၅၃၊သကျသီဟ၊ဒု-ဆင့်)

ဖြေ။ ။အတီတဘဝင် ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း ကာယဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော အကုသိုလ်(ဒေါသ)မရဏာသန္နဇော (၅)ကြိမ် ဖြစ်ပြီးလျှင် ထိုနောင်စုတိကျ၏။ ထိုနောင် ပဋိသန္ဓေ-၁-ကြိမ် ဘဝင် ၁၅-ကြိမ် (တစ်နည်း၊)၁၆-ကြိမ် မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိက လောဘဇော (၇)ကြိမ်ဖြစ်ပြီးလျှင် ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်ကြလေသည်။

http://www.dhammadownload.com



ဘဝနိကန္တိကဇောဇ၏ အာရုံ
အပါယ်ပဋိသန္ဓေနောင်မဂ္ဂနာ ကမ္မတ္တာရုပ်ကို အာရုံပြုသည်။

မှတ်ချက် မိပါသာယ ဝိဇ္ဇိတောအရ ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကို အရ ကောက်ရသည်ဖြစ်၍ ကာယဒွါရမရဏာသန္နဝီထိ ချသည်။ အထက်ပါ မေးခွန်းဟောင်းပုစ္ဆာ၌ မေးပုံအခြင်းအရာကို သုံးသပ် ကြည့်လျှင် ပုစ္ဆကဆရာတော်က မရဏာသန္နဝီထိနှင့် ပဋိသန္ဓေ ဝီထိကို ရောနှော၍ ချစေလို၏။

**မနောဒွါရ မရဏာသန္နဝီထိ**

**မရဏာသန္နဝီထိ ၂-မျိုး**

၁။ ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့၏ မရဏာသန္နဝီထိ၊
၂။ ရဟန္တာပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာနဝီထိ၊ (မရဏာသန္နဝီထိ)

**မနောဒွါရ မရဏာသန္နဝီထိဖြင့် စုတေနိုင်သူ ၄-ဦး**

(၁) ကာမဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်၊
(၂) ကာမဘုံမှစုတေ၍ ရူပအရူပဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်၊
(၃) ရူပအရူပဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်၊
(၄) ရူပဘုံမှစုတေ၍ အရူပဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်၊ [ရဟန္တာပုဂ္ဂိုလ် မပါ]

မှတ်ချက် ကာမဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်အား လော နောင်စုတိ, လောအဝင်နောင်စုတိ, တဒါရုံနောင်စုတိ, တဒါရုံ အဝင်နောင်စုတိ (၄)ဝီထိလုံးရနိုင်၏။

ကာမဘုံမှစုတေ၍ ရူပအရူပဘုံ၌ ပဋိသန္ဓေနေမည့် ပုဂ္ဂိုလ်အား (အဝဟောင်းကာမရာဂသနှောနှင့် အပသွင်... ပဋိ သန္ဓေဟို့သည် အာရုံချင်းတူညီရမည်ဖြစ်၍) ကာမငြေ... ကာမ သတ္တဝါဖြစ်နိုင်သော်လည်း ကာမအာရုံမဖြစ်နိုင်သောကြောင့် ... နောင်စုတိ, လောအဝင်နောင်စုတိ (၂)ဝီထိသာ ရနိုင်၏။

ရူပအရူပဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့် ပုဂ္ဂိုလ်အား ကာမငြေ... ကာမအာရုံဖြစ်နိုင်သော်လည်း ...

http://www.dhammadownload.com



သတ္တဝါမဖြစ်နိုင်သောကြောင့် ဇောနောင်စုတိ၊ ဇောဘဝင်နောင်စုတိ (၂)ဝီထိသာ ရနိုင်၏။

ရူပဘုံမှစုတေ၍ အရူပဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်အား ကာမဇောဖြစ်နိုင်သော်လည်း ကာမသတ္တဝါ၊ ကာမအာရုံမဖြစ်နိုင်သောကြောင့် ဇောနောင်စုတိ၊ ဇောဘဝင်နောင်စုတိနှစ်ဝီထိသာ ရနိုင်၏။

**"မနောဒွါရ မရဏာသန္နဝီထိပုံစံ"**

န. ဒ. မ. ဇ. ဇ. ဇ. ဇ. ဇ. စု/ပဋိ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. ဘ. မ. (ဘဝနိကန္တိက)ဇ. ဇ. ဇ. ဇ. ဇ. ဇ. ဇ/ဘ

[ဇောဘဝင်နောင် စုတိ၊ တဒါရုံနောင်စုတိ၊ တဒါရုံဘဝင်နောင် စုတိ (၃)ဝီထိကိုလည်း အထက်ပါနည်းမှီ၍ ချပါ။]

**''စိတ်သရုပ်ပြသည့် ဇယားပုံ''**

စိတ်သရုပ်- ပရိနိဗ္ဗာနဝီထိမှ တစ်ပါးသော မနောဒွါရမရဏာသန္နဝီထိ၌ ဝီထိစိတ်တို့အရ ဒွေပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ် (၃)၊ ကာမကြိယာဇော (၉)ပါးကြဉ် (၃၂)ပါးသော ကာမစိတ်တို့ကို အရာဌာနကြည့်၍ ကောက်။

**''ကာမဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်၌ စိတ်တို့၏အာရုံအာဘဲ''**

ဘဝဟောင်းမှ ဘဝင်နှင့်စုတိတို့သည် အတီတာနန္တရဘဝက ဆဲ့ဝါရိက မရဏာသန္နဇောသည် ယူအပ်သော ကံ၊ကမ္မနိမိတ်၊ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။ (အားလုံးအာဟုက်)

ဘဝဟောင်းမှ ဝီထိစိတ်တို့သည် ပစ္စုပ္ပန်၊အတိတ်ဖြစ်သော ကံ၊ ကမ္မနိမိတ်၊ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးသော ကာမအာရုံကို အာရုံပြု၏။

ဘဝသစ်မှ ပဋိသန္ဓေနှင့်ဘဝင်တို့သည် အတီတာနန္တရဘဝက ဆဲ့ဝါရိက မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်၊အတိတ်ဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးသော ကာမအာရုံကို အာရုံပြု၏။

http://www.dhammadownload.com

မနောဒွါရာဝဇ္ဇန်းနှင့် ဘဝင်္ဂကြိယာဇောတို့သည် ပဋိသန္ဓေနာမက္ခန္ဓာကဠေတ္တာရုပ်ကို အာရုံပြု၏၊ (အားလုံးအတွက်)

[ရူပ,အရူပဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်၌ ဘဝသစ်မှ ပဋိသန္ဓေနှင့်ဘဝင်တို့၏အာရုံအတွက် "အတီတာနန္တရဘဝက"မနောဒွါရိက မရဏာသန္နဇောသည် ယူပေးအပ်သော"-ဟု ဝိဘာဝနီ ပြောင်း၍ထည့်ရှုသာ၊ ကျန်တူပြီ]

''ကာမဘုံမှစုတေ၍ ရူပဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်၌ စိတ်တို့၏အာရုံအခွဲ''

ဘဝဟောင်းမှ ဝိထိစိတ်တို့သည် ပညတ်ကမ္မနိမိတ်ကို အာရုံပြု၏၊ ဘဝသစ်မှ ပဋိသန္ဓေနှင့် ဘဝင်တို့သည် အတီတာနန္တရဘဝက မနောဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၏၊

''ကာမဘုံမှစုတေ၍ အရူပဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်၌ စိတ်တို့၏အာရုံအခွဲ''

ဘဝဟောင်းမှ ဝိထိစိတ်တို့သည် ပညတ်,မဟဂ္ဂုတ်ဖြစ်သော ကံမ္မနိမိတ်ကို ထိုက်သည့်အားလျော်စွာ အာရုံပြု၏၊

ဘဝသစ်မှ ပဋိသန္ဓေနှင့်ဘဝင်တို့သည် အတီတာနန္တရဘဝက မနောဒွါရမရဏာသန္နဇောသည် ယူအပ်သော ပညတ်မဟဂ္ဂုတ်ဖြစ်သော ကံမ္မနိမိတ်ကို ထိုက်သည့်အားလျော်စွာ အာရုံပြု၏၊

ဘုံ၊ ။ ကာမဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်သည် သောတာပန်, သကဒါဂါမ်ဖြစ်အံ့ - ကာမသုဂတိ (၇)ဘုံ၌၊ ပုထုဇဉ်ဖြစ်အံ့ - ကာမ (၁၁)ဘုံ၌ဖြစ်၏၊

ကာမဘုံမှစုတေ၍ ရူပဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်သည် ဘဝဟောင်းအတွက် ကာမသုဂတိ (၇)ဘုံ၊ ဘဝသစ်အတွက် ရူပ(၁၅)ဘုံ၌ ဖြစ်၏၊

ကာမဘုံမှ စုတေ၍ အရူပဘုံ၌ ပဋိသန္ဓေနေမည့် ပုဂ္ဂိုလ်သည် ဘဝဟောင်းအတွက် ကာမသုဂတိ(၇)ဘုံ၌၊ ဘဝသစ်အတွက် အရူပ (၄)ဘုံ၌ ဖြစ်၏၊

http://www.dhammadownload.com



ရူပဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်သည် ဘဝဟောင်းအတွက် ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ (၁၀)ဘုံ၌၊ ဘဝသစ်အတွက် ကာမသုဂတိ (၇)ဘုံ၌ ဖြစ်၏။

အရူပဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်သည် ဘဝဟောင်းအတွက် အရူပ (၄)ဘုံ၌၊ ဘဝသစ်အတွက် ကာမသုဂတိ (၇)ဘုံ၌ ဖြစ်၏။

ရူပဘုံမှစုတေ၍ အရူပဘုံ၌ ပဋိသန္ဓေမည့်ပုဂ္ဂိုလ်သည် ဘဝဟောင်းအတွက် ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ (၁၀)ဘုံ၊ ဘဝသစ်အတွက် အရူပ (၄)ဘုံ၌ ဖြစ်၏။

ပုဂ္ဂိုလ်။ ။ ကာမဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်အရ ပုထုဇဉ် (၄)ယောက်၊ အောက်ဖလဋ္ဌာန် (၂)ယောက်၊

ကာမဘုံမှစုတေ၍ ရူပ၊အရူပဘုံတို့၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်အရ- တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် (၃)ယောက်။

ရူပဘုံမှစုတေ၍ အရူပဘုံ၌ ပဋိသန္ဓေမည့်ပုဂ္ဂိုလ်အရ- တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် (၃)ယောက်။

ရူပ၊အရူပဘုံတို့မှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ်အရ- ဘဝဟောင်းအတွက် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊ ဘဝသစ်အတွက် တိဟိတ်၊ ဒွိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့ကိုယူပါ။ [အရူပမှ ကာမ၌ ပဋိသန္ဓေနေမည့်သူသည် တိဟိတ်ပုထုဇဉ်သာ။]

"အာရုံအတွက် အကျဉ်းချုပ်မှတ်ရန်"

ကာမဘုံသွားမည့်ပုဂ္ဂိုလ်၏ဝီထိ၌ ပစ္စုပ္ပန် အတိတ်ဖြစ်သော ကံ၊ကမ္မနိမိတ်၊ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးသော ကာမတရားကို ထိုက်သည်အားလျော်စွာ အာရုံပြု၏။

ရူပဘုံသွားမည့်ပုဂ္ဂိုလ်၏ဝီထိ၌ ပေါ်လာ ကမ္မနိမိတ်ကိုသာ အာရုံပြု၏၊

အရူပဘုံသွားမည့်ပုဂ္ဂိုလ်၏ဝီထိ၌ ပေါ်လာ မဟဂ္ဂုတ်ဖြစ်သော ကမ္မနိမိတ်ကိုသာ အာရုံပြု၏ဟု အကျဉ်းချုပ် မှတ်ပါ။

http://www.dhammadownload.com



ပဋိသန္ဓေဘဝင်စုတိကို၏အာရုံကို ပြဆိုသောအခါ "အတီတာနန္တရ ဘဝ-က ဆဋ္ဌါရ (မနောဒွါရ)မရဏာသန္နဇောသည် ယူအပ်သော"-ဟု ဝိသေသနထည့်၍ ပြပါ။

အောက်ပါ သင်္ချာဂိဟပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး။ တတော စုတာ-အရ မနောဒွါရမရဏာသန္နဝီထိချုပ်၍ ယင်းဝီထိနောင် ဖြစ်ခွင့်ရှိသည့်ပဋိသန္ဓေကို ဖော်ပြပြီး၊ ယင်းတို့၏ နာနက္ခဏိကကမ္မ ပစ္စည်းတရားကို သိသာရုံမျှ ညွှန်ပြပါ။ (၅၀။သင်္ချာ-ဆင့်၊ဓမ္မ၀၁။)

ဖြေ။ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း။ မဟာကုသိုလ် မရဏာသန္နဇော (၅)ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ကာမတိဟိတ်(ဒွိဟိတ်) စုတိကျ၏။

ယင်းဝီထိနောင် ဖြစ်နိုင်ခွင့်ရှိသော ပဋိသန္ဓေ-ဝုဂ္ဂတိအဟိတ်ပဋိသန္ဓေဖြစ်သည်။

နာနာက္ခဏိကကမ္မ ပစ္စည်းတရား- ဥဒ္ဒစ္စစေတနာကြဉ်သော အတိတ်ဖြစ်သော အကုသိုလ်ကံ စေတနာဖြစ်သည်။

မှတ်ချက်- အထက်ပါ မေးခွန်းတော်းပုစ္ဆာ၌ မေးပုံအခြင်းအရာကို သုံးသပ်ကြည့်လျှင် ပုစ္ဆကဆရာတော်က မရဏာသန္နဝီထိကို စုတိတိုင် အောင်သာ ချစေလို၏။

"အညသတ်ဘုံ၌ · ဖြစ်လတ့်သောသူ၏ ရေဏာသန္နဝီထိ"

ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း။ မဟာကုသိုလ်မရဏာသန္နဇော (၅)ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ကာမတိဟိတ်စုတိကျ၏။

မှတ်ချက် အထက်ပါဝီထိ၌ ဘဝင်စိတ်စုတိစိတ်တို့သည် အတီတာနန္တရဘဝက ဆဋ္ဌါရိကမရဏာသန္နဇောသည် ယူအပ်သော ကံ၊ကမ္မနိမိတ်၊ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။

မနောဒွါရာဝဇ္ဇန်းနှင့် မရဏာသန္နဇောတို့သည် ဝါယောကသိုဏ်းပညတ် (သမာနဝါဒ)၊ အာကာသကသိုဏ်းပညတ် (ကေစိဝါဒ)ကမ္မနိမိတ်ကို အာရုံပြု၏။

http://www.dhammadownload.com


ဘုံအားဖြင့်- ကာမသုဂတိ (၇)ဘုံ၌ ဖြစ်၏။
ပုဂ္ဂိုလ်အားဖြင့် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၌ ဖြစ်၏။

''အသညသတ်ဘုံသား၏ စုတိနောင် နောင်းနိုင်သောဝင်္ဂုသန္ဓေနှင့် အာရုံ''

ပဋိသန္ဓေ-ကာမတိဟိတ်၊ ဒွိဟိတ်ပဋိသန္ဓေဖြစ်၏။

အာရုံ-အသညသတ်ဘုံသို့ မရောက်မီ အခြားမဲ့ဘဝက ဥပစာရဘာဝနာ စေတနာသည် ထင်စေအပ်သော ကံ၊ကမ္မနိမိတ်၊ဂတိနိမိတ်သုံးပါးတွင် တစ်ပါးပါးကို အာရုံပြု၏။

''ပရိနိဗ္ဗာနစိတ်''

ပရိနိဗ္ဗာနစိတ်နှစ်မျိုး

(၁)ကာမလောကပရိနိဗ္ဗာနစိတ် (၂)အရူပလောကပရိနိဗ္ဗာနစိတ်

"ကာမလော ပရိနိဗ္ဗာနစိတ်ပုံစံ"

န. ဒ. မ. ၈. ၈. ၈. ၈. ၈. စု

မှတ်ချက် ရဟန္တာပုဂ္ဂိုလ်များသည် နောက်ထပ်ဘဝသစ် (ပဋိသန္ဓေ) မရှိတော့သောကြောင့် ပရိနိဗ္ဗာနစိတ်ချရာ၌ စုတိနောင် ပဋိသန္ဓေစသည်ကို လုံးဝမချရ။

''ကာမလောဖြင့် ပရိနိဗ္ဗာန်စံသောပုဂ္ဂိုလ်(၂)ဦး''

(၁) သုက္ခဝိပဿကရဟန္တာပုဂ္ဂိုလ်၊

(၂) သမာပတ္တိလာဘီဖြစ်သော်လည်း ဈာန်မဝင်စားဘဲ ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်။

''စိတ်သရုပ်စသည် ဝေဘန်ပုံ''

စိတ်သရုပ် ဤဝီထိ၌ ဝီထိစိတ်တို့အရ မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာဉာဏသမ္ပယုတ်ဇောင-ပါး (အာရုံအားလျော်စွာဖြစ်သော တဒါရုံ) စိတ်ဆိုကိုကောက်၊

http://www.dhammadownload.com

အာရုံ -မနောဒွါရာဝဇ္ဇန်းမှ တဒါရုံတိုင်အောင်သော စိတ်တို့သည် ထင်မြ တိုင်းသော သဒ္ဒါရုလက္ခဏာရုပ်,ပညတ်တို့ကို အာရုံပြုကုန်၏။

ဘဝင်နှင့် ပရိနိဗ္ဗာနစုတိတို့သည် အတီတာနန္တရာဝက ဆဒွါ ရိကမရဏာသန္နဇောသည် ယူအပ်သော ကံ,ကမ္မနိမိတ်,ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။

ဘုံ •ကာမသုဂတိ (၇)ဘုံ၊ ရူပ(၁၅)ဘုံ၊ အရူပ(၄)ဘုံ။

ပုဂ္ဂိုလ် •ရဟန္တာပုဂ္ဂိုလ်။

ဖောက်ပါပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး ဣဓ ပန ဝတ္ထာ ထေရော တေနေဝ ဈာနေန ဝိနိဿယ ပရိ နိဗ္ဗာယိ-၌ ဖြစ်သင့်သောစိတ်အစဉ်ကို ထုတ်ပြ၍ ဝိထိမုတ်စိတ်, ဝိထိ စိတ်တို့၏အာရုံကိုလည်း ထုတ်ပြပါ။

ဖြေ ဘဝင်စလန ဘဝင်ပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း မဟာကြိယာသံ မရဏာ သန္နဇော (၅)ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ပရိနိဗ္ဗာနစုတိကျ၏။ (ဇော ဘဝင်နောင်စုတိဝိထိ-စသည်ကိုလည်း ဖြေနိုင်သည်။)

ဝိထိမုတ်စိတ်တို့၏ အာရုံ• အတီတာနန္တရာဝက ဆဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ကံ,ကမ္မနိမိတ်,ဂတိနိမိတ် သုံးပါး တို့တွင် တစ်ပါးပါးကို အာရုံပြုသည်။

ဝိထိစိတ်တို့၏ အာရုံ• ထင်မြတိုင်းသော သဒ္ဒါရ လက္ခဏာရုပ် ပညတ်တို့ကို အာရုံပြုသည်။

''အပ္ပနာဇောဝပိနိဗ္ဗာနဝိထိ''

ဝိထိ (၄)မျိုး

(၁) ဈာနသမနန္တရဝိထိ
(၂) ဈာနပစ္စဝေက္ခဏာသမနန္တရဝိထိ
(၃) အဘိညာသမနန္တရဝိထိ
(၄) ဝိဝိတသမသီသိဝိထိ။

http://www.dhammadownload.com



"ဈာနသမ္ပယုတ္တဝိထိ ချုပ်"

ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ ကြိယာဈာန်ဇောအကြိမ်များစွာ ဖြစ်ပြီးလျှင် ထို့နောင် ပရိနိဗ္ဗာနစုတိ ကျ၏။

မှတ်ချက် ဤဝိထိ၌ ဝိထိစိတ်တို့သည် အာရုံအားဖြင့် သေခါနီးအခါ ဝင်စားနေသော ဈာန်အားလျော်သော ကသိုဏ်းပညတ်စသည်ကို အာရုံပြု၏။ ပဌမဈာန်ဇောနောင် ပရိနိဗ္ဗာန်စုတိကျသည်ဖြစ်အံ့- ပဌမဈာန်၏ အာရုံ ကသိုဏ်းပညတ်ကို ဝိထိစိတ်တို့ အာရုံပြုကြ၏-ဟု စသည်ဖြင့် သိလေ၊ ဘုံအားဖြင့် ကာမသုဂတိ (၇)ဘုံ၊ ရူပ(၁၅) ဘုံ၊ အရူပ (၄)ဘုံ၌ ဖြစ်၏။

"ပစ္စဝေက္ခဏာသမ္ပယုတ္တဝိထိချုပ်"

ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ ရူပကြိယာဈာန်ဇောအကြိမ်များစွာဖြစ်ပြီးလျှင် ထို့နောင် ဘဝင် အနည်းငယ်ခြား၍- ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း။ မဟာကြိယာ-ပစ္စဝေက္ခဏာမဂ္ဂဏာသန္နဇော (၅)ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ပရိနိဗ္ဗာန စုတိ ကျ၏။

မှတ်ချက် ဤဝိထိ၌ ပစ္စဝေက္ခဏာဇောအရ ဈာန်အင်္ဂါကိုဆင်ခြင်သော ပစ္စဝေက္ခဏာဇောတို့ကိုသာ ယူရမည်။

အာရုံအားဖြင့်- မနောဒွါရာဝဇ္ဇန်းနှင့် ပစ္စဝေက္ခဏာ မရဏာသန္နဇောတို့သည် မိမိတို့ဆင်ခြင်သောဈာန်အင်္ဂါကို အာရုံပြုကုန်၏။ ဘုံအားဖြင့်- ကာမသုဂတိ (၇)ဘုံ၊ ရူပ (၁၅)ဘုံ၊ အရူပ (၄)ဘုံတို့၌ဖြစ်ကုန်၏။

အထူးသတိပြုရန်

ဘုရားရှင်၏ ပရိနိဗ္ဗာနဝိထိကို (စတုတ္ထဈာန) ပစ္စဝေက္ခဏာ သမနန္တရ ဝိထိ-ဟု မှတ်ပါ။

http://www.dhammadownload.com


### "အဘိညာသမန္တရုပ်ထိချုပ်"

ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ ကုသိုလ်စိတ်ကြီးယာအဘိညာဉ်ဇော တစ်ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ပရိနိဗ္ဗာနစုတိ ကျ၏။

မှတ်ချက်

ဤဝီထိ၌ အဘိညာဉ်အရ ကုသိုလ်စိတ်ကြီးယာအဘိညာဉ်ကိုသာယူ။ အာရုံအားဖြင့်- မနောဒွါရာဝဇ္ဇန်းမှ အဘိညာဉ်တိုင်အောင်သော ဝီထိစိတ်တို့သည် ကုသိုလ်အဘိညာဉ်၏ အာရုံကို အာရုံပြုကုန်၏၊ ဘုံအားဖြင့်- ကာမသုဂတိ (၇)ဘုံ၊ ရူပ (၁၅)ဘုံ တို့၌ ဖြစ်ကုန်၏။

### "နိဗ္ဗာနသမာပတ်ထိချုပ်"

ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဝေါဒါန်၊ အရဟတ္တမဂ်တစ်ကြိမ်၊ အရဟတ္တဖိုလ်နှစ်ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်အနည်းငယ်ခြား၍-

ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကြီးယာပစ္စဝေက္ခဏာ မရဏာသန္နဇော(၅)ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ပရိနိဗ္ဗာနစုတိ ကျ၏။

မှတ်ချက်

ဤဝီထိမျိုးကို ကိလေသာချုပ်ငြိမ်းမှုနှင့် အသက်ဇီဝိတိန္ဒြေချုပ်ငြိမ်းမှုတို့ တစ်ပြိုင်နက်တည်း မဖြစ်သော်လည်း မရှေးမနှောင်း ဖြစ်သောနေရာမျိုး၌ ချရမည်။

ဂေါဓိကရဟန်း၊ ပုတိဂတ္တတိဿရဟန်းတို့၏ ပရိနိဗ္ဗာနဝီထိမျိုးကဲ့သို့တည်း။ ဤဝီထိသည် ကာမသုဂတိ (၇)ဘုံ၌သာ ဖြစ်၏။

အောက်ပါ မင်္ဂလာဗျူဟာပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး တဿ အပုဗ္ဗံ အစရိမံ အာသဝပရိယာဒါနဉ္စ ဟောတိ ဇီဝိတပရိယာဒါနဉ္စ ဟူသောပါဠိ၌ အာသဝကုန်ခြင်းနှင့် အသက်ကုန်ခြင်းနှစ်မျိုး တစ်ပြိုင်နက် ဖြစ်နိုင်/မဖြစ်နိုင်ကို ဝီထိစဉ် အကျည်းနှင့်တကွ ရှင်းပြပါ။ (၅၂တ-ဆင့်၊အံ၊)

http://www.dhammadownload.com


ဖြေ။ နေ. ဒ. မ. ပ. ဥ. န. ဝေါ. မဂ်. ဖိုလ်. ဖိုလ်/

ဘ. န. ဒ. မ. ဇ. ဇ. ဇ. ဇ. ဇ. စု

အထက်ပါဝီထိစဉ်အကျဉ်းတို့ကို သုံးသပ်ကြည့်လျှင် အာသဝကုန်ခြင်းသည် ဝေါဒါန်၏နောက် အရဟတ္တမဂ်စိတ် ဖြစ်သောအခါ ကုန်ခမ်းခြင်းဖြစ်၏။

အသက်ကုန်ခြင်းသည်အာသဝကုန်ပြီးနောက် စိတ္တက္ခဏများစွာခြား၍ ပစ္စဝေက္ခဏာ မရဏာသန္နဇော၏ အဆုံး၌သာ ကုန်ခမ်းခြင်းဖြစ်၏။ ထို့ကြောင့် အာသဝကုန်ခြင်းနှင့် အသက်ကုန်ခြင်းသည် တစ်ပြိုင်နက် မဖြစ်နိုင်ပါ။

"ကာမဇောနောင် အပ္ပနာဇောနှောင်းပုံ"

ကာမဇောနောင် အပ္ပနာဇောနှောင်းရာ၌ ကာမဇောအရ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇော (၈)ခုကို ယူ၍ အပ္ပနာဇောအရ မဟဂ္ဂုတ် ကုသိုလ်ကြိယာဇောတို့နှင့် လောကုတ္တရာဇောအကျယ် (၄၀)တို့ကိုယူ။

"စည်းမျဉ်းနှစ်ချက်"

ကာမဇောနှင့် အပ္ပနာဇောတို့သည်-

၁။ ကုသိုလ်ဇာတ် ကြိယာဇာတ်အားဖြင့် တူညီရခြင်း၊

၂။ သောမနဿဝေဒနာ ဥပေက္ခာဝေဒနာအားဖြင့် တူညီရခြင်း။

[အောက်ဖိုလ်(၃)ပါးကို ကုသိုလ်ဇာတ်အနေအားဖြင့်လည်းကောင်း၊ အရဟတ္တဖိုလ်ကို ကြိယာဇာတ်အနေအားဖြင့်လည်းကောင်း မှတ်သားရမည်။]

အောက်ပါအမေးအဖြေကို ကြည့်ပါ။

မေး မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော (၄)ခုနောင် နှောင်းနိုင်သော အပ္ပနာဇောများကို ဖြေပါ။

ဖြေ မဟဂ္ဂုတ်ကုသိုလ်(၉)၊ မဂ်ဇော(၂၀)၊ အောက်ဖိုလ်ဇော(၁၅) ပေါင်း(၄၄) ပါးသော အပ္ပနာဇောတို့နှောင်းကြသည်။ [ကျန်နည်းမှီ၍သိလေ။]

http://www.dhammadownload.com



### ''ပုဂ္ဂိုလ်အလိုအလျှ သတ်မှတ်၍လည်း ဆေးနိုင်''

တိဟိတ်ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် (၃)ယောက်တို့၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော (၄)ခုနောင် မဟဂ္ဂုတ်ကုသိုလ်ဇော၊ မိမိ၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော ဖိုလ်ဇောနှင့် ရလတ့်သောမဂ်တို့တွင် အနီးဆုံးဖြစ်သော မဂ်ဇောတို့ကိုသာ ထုတ်နှုတ် ဖြေပါ။

ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာဉာဏသမ္ပယုတ်ဇောနောင် မဟဂ္ဂုတ်ကြိယာဇော နှင့် အရဟတ္တဖိုလ်ဇောများကိုသာ ထုတ်နှုတ်ဖြေပါ။

**မှတ်ချက်** အထက်ပါသတ်မှတ်ချက်သည် ဝီထိမကျွမ်းကျင်သေးသော ပုဂ္ဂိုလ်တို့အတွက်သာ ဖြစ်၏၊ ဝီထိကျွမ်းကျင်ပြီးသော ပုဂ္ဂိုလ်တို့အတွက်မှာကား ဝီထိပုံစံကြည့်ရုံဖြင့် ဖြေဆိုနိုင်သည်။

### ''ဝီထိပုံစံများ''

(၁)တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့၏ ဈာနသမာပဇ္ဇန ဝီထိပုံစံ-

နု. ဒ. မ. ပ. ဥ. နု. ဂေါ်. (ကုသိုလ်)ဈ. ဈ. ဈ(အကြိမ်များစွာ)/ဘ
မဟာကုညာသံ

(၂)ရဟန္တာပုဂ္ဂိုလ်၏ ဈာနသမာပဇ္ဇနဝီထိ ပုံစံ-

နု. ဒ. မ. ပ. ဥ. နု. ဂေါ်. (ကြိယာ)ဈ. ဈ. ဈ(အကြိမ်များစွာ)/ဘ
မဟာကြိညာသံ

(၃)သောတာပတ္တိမဂ္ဂဝီထိ ပုံစံ

နု. ဒ. မ. ပ. ဥ. နု. ဂေါ်. (သောတာပတ္တိ)မဂ်. ဖိုလ်. ဖိုလ်/ဘ
ပုထုဇဉ်၏မဟာကုညာသံ

(၄) သကဒါဂါမိ မဂ္ဂဝီထိပုံစံ

နု. ဒ. မ. ပ. ဥ. နု. ဝေါ်. (သကဒါဂါမိ)မဂ်. ဖိုလ်. ဖိုလ်/ဘ
သောတာပန်၏မဟာကုညာသံ

(၅) အနာဂါမိ မဂ္ဂဝီထိပုံစံ

နု. ဒ. မ. ပ. ဥ. နု. ဝေါ်. (အနာဂါမိ)မဂ်. ဖိုလ်. ဖိုလ်/ဘ
သကဒါ၏မဟာကုညာသံ

http://www.dhammadownload.com



(၆) အရဟတ္တ မဂ္ဂဝီထိပုံစံ

န. ဒ. မ. ပ. ဥ. နု. ဂေါ. (အရဟတ္တ)မဂ်. ဖိုလ်. ဖိုလ်/ဘ

အနာဂါမဟာကုသိုလ်

(၇) သောတာပတ္တိ ဖလသမာပတ္တိဝီထိပုံစံ

န. ဒ. မ. နု. နု. နု. နု(သောတာ)ဖိုလ်. ဖိုလ်(အကြိမ်များစွာ)/ဘ

သောတာပန်၏မဟာကုသိုလ်

(၈) သကဒါဂါမိ ဖလသမာပတ္တိဝီထိပုံစံ

န. ဒ. မ. နု. နု. နု. နု. (သကဒါဂါမိ)ဖိုလ်. ဖိုလ်(အကြိမ်များစွာ)/ဘ

သကဒါ၏မဟာကုသိုလ်

(၉) အနာဂါမိ ဖလသမာပတ္တိဝီထိပုံစံ

န. ဒ. မ. နု. နု. နု. နု. (အနာဂါမိ)ဖိုလ်. ဖိုလ်(အကြိမ်များစွာ)/ဘ

အနာဂါ၏မဟာကုသိုလ်

(၁၀) အရဟတ္တ ဖလသမာပတ္တိဝီထိပုံစံ

န. ဒ. မ. နု. နု. နု. နု. (အရဟတ္တ)ဖိုလ်. ဖိုလ်(အကြိမ်များစွာ)/ဘ

မဟာကြိယာ

အထက်ပါ စည်းကမ်းချက်များနှင့် ဝီထိပုံစံများကို နားလည်သဘောပေါက်အောင် ကြည့်ရှု၍ အောက်ပါ ကာမဇောနောင် အပ္ပနာဇောနှောင်းပုံအသေးစိတ်ကိုလည်း ကြည့်ပါ [အရကျက်ရန် မလို]

တိဟိတ်ပုထုဇဉ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် (၄)ခုနောင် နှောင်းနိုင်သော အပ္ပနာဇော-မဟဂ္ဂုတ်ကုသိုလ်(၉)ပါး၊ သောတာပတ္တိမဂ်ဇောအကျယ်(၅)ပါး၊ ပေါင်း (၁၄)ပါးသော အပ္ပနာဇောများ နှောင်းနိုင်သည်။

သောတာပန်၏ မဟာကုသိုလ်နောင် နှောင်းနိုင်သောအပ္ပနာဇော-မဟဂ္ဂုတ်ကုသိုလ် (၉)ပါး၊ သောတာပတ္တိဖိုလ်ဇော (၅)ပါး၊ သကဒါဂါမိမဂ်ဇော (၅)ပါးတို့ နှောင်းနိုင်သည်။

သကဒါဂါမ်၏ မဟာကုသိုလ်နောင် နှောင်းနိုင်သော အပ္ပနာဇော မဟဂ္ဂုတ်ကုသိုလ် (၉)ပါး၊ သကဒါဂါမိဖိုလ်ဇော (၅)ပါး၊ အနာဂါမိမဂ်ဇော (၅)ပါးတို့ နှောင်းနိုင်သည်။

http://www.dhammadownload.com


အနာဂါမ်၏ မဟာကုသည်နောင် နောင်းနိုင်သော အပ္ပနာဇော-မဟာဂုတ်ကုသိုလ် (၉)ပါး၊ အနာဂါမိဖိုလ်ဇော (၅)ပါး၊အရဟတ္တမဂ်ဇော (၅)ပါး တို့ နောင်းနိုင်သည်။

ရဟန္တာ၏ မဟာကြိုညာသ်နောင် နောင်းနိုင်သော အပ္ပနာဇော-မဟာဂ္ဂုတ်ကြိယာ (၉)ပါး၊ အရဟတ္တဖိုလ်ဇော (၅)ပါး၊ ပေါင်း(၁၄)ပါးသော အပ္ပနာဇောတို့ နောင်းနိုင်သည်။ [သောမနဿ ဥပေက္ခာဝေဒနာအားဖြင့် လည်း ခွဲခြားစိတ်ဖြာ၍ ယူကြပါကုန်။]

## ''ကာမဇောနောင် တဒါရုံနောင်းပုံ''

ပုစ္ဆာ၌ ကာမဇောနောင် နောင်းနိုင်သော တဒါရုံများကိုပြေပါ- ဟုလည်း မေးနိုင်သည်၊ သို့ဖြစ်၍ ကာမဇောနောင် တဒါရုံနောင်းရာ၌ စည်းကမ်းချက်များကို မကျဉ်းမကျယ် ပြဆိုသွားမည်။

## စည်းကမ်းချက်များ-

"ကာမဇောနောင် တဒါရုံနောင်းပုံ" ဟူသော စကားရပ်၌ ကာမဇော အရ- မဟာကုသိုလ် ကြိယာ ဟသိတုပ္ပါဒ်ဇောနှင့် အကုသိုလ်ဇောတို့ကို ယူပါ။ တဒါရုံအရ- တဒါရုံဝိပါက်စိတ် (၁၁)ပါးကို ယူပါ။

ထိုတဒါရုံဝိပါက်စိတ်တို့သည် ကာမဇောနောင် နောင်းရာ၌အာရုံ အားလျော်စွာ နောင်းကြ၏။

အနိဋ္ဌာရုံ (မကောင်းသောအာရုံ)များ ဖြစ်ခဲ့သော် ကာမဇောနောင် အကုသလဝိပါက်တဒါရုံများ နောင်းကြ၏။

ဣဋ္ဌာရုံ (ကောင်းသောအာရုံ)များ ဖြစ်ခဲ့သော် ကာမဇောနောင် ကုသလဝိပါက် ဥပေက္ခာတဒါရုံများသာ နောင်းကြ၏။

အတိဣဋ္ဌာရုံ ဖြစ်ခဲ့သော် ကုသလဝိပါက် သောမနဿ တဒါရုံများ နောင်းကြ၏။ [ဝိထိ၊ပိုဒ်၊၂၅-၇] (ပုဂ္ဂိုလ်နှင့်တဒါရုံအတွဲ ရှေ့၌ရေးပြီး။)

မှတ်ချက် အနိဋ္ဌာရုံ၊ဣဋ္ဌာရုံတို့ဝယ် ဒေါသဇော စောရာ၌ ဥပေက္ခာ တဒါရုံများ ထိုက်သည့်အားလျော်စွာ နောင်းကြ၏၊ အတိ ဣဋ္ဌာရုံဝယ် ဒေါသဇော စောရာ၌ကား မည်သည့်တဒါရုံမျှ

http://www.dhammadownload.com



မနှောင်းနိုင်တော့ဘဲ အာဂန္တုကဘဝင် နှင့် အာဝါသိကဘဝင် တစ်ခုခုသာ နှောင်းကြတော့သည်။ [ဝိဘာ၊ပိုဒ်၊၂၅-၈]

အောက်ပါ သက္ကသီဟမေးခွန်းပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး။ ဣဋ္ဌမေ ဒိဋ္ဌာ သော ဝိပ္ပဋိသာရီ ဟုတ္ဟာ ဂတော- ၌ ဝိပ္ပဋိသာရီဝယ် ဝိပ္ပဋိသာရ-အရကို ကောက်ပြ၍ ယင်းနောင်နှောင်းနိုင်သောတဒါရုံများကို ဖြစ်သင့်သည့်ပုဂ္ဂိုလ်နှင့် တွဲဝပ်ပေါ်ပြဲပါ။(၅၃၊၃-ဆင့်၊ဓမ္မပဒ)

ဖြေ ဝိပ္ပဋိသာရ အရ- ဒေါသမူစိတ္တုပ္ပါဒ်၊

ယင်းနောင် နှောင်းနိုင်သောတဒါရုံ- ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၏ ဒေါသဇောနောင် အဟိတ်ဥပေက္ခာ တဒါရုံ(၂)ပါး၊ သုဂတိအဟိတ် ဒွိဟိတ် ပုထုဇ္ဇဉ်ပုဂ္ဂိုလ်၏ ဒေါသဇောနောင် အဟိတ်ဒွိဟိတ်ဥပေက္ခာ တဒါရုံ(၄)ပါး၊ တိဟိတ်ပုထုဇ္ဇဉ် သောတာပန် သကဒါဂါမ်၏ ဒေါသဇော နောင် ဥပေက္ခာတဒါရုံ(၆)ပါး အာရုံအားလျော်စွာနှောင်းနိုင်သည်။

မှတ်ချက်။ အထက်ပါ မေးခွန်းဟောင်းပါ ပါဠိဝါကျ၌ အနိဋ္ဌာရုံသာ ဖြစ်သင့်၏၊ သို့ဖြစ်၍ ဒေါသဇောနောင် အကုသလဝိပါက် ဥပေက္ခာတဒါရုံ (၁) ပါးသာ နှောင်းနိုင်သည်၊ ထို့ကြောင့် အထက်ပါမေးခွန်း မေးပုံ မကောင်း-ဟု ထင်မိသည်။

"ဆက်လက်ရှုအချုပ်"

ကာမကြိယာဇောတို့သည် တဒါရုံဝိပါက်စိတ်တို့ကဲ့သို့ အာရုံအားလျော်စွာ ဇောကြသည်၊ အတိဣဋ္ဌာရုံနှင့် တွေ့ကြုံသောအခါ သောမနဿကြိယာဇောဇော၍ ထိုသောမနဿကြိယာဇောနောင် သောမနဿတဒါရုံကျ၏၊

ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံသောအခါ ဥပေက္ခာသဟဂုတ် ကြိယာဇောဇော၍ ထိုဇောနောင် ဥပေက္ခာတဒါရုံ ကျ၏၊

(သာဓက) တတ္ထာပိ ။ပ။ ဥပေက္ခာသဟဂတာနေဝ ဟောန္တိ။

အောက်ပါအမေးအဖြေကိုလည်း ကြည့်ပါ။

မေး။ အထ ခေါ အာယသ္မာ သာရိပုတ္တော (ပ) ယေန ဘဂဝါ တေနုပသင်္ကမိ၊ ပက္ကာမေတွာ(ဝိ၊၁၊၁၀၊)အရ တရားနောင် နှောင်းနိုင်သော တဒါရုံတို့ကို သင်္ဂဟအထောက်ပြ ဖြေပါ။

http://www.dhammadownload.com


မေး။ မဟာကြိယာဉာဏသမ္ပယုတ် သောမနဿသဟဂုတ်ဇော (၂)ခုနောင်
ကုသလဝိပါက် ၆သောမနဿတဒါရုံ (၅)ပါး နောင်းနိုင်သည်။
သင်္ဂဟအထောက်ကား- ဟတ္ထာပိ ။ပ။ တဒါရမ္မဏာနိ အဝတွာ။

မှတ်ချက်။ အယက်ပါပါဠိဝါကျ၌ ဖြစ်သင့်သော အာရုံကား ဘုရားတည်း
ဟူသော အတိဣဋ္ဌာရုံဖြစ်၏။ သို့ဖြစ်၍ အာရုံအားလျော်စွာ
သောမနဿကြိယာဇော ဇော၍ ထိုဇောနောင် သောမနဿ
တဒါရုံ များသာ ကျရသည်။

## "ပဋ္ဌာန်ရှုမှတ်ပွယ်"

ပရမတ္ထဒီပနီ၌ ရဟန္တာတို့သည် စက်ဆုပ်ဖွယ်အာရုံကို စက်ဆုပ်ဖွယ်
မဟုတ်အောင် ရှု၍လည်းကောင်း၊ ဖင့်တယ်လုပသောအာရုံကို စက်ဆုပ်ဖွယ်
ဖြစ်အောင် ရှု၍လည်းကောင်း နေလိုကနေနိုင်ကြ၏-ဟု ဟောတော်မူအပ်
သော သုတ္တန်ပါဠိတော်များကို ထောက်၍ ရဟန္တာတို့အား အနိဋ္ဌာရုံကို အာရုံ
ပြု၍လည်း သောမနဿဇော, အတိဣဋ္ဌာရုံကို အာရုံပြု၍လည်း ဥပေက္ခာ
ကြိယာဇောများ ဇောခွင့်ရှိသည်-ဟု ဆိုထားလေသည်။

ပရမတ္ထဒီပနီဆိုလိုရင်းမှာ- ရဟန္တာတို့အား အနိဋ္ဌာရုံကို အာရုံပြု၍
သောမနဿ, ဥပေက္ခာကြိယာဇော၊ အတိဣဋ္ဌာရုံကို အာရုံပြု၍ သောမနဿ
ဥပေက္ခာကြိယာဇောများ ဇောခွင့်ရှိသည်-ဟု ဆိုလိုသည်။

## "ပုဂ္ဂိုလ်တို့၏ ဥပ္ပါဒိတ(စိတ်)စိတ်"

ပုစ္ဆာ၌ ပုဂ္ဂိုလ်တစ်ယောက်၏ ဥပ္ပါဒိတစိတ်ကိုလည်း မေးနိုင်၏။
သို့ဖြစ်၍ သင်္ဂဟဝီထိပိုင်း ပုဂ္ဂလဘေဒ-လာ ဥပ္ပါဒိတစိတ်များကို နှုတ်တက်
ရအောင် ကျက်ထားရန် လိုသည်။

ဝီထိပိုင်း ပုဂ္ဂလဘေဒ-၌ ပုဂ္ဂိုလ်၏ ဥပ္ပါဒိတစိတ်တို့ကို ပြထားချက်သည်
ကာမဘုံသားတို့၏ အတွက်သာဖြစ်၏။

ရူပဘုံ, အရူပဘုံရှိ တိဟိတ်ပုထုဇဉ်နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ် (၄)ယောက်
တို့၏ ဥပ္ပါဒိတစိတ်ကို သိလိုသော် ကာမဘုံသားတို့၏ ဥပ္ပါဒိတစိတ်တို့တွင် ရူပ
အရူပဘုံတို့၌ မရနိုင်သော ဥပ္ပါဒိတစိတ်များကို ကြဉ်ရမည်။ ယင်းသို့ ကြဉ်ပြီး

http://www.dhammadownload.com


သောအခါ ကြွင်းကျန်သော ဥါရိကစိတ်တို့သည် ရှုပ အရှုပဘုံသားတို့၏ ဥါရိကစိတ်-ဟု အလိုလို သိရတော့သည်။

ဆက်လက် ရှင်းဦးစို့ - ရှုပဘုံသား သောတာပန်၏ ဥါရိကစိတ်ကို သိလိုသော် ကာမဘုံသား သောတာပန်ရနိုင်သော ဒိဋ္ဌိဂတဝိပ္ပယုတ်(၄) ဒေါသမူ(၂) ဥဒ္ဓစ္စသဟဂုတ်(၁) ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ် (၁၇) မဟာကု (၈) မဟာဝိ(၈) မဟာ့ဂ္ဂုတ်ကု(၉) သောတာပတ္တိဖိုလ်(၁) ပေါင်း(၅၀)သော ဥါရိကစိတ်တို့တွင် ရှုပဘုံ၌မရနိုင်သော ဃာနဝိညာဏ်ခွေး ဇိဝှါဝိညာဏ်ခွေး ကာယဝိညာဏ်ခွေး ဒေါသမူခွေး မဟာဝိပါက်(၈)ပါးတို့ကို ကြဉ်ရမည်။

ယင်းသို့ကြဉ်ပြီးသောအခါ ကြွင်းကျန်သော(၃၄)ပါးသော ဥါရိကစိတ်တို့သည် ရှုပဘုံသား သောတာပန်၏ဥါရိကစိတ်- ဟု အလိုလိုသိရသည်။

## အောက်ပါအမေးအဖြေကို ကြည့်ပါ။

မေး ဥတ္တရ အပ္ပမိုဝိုဠ္ဌ္ဌာ ဖြဟ္မလောကူပဂေါ ဟောတိ-ဝယ် ဖြစ်သင့်သော သိခါပတ္တ ဖြဟ္မာလောကကိုယူလျှင် ယင်းဘုံရှိ သိခါပတ္တ(အမြတ်ဆုံး) ပုဂ္ဂိုလ်၏ ဥါရိကစိတ်တို့ကို အပိုအလိုမရှိ ထုတ်ပြပါ။

ဖြေ သုဘကိဏှာဘုံရှိ ရဟန္တာပုဂ္ဂိုလ်၏ဥါရိကစိတ်- ဃာနာဒိဝိညာဏ်(၆) ပါးကြဉ်သော အဟိတ်(၁၂) မဟာကြိ(၈) မဟဂ္ဂုတ်ကြိ(၉) အရဟတ္တဖိုလ်(၁) ပေါင်း(၃၀)ပါးတို့ ဖြစ်သည်။

## ဆက်လက်မှတ်သားရန်

"ပုထုဇဉ်ပုဂ္ဂိုလ်ရနိုင်သော ဥါရိကစိတ်"ဟူသောစကားနှင့် "ပုထုဇဉ်ပုဂ္ဂိုလ်ရနိုင်သောစိတ်"ဟူသော စကားတို့သည် အဓိပ္ပါယ်မတူပေ။

"ဥါရိကစိတ်"ဟူသောစကားသည် ဥါရ၌ဖြစ်သော ဝိထိစိတ်(၈၀)တို့နှင့် ဆိုင်၏။ "စိတ်"ဟူသောစကားသည် ဥါရ၌ဖြစ်/မဖြစ်သော စိတ်အားလုံးနှင့် ဆက်ဆံ၏။

သို့ဖြစ်၍ "ဥါရိကစိတ်"ဟု မေးပါက ဝိထိစိတ် (၈၀)တို့တွင် ပုဂ္ဂိုလ်တစ်ယောက် သန္တာန်၌ ဖြစ်သင့် ရသင့်သော ဝိထိစိတ်တို့ကိုသာ ထုတ်နှုတ်ဖြေဆိုရမည်။ "စိတ်"ဟု မေးပါက စိတ် (၈၉)တွင် ပုဂ္ဂိုလ်တစ်ယောက်သန္တာန်၌ ဖြစ်သင့်ရသင့်သောစိတ်ကိုသာ ထုတ်နှုတ်ဖြေဆိုရမည်။

http://www.dhammadownload.com



## အောက်ပါ အမေးအဖြေကိုလည်း ကြည့်ပါ။

မေး။ ရူပဘုံရှိ ရဟန္တာ၏သန္တာန်၌ ရနိုင်သော ဒွါရိက(ဝီထိ) စိတ်, ရနိုင်သော စိတ်တို့ကို တပိုအလိုမရှိ ထုတ်ပြပါ။

ဖြေ ဒွါရိကစိတ်- ဃာနဒွိ ဇိဝှာဒွိ ကာယဒွိ ဉာဏ်(၆)ပါး ကြဉ်သော အဟိတ်(၁၂) မဟာကြိ(၈) မဟဂ်ကြိ(၉) အရဟတ္တဖိုလ်(၁) ပေါင်း (၃၀)တို့ ဖြစ်သည်။

ရနိုင်သောစိတ်-ဃာနဒွိ ဇိဝှာဒွိ ကာယဒွိ ဉာဏ်(၆) ကြဉ်သောအဟိတ် (၁၂) မဟာကြိ(၈) မဟဂ်ကြိ(၉) အရဟတ္တဖိုလ်(၁) ရူပဝိပါက်(၅) ပေါင်း (၃၅)ပါး ဖြစ်သည်။

မှတ်ချက် "ပဋိသန္ဓေမဲ့ချာနဘုံရှိ ရဟန္တာပုဂ္ဂိုလ်ရနိုင်သော စိတ်"-ဟု မေးပါက အထက်ပါ ဒွါရိကစိတ်တို့အပြင် ပဋိသန္ဓေမဲ့ချာနဝိပါက် (၁)ခုသာထည့်၍ ဖြေရမည်။ (ရူပဝိပါက်(၅)ပါးလုံးမထည့်ရ)။ ကြိုးနည်းမှီ၍ သိလောက်ပြီ။

**ထိုထိုဘုံ၌ ရနိုင်သောပုဂ္ဂိုလ်များ**

(၁) အပါယ် (၄)ဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တစ်ယောက်ကို၊

(၂) လူ့ဘုံ, စတုမဟာရာဇ်ဘုံတို့၌ ဒုဂ္ဂတိအဟိတ်ကြဉ်သောပုဂ္ဂိုလ် ၁၁-ယောက်ကို၊

(၃) အထက်နတ်ပြည် (၅)ထပ်၌ အဟိတ်ကြဉ်သော ပုဂ္ဂိုလ် ၁၀-ယောက်ကို၊

(၄) ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ(၁၀)ဘုံ၌ တိဟိတ်ပုဂ္ဂိုလ် ၉-ယောက်ကို၊

(၅) အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုဂ္ဂိုလ် တစ်ယောက်ကို၊

(၆) သုဒ္ဓါဝါသ (၅)ဘုံ၌ အထက်ဆုံးအရိယာပုဂ္ဂိုလ် ၃-ယောက်ကို၊

(၇) အရူပ (၄)ဘုံ၌ သောတာပတ္တိမဂ္ဂဋ္ဌာန်ကြဉ်သော တိဟိတ်ပုဂ္ဂိုလ် ၈-ယောက်ကို ရနိုင်၏။

ဆောင် ။ အပါယ်-၁-ရ လူ, နတ်စ၌၊ ၁-ပ, ဧက်ဒသ်၊ ထက်ငါးနတ်ဝယ်၊ အဟိတ်ပယ်လော့၊ ဆယ်ဘုံရူပ၊ တိဟိတ်ရ၏။ သညသု-သာ၊ ငါး သုဒ္ဓါမှာ၊ ရိယာခေါင်ဆုံး၊ သုံးယောက်စိ ရ၊ အရူပဝယ်၊ ဝ-မဂ်ပယ်သည်၊ ရှစ်သွယ်တိဟိတ်၊ မကြွင်းတည်း။

http://www.dhammadownload.com



## ''ထိုထိုဘုံ၌ ရနိုင်သော ဒွိဟိတ(ဝိထိ)စိတ်များ''

(၁) အပါယ် (၄)ဘုံ၌ ဟသိတုပ္ပါဒ်ကြဉ်သော အသောဘနစိတ်(၂၉) မဟာကု (၈) ပေါင်း (၃၇)ပါးသောစိတ်တို့ကို ရနိုင်၏။

(၂) ကာမသုဂတိ (၇)ဘုံ၌ ဝိထိစိတ် (၈၀)တို့ကို ရနိုင်၏။

(၃) ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ (၁၀)ဘုံ၌ ဝိထိစိတ် (၈၀)တို့တွင် ဒေါသမူဋ္ဌေး ဃာနဒွိဆယ် မဟာဝိပါက် (၈) ပေါင်း (၁၆)ပါးကြဉ် ကြွင်း (၆၄)ပါးသော ဝိထိစိတ်တို့ကို ရနိုင်၏။

(၄) သုဒ္ဓါဝါသဘုံ၌ ဒိဋ္ဌိဂတ်စိပ္ပယုတ်စိတ် (၄) ဥဒ္ဓစ္စသဟဂုတ်(၁) ဃာနာဒိဒွိ ဆယ်ကြဉ် အဟိတ် (၁၂) မဟာ ကု-ကြိ (၁၆) ရူပကု-ကြိ (၁၀)၊ အရူပ ကုးကြိုး(၅)၊ အနာဂါမ်ဖိုလ်, အရဟတ္တမဂ်, အရဟတ္တဖိုလ်(၃) ပေါင်း (၅၄)ပါးသော ဝိထိစိတ်တို့ကို ရနိုင်၏။

(၅) အာကာသာနဉ္စာယတနဘုံ၌ ဒေါသမူဋ္ဌေးကြဉ်- အကု (၁၀) မနော ဒွါရာဝဇ္ဇန်း (၁) မဟာကု- ကြိ (၁၆) အရူပ ကု-ကြိ (၈) သောတာ ပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် (၇)၊ ပေါင်း (၄၂)ပါးသော ဝိထိစိတ် တို့ကို ရနိုင်၏။

(၆) ဝိညာဏဉ္စာယတနဘုံ၌ အထက်ပါ (၄၂)ပါးသော ဝိထိစိတ်တို့တွင် အာကာသာနဉ္စာယတနကု- ကြိ (၂)ပါးကို နှုတ်၍ ကြွင်း (၄၀)သော ဝိထိစိတ်တို့ကို ရနိုင်၏။

၇) အာကိဉ္စညာယတနဘုံ၌ အထက်ပါ (၄၀)သော ဝိထိစိတ်တို့တွင် ဝိညာ ဏဉ္စာယတနကု-ကြိ (၂)ပါးကို နှုတ်၍ ကြွင်း (၃၈)ပါးသော ဝိထိစိတ် တို့ကို ရနိုင်၏။

(၈) နေဝသညာနာသညာယတနဘုံ၌ အထက်ပါ (၃၈)ပါးသော ဝိထိစိတ် တို့တွင် အာကိဉ္စညာယတန ကု ကြိ (၂)ပါးကို နှုတ်၍ ကြွင်း (၃၆)ပါး သော ဝိထိစိတ်တို့ကို ရနိုင်၏။

http://www.dhammadownload.com


## သတိပြုရန်

ငရဲကြီး (၈)ထပ်၌ နေကုန်သော ငရဲသားတို့၏ သန္တာန်၌ အကု (၁၂) အကုဝိ (၇) မဟာကုညာဏဝိပ္ပယုတ် (၄) ပေါင်း (၂၃)ပါးသော ဝီထိစိတ်တို့ ကိုသာ ရနိုင်၏။

### အနာဂါမ်ရဟန္တာများ နိရောဓသမာပတ် ဝင်စားခြင်းအကြောင်း

သဒ္ဒါရတရားတို့၌ သဲဝေဂဉာဏ်ဖြင့် ငြီးငွေ့တော်မူကြ၍ သဒ္ဒါရတို့နှင့် ကင်းတန်သမျှကင်းလျက် ချမ်းသာစွာ နေလိုသောကြောင့် အနာဂါမ် ရဟန္တာများ နိရောဓသမာပတ် ဝင်စားတော်မူကြသည်။

နိဂုံး ပြီးပါပြီ။

http://www.dhammadownload.com



# ဝီထိမုတ်ပိုင်း

## ကမ္မစတုက္က

ပုစ္ဆာ၌ ကံတစ်ခုခုကို ကောက်နိုင်း၍ ယင်းကံကို ကမ္မစတုက္ကသို့ သွင်း၊ ပုံကို မေးနိုင်သည်။ သို့ဖြစ်၍ ကမ္မစတုက္ကသို့သွင်းပုံကို မပြသေးမီ ကံတို့၏ အဓိပ္ပါယ်အကျဉ်းကို ရှေးဦးစွာ ပြဆိုပေအံ့။

### ကိစ္စအနေအားဖြင့် ဆိုပြားသော ကံလေးမျိုး

၁။ ဇနကကံ - ပဋိသန္ဓေ+ပဝတ္တိအကျိုးကို ဖြစ်စေနိုင်သော [illegible] ကုသိုလ် အကုသိုလ်စေတနာ၊

၂။ ဥပတ္ထမ္ဘကကံ- ဇနကကံနှင့် ဇနကကံ၏ အကျိုးကို ထောက်ပံ့ကူညီတတ်သော မရဏာသန္နကုသိုလ် အကုသိုလ်ဇော စေတနာကဲ့သို့သော စေတနာမျိုးတည်း။

၃။ ဥပပီဠကကံ- တစ်ပါးသောကံနှင့် ကံ၏အကျိုးကို ယခုလတ်တလော အကျိုးမပေးနိုင်အောင် ကပ်၍နှိပ်စက်တတ်သော ကုသိုလ် အကုသိုလ်စေတနာ၊ (ကုသိုလ်အရာ၌ အကုသိုလ်တရားကို တဒင်္ဂအားဖြင့် ပယ်ခွာတတ်သော မဟာကုသိုလ်, မဟဂ္ဂုတ် ကုသိုလ်စေတနာမျိုး၊ အကုသိုလ်အရာ၌ သေလုနီးပါးဖြစ် အောင် ပြုတတ်သော အကုသိုလ်စေတနာမျိုး၊)

၄။ ဥပဃာတကကံ - တစ်ပါးသောကံနှင့် ကံ၏အကျိုးကို နောင်အခါ လုံးဝ အကျိုးမပေးနိုင်အောင် သတ်ဖြတ်တတ်သော ကုသိုလ် အကုသိုလ်ကံ၊ (ကုသိုလ်အရာ၌ အကုသိုလ်တရားကို အကြွင်းမဲ့ ဖြတ်တောက်တတ်သော မဂ်စေတနာ, အကုသိုလ်အရာ၌ ဒေဝဒတ်၏ မဟဂ္ဂုတ်ကုသိုလ်ကံ ကွယ်ပကြောင်း အကုသိုလ် စေတနာ- စသည်)

http://www.dhammadownload.com



''ဝိပါကဒါနပရိယာယဖြင့် ကံလေးပါး''

၁။ ဂရုကကံ- ကြီးလေးသောအကျိုးကို ပြုတတ်သော ကုသိုလ် အကုသိုလ်ကံ၊
(ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကုသိုလ်ကံ, အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံ)

၂။ အာသန္နကံ- မရဏာသန္နဇောထိသို့ မရောက်မီ သေခါနီးကာလ၌ အောက်မေ့အပ်, ပြုအပ်သောကံ၊

၃။ အာစိဏ္ဏကံ- အကုသိုလ်အရာ၌ ဒုစရိုက်အလုပ်ဖြင့် အမြဲအသက်မွေးမှု၊ ကုသိုလ်အရာ၌ အမြဲဒါနပြုမှု, သီလစောင့်မှု, ကမ္မဋ္ဌာန်းစီးဖြန်းမှု, တပေပို့ချမှု-စသည်ဖြင့် အမြဲလေ့ကျက်အပ်သောကံ၊

၄။ ကဋတ္တာကံ- ဂရုကကံ စသော အခြေအနေသို့ မရောက်ဘဲ အမှတ်တမဲ့ သာမန်မျှ ပြုအပ်သောကံ၊

မှတ်ချက် အထက်ပါ ဂရုကကံ- စသော ကံ(၄)ပါးတို့သည် ဒုတိယဘဝယ် ပဋိသန္ဓေကျိုးကို ပေးရာ၌ အလှည့်ကျစနစ်အားဖြင့် အစဉ်အတိုင်း အကျိုးပေးကြသည်။
ကံ(၄)ပါးရှိသူတို့၌ ဂရုကကံသာ အကျိုးပေး၍ ဂရုကကံ မရှိသူတို့၌ အာသန္နကံက အကျိုးပေး၏-စသည်ဖြင့် အလှည့်ကျစနစ်ဖြင့် အကျိုးပေးပုံ-စသည် သိလေ။

''ပါကကာလစတုက္က''

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ- ကံပြုရာ ပစ္စုပ္ပန်ဘဝ၌ပင် ပဝတ္တိကျိုးမျှကိုသာ ပေးသော ကာမကုသိုလ်,အကုသိုလ် ပဌမဇောစေတနာ၊

၂။ ဥပပဇ္ဇဝေဒနီယကံ- အခြားမဲ့ ဒုတိယဘဝ၌ ပဋိသန္ဓေ, ပဝတ္တိကျိုး နှစ်မျိုးလုံးကိုပေးသော ကာမကုသိုလ်,အကုသိုလ်သတ္တမဇော စေတနာ၊

၃။အပရာပရိယဝေဒနီယကံ- တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ပဋိသန္ဓေ,ပဝတ္တိကျိုး နှစ်မျိုးလုံးကိုပေးတတ်သော ကာမကုသိုလ်,အကုသိုလ်အလယ်ဇော ငါးချက်စေတနာ၊

၄။အဟောသိကံ- မိမိတို့ ဆိုင်ရာ ဆိုင်ရာကာလ၌ အကျိုးမပေးပဲ အကျိုးပေးရာကာလကို ကျော်လွန်သော အထက်ပါစေတနာများ။

http://www.dhammadownload.com



**တောက်ပါ အမေးအဖြေကိုလည်း ကြည့်ပါ။**

မေး။ ဘဂဝန္တ အဘိဝါဒေတွာ-အရ တရားကို ပါကကာလကမ္မစတုက္ကသို့ ဖြစ်သင့်သလို သွင်းပြပါ။

ဖြေ မဟာကုသိုလ် ပဌမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ၊ မဟာကုသိုလ် သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယကံ၊ မဟာကုသိုလ်အလယ်ဇောငါးချက်စေတနာသည် အပရာပရိယဝေဒနီယကံ၊ မိမိတို့ဆိုင်ရာ အကျိုးပေးရာကာလကို လွန်ခဲ့သော် အဟောသိကံ။ (အကုသိုလ်ကံအတွက်လည်း နည်းမှီသိပါ။)

မှတ်ချက်။ ပုစ္ဆာ၌ ကာမကုသိုလ်, အကုသိုလ်ကံတစ်ခုခုကို အရကောက်နိုင်း၍ ယင်းကံ၏ အကျိုးပေးရာ ပါကကာလတို့ကို ဖြေပါ- ဟုလည်း မေးနိုင်သည်။ ယင်းသို့ မေးပါက-

ပဌမဇောစေတနာ၏ ပါကကာလကား မျက်မှောက်ဘဝ၊
သတ္တမဇောစေတနာ၏ ပါကကာလကား ဒုတိယဘဝ၊
အလယ်ဇောငါးချက်စေတနာ၏ ပါကကာလကား တတိယဘဝမှ စ၍ နိဗ္ဗာန်တိုင်အောင်သောကာလ-ဟု ခွဲခြားဖြေရမည်။

**ဆက်လက်မှတ်သားရန်**

မဟဂ္ဂုတ်ကုသိုလ်ကံတို့ကို ပါကကာလကမ္မစတုက္ကသို့ သွင်းရာ၌ ဥပပဇ္ဇဝေဒနီယကံ, အဟောသိကံတို့သို့သာ သွင်းရသည်။ မိမိကောက်ယူထားသော မဟဂ္ဂုတ်ကုသိုလ်ကံတို့တွင် ပဋိသန္ဓေကျိုးပေးမည့် တစ်ပါးပါးသောကံသည် ဥပပဇ္ဇဝေဒနီယကံ၊ ကြွင်းကျန်သောကံတို့သည် အဟောသိကံ-ဟု သွင်းရမည်။

ထို့ပြင် အကျိုးမပေးဘဲ မျက်မှောက်ဘဝ၌ပင် ကွယ်ပျောက်သွားသော ဒေဝဒတ်, ဇောသိက-စသောပုဂ္ဂိုလ်တို့၏ မဟဂ္ဂုတ်ကုသိုလ်ကံမျိုးကို အဟောသိကံ တစ်ခုတည်းသို့သာ သွင်းကြရမည်။

**ပါကဌာနစတုက္က အစွမ်းအားဖြင့် ကံ ၄-ပါး**

၁။ အကုသိုလ်ကံ၊ ၂။ ကာမာဝစရကုသိုလ်ကံ၊
၃။ ရူပါဝစရကုသိုလ်ကံ၊ ၄။ အရူပါဝစရကုသိုလ်ကံ၊

http://www.dhammadownload.com



အောက်ပါ အမေးအဖြေနှင့်လည်း နှိုင်းယှဉ်ကြည့်ပါ။

မေး ကုသိုလ် ဘိက္ခုဝေ ဒေဝဒတ္တေန ပဋမံ အာနန္တရိယံ ကမ္မံ ဥပစိတံ- ၌ ကမ္မံ အရကို အတိအကျကောက်ပြ၍ ယင်းတရားကို ကမ္မစတုက္ကသို့ ထိုတ် သည့်အားလျော်စွာ သွင်းပြပါ။

ဖြေ ကမ္မံ အရ- ဒေါသမူ သတ္တမဇောစေတနာ၊

ကမ္မစတုက္ကသို့သွင်းပုံ-ဇနကကံ, ဂရုကကံ, ဥပပဇ္ဇဝေဒနီယကံ, အကုသိုလ်ကံတို့ ဖြစ်သည်။

"ဆက်လက်မှတ်သားရန်"

မဟဂ္ဂုတ် ပဋိသန္ဓေ ဝိပါက်နာမက္ခန္ဓာ၏ အကြောင်းကံများကို ကမ္မ စတုက္ကသို့ သွင်းနိုင်းပါက အထက်ပါအတိုင်း ဇနကကံ, ဂရုကကံ, ဥပပဇ္ဇဝေဒ နီယကံ၊ ရူပပဋိသန္ဓေဖြစ်ပါက ရူပါဝစရကုသိုလ်ကံ၊ အရူပပဋိသန္ဓေ ဖြစ်ပါက အရူပါဝစရကံ တို့သို့ သွင်းကြရမည်။

ထို့ပြင် ကာမပဋိသန္ဓေ ဝိပါက်နာမက္ခန္ဓာ၏ အကြောင်းကံများကိုလည်း ဇနကကံ၊ ပဉ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံ ဖြစ်ပါက ဂရုကကံ၊ မဖြစ်ပါက အာသန္နကံ, အာစိဏ္ဏကံ, ကဋတ္တာကံတို့တွင် ဤသို့ဖြစ်သင့်သော တစ်ပါးပါး သောကံ၊ ဥပပဇ္ဇဝေဒနီယကံ၊ (ဒုဂ္ဂတိပဋိသန္ဓေဖြစ်ပါက) အကုသိုလ်ကံ၊ (သုဂတိပဋိသန္ဓေဖြစ်ပါက) ကာမာဝစရကုသိုလ်ကံတို့သို့ သွင်းရမည်။

အောက်ပါ အမေးကိုလည်း ကြည့်ပါ။

မေး သာ တေန ဂဗ္ဘံ ဂဏှိ-၌ ဂဗ္ဘအရ တရား၏ ဖြစ်သင့်သော အကြောင်းကံ ကို ကမ္မစတုက္ကသို့ ဖြစ်သင့်သလို သွင်းပြပါ။

"လောကီကုသိုလ် အကုသိုလ်ကံတို့၏ ဝိပါကဒွါရ-ဝိပါကဋ္ဌာန အဖွဲ့"

ဥဒ္ဓစ္စစေတနာကြဉ် အကုသိုလ်ကံ (၁၁)ခုသည် ပဋိသန္ဓေအခါ- အဟိတ် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏဟူသောအပါယ်ပဋိသန္ဓေကျိုး (ပါကဓမ္မ)ကို အပါယ်ဘုံ(ပါကဋ္ဌာန)၌ ပေးသည်။ (ဝိထိမုတ်၊ပိုဒ်၊၆၉)

အကုသိုလ်ကံ (၁၂)ခုသည် ပဝတ္တိအခါ- အဟိတ် အကုသလဝိပါက် (၇)ပါး-ဟူသော အကျိုး(ပါကဓမ္မ)ကို ကာမ(၁၁)ဘုံ(ပါကဋ္ဌာန)၌၊

http://www.dhammadownload.com



အကုသလဝိပါက်စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏဟူသောအကျိုး(ပါကစမွဲ)ကို၊ ရုပ(၁၅)ဘုံ(ပါကဌာန)၌ အကျိုးပေးသည်။ (ဝိထိမှတ်ပိုဒ်၊ ၆၉)

မဟာကုသိုလ်က (၈)ပါးသည် ပဋိသန္ဓေအခါ- ကာမသုဂတိပဋိသန္ဓေ (၉)ပါးဟူသော အကျိုး(ပါကစမွဲ)ကို ကာမသုဂတိ(၇)ဘုံ(ပါကဌာန)၌ အကျိုးပေးသည်။ (ဝိထိမှတ်ပိုဒ်၊၇၀)

ပဝတ္တိအခါ- မဟာဝိပါက် (၈)ပါးဟူသောအကျိုးကို ကာမသုဂတိ (၇)ဘုံ၌၊ အဟိတ်ကုသလဝိပါက် (၈)ပါးဟူသောအကျိုးကို ကာမ(၁၁)ဘုံ၌၊ အဟိတ်ကုသလဝိပါက် စက္ခု-သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ နှစ်ပါးဟူသောအကျိုးကို ရုပ(၁၅)ဘုံ၌ အကျိုးပေးသည်။ (ဝိထိမှတ်ပိုဒ်၊၇၀)

| အကျိုးနာမ်ရုပ်များ-ဟု မေးပါက ဖြစ်သင့်သော ကမ္မဇရုပ်များ ကိုလည်း ထည့်၍ဖြေပါ။ |

**အောက်ပါ အမေးအဖြေကိုလည်း ကြည့်ပါ။**

မေး ဥဒ္ဓစ္စရိုဖနသမ္ပယုတ်ဥလ္လပတိ-အရတရား၏ အကျိုးတရားများကို အကျိုးပေးရာဌာနနှင့်တကွ အခါအားလျော်စွာ ခွဲခြားဖြေဆိုပါ။

ဖြေ လောဘမူစေတနာသည် ပဋိသန္ဓေအခါ- အဟိတ် အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏ ဟူသော အပါယ်ပဋိသန္ဓေကျိုးကို အပါယ်ဘုံ၌ ပေးသည်။

ပဝတ္တိအခါ- အကုသလဝိပါက်(၇)ပါးဟူသော အကျိုးကို ကာမ (၁၁)ဘုံ၌၊ အကုသလဝိပါက် စက္ခု-သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏဟူသောအကျိုးကို ရုပ(၁၅)ဘုံ၌ အကျိုးပေးသည်။

မှတ်ချက် တိဟိတ်ဥက္ကဋ္ဌ-စသော ကုသိုလ်ကံတို့၏ အကျိုးတရား-ပါကစမွဲ တို့ သင်္ဂဟပါဠိ၌ ကြည့်လေ။

**"ဆက်လက် ရှုစားရန်"**

ပုစ္ဆာ၌ ပဋိသန္ဓေ၏ အကြောင်းကံများကိုလည်း မေးနိုင်သည်။ ထိုသို့ မေးပါက အပါယ်ပဋိသန္ဓေ၏ အကြောင်းကံကို ဥဒ္ဓစ္စစေတနာကြဉ်သော

http://www.dhammadownload.com



အကုသိုလ်စေတနာ (၁၁)ခု ဟုလည်းကောင်း။ ကာမတိဟိတ်ပဋိသန္ဓေ၏ အကြောင်းကံကို တိဟိတ်ဥက္ကဋ္ဌဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် စေတနာ ဟုလည်းကောင်း။ ဒွိဟိတ်ပဋိသန္ဓေ၏ အကြောင်းကံကို တိဟိတ် ဩမကဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စေတနာ, ဒွိဟိတ်ဥက္ကဋ္ဌဖြစ် သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ် စေတနာဟုလည်းကောင်း၊ သုဂတိအဟိတ် ပဋိသန္ဓေ၏ အကြောင်းကံကို ဒွိဟိတ်ဩမကဖြစ်သော မဟာကုသိုလ်ဉာဏ ဝိပ္ပယုတ်စေတနာ ဟုလည်းကောင်း ဖြေဆိုကြရမည်။ (ဝိထိမုတ်ပိုင်း၊ဖြေ။၇၁- ၇၃။)

**တောက်ပါ အမေးအဖြေကိုလည်း ကြည့်ပါ။**

မေး တသသ ဂဏ္ဍသ ပရိပါကမနွာယ ပုတ္တံ ဝိဇာယိ(ဝိ၊၁၂၂၂) ၌ ဇနကတ် အရ ပြည့်စုံစွာ ကောက်ပြ၍ ယင်း၏အကြောင်းကံကိုလည်း ပါဠိ ထောက်၍ ဖြေပါ။

ဖြေ ဇနကတ်အရ မဟာဝိပါက်ဉာဏသမ္ပယုတ် (၄)ပါး (ပဋိသန္ဓေ) ဝိရတိ အပ္ပမညာကြဉ်သော စေတသိက်(၃၃)ပါး၊ အဝိနိဗ္ဘောဂ(၈)၊ ကာယ ပသာဒ၊ ပုမ္ဘာဝ၊ ဇီဝိတ၊ ဟဒယဝတ္ထု၊ အာကာသဓာတ်၊ ဥပစယ၊ သန္တတိ- ဟူသော ကမ္မဇရုပ်တို့ ဖြစ်သည်။

အကြောင်းကံ- တိဟိတ်ဥက္ကဋ္ဌဖြစ်သော မဟာကုသိုလ်ဉာဏ သမ္ပယုတ်စေတနာ ဖြစ်သည်။

အထောက်- ဝိထိမုတ်ပိုင်း၊၇၁။ကို ထောက်။

**''မထေဒ္ဓတ်ထုသိုလ်ထဲ၏ ဝါသမျှာင်-ဝါသက္ခာန''**

ပရိတ္တဖြစ်သော ပဋ္ဌမဈာန်ကုသိုလ်စေတနာသည် ပဋိသန္ဓေ ပဝတ္တိအခါ ပဋ္ဌမဈာန်ဝိပါက်ဟူသော အကျိုး(ပါကဓမ္မ)ကို ဗြဟ္မပါရိသဇ္ဇာဘုံ၌ အကျိုး ပေးသည်။

မဇ္ဈိမဖြစ်သော ပဋ္ဌမဈာန် ကုသိုလ်စေတနာသည် ပဋိသန္ဓေ ပဝတ္တိအခါ ပဋ္ဌမဈာန်ဝိပါက်ဟူသော အကျိုး(ပါကဓမ္မ)ကို ဗြဟ္မပုရောဟိတာဘုံ၌ အကျိုး ပေးသည်။

ပဏီတဖြစ်သော ပဋ္ဌမဈာန်ကုသိုလ်စေတနာသည် ပဋိသန္ဓေပဝတ္တိ အခါ ပဋ္ဌမဈာန်ဝိပါက်ဟူသော အကျိုး(ပါကဓမ္မ)ကို မဟာဗြဟ္မာဘုံ၌ အကျိုး ပေးသည်။

http://www.dhammadownload.com


စောက်ပါ အမေးအဖြေတိုလည်း ကြည့်ပါ။

မေး။ ဖြုဟ္မကာယိကာန် ဒေဝါန်-အရ ပဌမဆုံးဘုံသားတို့၏ပဋိသန္ဓေ၊ ယင်း ပဋိသန္ဓေ၏ အကြောင်းကံကို အထောက်ပြ၍ အတိအကျဖြေပါ။

ဖြေ ဗြဟ္မပါရိသဇ္ဇာဘုံသားတို့၏ ပဌမဈာန်ဝိပါက်ပဋိသန္ဓေ၊ ယင်း၏ အကြောင်းကံ- ပရိတ္တဖြစ်သော ပဌမဈာန် ကုသိုလ်စေတနာ ဖြစ်သည်။ (ဝိထိမုတ်၊ပိုဒ်၊၇၅)

မှတ်ချက်။ ။ကျန်သော ဒုတိယဈာန်စသော ကုသိုလ်ကံတို့၏ ပရိတ္တ၊ မဇ္ဈိမ၊ ပဏီတအခွဲကို အထက်ပါနည်းဖြင့် သိနိုင်လောက်ပြီဖြစ်သော ကြောင့် အကျဉ်းချုပ်မျှကိုသာ ပြဆိုတော့မည်။

''ဆက်လက်မှတ်သားရန်''

ဒုတိယ၊တတိယဈာန် ကုသိုလ်စေတနာသည် ဒုတိယ၊တတိယဈာန် ဝိပါက်အကျိုးကို ဒုတိယဈာန်(၃)ဘုံ၌၊ စတုတ္ထဈာန်ကုသိုလ်စေတနာသည် စတုတ္ထဈာန်ဝိပါက်အကျိုးကို တတိယဈာန်(၃)ဘုံ၌၊ ပဉ္စမဈာန်ကုသိုလ် စေတနာသည် ပဉ္စမဈာန်ဝိပါက်အကျိုးကို ဝေဟပ္ဖိုလ်၊သုဒ္ဓါဝါသဘုံတို့၌၊ ဇီဝိတ နဝကကလာပ်ရုပ်ဟူသောအကျိုးကို အသညသတ်ဘုံ၌ အကျိုးပေးကြသည်။

အရူပကုသိုလ်ကံ (၄)ပါးတို့သည် အရူပဝိပါက် (၄)ပါးဟူသောအကျိုး ကို အရူပ(၄)ဘုံတို့၌ အစဉ်အတိုင်း အကျိုးပေးကြသည်။

''ဒုစရိုက်သုစရိုက်တရားတို့သို့ သွင်းပုံ''

ပုဗ္ဗာ၌ ကာမကုသိုလ် အကုသိုလ်ကံတို့ကြောင့် ဖြစ်ပေါ်လာနိုင်သော ဒုစရိုက်သုစရိုက် တရားတို့ကိုလည်း ပေးနိုင်သည်၊ သို့ဖြစ်၍ မည်သည့်မူလ ကြောင့် မည်သို့သောဒုစရိုက်တရားများ ဖြစ်နိုင်ပုံကိုလည်း ပြဆိုဦးမည်။

''ဒေါသမူလကြောင့် ဖြစ်ပေါ်လာနိုင်သော ဒုစရိုက်များ''

(၁)ပါဏာတိပါတ (၂)အဒိန္နာဒါန
(၃)ဝစီဒုစရိုက် ၄-ပါး၊ (၄)ဗျာပါဒဟူသော မနောဒုစရိုက်၊

http://www.dhammadownload.com



## ''လောဘအကြောင်း ဖြစ်ပေါ်လာနိုင်သော ဒုစရိုက်များ''

(၁)ကာမေသုမိစ္ဆာစာရ (၂)အဒိန္နာဒါန

(၃)မုသာဝါဒ ပိသုဏဝါစာ သမ္ဖပ္ပလာပ-ဟူသော ဝစီဒုစရိုက်၃-ပါး

(၄)အဘိဇ္ဈာ မိစ္ဆာဒိဋ္ဌိ- ဟူသော မနောဒုစရိုက် ၂-ပါး

မှတ်ချက် မောဟမူလကြောင့် (သို့မဟုတ်)လောဘဒေါသမူလနှစ်ပါးကြောင့် (သို့မဟုတ်) မူလသုံးပါးလုံးတို့ကြောင့် ဒုစရိုက်တရား (၁၀)ပါးလုံး ဖြစ်နိုင်သည်ကိုလည်းကောင်း။

မဟာကုသိုလ်က (သို့မဟုတ်) မဟာကုသိုလ်ရှိ အလောဘ, အဒေါသ,အမောဟဟူသော မူလသုံးပါးတို့ကြောင့် သုစရိုက် တရား (၁၀)ပါးလုံး ဖြစ်နိုင်သည်ကိုလည်းကောင်း မှတ်သား ကြလေ။

### အောက်ပါ အမေးအဖြေကိုလည်း ကြည့်ပါ။

မေး ဥဒ္ဓစ္စသမ္ပယုတ် ဥဒ္ဓစ္စစေတနာ- အရ တရားကြောင့် ဖြစ်ပေါ်လာနိုင်သော ဒုစရိုက်တရားများကို အပြည့်အစုံ ဖော်ပြ၍ ကမ္မပထမပတ္တဒုစရိုက် ကိုလည်း ထုတ်ပြပါ။

ဖြေ ကာမေသုမိစ္ဆာစာရ အဒိန္နာဒါနဟူသော ကာယဒုစရိုက်(၂)ပါး၊ မုသာဝါဒ ပိသုဏဝါစာ သမ္ဖပ္ပလာပဟူသော ဝစီဒုစရိုက် (၃)ပါး၊ အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိဟူသော မနောဒုစရိုက် (၂)ပါးတို့ ဖြစ်သည်။ ကမ္မပထမပတ္တ ဒုစရိုက်- မုသာဝါဒဒုစရိုက်။

### "နောက်ဆက်တွဲ ကြည့်ရန်"

အကုသိုလ် ပဌမဇောစေတနာ၏ အကျိုးနာမ်ရုပ်များ-အဟိတ်အကုသလဝိပါက် (၇)ပါး ဟူသော နာမ်၊ အကုသိုလ်ပဝတ္တိကမ္မဇရုပ်နှင့် ကမ္မပစ္စယ ဥတုဇရုပ်များ ဖြစ်သည်။

### ''မဟာကုသိုလ် ပဌမဇောစေတနာ၏အကျိုး-နာမ်ရုပ်များ''

အဟိတ် ကုသလဝိပါက်စိတ်(၈)ပါး ဟူသော နာမ်၊ မဟာကုသိုလ် ပဝတ္တိ ကမ္မဇရုပ်နှင့် ကမ္မပစ္စယဥတုဇရုပ်များ ဖြစ်သည်။

http://www.dhammadownload.com



မှတ်ချက်။ ။ကြွင်းကျန်သော သင္ဂြိုဟ်ပေါ စေတနာနှင့် တလယ်ပေါ (၅)ချက် စေတနာတို့၏ အကျိုးနာမ်ရုပ်များကို ရှေ့၌ရေးပြီးဖြစ်သည်။

"ပဋိသန္ဓေ အကြောင်းကံ-သော့"

ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာ၏- အကြောင်းကံတို့ကား-
လောကီကုသိုလ်အကုသိုလ်ကံတည်း။
ယင်းကံတို့၏ အခြံအရံပရိက္ခာတရားကား-အဝိဇ္ဇာနုသယ၊
မူလကံတရားကား-တဏှာနုသယ၊
ပဋိသန္ဓေစိတ်၏ အခြံအရံကား-ယှဉ်ဘက်စေတသိက်တို့တည်း။

အောက်ပါ မေးခွန်းတို့လည်း ဖြေကြည့်ပါ။

မေး။ ဂဗ္ဘသေယျက ဥပပါတ်- အရတရား၏ (က)အကြောင်းကံ (ခ)အခြံအရံတရား (ဂ)ယှဉ်ကံ၏အခြံအရံတရား (ဃ)မူလကံတရားတို့ကို ဖါရှိထောက်၍ဖြေဆိုပါ။

### စိတ်အလိုက် ပဋိသန္ဓေနေခြင်းပုံနှင့် ပုဂ္ဂိုလ်တို့ ရောက်နိုင်သောဘုံ

| စဉ် | စိတ် ပုဂ္ဂိုလ် | ပဋိသန္ဓေ ဘုံ |
|---|---|---|
| ၁။ | အဟိတ်, ဒွိဟိတ်စိတ် ၆-ခု အဟိတ်, ဒွိဟိတ် ပုထုဇဉ် | ကာမပဋိသန္ဓေ ၁၀ ကာမ ၁၁-ဘုံ |
| ၂။ | ပုထုဇဉ်၏ တိဟိတ်ကာမစိတ်၄ (ကာမ)တိဟိတ်ပုထုဇဉ် | ပဋိသန္ဓေ ၂၀ ကာမ ၁၁၊ ဝေဟပ္ဖိုလ်တိုင် ရူပ ၁၀ အသညာ ၁၊ အရူပ ၄-ဘုံ |
| ၃။ | အရိယာတိဟိတ်ကာမစိတ် ၄ (ကာမ) သောတာ, သကဒါဂါမ်<br><br>(ကာမ )အနာဂါမ် | တိဟိတ်ပဋိသန္ဓေ ၁၃ ကာမသု-၇၊ ဝေဟပ္ဖိုလ်တိုင် ရူပ ၁၀ အရူပ-၄-ဘုံ<br><br>ရူပ ၁၅၊ အရူပ ၄-ဘုံ |

http://www.dhammadownload.com



| | | |
|---|---|---|
| ၄။ | ပုထုဇဉ်၏ ရူပစိတ်-၅<br>(ဝေဟပ္ဖိုလ်တိုင်)တိဟိတ်ပုထုဇဉ် | သဟိတ်ပဋိသန္ဓေ ၁၇<br>ကာမသု-၇ ဝေဟပ္ဖိုလ်တိုင် ရူပ ၁၀<br>အရူပ ၄-ဘုံ |
| ၅။ | (သုဘကိဏှာတိုင်) အရိယာစိတ် ၃<br>(သုဘကိဏှာတိုင်) သောတာ,သက<br>ဒါဂါမ်<br>(သုဘကိဏှာတိုင်) အနာဂါမ် | မိမိပဋိသန္ဓေနှင့်တကွ အထက်ရူပ<br>အရူပပဋိသန္ဓေ<br>မိမိဖြစ်ရာဘုံနှင့်တကွသုဒ္ဓါဝါသကြဉ်<br>အထက် ရူပအရူပဘုံ<br>မိမိဖြစ်ရာဘုံနှင့်တကွ အထက်ရူပ<br>အရူပဘုံ |
| ၆။ | (ဝေဟပ္ဖိုလ်)အရိယာစိတ် ၁<br>(ဝေဟပ္ဖိုလ်)အောက်ဖလဋ္ဌာန်၃ | ဝေဟပ္ဖိုလ်ပဋိသန္ဓေ<br>ဝေဟပ္ဖိုလ်ဘုံ |
| ၇။ | အသညသတ်စုတိ ၁<br>(အသညသတ်)သုဂတိအဟိတ် | ကာမဒွိဟိတ်,တိဟိတ်ပဋိသန္ဓေ ၈<br>ကာမသုဂတိ ၇-ဘုံ |
| ၈။ | သုဒ္ဓါဝါသအောက်-၄ဘုံ စုတိ ၁<br>(အောက်သုဒ္ဓါဝါသ)အနာဂါမ် | အထက် သုဒ္ဓါဝါသပဋိသန္ဓေ ၁<br>အထက် သုဒ္ဓါဝါသဘုံ |
| ၉။ | အကနိဋ္ဌစုတိ ၁<br>ရဟန္တာပုဂ္ဂိုလ် | နောင်းနိုင်သော ပဋိသန္ဓေ မရှိ<br>ရောက်နိုင်သောဘုံ မရှိ |
| ၁၀။ | ပုထုဇဉ်၏ အရူပစုတိ ၄<br>(အရူပ)တိဟိတ်ပုထုဇဉ် | မိမိပဋိသန္ဓေနှင့်တကွ အထက်အရူပ<br>ပဋိသန္ဓေ ကာမတိဟိတ်ပဋိသန္ဓေ<br>မိမိဖြစ်ရာဘုံနှင့်တကွ အထက်<br>အရူပဘုံ ကာမသုဂတိ ၇-ဘုံ |
| ၁၁။ | အရူပ အရိယာစုတိ<br>(အရူပ)အောက်ဖလဋ္ဌာန် ၃ | မိမိပဋိသန္ဓေနှင့်တကွ အထက်<br>အရူပပဋိသန္ဓေ<br>မိမိဖြစ်ရာဘုံနှင့်တကွ အထက်အရူပဘုံ |

http://www.dhammadownload.com


မှတ်ချက်   အထက်ပါဂါထာကွက်များကို နားလည်သဘောပေါက်နိုင်ရန် ဖော်ပြလတ့်ပါ စကားရပ်များကို စူးစိုက်၍ ကြည့်ပါ။

(၁) အာရုပ္ပစုတိယာ ဟောန္တိ၊ ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ၊
ပဉ္စမာရုပ္ပသန္ဓိ စ၊ တထာ ကာမတိဟေတုကာ၊
ရူပါဝစရစုတိယာ၊ အဟေတုရဟိတာ သိယုံ၊
သဗ္ဗာ ကာမတိဟေတုမှာ၊ ကာမေသွေဝ ပနေတရာ၊
(တစိပ္ပါယ်-လွယ်ပြီ၊)

(၂) ဝေဟပ္ဖလေ အကနိဋ္ဌေ၊ အသညေ စ ပတိဋ္ဌိတာ၊
န ပုနာညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ၊
တစိပ္ပါယ်၊ ၊ ဝေဟပ္ဖိုလ်ဘုံ, နေဝသညာနာသညာယတနဘုံတို့၌ ဖြစ်သော အရိယာဗြဟ္မာတို့သည် စုတေသောအခါ တစ်ပါးသောဘုံတို့၌ ပဋိသန္ဓေ မနေမူ၍ မိမိတို့ဘုံ၌သာလျှင် တစ်ဖန်ပြန်၍ ပဋိသန္ဓေနေကြကုန်၏၊
အကနိဋ္ဌဘုံသား အရိယာတို့သည်ကား၊ တစ်ပါးသောဘုံတို့၌လည်း ပဋိသန္ဓေမနေ၊ မိမိဘုံ၌လည်း တစ်ဖန်ပြန်၍ ပဋိသန္ဓေမနေကြကုန်။

(၃) န ပုန တတ္ထ ဇာယန္တိ၊ သဗ္ဗေပိ သုဒ္ဓါဝါသိကာ၊
ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊ အရိယာ နောပပဇ္ဇရေ၊
တစိပ္ပါယ်။ ၊ သုဒ္ဓါဝါသဘုံသား အရိယာဗြဟ္မာတို့သည် စုတေသော အခါ မိမိတို့ဘုံ၌ အစ်ဖန်ထပ်၍ ပဋိသန္ဓေမနေကြတော့ကုန်၊
အောက်အောက်သုဒ္ဓါဝါသဘုံရှိ အရိယာဗြဟ္မာတို့သည်ကား အထက် အထက်သော သုဒ္ဓါဝါသဘုံတို့၌ ပဋိသန္ဓေနေကြကုန်သေး၏၊
ဗြဟ္မာဘုံ၌ဖြစ်သော အရိယာဗြဟ္မာတို့သည် စုတေသောအခါ အောက် အောက်သောဘုံတို့၌ ပဋိသန္ဓေမနေမူ၍ အထက်အထက်သော ဗြဟ္မာဘုံတို့ ၌သာလျှင် ပဋိသန္ဓေနေကြကုန်၏၊

(၄) အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ၊
တစိပ္ပါယ်။ ၊အနာဂါမ်တို့သည်သာလျှင် သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေ နေနိုင်ကုန်၏၊ အခြားပုဂ္ဂိုလ်တို့ မနေနိုင်ကုန်၊

http://www.dhammadownload.com



### ဓာအောက်ပါ အမေးအဖြေကို ကြည့်ပါ။

မေး နေဝသညာနာသညာယတနပရိတ် ဒေဝါန်-အရ အရိယာဖြဟ္မာ၏ စုတိနောင် နောင်းနိုင်သောပဋိသန္ဓေ, ယင်းပုဂ္ဂိုလ်ရောက်နိုင်သောဘုံ တို့ကို ပြေပါ။

ဖြေ နေဝသညာနာသညာယတနဝိပါက် ပဋိသန္ဓေဖြစ်သည်။
ရောက်နိုင်သောဘုံ- နေဝသညာနာသညာယတနဘုံ။

မေး သုဒ္ဓါဝါသာန် ဒေဝါန်-အရ သုဒဿာဘုံသား အနာဂါမ်ဖြဟ္မာ၏ စုတိနောင် နောင်းနိုင်သောပဋိသန္ဓေနှင့် ရောက်နိုင်သော ဘုံတို့ကိုပြေပါ။

ဖြေ သုဒဿီ, အကနိဋ္ဌသုဒ္ဓါဝါသ ရူပပဉ္စမဈာန်ပဋိသန္ဓေဖြစ်သည်။
ရောက်နိုင်သောဘုံကား- သုဒဿီ, အကနိဋ္ဌဘုံ။

မေး အာဘဿရာန် ဒေဝါန်-အရ အောက်ဖလဌာန်ပုဂ္ဂိုလ်နှစ်ယောက်၏ စုတိနောင် နောင်းနိုင်သောပဋိသန္ဓေနှင့် ရောက်နိုင်သောဘုံတို့ကို ပြေပါ။

ဖြေ အာဘဿရာဘုံမှ ဝေဟပ္ဖိုလ်တိုင်အောင်သော ဘုံသားတို့၏ ဒု,တ,စ, ပဉ္စမဈာန်ဝိပါက်ပဋိသန္ဓေ, အရူပပဋိသန္ဓေ။
ရောက်နိုင်သောဘုံကား- အာဘဿရာဘုံ, တတိယဈာန် ၃-ဘုံ, ဝေဟပ္ဖိုလ်ဘုံ, အရူပ ၄-ဘုံ။

မေး အဌကနိပါတ် အဂ္ဂကသုတ်မှ "အယဉ္စ ပုဂ္ဂလော အညတရံ ဒိယာယုကံ ဒေဝနိကာယံ ဥပပဇ္ဇော ဟောတိ"ဟူသော ပါဠိ၌ ဒိယာယုက ဒေဝနိကာယအရ ယူရမည့်ဘုံကိုလည်းကောင်း၊ ထိုဘုံ၌ရထိုက်သော ပဋိသန္ဓေအမျိုးအစား ရုပ်အရေအတွက်နှင့် ထိုဘုံသားတို့၏ သက်တမ်းကိုလည်းကောင်း ဖော်ပြပါ။

ဖြေ ဘုံကား- အသညသတ်ဘုံ။
ပဋိသန္ဓေအမျိုးအစားကား- ဇီဝိတနဝကကလာပ်ရုပ် ပဋိသန္ဓေအမျိုးအစားဖြစ်သည်။

http://www.dhammadownload.com


ပဋိသန္ဓေအခါ- အဝိနိဗ္ဘောဂရုပ် (၈)၊ ဇီဝိတရုပ် (၁)၊ အာကာသ ဓာတ်(၁)-ဟူသော ကမ္မဇရုပ် (၁၀)ပါး၊ ဥပစယ, သန္တတိ ပေါင်း၊ (၁၂) ပါး ရသည်။

ပဝတ္တိအခါ- ဇီဝိတ၊ အဝိနိဗ္ဘော (၈)၊ လဟုတာဒိ(၃)၊ အာကာသ ဓာတ်၊ လက္ခဏရုပ် (၄)အားဖြင့် (၁၇)ပါး၊

သက်တမ်းကား-မဟာကပ် (၅၀၀) ဖြစ်သည်။

မှတ်ချက် အသင်းပုဏ္ဏားဟောင်းများ၌ ဘုံ, ပုဂ္ဂိုလ်, သက်တမ်းများ ပေးထား သည်ကို တွေ့ရသည်။ သို့ဖြစ်၍ ဘုံ, ပုဂ္ဂိုလ်, သက်တမ်းနှင့်ဆိုင်ရာ အချက်အလက်တို့ကို ကြံတင်၍ လေ့လာထားကြပါကုန်။

ဝိဘာဂပိုင်း ပြီး၏။

http://www.dhammadownload.com



# ရုပ်ပိုင်း

ပုစ္ဆာ၌ ရုပ်ပိုင်းနှင့် ဆိုင်ရာ ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်များ မေးနိုင်သည်။

## ကမ္မဇရုပ်

ရုပ်ကိုဖြစ်စေနိုင်သော ကံတို့သည် ကာမကုသိုလ်ကံ, အကုသိုလ်ကံ, ရူပကုသိုလ်ကံ- ဟု (၂၅)ပါး ရှိသည်။

ထိုတွင် ကာမကုသိုလ်ကံနှင့်အကုသိုလ်ကံတို့သည် (၂၀)ပါးသော ကမ္မဇရုပ်တို့ကို ဖြစ်စေနိုင်သည်။

ရူပကုသိုလ်ကံ (၅)ပါးသည်ကား၊ ဃာနပသာဒ ဇိဝှါပသာဒ ကာယပသာဒ ဣတ္ထိဘော ပုမ္ဘောကြဉ်သော ကျန် (၁၅)ပါးသော ကမ္မဇရုပ်တို့ကိုသာ ဖြစ်စေနိုင်သည်။ (ရုပ်ပိုင်း။ပိုဒ်၊၅၈-ထောက်)

မေး ပဋိသန္ဓေကုသိုလ်စေတနာကြောင့် ဖြစ်နိုင်သောရုပ်၊ ရုပ်ကလာပ်တို့ကို အထောက်ပြ၍ ဖြေပါ။

ဖြေ ဃာနပသာဒ ဇိဝှါပသာဒ ကာယပသာဒ ဣတ္ထိဘော ပုမ္ဘောကြဉ်သော ကျန်(၁၅)ပါးသောကမ္မဇရုပ်၊

စက္ခု, သောတ, ဝတ္ထုဒသကကလာပ်၊ ဇီဝိတနဝကကလာပ်ဟူသော ကမ္မဇကလာပ် (၄)စည်းတို့ ဖြစ်သည်။ (ရုပ်ပိုင်း။ပိုဒ်၊၅၈-ကို ထောက်)

### ကာမဘုံ၌ ဝဋ်သဒ္ဒေါ်အစွမ်းအားဖြင့် ထုံဖြားသော်သတ္တဝါ(၃)မျိုး

၁။ သံသေဒဇ- ပဒုမ္မာကြာတိုက်, ကိုယ်ဝန်အညစ်အကြေး, ပန်းမှိုက်ပုပ်, ငါးပုပ်, ရေပုပ်, မဝင်ပုပ်စသော အရပ်၌ ဖြစ်သောသတ္တဝါ။

၂။ ဩပပါတိက-ဘဝဟောင်းမှ ဘဝသစ်သို့ ၁ကိုယ်ထင်ရှား ဘွားကနဲ ပေါ်လာသောငရဲသား၊ ပြိတ္တာ,တိရစ္ဆာန်အချို့, ကမ္ဘာဦးကလူနှင့် နတ်များ၊)

http://www.dhammadownload.com



၃။ ဂန္ဓသေယျက- သား၊ ဥ၊ မိန့်ဖြစ်သော လူ၊ ဆင်၊ မြင်း၊ ခွေး စသောသတ္တဝါ၊
ဒ။ ဥည်ဖြစ်သော ငှက်၊မြွေ၊လိပ်၊ငါးစသောသတ္တဝါ-ဟု (၃)မျိုး
ရှိသည်။

လိုတွင် ကာမဘုံသား သံသေဒဇ ဩပပါတိကသတ္တဝါတို့၏ ပဋိသန္ဓေ
အခါ၌ ဝက္ခုစသောကမ္မဇကလာပ်(၇)စည်း၊ ကမ္မဇရုပ်(၂၀)ပါး ရနိုင်သည်။

မေး သုဂတိ သဂ္ဂ လောက် ဥပပဏ္ဍာဇိ- အရတာရားနှင့် အတူတကွ ဖြစ်နိုင်သော
ရုပ်၊ ရုပ်ကလာပ်တို့ကို အထောက်ပြ ဖြေဆိုပါ။

ဖြေ စက္ခုစသော ကမ္မဇကလာပ် (၇)စည်း၊ ကမ္မဇရုပ် (၂၀)ပါး ဖြစ်သည်။
(ရုပ်၊၅၃၊ပိုဒ်ထောက်)

မှတ်ချက် ဥပပဏ္ဍာဇိ-အရတာရားသည် ဩပပါတိကနတ်သတ္တဝါတို့၏ ပဋိသန္ဓေ
ဖြစ်သည်။ သို့ဖြစ်၍ ဩပပါတိကသတ္တဝါတို့၏ ပဋိသန္ဓေအခါ၌
ရနိုင်သော ကမ္မဇကလာပ်တို့ကို ကောက်လိုက်သည်။

ဂဗ္ဘသေယျကသတ္တဝါတို့၏ ပဋိသန္ဓေအခါ၌ ကာယ၊ဘာဝ၊ဝတ္ထု
ဟူသော ကမ္မဇကလာပ် (၃)စည်း၊ အဝိနိဗ္ဘောဂရုပ် (၈)ခု၊ ဇီဝိတ၊ကာယ၊ဘာဝ၊
ဟဒယဝတ္ထု၊ အာကာသဓာတ်၊ဥပစယ၊သန္တတိ-ဟူသော ကမ္မဇရုပ် (၁၆)ပါး
ရနိုင်သည်။

မေး ဂဗ္ဘမေကေ ဥပ္ပန္နဿ-အရ တရားနှင့်တကွ ဖြစ်နိုင်သောရုပ်၊ ရုပ်ကလာပ်၊
ယင်းရုပ်တို့၏ အကြောင်းသမုဋ္ဌာန်တို့ကို အတိအကျ ပေါ်ပြပါ။

ဖြေ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ဣတ္ထိဘောကြဉ်သော ကမ္မဇရုပ် (၁၅)ပါး၊
ကာယဒသက၊ ပုမ္ဘာဝဒသက၊ ဝတ္ထုဒသက-ဟူသော ကမ္မဇကလာပ်
(၃)စည်းတို့ ဖြစ်ပါသည်။
- အကြောင်းသမုဋ္ဌာန်- မဟာကုသိုလ်ကံ။

မှတ်ချက် ဥပ္ပန္နဿ-အရ ပဋိသန္ဓေသည် ပုရိသ၏ပဋိသန္ဓေဖြစ်၍ ပုမ္ဘာဝ
ဒသကကလာပ်ကိုသာ ကောက်ရမည်။ ကမ္မဇရုပ်၏ အကြောင်း၊
သမုဋ္ဌာန် (၂၅)ပါးရှိသော်လည်း ပဋိသန္ဓေ၏အကြောင်းကံသည်

http://www.dhammadownload.com



မဟာကုသိုလ်ကံသာဖြစ်၍ အကြောင်းသမုဋ္ဌာန်လည်း မဟာကုသိုလ်ကံသာ ဖြစ်ရမည်။

မေး။ ဝေဟပ္ဖလာကဏ္ဍလာ ပါကုပေတံ-၌ ရှေ့ပုဒ်အရ ရုပ်ပရမတ်တရား၏ အကြောင်းသမုဋ္ဌာန်ကို ဣစာစိပ္ပေတအားဖြင့် ဖော်ပြပါ။

ဖြေ။ ရုပ်ဇီဝိတ၏ အကြောင်းသမုဋ္ဌာန်ကား ကာမကုသိုလ် အကုသိုလ်ကံ ဖြစ်သည်။

မှတ်ချက်။ ဤ၌ရုပ်ဇီဝိတသည် ကာမဘုံသား ဝေဟပ္ဖလပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်၍ ကာမကုသိုလ် အကုသိုလ်ကံဟူသော အကြောင်းသမုဋ္ဌာန်ကိုသာ ကောက်ရသည်။ ရူပကုသိုလ်ကံကို မကောက်ရ။

## အချုပ်မှတ်ရန်

ကာမဘုံသားတို့၏ ကမ္မဇရုပ်၏ အကြောင်းသမုဋ္ဌာန်ကို ကာမကုသိုလ် အကုသိုလ်ကံဟု လည်းကောင်း၊ ရူပဘုံသား ကမ္မဇရုပ်၏ အကြောင်းသမုဋ္ဌာန် ကို ရူပကုသိုလ်ကံ ကာမကုသိုလ် အကုသိုလ်ကံဟုလည်းကောင်း မှတ်သားရ မည်။ ရူပဘုံသားတို့၏ ပဋိသန္ဓေအခါ၌ စက္ခု၊ သောတ၊ ဝတ္ထုဒသက ကလာပ်၊ ဇီဝိတနဝကကလာပ်-ဟူသော ကမ္မဇကလာပ် (၄)စည်းသာ ရနိုင်သည်။

မေး။ ဟတ္ထကော အစိဟံ ဂုတော-၌ ဂတော်ဝယ် ဓာတ်အရတရားနှင့် တကွ ဖြစ်သော ရုပ်၊ ရုပ်ကလာပ်၊ ယင်းရုပ်၏ အကြောင်းသမုဋ္ဌာန်တို့ကို တိကျစွာ ဖြေပါ။

ဖြေ။ အဝိနိဗ္ဘောဂရုပ်(၈)ခု၊ ဇီဝိတ၊ စက္ခု၊ သောတ၊ ဟဒယဝတ္ထု၊ အာကာသ ဓာတ်၊ ဥပစယ၊ သန္တတိ ဟူသော ကမ္မဇရုပ် (၁၅)ပါး။
စက္ခု၊ သောတ၊ ဝတ္ထုဒသကကလာပ်၊ ဇီဝိတနဝကကလာပ်-ဟူသော ကမ္မဇကလာပ် (၄)စည်းတို့ ဖြစ်သည်။
အကြောင်းသမုဋ္ဌာန်- ပဥ္စမဈာန် ကုသိုလ်စေတနာ။

မှတ်ချက်။ ဓာတ်အရတရားသည် အစိဟာဘုံသားတို့၏ ရူပပဥ္စမဈာန်ဝိပါက် ပဋိသန္ဓေဖြစ်သည်။

http://www.dhammadownload.com



ယင်းပဋိသန္ဓေနှင့် အတူတကွ ကမ္မဇရုပ်များသာ ဖြစ်နိုင်သည်၊ စိတ္တဇရုပ်စသည်တို့ မဖြစ်နိုင်။

သို့ဖြစ်၍ အမြေ၌ ကမ္မဇရုပ်နှင့်ကမ္မဇကလာပ်များသာ ကောက်ရသည်၊ အကြောင်းသမုဋ္ဌာန်ကိုလည်း ရူပပဉ္စမဈာန် ဝိပါက်ပဋိသန္ဓေ၏ အကြောင်းကံဖြစ်သော ရူပပဉ္စမဈာန် ကုသိုလ်ကံကိုသာ ကောက်ရသည်။

## ဆက်လက်မှတ်သားရန်

ကမ္မဇရုပ်သည် ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်-ဟု နှစ်မျိုးရှိ၏၊ ထိုတွင် ပဋိသန္ဓေကမ္မဇရုပ်၏ အကြောင်းသမုဋ္ဌာန်သည် ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာ၏ အကြောင်းကံနှင့် တူ၏၊

ပဝတ္တိကမ္မဇရုပ်၏ အကြောင်းသမုဋ္ဌာန်သည် ပဝတ္တိဝိပါက်နာမက္ခန္ဓာ၏ အကြောင်းကံနှင့် တူ၏၊ ကာမဘုံရှိ ပဝတ္တိဝိပါက် နာမက္ခန္ဓာ၏ အကြောင်းကံကား ကာမကုသိုလ် အကုသိုလ်ကံတည်း။ ရူပဘုံရှိ ပဝတ္တိဝိပါက် နာမက္ခန္ဓာ၏ အကြောင်းကံကား၊ ကာမကုသိုလ်အကုသိုလ်ကံ, ရူပကုသိုလ်ကံတည်း။

## ပဋိသန္ဓေကမ္မဇရုပ် ၂-မျိုး

ပဋိသန္ဓေကမ္မဇရုပ်သည် အနိဋ္ဌကမ္မဇရုပ်၊ ဣဋ္ဌကမ္မဇရုပ်-ဟု နှစ်မျိုးရှိ၏၊ ထိုတွင် ဒုဂ္ဂတိဘုံသားတို့၏ ပဋိသန္ဓေကမ္မဇရုပ်သည် အနိဋ္ဌကမ္မဇရုပ်၊ သုဂတိဘုံသားတို့၏ ပဋိသန္ဓေကမ္မဇရုပ်သည် ဣဋ္ဌကမ္မဇရုပ်တည်း။

ထို့အတူ ပဝတ္တိကမ္မဇရုပ်သည်လည်း အနိဋ္ဌပဝတ္တိကမ္မဇရုပ်၊ ဣဋ္ဌပဝတ္တိ ကမ္မဇရုပ်-ဟု နှစ်မျိုးပင်ရှိ၏၊

ထို(၂)မျိုးလုံးကို ဒုဂ္ဂတိဘုံသားတို့၏ သန္တာန်၌လည်း ရနိုင်၏၊ သုဂတိဘုံသားတို့၏ သန္တာန်၌လည်း ရနိုင်၏၊

အနိဋ္ဌကမ္မဇရုပ်၏ အကြောင်းသမုဋ္ဌာန်ကား၊ အကုသိုလ်ကံ၊ ဣဋ္ဌကမ္မဇရုပ်၏ အကြောင်းသမုဋ္ဌာန်ကား၊ ကုသိုလ်ကံတည်း။

အောက်ပါ အမေးအဖြေကိုလည်း ဆက်လက်ကြည့်ပါဦး။

မေး၊ ဂဗ္ဘသေယျက ဝေါက္ကန္တိ၌ နောက်ပုဒ်မှ စတင်အရနှင့် အတူတကွဖြစ်နိုင်သောရုပ်၊ ယင်းရုပ်၏ အကြောင်းသမုဋ္ဌာန်တို့ကို ဖြေပါ။

http://www.dhammadownload.com


ဖြေ   အဝိနိဗ္ဘောဂရုပ် (၈)၊ ဇီဝိတရုပ်၊ ကာယ၊ ဗုဿ၊ ဟဒယဝတ္ထု၊ အာကာသဓာတ် ဥပစယ သန္တတိ ဟူသော ကမ္မဇရုပ် (၁၅)ပါးဖြစ်သည်။

အကြောင်းသမုဋ္ဌာန်ကား- တိဟိတ်ဥက္ကဋ္ဌဖြစ်သော ဗဟာကုသိုလ်ဉာဏသမ္ပယုတ် သောမနဿသဟဂုတ် အသင်္ခါရိကစေတနာ။

## "စိတ္တဇရုပ်"

ရုပ်ကိုဖြစ်စေနိုင်သော စိတ်တို့သည် အရူပဝိပါက် (၄)ခု၊ ဒွေပဉ္စဝိညာဏ် (၁၀)၊ ပဋိသန္ဓေစိတ်၊ ရဟန္တာတို့၏စုတိကြဉ်သော ပဉ္စဒွါရာဝဇ္ဇန်းရှိ (၇၅) ပါးသောစိတ်တို့ ဖြစ်သည်။

ယင်းတို့တွင် မနောဒွါရ၌ဖြစ်သော ဝုဋ္ဌော၊ ကာမဇောတစ်ခုယုတ် (၃၀)၊ အဘိညာဉ်နှစ်-ဟူသော စိတ်တို့ကြောင့် စိတ္တဇရုပ် (၁၇)၊ စိတ္တဇကလာပ် (၆)စည်းတို့ ဖြစ်ကြသည်။

**အောက်ပါ အမေးအဖြေကိုလည်း ကြည့်ပါဦး။**

မေး   ဘဂဝန္တ အဘိဝါဒေတွာ-အရ ဖြစ်သင့်သော ပရမတ်တရားကြောင့် ဖြစ်နိုင်သောရုပ်၊ ရုပ်ကလာပ်တို့ကို ဖော်ပြပါ။

ဖြေ   စိတ္တဇရုပ် (၁၇)၊ စိတ္တဇကလာပ် (၆)စည်း ဖြစ်သည်။

## ဆက်လက်ရှုစရာရှိ

သန္တီရဏ(၃)၊ မနောဓာတ်(၃)၊ အဘိညာဉ်နှစ်ကြဉ်သော အပ္ပနာဇော (၂၆)၊ ပဉ္စဒွါရ၌ဖြစ်သော ဝုဋ္ဌော၊ ကာမဇောတစ်ခုယုတ် (၃၀) ဟူသော စိတ်တို့ကြောင့် ဝိညတ်နှစ်။ သဒ္ဒရုပ်ကြဉ်သော (၁၄)ပါးသော စိတ္တဇရုပ်၊ သုဒ္ဓဋ္ဌကကလာပ်၊ လဟုတာဒေကာဒသကကလာပ်-ဟူသော စိတ္တဇ ကလာပ်နှစ်စည်းတို့ ဖြစ်ကြသည်။ (ဆရာအများစုက သဒ္ဒရုပ်ကို မကြဉ်လိုကြ။)

မေး   စဝ် မေ သုတံ-၌ သုတဝယ် ဓာတ်အရ ဇောပရမတ်တရားကို ကောက်ပြ၍ ယင်းတရားကြောင့် ဖြစ်နိုင်သောရုပ်၊ ရုပ်ကလာပ်တို့ကို အကြောင်းပြဖြေပါ။

http://www.dhammadownload.com



ဖြေ တတ်အရ ဇောပရမတ်တရားကား- မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော (၄)ခုဖြစ်သည်။ ယင်းတရားကြောင့် ဝိညတ်ဒွေ၊ သဒ္ဒရုပ်ကြွင်သော (၁၄)ပါးသောစိတ္တဇရုပ်၊ သုဒ္ဓဋ္ဌကကလာပ် လဟုတာဒေကာဒသက ကလာပ်ဟူသော စိတ္တဇကလာပ် (၂)စည်း ဖြစ်သည်။

အကြောင်းကား- ဒွေ့ာတဒ္ဓါရိုက မဟာကုသိုလ်ဉာဏသမ္ပယုတ် ဇောသည် အလွန်အားနည်းသောကြောင့် ဝိညတ်ဒွေးကို မဖြစ်စေနိုင်၊ ယင်းကို မဖြစ်စေနိုင်က ယင်းနှင့်အမြဲအတူတကွဖြစ်သော သဒ္ဒရုပ်ကို လည်း မဖြစ်စေနိုင်သောကြောင့်တည်း။ (နယဂ္ဂါဟဖြူလေ)

မှတ်ချက်။ သဒ္ဒရုပ်သည် ဝစီဝိညတ်နှင့် အမြဲအတူတကွဖြစ်သောကြောင့် ဝစီဝိညတ်ရုပ်ကို မဖြစ်စေနိုင်က သဒ္ဒရုပ်ကိုလည်း မဖြစ်စေနိုင်ပါ။ သို့ဖြစ်၍ သဒ္ဒရုပ်ကိုလည်း အထက်၌ ကြွင်ထားသည်။

### ပဋိသန္ဓေစိတ်က ရုပ်ကို မဖြစ်စေနိုင်ခြင်းအကြောင်း

၁။ မှီရာ ဟဒယဝတ္ထုရုပ်၏ အားနည်းခြင်းကြောင့်လည်းကောင်း။
၂။ တည်တည်တံ့တံ့ မရှိသောကြောင့်လည်းကောင်း။
၃။ ပုရေဇာတ-စသော အကြောင်းအထောက်အပံ့ ချို့တဲ့ခြင်းကြောင့် လည်းကောင်း။
၄။ ဘဝသစ်၌ ရောက်ခါစအာဂန္တုကမျှသာ ဖြစ်ခြင်းကြောင့်လည်းကောင်း။
၅။ စိတ္တဇရုပ်တို့တည်ဘို့ရာ အကြောင်းကို ကမ္မဇရုပ်များက ယူထားခြင်း ကြောင့်လည်းကောင်း ပဋိသန္ဓေစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်ပါ။ (မေးဘူး)

### ရဟန္တာတို့၏ စုတိစိတ်က ရုပ်ကိုမဖြစ်စေနိုင်ခြင်းအကြောင်း

အဝိဇ္ဇာတဏှာတည်းဟူသော ဝဋ်မြစ်ပြတ်ပြီးဖြစ်၍ ဘဝသစ်၌ ရုပ် အဆက်အသွယ် မရှိသောကြောင့် ရဟန္တာတို့၏ စုတိစိတ်သည် ရုပ်ကို မဖြစ် စေနိုင်ပါ။

http://www.dhammadownload.com


မေး ဘဂဝါ တေဒဝေါဓ-၌ ဖြစ်သင့်သော နာမ်ပရမတ်တရားကြောင့် ဖြစ်နိုင်သောရုပ်၊ ရုပ်ကလာပ်၊ ဣတ္ထိဝိပ္ပယုတ္တရုပ်၊ ရုပ်ကလာပ်တို့ကို ကောက်ပြပါ။

ဖြေ (၁၇)ပါးသောစိတ္တဇရုပ်၊ (၆)စည်းသောစိတ္တဇကလာပ်တို့ ဖြစ်သည်။
ဣတ္ထိဝိပ္ပယုတ္တရုပ်- သဝိညတ္တိကဝစီဘေဒသဒ္ဒရုပ်၊
ဣတ္ထိဝိပ္ပယုတ္တရုပ်ကလာပ်-ဝစီဝိညတ္တိသဒ္ဒကကလာပ်၊
ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိတေရသကကလာပ်တို့ ဖြစ်သည်။

မေး ဒိဋ္ဌိယောဂဝိသံယောဂေါ-အရတရားကြောင့် ဖြစ်နိုင်သောရုပ်, ရုပ်ကလာပ်တို့ကို အထောက်ပြ၍ ကောက်ပြခဲ့ပါ။

ဖြေ ဝိညတ်ခွေးသဒ္ဒရုပ်ကြဉ်သော (၁၄)ပါးသောစိတ္တဇရုပ်၊ သုဒ္ဓဋ္ဌကကလာပ် လဟုတာဒေကာဒသကကလာပ်ဟူသော စိတ္တဇကလာပ် (၂)စည်းတို့ ဖြစ်သည်။

အထောက်- ဝေါဋ္ဌဗ္ဗနကာမာဝစရဇဝနာဘိညာ ပန စိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ၊ (ဗျတိရေကအားဖြင့် ထောက်သည်။)

မေး အနုဝဋ္ဋေန ကာယကမ္မေန-၌ ကာယအရတရားကို ကောက်ပြ၍ ယင်းတရားကို ကလာပ်ဖွဲ့ပြပါ။

ဖြေ ကာယအရ ကာယဝိညတ် ဖြစ်ပါသည်။
ကလာပ်ဖွဲ့-ကာယဝိညတ္တိနဝကကလာပ်, ကာယဝိညတ္တိလဟုတာဒိဒွါဒသကကလာပ် ဖြစ်ပါသည်။

မှတ်ချက် မိမိကောက်ယူထားသော ကာယဝိညတ်ရုပ်သည် စိတ္တဇရုပ်ဖြစ်၍ ယင်းကာယဝိညတ်ကို စိတ္တဇကလာပ် (၆)စည်းထဲသို့ သွင်းရသည်။ ယင်းသို့သွင်းသောအခါ အထက်ပါ ကလာပ်(၂)စည်းထဲသို့သာ ဝင်သည်၊ ထို့ကြောင့် အဖြေ၌ ဆိုခဲ့ပြီးကလာပ်(၂) စည်းကိုသာ ကောက်ထားသည်။ (နည်းယူတတ်ပါစေ။)

မေး ဓမ္မကထံ ကတွာ-၌ ကထံအရတရား၏အကြောင်းသမုဋ္ဌာန်ကို ဣတ္ထိဝိပ္ပယုတ္တနဝိပ္ပယုတ္တအားဖြင့် ခွဲခြားပေါ်ပြပါ။

http://www.dhammadownload.com


၉၉။ ဣတ္ထိဝိပ္ပယုတ္တသမ္ပယုတ်-ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏ သမ္ပယုတ်စိတ်၊

အနုဝိပ္ပယုတ္တသမ္ပယုတ် အထက်ပါစိတ်မှ တစ်ပါးသောမနောဒွါရိက ဝုဋ္ဌော ကာမဇောတစ်ခုယုတ်(၃၀) အဘိညာဉ်ဒွေးတို့ဖြစ်ပါသည်၊

''ဥတုဇရုပ်''

ရုပ်ကိုဖြစ်စေနိုင်သော ဥတုတို့သည် တေဇောဓာတ်ဟူသော (၁)အဇ္ဈတ္တ ဥတု (၂)ဗဟိဒ္ဓဥတုဟူ နှစ်မျိုးရှိသည်၊

ထိုတွင် အဇ္ဈတ္တဥတုဟူသည် သက်ရှိသတ္တဝါကကပုဂ္ဂိုလ်၏ အတွင်း သန္တာန်၌ဖြစ်သော တေဇောဓာတ်ကို ဆိုသည်၊ ဗဟိဒ္ဓဥတုဟူသည် သက်မဲ့ တောတောင်ရေမြေ စသောအပြင်ပ၌ဖြစ်သော တေဇောဓာတ်ကို ဆိုသည်၊

''အဇ္ဈတ္တဥတုကြောင့်ဖြစ်နိုင်သောရုပ်, ရုပ်ကလာပ်''

အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ အာကာသဓာတ် (၁)ပါး၊ လဟုတာဒိ(၃)ပါး၊ သဒ္ဒရုပ်(၁)ပါး ဥပစယ သန္တတိ(၂)ပါးဟူသော ဥတုဇရုပ် (၁၅)ပါးတို့ ဖြစ်သည်၊

ရုပ်ကလာပ်- ဥတုဇကလာပ် (၄)စည်း ဖြစ်သည်၊

## ကြည့်ရှုရန်

ကမ္မဇရုပ်တို့သည် ပဋိသန္ဓေ၏ဥပါဒ်ခဏမှ စ၍ စိတ်တို့၏ ခဏတိုင်း ခဏတိုင်းတို့၌ ဖြစ်၏၊ ယင်းသို့ဖြစ်သော ကမ္မဇရုပ်တွင် တေဇောဓာတ်ဟူ သော ဥတုပါဝင်၏၊ ၎င်းတေဇောဓာတ်ဟူသောဥတုကို အဇ္ဈတ္တဥတုဟုခေါ်၏၊ ထိုအဇ္ဈတ္တဥတုသည် ဗဟိဒ္ဓဥတု၏ အထောက်အပံ့ကိုယူကာ မိမိဖြစ်ရာခဏ၏ အခြားမဲ့ခဏ၌ (ဌီ) ဋ္ဌီခဏသို့ရောက်နိုက် အခြားသောဥတုဇရုပ်ကို ဖြစ်စေ၏၊

ထို့ပြင် အခြားသော စိတ္တဇရုပ်စသည်တို့ ဖြစ်ရာ၌လည်း တေဇော ဓာတ်ဟူသော ဥတုပါဝင်ပုံ၊ ယင်းဥတုကို အဇ္ဈတ္တဥတုဟုခေါ်ပုံ၊ ၎င်းအဇ္ဈတ္တ ဥတုက ဋ္ဌီခဏသို့ရောက်နိုက် အခြားသော ဥတုဇရုပ်ကို ဖြစ်စေနိုင်ပုံကိုလည်း သိပါလေ၊

http://www.dhammadownload.com



**အောက်ပါ အမေးအဖြေကိုလည်း ဆက်လက်ကြည့်ပါဦး။**

မေး။ ဂဗ္ဘသေယျက ဥပပတ္တိ-အခါ ရုပ်တရားတွင် ပါဝင်သော ဥတု, ၎င်းဥတုက ဖြစ်စေနိုင်သောရုပ်, ဖြစ်စေရာအခါတို့ကို အတိအကျ ထုတ်ပြပါ။

ဖြေ ကမ္မဇတေဇောဓာတ်ဟုသော အဗ္ဘန္တရဥတုဖြစ်ပါသည်။

ဖြစ်စေနိုင်သောရုပ်မှာ- အဝိနိဗ္ဘောဂရုပ်(၈)ပါး အာကာသဓာတ်(၁) လဟုတာဒိ(၃) သဒ္ဒရုပ်(၁) ဥပစယ သန္တတိ(၂)ဟုသော ဥတုဇရုပ် (၁၅)ပါး ဖြစ်ပါသည်။ဖြစ်စေရာအခါ- ပဋိသန္ဓေစိတ်၏ဌီခဏ ဖြစ်ပါသည်။ (နယဂ္ဂါဟ ပြုလေ။)

**''ဓာတ်ခွဲဥတုကြောင့် ဖြစ်နိုင်သောရုပ်, ရုပ်ကလာပ်''**

အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ သဒ္ဒရုပ်(၁)ပါး အာကာသဓာတ်(၁) ဥပစယ သန္တတိ(၂)ဟုသော ဥတုဇရုပ် (၁၂)ပါး ဖြစ်သည်။

ရုပ်ကလာပ်- သုဒ္ဓဋ္ဌကကလာပ်, သဒ္ဒနဝကကလာပ်ဟုသော ဗဟိဒ္ဓ ဥတုဇကလာပ်(၂)စည်း ဖြစ်သည်။ (ရုပ်ပိုင်း။၅၀-ပိုဒ်ထောက်)

မှတ်ချက် . ပုဏ္ဏားစာရွက်, ဘောလ်ပင်-စသော ဗဟိဒ္ဓအရာဝတ္ထုတို့၌ ဥတုဇ သုဒ္ဓဋ္ဌကကလာပ် (၁)စည်း ရနိုင်၏၊ လေခတ်ခြင်း, အရာဝတ္ထု နှစ်ခုထိခိုက်ခြင်း-စသည်ကြောင့် အသံမည်ရာအခါ၌ သဒ္ဒနဝက ကလာပ် ရနိုင်၏။

မေး။ နဋေရှ ပုစိမန္နမှုလေ-၌ ပုစိမန္နအရ ရနိုင်သောရုပ်, ရုပ်ကလာပ်တို့ကို သာဓကပြ၍ ဖြေဆိုပါ။

ဖြေ အဝိနိဗ္ဘောဂရုပ် (၈)ခု၊ အာကာသဓာတ်(၁) သဒ္ဒရုပ်(၁)ဥပစယ သန္တတိ (၂) ဟူသော ဗဟိဒ္ဓ ဥတုဇရုပ် (၁၂)ပါး။

သုဒ္ဓဋ္ဌကကလာပ် သဒ္ဒနဝကကလာပ် ဟူသော ဗဟိဒ္ဓဥတုဇ ကလာပ် (၂)စည်း ဖြစ်ပါသည်။

သာဓက- တတ္ထ သုဒ္ဓဋ္ဌကံ သဒ္ဒနဝကဉ္စေတိ ဒွေ ဥတုသမုဋ္ဌာန ကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ။

http://www.dhammadownload.com



တနည်း၊ စာဖြေ အဝိနိဗ္ဘောဂရုပ် (၈)ခုဟူသော ဝဟိဒ္ဓဥတုဇရုပ် ဖြစ်သည်။
(ဝါ) အနိပ္ဖန္နယဝဒ္ဓရုပ် (၈)ခုဖြစ်သည်။ (အသံမပည်သောအခါကို ရည်ရွယ်)
အဝိနိဗ္ဘောဂရုပ် (၈)ခု၊ သဒ္ဒရုပ် (၁)ခု အာကာသဓာတ်(၁)ဟူသော ဝဟိဒ္ဓဥတုဇရုပ် ကိုးခုဖြစ်သည်။ (အသံမြည်သောအခါကို ရည်ရွယ်)

မှတ်ချက် အထက်ပါအဖြေ နှစ်မျိုးတို့တွင် ပဌမအဖြေသည် ရနိုင်သမျှကို ပေါင်းရုံး၍ဖြေဆိုထားသော အဖြေဖြစ်ပါ၏။
ဒုတိယအဖြေကား ခွဲခြား၍ အတိအကျ ဖြေဆိုထားသော အဖြေဖြစ်၏။

ထို့အပြင် အာကာသဓာတ်ဟူသည်ကို ကလာပ်စည်းတို့၏ အကြား၌သာ ရနိုင်သည်ဖြစ်၍ ကလာပ်တစ်စည်းတည်း ရရာအခါ၌ အာကာသဓာတ် မရနိုင်သောကြောင့် ဒုတိယအဖြေ ပဌမအချက်၌အာကာသဓာတ်ကို မကောက်ဘဲ ချန်ထားသည်။

မေး မဥ္စ ဝါ ပီဌ ဝါ-တို့၌ ရနိုင်သောရုပ်၊ ယင်းရုပ်၏ အကြောင်းသမုဋ္ဌာန်၊ ယင်းသမုဋ္ဌာန်ကြောင့် ဖြစ်နိုင်သောရုပ်၊ ရုပ်ကလာပ်တို့ကို အတိအကျ ဖြေပါ။

ဖြေ အဝိနိဗ္ဘောဂ (၈)ခု ဟူသော ဝဟိဒ္ဓဥတုဇရုပ်ဖြစ်သည်။ ,
|အနိပ္ဖန္နယဝဒ္ဓရုပ် ဟုလည်းကောင်း။ အဌကကလာပ်ရုပ် ဟုလည်းကောင်း ဖြေဆိုနိုင်သည်။|

အကြောင်းသမုဋ္ဌာန် - ဝဟိဒ္ဓဥတု၊

ဖြစ်နိုင်သောရုပ်- အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ အာကာသဓာတ်၊ သဒ္ဒရုပ် ဥပစယ သန္တတိဟူသော ဝဟိဒ္ဓဥတုဇရုပ် (၁၂) ဖြစ်ပါသည်။

ရုပ်ကလာပ်- သုဒ္ဓဋ္ဌကကလာပ်, သဒ္ဒနဝကကလာပ်ဟူသော ဝဟိဒ္ဓဥတုဇကလာပ် (၂)စည်း ဖြစ်ပါသည်။

http://www.dhammadownload.com



''အာဟာရဇရုပ်''

ရုပ်ကိုဖြစ်စေနိုင်သော ဩဇာ(အာဟာရ)သည် အဇ္ဈတ္တဩဇာ, ဗဟိဒ္ဓဩဇာဟု နှစ်မျိုးရှိသည်၊ ထိုတွင် အဇ္ဈတ္တဩဇာဟူသည် အဇ္ဈတ္တသန္တာန်ရှိ အကြောင်းတရား လေးပါးကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ်(၈)ခု၌ ပါဝင်သော ဩဇာတည်း။

ဗဟိဒ္ဓဩဇာဟူသည် စားသောက်အပ်, လျက်အပ်သော ဘောဇဉ် စသည်တို့၌ ပါဝင်သော ဗဟိဒ္ဓဥတုဖြစ်သောဩဇာတည်း။

အဇ္ဈတ္တဩဇာသည် ဗဟိဒ္ဓဩဇာ၏ အထောက်အပံ့ မရဘဲ ရုပ်ကိုမဖြစ်စေနိုင်၊ အထောက်အပံ့ကို ရမှသာလျှင် ရုပ်ကိုဖြစ်စေနိုင်သည်၊ ရုပ်ကို ဖြစ်စေရာ၌လည်း မိမိသန္တာန်၌သာ ဖြစ်စေသည်၊ သူတစ်ပါးသန္တာန်၌ မဖြစ်စေနိုင်။

''ဩဇာ-ဟူသောအာဟာရကြောင့် ရနိုင်သောရုပ်''

အဝိနိဗ္ဘောဂရုပ်(၈) အာကာသဓာတ်(၁) လဟုတာဒိ(၃) ဥပစယ သန္တတိ(၂)ဟူသော အာဟာရဇရုပ် (၁၄)ပါး ဖြစ်ပါသည်။

ရုပ်ကလာပ်- သုဒ္ဓဋ္ဌကကလာပ် လဟုတာဒေကာဒသကကလာပ်- ဟူသော အာဟာရဇကလာပ် (၂)စည်း ဖြစ်သည်။

## ကြည့်ရှုရန်

သတ္တဝါတို့၏ စိတ်ဖြစ်ရာခဏ၌ ထိုက်သည့်အားလျော်စွာ ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်များ ဖြစ်ကြ၏။

ထိုရုပ်တို့တွင် စတုဇအဝိနိဗ္ဘောဂရုပ် ၈-ခုထဲ၌ ဩဇာဟူသော အာဟာရရုပ် ပါဝင်၏။ ယင်းဩဇာဟူသော အာဟာရရုပ်ကို အဇ္ဈတ္တဩဇာဟု ခေါ်၏၊ ထိုအဇ္ဈတ္တဩဇာ(အာဟာရ) သည် ဗဟိဒ္ဓဩဇာ၏ အထောက်အပံ့ကို ယူကာ အခြားသော အာဟာရဇရုပ်ကို ဖြစ်စေ၏။

(ဤနေရာ၌ ဝါဒန္တရလည်း ရှိသေးသည်၊ သင်္ဂြိုဟ်ဘာဋီ-၌ ကြည့်ပါ။)

http://www.dhammadownload.com



**အောက်ပါ အမေးအဖြေကိုလည်း ဆက်လက်ရှုစားပါ။**

မေး။ ဂန္ဓမေကေ ဥပ္ပန္နံ-အရတရား၏ (က)နောက်အနန္တရစိတ် (ခ)ယင်းစိတ်၏ ဥပါဒ်ခဏမှစ၍ ဖြစ်သောရုပ် (ဂ)ယင်းရုပ်တွင် ပါဝင်သော အာဟာရ (ဃ)ယင်းအာဟာရ-က ဖြစ်စေနိုင်သောရုပ် (င)ရုပ်ကလာပ် (စ)ဖြစ်စေရာအခါတို့ကို အတိအကျ ဖော်ပြပါ။

ဖြေ (က)ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်

(ခ)စိတ္တဇရုပ် (ဂ)အဇ္ဈတ္တသြဇာ (အာဟာရ)

(ဃ)အဝိနိဗ္ဘောဂရုပ်-၈ အာကာသဓာတ်-၁ လဟုတာဒိ-၃ ဥပစယ သန္တတိ-၂ ဟူသော အာဟာရဇရုပ် ၁၄-ပါး ဖြစ်သည်။

(င)သုဒ္ဓဋ္ဌကကလာပ် လဟုတာဒေကာဒသကကလာပ် ဟူသော အာဟာရဇကလာပ် ၂-စည်း ဖြစ်သည်။

(စ)ဗဟိဒ္ဓသြဇာပျံ့နှံ့ရာအခါ (ဗဟိဒ္ဓသြဇာ၏ အထောက်အပံ့ရရာအခါ) ဖြစ်သည်။ [နယဂ္ဂါဟပြုလေ]

**''ရုပ်(၄)ပါးတို့၏ ဖြစ်စဉ်-ချုပ်စဉ်''**

ကမ္မဇရုပ်တို့၏-

(၁) ပဌမဆုံးဖြစ်ရာအခါ- ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၊ သာဓက- ဩက္ကန္တိက္ခဏေ ပဋိသန္ဓိမှုပါဒါယ ကမ္မသမုဋ္ဌာနာ၊

(၂) နောက်ဆုံးဖြစ်ရာအခါ-စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၊ သာဓက- မရဏကာလေ ပန စုတိစိတ္တောပရိသတ္တရသမစိတ္တဿ ဌိတိကာလမုပါဒါယ ကမ္မဇရူပါနိ န ဥပ္ပဇ္ဇန္တိ၊

(၃) ပဌမဆုံးချုပ်ရာအခါ- ပဋိသန္ဓေနောင် သောဠသမဘဝင်၏ ဘင်္ဂက္ခဏ၊ သာဓက- ဩက္ကန္တိ ပဋိသန္ဓိမှုပါဒါယ ကမ္မသမုဋ္ဌာနံ၊ တာနိ ပန သတ္တရသစိတ္တက္ခဏာနိ ရူပဓမ္မာန မာယုံ၊ (သွယ်ဝိုက်ထောက်)

(၄) နောက်ဆုံးချုပ်ရာအခါ- စုတိစိတ်၏ ဘင်္ဂက္ခဏ၊ သာဓက- ပုရေတရမုပ္ပန္နာနိ စ ကမ္မဇရူပါနိ စုတိစိတ္တသမကာလမေဝ ပဝတ္တိတွာ နိရုဇ္ဈန္တိ၊

http://www.dhammadownload.com



စိတ္တဇရုပ်တို့၏-

(၁) ပဋမဆုံးဖြစ်ရာအခါ- ပဋိသန္ဓေစိတ်နောင် ပဋမဘဝင်၏ ဉပါဒ်ခဏ၊ သာဓက- ဒုတိယစိတ္တမုပါဒါယ စိတ္တသမုဋ္ဌာန၊

(၂) နောက်ဆုံးဖြစ်ရာအခါ- စုတိစိတ်၏ ဉပါဒ်ခဏ၊ သာဓက- ပဋမဘဝင် မုပါဒါယ ဇာယန္တမေဝ သမုဋ္ဌာပေတိ၊ တာနိ ပန ၊ပ၊ မာယူ၊ (သွယ်ဝိုက်ထောက်)

(၃) ပဋမဆုံးချုပ်ရာအခါ-ပဋိသန္ဓေစိတ်နောင် မနောဒွါရာဝဇ္ဇန်းစိတ်၏ ဘင်ကခဏ၊ သာဓက- ဒုတိယ ၊ပ၊ စိတ္တသမုဋ္ဌာန၊ တာနိ ပန ၊ပ၊ မာယူ၊ (သွယ်ဝိုက်ထောက်)

(၄) နောက်ဆုံးချုပ်ရာအခါ-ကမ္မဇရုပ်ချုပ်ပြီးနောက် ၄၈-ချက်မြောက်သောခဏ၊ သာဓက- တတော ပရံ စိတ္တဇာဟာရဇရူပဉ္စ ဝေါစ္ဆိဇ္ဇတိ၊

''အထူးမှတ်ဖွယ်''

အထက်ပါ စိတ္တဇရုပ်တို့၏ နောက်ဆုံးဖြစ်ရာအခါနှင့် နောက်ဆုံးချုပ်ရာအခါတို့ကို အတိအကျ သတ်မှတ်၍ ပြခြင်းသည် ရဟန္တာမဟုတ်သော ပုဂ္ဂိုလ်များအတွက်သာ ဖြစ်၏။

ရဟန္တာပုဂ္ဂိုလ်အတွက် စိတ္တဇရုပ်၏ နောက်ဆုံးဖြစ်ရာအခါသည် စုတိစိတ်၏ ရှေ့အနန္တရဖြစ်သောဇော (တဒါရုံ+ဘဝင်)၏ ဉပါဒ်ခဏသာ ဖြစ်၍ နောက်ဆုံးချုပ်ရာအခါသည်ကား- ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ် ၄၅-ချက်မြောက်အခါ ဖြစ်သည်။

ဥတုဇရုပ်တို့၏-

(၁) ပဋမဆုံးဖြစ်ရာအခါ- ပဋိသန္ဓေစိတ်၏ ဌီခဏ၊ သာဓက- ဌိတိကာလ မုပါဒါယ ဥတုသမုဋ္ဌာန၊

(၂) နောက်ဆုံးဖြစ်ရာအခါ- ကမ္ဘာပျက်သည့်တိုင်အောင်သောအခါ၊ (ဝါ) သေ၍ အကောင်ပုပ်ဖြစ်သည့်တိုင်အောင်သောအခါ သာဓက-တတော ပရံ ဥတုသမုဋ္ဌာနရူပပရမ္ပရာ ယာဝ မတကဠေဝရသင်္ခါတာ ပဝတ္တန္တိ၊

http://www.dhammadownload.com



(၃) ပဌမဆုံးချုပ်ရာအခါ-ပဋိသန္ဓေနောင် မနေဒဂ္ဂါရာဝန္ဒန်း၏ ဥပါဒ်ခဏ၊ သာဓက- ဋ္ဌိတိကာလ ။ပ။ သမုဋ္ဌာန၊ တာနိ ပန ။ပ။ မာယူ။ (သွယ်ဝိုက်ထောက်)

(၄) နောက်ဆုံးချုပ်ရာအခါ- ကမ္ဘာပျက်သည့်အခါ။ (နောက်ဆုံးချုပ်ရာအခါ မရှိ-ဟုလည်း ဖြေနိုင်သည်။)

''အထူးမှတ်ဖွယ်''

အထက်ပါ ဥတုဇရုပ်တို့၏ နောက်ဆုံးဖြစ်ရာအခါ နှင့် နောက်ဆုံးချုပ်ရာအခါတို့ကို သတ်မှတ်၍ပြခြင်းသည် သံသေဒဇ ဩပပါတိက သတ္တဝါတို့၏အတွက်သာ ဖြစ်၏။

ငရဲ, နတ်, ဗြဟ္မာ-စသော ဩပပါတိကသတ္တဝါတို့အတွက် ဥတုဇရုပ်တို့၏ နောက်ဆုံးဖြစ်ရာအခါသည် စုတိစိတ်မှ ပြန်၍ရေတွက်သော် (၁၇)ချက်မြောက်စိတ်၏ ဥပါဒ်ခဏဖြစ်၍ နောက်ဆုံးချုပ်ရာအခါသည်ကား စုတိစိတ်၏ ဘင်္ဂခဏတည်း-ဟု မှတ်ကြရမည်။

အာဟာရဇရုပ်တို့၏-

(၁) ပထမဆုံးဖြစ်ရာအခါကား- ဗဟိဒ္ဓဩဇာ၏ ပျံ့နှံ့ရာအခါ (ဝါ) ဗဟိဒ္ဓဩဇာ၏ အထောက်အပံ့ရရာအခါ။ (သာဓက) ဩဇာဖရဏမုပါဒါယ အာဟာရသမုဋ္ဌာန၊

(၂) နောက်ဆုံးဖြစ်ရာအခါကား စုတိစိတ်၏ ဘင်္ဂခဏ။ (သာဓက) အဇ္ဈောဟရဏကာလေ ဌာနပ္ပတ္တောဝ သမုဋ္ဌာပေတိ၊ တတော ပရံ စိတ္တဇာဟာရဇရူပဉ္စ ဝေါစ္ဆိဇ္ဇတိ။ (သွယ်ဝိုက်ထောက်။)

(၃) ပဌမဆုံးချုပ်ရာအခါကား- ဗဟိဒ္ဓဩဇာ၏ ပျံ့နှံ့ရာအခါမှစ၍ ခဏငယ် (၅၁)ချက်မြောက်သော အခါ။ (သာဓက) ဩဇာဖရဏမုပါဒါယ အာဟာရသမုဋ္ဌာန၊ တာနိ ပန (ပ) မာယူ။ (သွယ်ဝိုက်ထောက်။)

(၄) နောက်ဆုံးချုပ်ရာ အခါကား- ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ် (၅၀) မြောက်သောအခါ။ (သာဓက)တတော ပရံ စိတ္တဇာဟာရဇရူပဉ္စ ဝေါစ္ဆိဇ္ဇတိ။

http://www.dhammadownload.com


## "ကြည့်ရှုရန်"

ဂန္ဓသေယျကသတ္တဝါအား မိခင်စားမျိုအပ်သော အာဟာရမှလည်းကောင်း၊ သံသေဒဇ၊ ဩပပါတိကသတ္တဝါတို့အား ခံတွင်း၌ဖြစ်သော သလိပ်စသည်မှလည်းကောင်း၊ ဩဇာ၏အရသာကို ဆောင်တတ်သောအကြောကို အစဉ်လျှောက်၍ ခန္ဓာကိုယ်၌ ဝပ်ဖိုးဩဇာ စတင်ပျံ့နှံ့သည်။

### လူ့ခန္ဓာကိုယ်၏ အစိတ်အစိတ်တို့၌ ရုပ်အရကောက်ပုံ

အဋ္ဌသာလိနီအဋ္ဌကထာ (စာမျက်နှာ -၃၅၃)၌ လူတစ်ယောက်၏ ခန္ဓာကိုယ်ကို သုံးပိုင်းပိုင်း၍ ရုပ်, ရုပ်ကလာပ်အရကောက်ပုံကို ပြဆိုထား၏၊ ထိုအဆိုကိုပမာဏပြု၍ လူတစ်ယောက်၏ ခန္ဓာကိုယ်အစိတ်အစိတ်တို့၌ ရုပ်အရကောက်ပုံကို ဆက်လက်ပြဦးမည်၊

လူတစ်ယောက်၏ ခန္ဓာကိုယ်ဝယ် နှလုံးအိမ်, မျက်စိ, နား, နှာခေါင်း, လျှာအရပ်တို့မှတပါး- လက်, ခြေ, ပေါင်, ခါး, ညှပ်ရိုးစသော အစိတ်အစိတ်သော ခန္ဓာကိုယ်အရပ်တို့၌ ကာယပသာဒရုပ်, ဘာဝရုပ်, ဇီဝိတရုပ်, စတုဇအဝိနိဗ္ဘောဂရုပ် (၈)ခု ရနိုင်သည်၊

ကလာပ်အားဖြင့်- ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, စိတ္တဇအဋ္ဌကကလာပ်, ဥတုဇအဋ္ဌကကလာပ်, အာဟာရဇအဋ္ဌကကလာပ်တို့ကို ရနိုင်သည်၊

ကျန်သော နှလုံးအိမ်-စသော အရပ်တို့တွင် နှလုံးအိမ်အရပ်၌ အထက်ပါ ရုပ်အပြင် ဟဒယဝတ္ထုရုပ်, ဝတ္ထုဒသကကလာပ်၊ မျက်စိ၌ စက္ခုပသာဒရုပ်, စက္ခုဒသကကလာပ်၊ နား၌ သောတပသာဒရုပ်, သောတဒသကကလာပ်၊ နှာခေါင်း၌ ဃာနပသာဒရုပ်, ဃာနဒသကကလာပ်၊ လျှာ၌ ဇိဝှါပသာဒရုပ်, ဇိဝှါဒသကကလာပ်တို့ကို ထည့်၍ ရုပ်အားဖြင့် (၁၂)ပါး၊ ကလာပ်အားဖြင့် (၆)စည်း ရနိုင်သည်၊

အောက်ပါ သကျသီဟမေးခွန်းဟောင်း၏ အဖြေကိုလည်း ကြည့်ပါ၊ မေး ဥဒ္ဒက္ခက်-၌ အက္ခကအရ ရနိုင်သော ရုပ်တရားများကို စုံလင်အောင် ကောက်ပြပါ၊ (၅၁၊သကျ၊တ-ဆင့်)

http://www.dhammadownload.com



ဖြေ ကာယပသာဒ, ဘာဝ, ဇီဝိတ, ဝတ္ထုဇအဝိနိဗ္ဘောဂရုပ် (၈)ခုတို့ဖြစ်သည်။ (အသား၊အရေနှင့် ဆက်စပ်သော အရိုးကို ရည်ရွယ်သည်။)

**ဆက်လက်မှတ်သားရန်**

အဋ္ဌသာလိနီအဋ္ဌကထာ၌ ခန္ဓာကိုယ် အစိတ်အစိတ်တို့အရ ရုပ်တရား အရကောက်ပုံကို ပြဆိုထားခြင်းသည် ခန္ဓာကိုယ်၌ အမြဲတမ်းဖြစ်နေသော ရုပ်တရားတို့ကိုသာ အဓိကထုတ်ပြထားခြင်းဖြစ်သည်။

ဝုစ်ည်းတင်ပြသူအနေအားဖြင့်- အဋ္ဌကထာလာရုပ်တို့အပြင် ဝိကာရ ရုပ်(၅), လက္ခဏရုပ် (၄), သဒ္ဒရုပ်, အာကာသဓာတ်တို့ကိုလည်း ရနိုင်သေးသည်-ဟု ထင်မိသည်။ (ကြံစည်ဝဉ်းစား၍ ယူကြပါကုန်)

**ခန္ဓာကိုယ်၏ အရောင်အလင်းနှင့်**

**ဝတ္ထုဝတ္ထုတို့မှ အရောင်အလင်းတို့၌ ရုပ်အရကောက်ပုံ-**

ခန္ဓာကိုယ်၏ အရောင်အလင်းတို့အရ စိတ္တပစ္စယ ဥတုသမုဋ္ဌာနရုပ် (ဥတုဇ အဝိနိဗ္ဘောဂရုပ် ၈-)ကို ကောက်ရသည်။ (တန်ခိုးရှင်တို့ ဖန်ဆင်း၍ ပြအပ်သော တောင်းကင်၌ ဆင်ရုပ်, မြင်းရုပ်, ရထားစစ်သည်ရုပ် စသည်တို့အရ စိတ္တပစ္စယ ဥတုသမုဋ္ဌာနရုပ်ကို အရကောက်ရမည်ကိုလည်း ကြားညှပ်မှတ်ပါ။)

ဗဟိဒ္ဓဝတ္ထုဖြစ်သော မီးရောင်,နေရောင်,လရောင်,ရတနာရောင် အလင်းတို့၏အရ- ဥတုပစ္စယ ဥတုသမုဋ္ဌာနရုပ်ကို ကောက်ရသည်။

**အောက်ပါ အမေးအဖြေနှင့် ယှဉ်တွဲ၍ ကြည့်ပါ။**

မေး ဆဗ္ဗက္ခာရုံသိယော-၌ ရုံသိပုဒ်အရ ကောက်ပြ၍ ယင်းကိုဖြစ်စေနိုင်သော အကြောင်းတရား၊ ကလာပ်(၂၁)စည်းတွင် ပါဝင်နိုင်သော ကလာပ် အမည်ကို ဖော်ပြပါ။

ဖြေ ရုံသိ-ပုဒ်အရ စိတ္တပစ္စယ ဥတုသမုဋ္ဌာနရုပ်ဟူသော အဝိနိဗ္ဘောဂရုပ် (အဋ္ဌကလာပ်ရုပ်) ၈-ပါးဖြစ်သည်။

ဖြစ်စေနိုင်သောအကြောင်းတရား- စိတ်လျှင်အကြောင်းရှိသော ဗဟိဒ္ဓ ဥတုဖြစ်သည်။

ကလာပ်အမည်- ဗဟိဒ္ဓဥတုဇ သုဒ္ဓဋ္ဌကကလာပ် ဖြစ်သည်။

http://www.dhammadownload.com



**'ကောဋ္ဌာသတရားတို့၏ ရုပ်အရကောက်ပုံ'**

ပြည်, ကျင်ငယ်, အစာဟောင်း, အစာသစ် ဤ(၄)ပါးတို့အရ- ဥတုဇ အဝိနိဗ္ဘောဂရုပ် (၈)ခု (အဋ္ဌကကလာပ်ရုပ်)

ပါစကတေဇော (ဂဟဏိယာ သမန္နာဂတော-၌ ဂဟဏီ)အရ- ကမ္မဇ တေဇောဓာတ် (ဇီဝိတနဝကကလာပ်)

ထွက်လေဝင်လေ ထွက်သက်ဝင်သက်အရ- စိတ္တဇဝါယောဓာတ် (စိတ္တဇ အဋ္ဌကကလာပ်)

ချွေး, နှပ်, မျက်ရည်, တံတွေး ဤ(၄)ပါးတို့အရ- စိတ္တဇ ဥတုဇ အဝိနိဗ္ဘောဂရုပ် (၈)ခု (အဋ္ဌကကလာပ်)

ကြွင်းကျန်သော (၂၄)ပါးသော ကောဋ္ဌာသတို့တွင် ဆံပင်, မွေးညှင်း, သွား, ခြေသည်းလက်သည်းတို့အရ- စတုဇအဝိနိဗ္ဘောဂရုပ် (၈)ခု။ (တစ်နည်း) ကံကို အရင်းခံ၍ ခန္ဓာကိုယ်၌ဖြစ်သည့် ဥတုကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် (၈)ပါး။ (အဋ္ဌသာလိနီ၊ ၄။ ၃၇၇)

နှနယ်စိုပြေသော အရေ, အသား, အကြော, အရိုး, ခြင်ဆီ, အညှို့, အသည်း, အမြှေး, အဖျင်း, အဆုတ်, အူမ, အူသိမ်, ဦးနှောက်, သည်းခြေ, သလိပ်, သွေး, အဆီခဲ, ဆီကြည်, အစေးတို့အရ- ကာယပသာဒ ဘာဝ ဇီဝိတ စတုဇအဝိနိဗ္ဘောဂ (၈)ခုတို့ကို အရကောက်ကြရမည်။

(နှလုံးအိမ်အရ- ရှေ့၌ ရေးပြီး။)

**အောက်ပါ သကျသီဟ မေးခွန်းဟောင်း၏ အဖြေကိုလည်း ကြည့်ပါ။**

မေး ကေသေ- အရ တရားကို ဖော်ပြ၍ ၎င်းတို့ကို ဖြစ်စေနိုင်သောအကြောင်းတရား။ ကလာပ် (၂၁)စည်းတို့တွင် ပါဝင်နိုင်သော ကလာပ်အမည်သရုပ်တို့ကို ဖော်ပြခဲ့ပါ။(၂၈-ခု၊သကျ၊စုဋ္ဌဝါ)

ဖြေ ကေသေ- အရ စတုဇအဝိနိဗ္ဘောဂရုပ် (၈)ခု၊ (တစ်နည်း) ကံကို အရင်းခံ၍ ခန္ဓာကိုယ်၌ ဖြစ်သည့် ဥတုကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် (၈)ခု ဖြစ်သည်။

ဖြစ်စေနိုင်သော အကြောင်းတရား- ကံ စိတ် ဥတု အာဟာရ။

http://www.dhammadownload.com



(တစ်နည်း၊) ကံလျှင် အကြောင်းရှိသော ဥတုတည်း။
ကလာပ်အမည်- စိတ္တဇ သုဒ္ဓဋ္ဌကကလာပ်, ဥတုဇသုဒ္ဓဋ္ဌကကလာပ်,
အာဟာရဇ သုဒ္ဓဋ္ဌကကလာပ်။
(တစ်နည်း၊) ဥတုဇသုဒ္ဓဋ္ဌကကလာပ် တစ်စည်း။

## "ကြံ့ရှုရန်"

အထက်ပါ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွားတို့အရ အသား အရေမှလွတ်သော အဖျားအရယ်ကိုသာ ယူရမည်၊ အရေအသ ထဲသို့ နစ်ဝင်နေသော ဆံပင်စသည်တို့အရ- အထက်ပါရုပ်အပြင် ကာယ, ပသာဒ ဘာဝ ဇီဝိတတို့လည်း ရနိုင်သေးသည်။

ထို့ပြင် ကြမ်းတမ်းသောအရေ ခြောက်သွေ့သောအရေတို့အရ- ဝဏ္ဏ အဝိနိဗ္ဘောဂရုပ် (၈)ခုကိုသာ ကောက်ကြရမည်။

(အထက်ပါ ခန္ဓာကိုယ် အစိတ်အစိတ်တို့၌ ရုပ်ပရမတ်တရား ကော ယူပုံသည် သက်ရှိသတ္တဝါတို့အတွက်သာ ဖြစ်၏။) [ဝိ၊ဋ္ဌ၊၂။၁၀၇၊ အဘိ၊ဋ္ဌ၊ ၁။၃၅၃။၃၇၇။]

ပုဂ္ဂိုလ်း ပြီး၏။

http://www.dhammadownload.com



# သမုစ္စည်းပိုင်း

ပုစ္ဆာ၌ ပရမတ်တရားတစ်ခုခုကို အရကောက်နိုင်း၍ ယင်းပရမတ် တရားကို သမုစ္စည်းပိုင်းလာ အာသဝ-စသော နာမည်များသို့ သွင်းပုံကိုလည်းကောင်း၊ အာသဝ- စသည်တို့ဖြင့် ဝေဘန်ပုံကိုလည်းကောင်း မေးနိုင်သည်။ သို့ဖြစ်၍ သမုစ္စည်းပိုင်းလာ အာသဝ စသောတရားတို့ကို တရားကိုယ်နှင့်တကွ အတိအကျ လေ့လာထားရမည်။

''အကုသလသင်္ဂဟလာ နာမည်(၉)မျိုး''

(၁)အာသဝ (၂)ဩဃ (၃)ယောဂ (၄)ဂန္ထ (၅)ဥပါဒါန် (၆)နီဝရဏ (၇)အနုသယ (၈)သံယောဇဉ် (၉)ကိလေသာတို့ ဖြစ်သည်။

ဆောင် • အာ ဩ ယော ဂန်, ဥ နီ မှန်, နု သံ ကိ (၉)ပါး။

''အာသဝစသော နာမည်များရှာဖွေရန် နည်းလမ်း''

မိမိကောက်ယူထားသောတရား၏ ရနိုင်သောအာသဝ-စသော နာမည်များကို ရှာဖွေလိုလျှင် မိမိအကောက်တရားကို အာသဝ- စသည်တို့၏ တရားကိုယ်အတွင်းသို့ သွင်းကြည့်ရမည်၊ အာသဝတရားကိုယ်အတွင်းသို့ ဝင်ပါက အာသဝနာမည် ရနိုင်၏။ ။ ကိလေသာတရားကိုယ်အတွင်းသို့ ဝင်ပါက ကိလေသာနာမည် ရနိုင်၏၊ ဤသို့ စသည်ဖြင့် သိလေ။

''ဗုံစံဖြင့် ရှင်းလင်းချက်''

ဘိက္ခု အင်္ဂုတ္တရသတိ-အရ ဒေါသတရားကို ကောက်ရ၏၊ ယင်းတရား ရနိုင်သော အာသဝ-စသောနာမည်များကို သိလိုလျှင် ယင်းဒေါသတရားကို အာသဝ-စသည်တို့၏ တရားကိုယ်အတွင်းသို့ သွင်းကြည့်ရမည်၊ ယင်းသို့ သွင်းကြည့်သောအခါ ဂန္ထ နီဝရဏ အနုသယ သံယောဇဉ် ကိလေသာတို့၏ တရားကိုယ်အတွင်းသို့သာ ဝင်၏၊ ကျန်တရားတို့၏ တရားကိုယ်အတွင်းသို့ကား

http://www.dhammadownload.com


မဝင်၊ သို့ဖြစ်၍ ယင်းဒေါသတရားကို ဂန္ထ နီဝရဏ အနုသယ သံယောဇဉ် ကိလေသာ အမည်များ ရနိုင်၏- ဟု သိရသည်၊

## ထိုထိုတရားတို့ ရနိုင်သောနာမည်များ

### အကုသလသင်္ဂဟလာ နာမည် ၉-မျိုး

| တရားကိုယ် | အာသဝ | ဩဃ | ယောဂ | ဂန္ထ | ဥပါဒါန် | နီဝရဏ | အနုသယ | သံယောဇဉ် | ကိလေသာ |
|---|---|---|---|---|---|---|---|---|---|
| လောဘ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ |
| ဒိဋ္ဌိ | ၊ | ၊ | ၊ | ၊ | ၊ | | ၊ | ၊ | ၊ |
| မောဟ | ၊ | ၊ | ၊ | | | ၊ | ၊ | ၊ | ၊ |
| ဒေါသ | | | | ၊ | | ၊ | ၊ | ၊ | ၊ |
| ဝိစိကိစ္ဆာ | | | | | | ၊ | ၊ | ၊ | ၊ |
| မာန | | | | | | | ၊ | ၊ | ၊ |
| ဥဒ္ဓစ္စ | | | | | | ၊ | | ၊ | ၊ |
| ထိန | | | | | | ၊ | | | ၊ |
| ဣဿာ | | | | | | | | ၊ | |
| မစ္ဆရိယ | | | | | | | | ၊ | |
| ကုက္ကုစ္စ | | | | | | ၊ | | | |
| မိဒ္ဓ | | | | | | ၊ | | | |
| အဟိရိက | | | | | | | | | ၊ |
| အနောတ္တပ္ပ | | | | | | | | | ၊ |

ဆောင်။ လောဘ- ကိုးမည်ရှိ၊ ဒိဋ္ဌိ-ရှစ်မည်၊ ခုနစ်မည် မောဟ၊ ငါးဝ ဒေါသာ၊ ကင်္ခါ လေးထုက်၊ မာ နုဒ္ဓစ္စ၊ သုံးမည်ရ၏၊ ထိန နှစ်မည်၊ ကြွင်းသည် ခြောက်ဝ၊ တစ်မည်ရ ပေါင်းက စုဒ္ဒသာ၊

http://www.dhammadownload.com



## ''ကြည့်ရှုရန်''

မိမိကောက်ယူထားသော တရားတစ်ခုကို ဘာသဝ-စသည်တို့ဖြင့် ဝေဘန်ပါ ဟု မေးလာခဲ့လျှင် "လောဘမူစိတ် (၈)ခု၌ရှိသော ကာမရာဂသည် ကာမာသဝ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်၌ရှိသော ဘဝရာဂသည် ဘဝါသဝ၊ ဒိဋ္ဌိဂတသမ္ပယုတ်၌ရှိသော ဒိဋ္ဌိသည် ဒိဋ္ဌာသဝ၊ အကုသိုလ်စိတ် (၁၂)ပါး၌ရှိသော မောဟသည် အဝိဇ္ဇာသဝ၊" ဤသို့စသည်ဖြင့် ဝေဘန်ရမည်။

တောက်ပါ ပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး။ မုဠှ ပုံရေ မုဠှ ပဉ္စာ- ၌ မုဠှိတဗ္ဗတရားကို ထုတ်ပြ၍ ယင်းတရား ရနိုင်သော အကုသလသင်္ဂဟလာ နာမည်များကိုလည်း ထုတ်ပြပါ။

ဖြေ မုဠှိတဗ္ဗတရား- အတိတ်ခန္ဓာ,အနာဂတ်ခန္ဓာတို့၌ တပ်မက်သောလောဘဖြစ်သည်။ ရနိုင်သောနာမည်များ- ဘာသဝ ဩဃ ယောဂ ဂန္ထ ဥပါဒါန် နီဝရဏ ဘနုသယ သံယောဇဉ် ကိလေသာတို့ ဖြစ်သည်။

မေး။ စူမာယိတ္တာ နံ မာရေသာမိ-၌ မာရေသာမိအရ တရားကို ကောက်ပြ၍ ယင်းတရားကို ဂန္ထ ဗျာနင်တို့ဖြင့် ဝေဘန်ပြပါ။

ဖြေ မာရေဿာမိ အရ- ဒေါသမူစိတ္တုပ္ပါဒ် ဖြစ်သည်၊

ဝေဘန်ပုံ- ဒေါသမူရှိ ဒေါသသည် ဗျာပါဒကာယဂန္ထ၊ ဒေါသမူရှိ ဝိတက်သည် ဝိတက်ဗျာနင်၊ ဒေါသမူရှိ ဝိစာရသည် ဝိစာရဗျာနင်၊ ဒေါသမူရှိ ကေဂ္ဂတာသည် ကေဂ္ဂတာဗျာနင်၊ ဒေါသမူရှိ ဒေါမနဿဝေဒနာသည် ဝေဒနာဗျာနင် ဖြစ်သည်။

မှတ်ချက် မိမိကောက်ယူထားသောတရား၏ ရနိုင်သောနာမည်များကို ရှာဖွေရာ၌ အလွန်လွယ်ကူလှ၏၊ သမုစ္စည်းပိုင်းလာ သင်္ဂဟပါဠိများကို ရရုံမျှဖြင့် အလွယ်တကူ ဖြေဆိုနိုင်၏။ သို့ဖြစ်၍ ကြွင်းကျန်သော သင်္ဂဟလာနာမည်များကို အကျဉ်းချုပ် ပြဆိုတော့မည်။

''မိဿကသင်္ဂဟလာ နာမည်(၇)မျိုး''

၁။ ဟိတ် ၂။ဈာနင် ၃။ မဂ္ဂင် ၄။ဣန္ဒြေ ၅။ဗိုလ် ၆။အဓိပတိ ၇။အာဟာရ

ဆောင်။ ။ ဟေ ဈာ မဂ္ဂ၊ ဣန် ဗလ၊ ဓိ ဟ ခုနစ်မည်။

http://www.dhammadownload.com



## ''ထိုထိုတရားတို့ ရနိုင်သော နာမည်များ''

ပညာသည် ဟိတ်, မဂ္ဂင်, ဣန္ဒြေ, ဗိုလ်, အဓိပတိ ဟုနာမည်(၅)မျိုးရ၏။
ဝီရိယသည် မဂ္ဂင်, ဣန္ဒြေ, ဗိုလ်, အဓိပတိ ဟု နာမည်(၄)မျိုးရ၏။
သမာဓိသည် ဈာနင်, မဂ္ဂင်, ဣန္ဒြေ, ဗိုလ် ဟု နာမည်(၄)မျိုးရ၏။
ကြွင်းကျန်သော သတိနှင့် စိတ်သည် နာမည်(၃)မျိုး၊ ဝေဒနာ သဒ္ဓါ ဝိတက် တို့သည် နာမည်(၂)မျိုး၊ ဝိစာရ-စသော ၂၈-ပါးတို့သည် နာမည်(၁) မျိုးစီ အသီးအသီး ရကြကုန်၏။

(သင်္ဂဟပါဠိရွတ်၍ ရနိုင်သောနာမည်များကို ရှာဖွေကြလေ။)

ဆောင်။ ပညာ ငါးမည်၊ လေးမည် ဝီရို သမာဓိတည်း။ သတိ စိတ္တ၊ မည်ရ သုံးဖြာ၊ ဝေဒနာနှင့်၊ သဒ္ဓါ ဝိတက်၊ နှစ်ချက်မည်ရ၊ ဝိစာရ-က၊ စသည်ကြွင်းရစ်၊ နှစ်ဆယ့်ရှစ်မှာ၊ တစ်မည်သာတည်း။

ပေါင်းကာ မုချ ရုပ်က ကိုးတန်၊ နာမ် နှစ်ဆယ့်ခွန်၊ ဆတ္တိံ မှန်၏၊ ပိုလွန်ကြွင်းထ၊ ဆဗ္ဗိသ ဓေ၊ ရှပေ ဆယ့်ကိုး၊ တစ်မျိုးနိဗ္ဗာန်၊ အမှန် လေးဆယ်၊ ခြောက်ခုကယ်မှာ၊ ခေါ်ဖွယ်နာမ၊ မည်မရသည်၊ ဓမ္မေ့မှု ဆံချည်မတိမ်းတည်း။

တောက်ပါ ဆရာသီဟမေးခွန်းဟောင်း၏ အဖြေကိုလည်း ကြည့်ပါ။

မေး။ ပဥ္စ ဝုတ္တရှိ ဘာဝယေ-၌ ပဥ္စသရုပ်ကို ထုတ်ပြီးလျှင် ယင်းတို့တွင် နောက်ဆုံးတရား ရနိုင်သော မိဿကသင်္ဂဟ-လာ နာမည်များကို ရေးခဲ့ပါ။ (၃၅-ခုတ-ဆင့်၊ဓမ္မပဒ)

ဖြေ ပဥ္စသရုပ်- သဒ္ဓိန္ဒြေ-ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့တည်း။ နောက်ဆုံးတရားရနိုင်သော မိဿကသင်္ဂဟ-လာ နာမည်များ- ဟိတ် မဂ္ဂင် ဣန္ဒြေ ဗိုလ် အဓိပတိတို့ ဖြစ်သည်။

## ''ဗောဓိပက္ခိယသင်္ဂဟလာ နာမည်(၇)မျိုး''

၁။သတိပဋ္ဌာန် ၂။သမ္မပ္ပဓာန် ၃။ဣဒ္ဓိပါဒ် ၄။ဣန္ဒြေ ၅။ဗိုလ် ၆။ဗောဇ္ဈင် ၇။မဂ္ဂင် တို့ ဖြစ်သည်။

ဆောင် • သတိ သမ္မ၊ ဣဒ္ဓိ ဣန် ဗ၊ ဗောဇ္ဈ မ . ခုနှင်။

http://www.dhammadownload.com


''ထိုထိုတရားတို့ ရနိုင်သော နာမည်များ''

ဝီရိယသည် သမ္မပ္ပဓာန်-၄၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်-ဟု နာမည် (၉)မျိုး ရ၏။

သတိသည် သတိပဋ္ဌာန်-၄၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်-ဟု နာမည် (၈)မျိုး ရ၏။

ပညာသည် နာမည်(၅)မျိုး၊ ဧကဂ္ဂတာသည် နာမည်(၄)မျိုး၊ သဒ္ဓါ(၂)မျိုး၊ ဥပေက္ခာ-စသော တရားကိုးပါးတို့ နာမည်(၁)မျိုးစီ အသီးအသီး ရနိုင်ကြ၏။

ဆောင် ။ ကိုးမည် ဝီရိ၊ ရှစ် သတိနှင့်၊ မှတ်သိ ဉာဏ်ငါး၊ လေးပါ ဧကဂ္ဂတာ၊ ဒွေ သဒ္ဓါတည်း။ ပေက္ခာ သက်ပ်၊ ပဿဒ် ပီတိ၊ ဝိရတိ ဆန္ဒ၊ စိတ္တ ကိုးပါး၊ တစ်မည်ပြား သည်၊ ဌာန်ပြား သုံးဆယ့်ခုနစ်တည်း။

ဖောက်ပါ ပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး ။ ဗောဓိဘာဝ်၌ ဗောဓိ-အရ ကောက်ပြ၍ ယင်းတရားရနိုင်သော ဗောဓိပက္ခိယနာမည်များကို ထုတ်နှုတ်တင်ပြပါ။

ဖြေ ။ ဗောဓိ-အရ ဒုတိယဈာန်ရှိဧကဂ္ဂတာ ဖြစ်သည်၊ ယင်းတရားရနိုင်သော ဗောဓိပက္ခိယနာမည်များ- ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင် (၄)မျိုး ဖြစ်သည်၊

ဖောက်ပါ သကျသီဟမေးခွန်းဟောင်း၏ အဖြေကိုလည်း ကြည့်ပါ။

မေး ။ သော ဓစ် သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ-အနင်္ဂဏေ-၌ အင်္ဂဏစိတ်ကို (နီဝရဏ, ဈာနင်, အဓိပတိ)တို့ဖြင့် ဝေဘန်ခဲ့ပါ။ (၃၂-၃၊ တ-ဆင့်၊အံ)

ဖြေ ။ လောဘမူရှိ လောဘသည် ကာမစ္ဆန္ဒနီဝရဏ၊ ဒေါသမူရှိ ဒေါသသည် ဗျာပါဒနီဝရဏ၊ သသင်္ခါရိကစိတ် (၅)ပါးရှိ ထိနမိဒ္ဓသည် ထိနမိဒ္ဓ နီဝရဏ၊ ဝိစိကိစ္ဆာစိတ်ရှိ ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာနီဝရဏ၊ အကုသိုလ် (၁၂)ရှိ မောဟသည် အဝိဇ္ဇာနီဝရဏ၊ အကုသိုလ် (၁၂)ရှိ ဝိတက်ဝိစာရ

http://www.dhammadownload.com



ကေဂ္ဂဟာတို့သည် ဝိတက် ဝိစာရ ဧကဂ္ဂတာ တို့နှင့်၊ လောဘမူသော မနသ္ဂုလေးပါးရှိ ပီတိသည် ပီတိတို့နှင့်၊ သောမနဿဝေဒနာသည် သောမနဿတို့နှင့်၊ အကုသိုလ် ဥပေက္ခာသဟဂုတ်ရှိ ဥပေက္ခာ ဝေဒနာသည် ဥပေက္ခာတို့နှင့်၊ ဒေါသမူနှစ်ခုရှိ ဒေါမနဿဝေဒနာသည် ဒေါမနဿတို့နှင့်၊ မောဟမူ၊ ဒေါသမူစိတ်ရှိ ဆန္ဒဝီရိယတို့သည် ဆန္ဒာ ဓိပတိ ဝီရိယာဓိပတိ ၊ လောဘမူ၊ ဒေါသမူစိတ်သည် စိတ္တာဓိပတိ။ (နယဂ္ဂါဟ ပြုလေ။)

မှတ်ချက် အထက်ပါမေးခွန်း၌ အင်္ဂါစိတ်-ဟု မေးထားသော်လည်း၊ စိတ်ကို နိဝရဏ-စသည်ဖြင့် ဝေဘန်၍ မရသောကြောင့် အင်္ဂါ(အကု သိုလ်)စိတ်နှင့် ယင်း၏ယှဉ်ဘက်စေတသိက်တို့ကို နိဝရဏ-စသည် တို့ဖြင့် ဝေဘန်ထားသည်။

ညွှန်ကြားချက် သင်္ဂြိုဟ် မေးခွန်းဟောင်းပုစ္ဆာ၌ ခန္ဓာ အာယတန ဓာတ် သစ္စာဖွဲ့ပုံ မေးထားသည်ကိုလည်း တွေ့ရသည်။ သို့ဖြစ်၍ သမုစ္စည်းပိုင်း သဗ္ဗသင်္ဂဟလာ ခန္ဓာ အာယတန ဓာတ် သစ္စာ ဖွဲ့ပုံကိုလည်း ကြိုတင်၍ လေ့လာထားကြပါကုန်။

အောက်ပါ သင်္ဂြိုဟ်ပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး သ ဝေ ဝဇ္ဇမလော ဝိရော-၌ ပါရှိသော ဝဇ္ဇ၏ ကရိက်ဆိုအရ တရားက ဖြစ်စေအပ်သော စိတ္တဇရုပ်၊ မဖြစ်စေအပ်သော စိတ္တဇရုပ်ကိုလည်း ကောင်း၊ ထိုကရိက်ဆိုအရ တရားသည် အဘယ်တောဓိပတ္တိယတရား၊ အဘယ်ခန္ဓာ၊ အဘယ်သစ္စာ၊ အဘယ်ဝိသုဒ္ဓိဖြစ်သည်ကိုလည်းကောင်း၊ မှန်ကန်စွာ ဖော်ပြပါ။ (၆၃-ခုတ-ဆင့်၊ ဓမ္မပဒ)

ဖြေ ဂဇ္ဇ၏ ကရိက်ဆိုအရ တရား၊ မဂ်လေးပါးရှိ ပညာ၊
ဖြစ်စေအပ်သော စိတ္တဇရုပ်၊ ဝိညတ်နှစ်ခုကြဉ် စိတ္တဇရုပ်(၁၃)၊
မဖြစ်စေအပ်သော စိတ္တဇရုပ် ဝိညတ်နှစ်ခု။
ဗောဓိပက္ခိယတရား ဝိပဿနာပါဒ် ပညိန္ဒြေ ပညာဗိုလ် ဓမ္မဝိစယ
သမ္ဗောဇ္ဈင် သမ္မာဒိဋ္ဌိမဂ္ဂင်၊

http://www.dhammadownload.com


ဒုက္ခ· သင်္ခါရဒုက္ခ၊ သစ္စာ· မဂ္ဂသစ္စာ၊
ဝိသုဒ္ဓိ ဉာဏဒဿနဝိသုဒ္ဓိတို့ ဖြစ်သည်။

မှတ်ချက် ပုဗ္ဗကဆရာတော်က မဂ်ပညာ ဖြစ်ပေါ်သော စိတ္တဇရုပ်တွင် သဒ္ဒရုပ်ကိုပါ ထုတ်ထား၏၊ မိမိအလိုအားဖြင့်ကား သဒ္ဒရုပ်သည် ဝစီဝိညတ်နှင့် တကွဖြစ်သောကြောင့် ဝစီဝိညတ်ကို မဖြစ်စေသော သဒ္ဒရုပ်ကိုလည်း မဖြစ်စေနိုင်·ဟု ထင်မိသည်။

**သစ္စဝိမုတ်တရားတို့ကို ပရိယာယ်အားဖြင့် သစ္စာတို့၌အကြောင်းပြသွင်းပုံ**

၁။ အညာတာဝိန္ဒြိယန္ဒြေသည် "မဂ္ဂင် မဂ္ဂပရိယာပန္န"ဟု ဟောတော်မူသောကြောင့်· ဖိုလ်စိတ္တုပ္ပါဒ် ၃၇·ခုတို့တွင် သမ္မာဒိဋ္ဌိ·စသော တရား (၈)ပါးကို မဂ္ဂသစ္စာ၌ သွင်းပါ။

၂။ သင်္ခါရဒုက္ခ၏အဖြစ်ဖြင့်တူသောကြောင့်· မဂ္ဂင်(၈)ပါးကြဉ် မဂ်စိတ္တုပ္ပါဒ် (၂၉) ဖိုလ်စိတ္တုပ္ပါဒ်(၂၉)တို့ကို ဒုက္ခသစ္စာ၌ သွင်းပါ။ (မေးဖူး)

ဒုတိယပိုင်း ပြီး၏။

http://www.dhammadownload.com


# ပစ္စည်းပိုင်း

ပုစ္ဆာ၌ ကောက်ယူထားသော ပရမတ်တရားကို ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့၌ သွင်းပုံကိုလည်း မေးနိုင်သည်၊ သို့ဖြစ်၍ အောက်ပေါ်ပြပါ ပဋိစ္စသမုပ္ပါဒ်အင်္ဂါနှင့် တရားကိုယ်တို့ကို အရဆောင်ထားကြရမည်။

**ပဋိစ္စသမုပ္ပါဒ်**

| အင်္ဂါ—၁၂၊ တရား—၁၈ | •တရားကိုယ်နှင့် အရေအတွက် |
|---|---|
| •အဝိဇ္ဇာ | အကုသိုလ်-၁၂ ရှိ မောဟ |
| •သင်္ခါရ | အကု-၁၂ လောကီကု-၁၇ ၌ စေတနာ |
| •ဝိညာဉ် | စိတ်-၈၉ |
| •နာမ်ရုပ် | စေတသိက်-၅၂၊ ရုပ်-၂၈ |
| •သဠာယတန | စိတ်-၈၉၊ ပသာဒရုပ်-၅ |
| •ဖဿ | စိတ်-၈၉ ၌ ဖဿ |
| •ဝေဒနာ | စိတ်-၈၉ ၌ ဝေဒနာ |
| •တဏှာ | လောဘမူစိတ်-၈ ၌ လောဘ |
| •ဥပါဒါန် | လောဘမူစိတ်-၈ ၌ လောဘ၊ ဒိဋ္ဌိသမ်-၄ ၌ ဒိဋ္ဌိ |
| ကမ္မဘဝ | အကု-၁၂ လောကီကု-၁၇ ၌ စေတနာ |
| ဥပပတ္တိဘဝ | လောကီဝိပါက်-၃၂ စေ-၃၅၊ ကမ္မဇရုပ်-၂၀ |
| ကာမဘဝ | ကာမဝိပါက်-၂၃၊ စေ-၃၃၊ ကမ္မဇရုပ်-၂၀ |
| ရူပဘဝ | ရူဝိ-၅၊ စက္ခု-၂ သောတ-၂ သမ်-၂၊ တိ-၃၊ စေ-၃၅ |
| ဘဝ | ဣတ္ထိဘော ပုမ္ဘော ယော ၆ ကာကြည် ကမ္မဇ-၁၅၊ |
| အရူပဘဝ | အရူဝိပါက်-၄၊ စေ-၃၀ |
| သညီဘဝ | နေဝကြည် လောကီဝိ-၃၂၊ စေ-၃၅၊ ကမ္မဇ-၂၀ |
| အသညီဘဝ | ၆ဝိဝါနဝကကလာပ်ရုပ် |

http://www.dhammadownload.com



| | |
|---|---|
| နေဝသညီ | နေဝသညာနာသညာယတန ဝိ-၁၊ ဝေ-၃၀ |
| ကေဝါကာရ | ငိဝိတနဝကကလာပ်ရုပ် |
| ဧကဝေါကာရ | ကျရှဂ် ၄၊ ဝေ-၃၀ |
| ပဥ္စဝေါကာရ | ကာမဝိ-၂၃၊ ရူဝိ-၅၊ ဝေ-၃၅၊ ကမ္မဇ-၂၀ |
| ဇာတိ | ရုပ်၏- နိပ္ဖန္နရုပ်-၁၈ တို့၏ ဖြစ်ဆဲ |
| | နာမ်၏- နာမ်ခန္ဓာ-၄ ပါးတို့၏ ဖြစ်ဆဲ |
| ဇရာ | ရုပ်၏-နိပ္ဖန္နရုပ်-၁၈ တို့၏ ရင့်ဆဲ |
| • | နာမ်- နာမ်ခန္ဓာ-၄ ပါးတို့၏ ရင့်ဆဲ |
| မရဏ | ရုပ်၏- နိပ္ဖန္နရုပ်-၁၈ တို့၏ ပျက်ဆဲ |
| | နာမ်၏- နာမ်ခန္ဓာ-၄ ပါးတို့၏ ပျက်ဆဲ |
| သောက | ဒေါသမူစွဲ၌ ရှိသော ဝေဒနာစေတသိက် |
| ပရိဒေဝ | စိတ္တဇဝိပလ္လာသ သဒ္ဒရုပ် |
| ဒုက္ခ | ဒုက္ခသဟဂုတ်ကာယဝိညာဉ်ရှိ ဝေဒနာစေတသိက် |
| ဒေါမနဿ | ဒေါသမူစွဲရှိ ဝေဒနာစေတသိက် |
| ဥပါယာသ | ဒေါသမူစွဲရှိ ဒေါသစေတသိက် |

မှတ်ချက်။ • အထက်ပါခရေပွင့်ပြပုဒ်တို့ဖြင့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါကို ပြသည်။

## မှတ်သားရန်

အထက်ပါ ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့တွင် သင်္ခါရသည်

(၁) ပုညာဘိသင်္ခါရ (ကာမကုသိုလ်၊ ရူပကုသိုလ်ရှိ စေတနာ)

(၂) အပုညာဘိသင်္ခါရ (အကုသိုလ်ရှိ စေတနာ)

(၃) အာနေဉ္ဇာဘိသင်္ခါရ (အရူပကုသိုလ်ရှိ စေတနာ)-ဟု

သုံးပါးရှိသည်။ ထိုသုံးပါးကိုလည်း ပုစ္ဆာ၌ မေးထားသည်ဖြစ်၍ ကြိုတင်လေ့လာထားကြရမည်။

ထို့ပြင် ဇယားကွက်၌ ကာမဘဝစသည်တို့၏ အရ ပြဆိုထားခြင်းသည် ကာမ၊ ရူပ၊ အရူပဘုံအရ ပရမတ်ဆိုက်အောင် ကောက်ပြပါ-ဟု မေးနိုင်သည်ဖြစ်၍ ထိုအမေးကို ဖြေဆိုနိုင်ရန် ပြဆိုထားခြင်းဖြစ်၏။

http://www.dhammadownload.com



လမ်းညွှန်။ ။ကောက်ယူထားသော ပရမတ်တရားကို ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့၌ သွင်းနိုင်ပါက မိမိကောက်ယူထားသော ပရမတ်တရားကို ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့၏ တရားကိုယ်နှင့် တိုက်ဆိုင်၍ သွင်းရမည်။ (မဒဲပြီ)

အောက်ပါ သက္ကသိဟာမေးခွန်းဟောင်း၏ အဖြေကိုလည်း ကြည့်ပါ။

မေး သစ္စရိတ္တွံ့ သမာပဋ္ဌေယျ-၌ သမာပဋ္ဌေယျ-ဝယ် စေတ်အရတရားသည် ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့တွင် မည်သည့်အင်္ဂါတို့၌ ပါဝင်သနည်း- ဖြေပါ။ (ခုဖ၊တ-ဆင့်၊ဝိနည်း၊)

ဖြေ ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့တွင် သင်္ခါရ, နာမရူပ, ဘဝတို့၌ ပါဝင်သည်။

မှတ်ချက် အထက်ပါအဖြေကို လောဘမူရှိစေတနာကို ရည်ရွယ်ပြီး ဖြေဆိုထား၏။ စေတ်အရ လောဘမူရှိလောဘကို အရကောက်ခဲ့သော် နာမရူပ, တဏှာ, ဥပါဒါန်တို့၌ ပါဝင်သည်-ဟု ဖြေဆိုပါ။

မေး ဝိမောက္ခန္တိကဉာဏဝသေန-၌ ဝိ-အရတရားကို ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂)ပါးအတွင်းသို့ သွင်း၍ ရှေ့နောက် အကြောင်းအကျိုးနှစ်မျိုးစီ ဖော်ပြပါ။ (၅၅-ခု၊သကျ၊ဝိနည်း၊)

ဖြေ ဝိ-အရ ကိလေသာ(၁၀)ပါးကို အဝိဇ္ဇာ, နာမရူပ, တဏှာ, ဥပါဒါန် တို့၌ သွင်းရမည်။

ကြောင်း၊ကျိုးနှစ်မျိုးစီ-

အဝိဇ္ဇာ၏ အကြောင်းကား- အာသဝ၊ အကျိုးကား- သင်္ခါရ။
နာမရူပ၏ အကြောင်းကား- ဝိညာဏ၊ အကျိုးကား- သဠာယတန။
တဏှာ၏ အကြောင်းကား- ဝေဒနာ၊ အကျိုးကား- ဥပါဒါန်။
ဥပါဒါန်၏ အကြောင်းကား- တဏှာ၊ အကျိုးကား- ဘဝ။

မှတ်ချက် ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့သည် ရှေ့တရားကိုထောက်သော်အကျိုးဖြစ်၍ နောက်တရားကိုထောက်သော် အကြောင်းတရား ဖြစ်ရသည်။ ဥပမာ- အဝိဇ္ဇာသည် အာသဝကိုထောက်သော်အကျိုး၊ သင်္ခါရကို ထောက်သော် အကြောင်းတရားဖြစ်ရသည်။

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စည်းဖြိုင်

### ပဋ္ဌာန်းပစ္စည်း မှန်ကန်စွာ ဖြိုင်နိုင်ရန် လိုက်နာရမည့်အချက်

၁။ တရားကိုယ်အရကောက်ကို မှန်ကန်စွာ ကောက်ပါ။

၂။ ကောက်ယူပြီးတရားတို့ကို အကြောင်းအကျိုး (ပစ္စည်းပစ္စယုပ္ပန်) မှန်ကန်စွာ ခွဲပါ။

၃။ ခွဲဝေပြီး အကြောင်းအကျိုးတရားတို့ကို ပစ္စည်းမျိုးလက္ခဏာတို့နှင့် တိုက်ဆိုင်၍ ဖြစ်သင့်သော ပစ္စည်းမျိုးသို့ သွင်းပါ။

၄။ ကောက်ယူရှာဖွေထားသော ပစ္စည်းပစ္စယုပ္ပန်တရားတို့ကို ဖြစ်သင့်သော ပစ္စည်းအမျိုးအတွင်းရှိ ဟေတု-စသောပစ္စည်းတို့၏ ပစ္စည်းပစ္စယုပ္ပန်တရားတို့နှင့် တိုက်ဆိုင်၍ ဖြိုင်နိုင်သော ပစ္စယသတ္တိတို့ကို ရှာဖွေပါ။

### ''ပဋ္ဌာန်းတစပ်''

၁။ ကတ္တားနှင့် ကြိယာ၊ ကရိုက်နှင့် ကြိယာ ပဋ္ဌာန်းတစပ်လိုလျှင် သဟဇာတ၊ အနန္တရ၊ ပုရေဇာတတို့တွင် ဖြစ်သင့်ရာ စပ်ပါ။

၂။ သမ္ဗန္ဓနှင့် ကြိယာ၊ ကံနှင့် ကြိယာ ပဋ္ဌာန်းတစပ်လိုလျှင် အာရမ္မဏစပ်ပါ။

၃။ ကြွင်းကာရကများနှင့် ကြိယာ ပဋ္ဌာန်းတစပ်လိုလျှင် ပကတူပစပ်ပါ။

[ဤပဋ္ဌာန်းပစ္စည်းစပ်နည်းသည် မှချမဟုတ်၊ ယေဘုယျသာ။]

ဆောင် ။ ကတ္တု ကရဏ၊ စပ်ဖြိုင်ကြ၊ သဟ နန် ပုရေ။
သမ္ဗန္ဓ ကံ၊ စပ် ဖြိုင်ပြန်၊ အာရမ် အမျိုးပေ။
ကြွင်းကာရက၊ စပ်ဖြိုင်ကြ၊ ပကတူပ နေ။
။ ကတ္တားနှင့် ကြိယာ၊ စပ်ဖြိုင်ကြ သ-နန်-ပု၊
ကြိယာ ကံ၊ စပ်ဟန်ရှိ၊ မျိုး အာရုံ ယူ။
အလွတ် တဟုတ်၊ နှစ်ရပ်တဲ့ ကရိုက်းမူ၊ ကတ္တားတူ သုံးမျိုး၊
သမ္ဗန္ဓ အာရုံမျိုး ရံခါ၊ အကြွင်းမှာ တိဒေသ၊ ဥပ-တဲ့ မျိုး။

### ''တစပ်ပုံ''

ကော် သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

http://www.dhammadownload.com



ကေ် သမယံ-ကား ၌ဟူ၍ အနက်ပေးသောကြောင့် ဝိဟရတိ၌ ပကတူပနိဿယပစ္စည်း။ ဝိဟရတိ-ကား ပကတူပနိဿယပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်အပ်၏။

ဘဂဝါ-ကား သည်ဟူ၍ အနက်ပေးသောကြောင့် ဝိဟရတိ၌ သဟဇာတပစ္စည်း။ ဝိဟရတိ-ကား သဟဇာတပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်အပ်၏။

၁ (ဝတ္တုပ္ပရေဇာတ၊ အနန္တရလည်း စာစပ်နိုင်သည်။)

သာဝတ္ထိယံ-ကား ၌ဟူ၍ အနက်ပေးသောကြောင့် ဝိဟရတိ-၌ ပကတူပနိဿယပစ္စည်း။ ဝိဟရတိ-ကား ပကတူပနိဿယပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်အပ်၏။

ဇေတဝနေ-ကား သောဟူ၍ အနက်ပေးသောကြောင့် အာရာမေ-၌ ပကတူပနိဿယပစ္စည်း။ အာရာမေ-ကား ပကတူပနိဿယပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်အပ်၏။ (အာစရိယဝါဒ)

(တစ်နည်း) ဇေတဝနေ-ကား သောဟူ၍ အနက်ပေးသောကြောင့် အာရာမေ-၌ သဟဇာတပစ္စည်း။ အာရာမေ-ကား သဟဇာတပစ္စယုပ္ပန်အဖြစ်ဖြင့် စပ်အပ်၏။ (အတ္တနောမတိ)

မှတ်ချက်. ဇေတဝနေ-ဟူသော ဝိသေသန, အာရာမေ-ဟူသော ဝိသေသျပုဒ် တို့အရ ဇေတဝန်ကျောင်းတည်းဟူသော တပ်ိရရုပ် (၈)ခုကို ကောက်ရ၏။ ယင်းရုပ်တို့သည် မဟာဘုတ် အချင်းချင်းအားလည်းကောင်း, မဟာဘုတ်က ဥပါဒါရုပ်အားလည်းကောင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ ထို့ကြောင့် သဟဇာတပစ္စည်း ပစ္စယုပ္ပန် အဖြစ်ဖြင့် စာစပ်ရသည်။
(သဟဇာတမျိုးပြိုင်က သဟဇာတစာစပ်၊
ပကတူပမျိုးပြိုင်က ပကတူပစာစပ်ရမည်- ဟူလို။)

အနာထပိဏ္ဍိကဿ-ကား ၏ဟူ၍ အနက်ပေးသောကြောင့် အာရာမေ-၌ ပကတူပနိဿယပစ္စည်း။ အာရာမေ-ကား ပကတူပနိဿယပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်အပ်၏။

http://www.dhammadownload.com



''စာမေးပွဲ၌ အမေးများသော ဝဋ္ဋာန်းပစ္စည်းမျိုး ၆-မျိုး''

(၁) အာရမ္မဏမျိုး၊ (၈) ပစ္စည်း။
(၂) သဟဇာတမျိုး (၁၅)ပစ္စည်း။
(၃) အနန္တရမျိုး (၇) ပစ္စည်း။
(၄) ပကတူပမျိုး (၂) ပစ္စည်း။
(၅) ဝတ္ထုပုရေဇာတမျိုး (၆) ပစ္စည်း။
(၆) နာနာက္ခဏိကကမ္မမျိုး (၁) ပစ္စည်း။

## အာရမ္မဏမျိုး သုဒ္ဓသချာ ဇယားကွက်

| အုပ်စု | ပစ္စယသတ္တိ | ပစ္စည်း (အာရုံ) | ပစ္စယုပ္ပန်(အာရမ္မဏိက) |
|---|---|---|---|
| ၁။ | အာရမ္မဏ | စိတ် ၈၉၊ စေ-၅၂ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ် | စိတ် ၈၉၊ စေ-၅၂ |
| ၂။ | အာရမ္မဏ အဓိပတိ ဥပနိဿယ (၃)ပစ္စည်း | (ဒေါ-ဒွေ။ မော-ဒွေ။ဒုက္ခ ဝိညာဉ်-ကြဉ်) လောကီစိတ် ၇၆၊ (ဒေါစတုက်၊ ဝိစိကြဉ်) စေ၄၇၊ ဣဋ္ဌ-နိပ္ဖန္နရုပ် ၁၈။ | လောဘမူစိတ် ၈။ စေ-၂၂။ |
| | | လောကီကုသိုလ်-၁၇။ | မဟာကု-၈။ |
| | | အောက်မဂ်ဖိုလ်-၆၊နိဗ္ဗာန်။ | မဟာကုညာဏ်-၄။ |
| | | အရဟတ္တမဂ်/ဖိုလ်၊နိဗ္ဗာန်။ | မဟာကြိညာဏ်-၄။ |
| | | နိဗ္ဗာန်။ | လောကုတ်-၈။ |
| ၃။ | အာရမ္မဏ-ပုရေဇာတ အတ္ထိ၊ အဝိ | ပစ္စုပ္ပန်နိပ္ဖန္နရုပ်-၁၈။ | ကာမစိတ်-၅၄၊ဒိဋ္ဌဝကျွ ဒိဋ္ဌသောတအဘိညာဉ် |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၄။ | ဘာ,ပု, နိ, ဝိပ်,ဘတ်, ဘဝိ (၆) | စုတိစိတ်မှဖြန့်၍ရေသော (၁၇)ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ | မံနေသဒ္ဒါရာဝဇ္ဇန်း။ မရဏာ သန္နရော (၅)ချက် တခါရှိ။ |
| ၅။ | ဘာ, ဝိ, ဥ ပု, ဘတ်, ဘဝိ (၆) | အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ်-၁၈။ | အလေးအမြတ်ပြုတတ် သော လောဘမူ(၈)။ |
| ၆။ | ဘာ,ဝိ,ဥ,ပု နိ,ဝိပ်,ဘတ်, ဘဝိ (၈) | အလေးအမြတ်ပြုအပ်. . . စုတိစိတ်မှ. . ဟဒယဝတ္ထု။ | အလေး. . . တတ်သော လောဘမူမရဏာသန္န ဇော (၅)ချက်။ |

''အာရမ္မဏမျိုး လက္ခဏာ ၂-ဝါး''

ကောက်ယူထားသော တရားတို့တွင်-

(၁) တရားတစ်ခုက အာရုံအပြုခံဖြစ်၍ တရားတစ်ခုက အာရုံပြုသော အာရမ္မဏိက တရားဖြစ်ခြင်း။

(၂) ယင်းအာရုံတရားကို အာရမ္မဏိကတရားက ဤနေရာ၌လည်း အာရုံ ပြုနေခြင်း။ ဤလက္ခဏာနှစ်ပါးနှင့် ညီညွတ်ပါက အာရမ္မဏမျိုး- ဟု မှတ်ပါ။

ညွှန်ကြားချက် အထက်ပါ လက္ခဏာနှစ်မျိုးတို့တွင် -

(၁)လက္ခဏာအတွက် ရှေ့၌ ပြဆိုခဲ့ပြီးဖြစ်သော အာရုံ အာရမ္မဏိကအစွဲ ယှဉ်အကွက်ကို ကျေပွန်စွာ လေ့လာထားပါ။

(၂)လက္ခဏာအတွက် တရားပိုင်ရှင်ပုဂ္ဂိုလ်၏ တရားဖြစ်ပုံ အခြေအရာ ကို ဆင်ခြင်သုံးသပ်ပါ။

ရှင်းလင်းချက် တဒနုတ္တရ ဖြဟ္မစရိယပရိယောသာနံ ၊ပ၊ အဘိညာ သစ္ဆိ ကတွာ၌ တံ-အရ အရဟတ္တဖိုလ်ကိုကောက်၍ သစ္ဆိကတွာ- အရ ပစ္စဝေက္ခဏာဉာဏ်(ကြိယာ)ကို ကောက်ရသည်။

http://www.dhammadownload.com


ထိုတရားတို့တွင် အရဟတ္တဖိုလ်က ကြိယာကို အာရုံ မပြုနိုင်၊ ကြိယာကသာ အရဟတ္တဖိုလ်ကို အာရုံပြုနိုင်၏၊ ထိုသို့ ပြုရာ၌လည်း သင်္ဂြိုဟ်အဆိုအရသာ ပြုသည် မဟုတ်၊

"အရဟတ္တဖိုလ်ကို ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြု၍" ဟု ဆိုထားသဖြင့် ညီနေရာ၌လည်း၊ အာရုံပြုသည်။ ထို့ကြောင့် အထက်ပါအရ တရားတို့ကို အာရမ္မဏမျိုး ပြိုင်ရသည်။

''ပစ္စယသတ္တိ ရှာဖွေနည်း''

ပစ္စယသတ္တိ ရှာဖွေသောအခါ မိမိကောက်ယူထားသော ပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို အာရမ္မဏမျိုး သုဒ္ဓသင်္ချာအုပ်စုအသီးအသီးသို့ သွင်းပါ။

(၁)အုပ်စုထဲသို့သာ ဝင်ပါက အာရမ္မဏတစ်ပစ္စည်းသာ ပြိုင်နိုင်၏။

(၂)အုပ်စုထဲသို့ ဝင်ပါက အာရမ္မဏ, အဓိပတိ, ဥပနိဿယ သုံးပစ္စည်း ပြိုင်နိုင်၏။

(၃)အုပ်စုထဲသို့ ဝင်ပါက အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ လေးပစ္စည်း ပြိုင်နိုင်၏။ ။ပ။

(၆)အုပ်စုထဲသို့ ဝင်ပါက အာရမ္မဏရှစ်ပစ္စည်းလုံး ပြိုင်နိုင်၏။

(သုဒ္ဓသင်္ချာအုပ်စုထဲသို့ သွင်းရာ၌ မိမိပစ္စည်းကို သုဒ္ဓသင်္ချာပစ္စည်းတရားထဲသို့လည်းကောင်း၊ မိမိပစ္စယုပ္ပန်ကို သုဒ္ဓသင်္ချာ ပစ္စယုပ္ပန်တရားထဲသို့လည်းကောင်း အသီးအသီး သွင်းရမည်။)

မှတ်ချက် အာရမ္မဏမျိုး ပြိုင်ပါက မိမိပြိုင်ရာ အာရမ္မဏမျိုးတွင်းရှိ ပစ္စယသတ္တိတို့ကိုသာ ရှာဖွေရမည်ကို အထူးသတိပြုပါ။

''ပုံစံဖြင့် ရှင်းလင်းချက်''

စက္ခုမန္တော ရူပါနိ ဒုက္ခဋ္ဌ-၌ ရူပါနိ အရ ရူပါရုံတရားက ဒုက္ခဋ္ဌ-အရ စက္ခုဝိညာဏ်စိတ္တုပ္ပါဒ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုရာ၌ ပြိုင်နိုင်သော ပစ္စယသတ္တိတို့ကို ရှာဖွေလိုလျှင် မိမိကောက်ယူထားသော ရူပါရုံပစ္စည်းတရား စက္ခုဝိညာဏ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားတို့ကို အာရမ္မဏမျိုး သုဒ္ဓသင်္ချာ အုပ်စု အသီးအသီးသို့ သွင်းကြည့်သောအခါ-

http://www.dhammadownload.com


(၁-၃) နံပါတ် အုပ်စုထဲသို့သာ ဝင်၏၊ ကျန်အုပ်စုများထဲသို့ မဝင်။ ထို့ကြောင့် (၁-၃) နံပါတ် အုပ်စုတွင် ပါဝင်သော အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ လေးပစ္စည်း ပြိုင်နိုင်၏-ဟု သိနိုင်သည်။

## သတိပြုရန်

အာရမ္မဏမျိုးပြိုင်က အာရမ္မဏတစ်ပစ္စည်းသော်လည်း ရနိုင်သည်ကိုလည်းကောင်း။ မိမိကောက်ယူထားသော ပစ္စည်းပစ္စယုပ္ပန်တရားတို့ကို (၂-၃-၄-၅-၆) နံပါတ်လာ သုဒ္ဓသင်္ချာထဲသို့ မဝင်ပါက အာရမ္မဏ တစ်ပစ္စည်းသာ ရနိုင်သည်ကိုလည်းကောင်း အထူးသတိပြုပါ။

## ''တပြိုင်နက် ယထာရဟ ခွဲနည်း''

ပြိုင်နိုင်သော ပစ္စယသတ္တိတို့ကို တပြိုင်နက် ယထာရဟခွဲခြားလိုလျှင် မိမိကောက်ယူထားသော ပစ္စည်းပစ္စယုပ္ပန်တရား ပြိုင်တိုင်းပြိုင်တိုင်းအာရမ္မဏ ဝသောပစ္စည်းများ ပါဝင်ယှဉ်ပြိုင်နိုင်မှု ရှိ+မရှိ သုံးသပ်ပါ။

အမြဲတမ်းပါဝင် ယှဉ်ပြိုင်နိုင်ပါက "တပြိုင်နက်"၊

တခါတရံသာ ပါဝင်ယှဉ်ပြိုင်နိုင်ပါက "ယထာရဟ"- ဟု မှတ်ပါ။

## ''ဝုဋ္ဌဖြင့် ရှင်းလင်းချက်''

ဝဏ္ဏီဿယ် အသံဝုတ် ဝိဟရန္တပေ၊ အကုသလာ ဓမ္မာ အန္တာဿဝေယျံ-၌ အကုသလာ ဓမ္မာ-အရ အဘိဇ္ဈာဒေါမနဿ ပစ္စယုပ္ပန်တရားတို့အား ယင်းတို့၏ ဣဋ္ဌာဝိပ္ပေတ ရုပါရုံပစ္စည်းတရားက အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုရာဝယ် အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတ၊ (၆)ပစ္စည်း ပါဝင်ယှဉ်ပြိုင်နိုင်၏။

ထို(၆)ပစ္စည်းတို့တွင် အဓိပတိနှင့် ဥပနိဿယတို့သည် အဘိဇ္ဈာတရား ပစ္စယုပ္ပန် ဖြစ်နိုက်သာ ယှဉ်ပြိုင်နိုင်၏၊ ဒေါမနဿ ပစ္စယုပ္ပန်ဖြစ်နိုက် မယှဉ်နိုင်။ ထို့ကြောင့် အဓိပတိနှင့် ဥပနိဿယတို့ကို ယေဘုယျဟု မှတ်ရမည်။

အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ အဝိဂတ၊ တို့သည်ကား အဘိဇ္ဈာ ပစ္စယုပ္ပန် ဖြစ်နိုက်လည်း ယှဉ်ပြိုင်နိုင်၏။ ဒေါမနဿ ပစ္စယုပ္ပန်ဖြစ်နိုက်လည်း ယှဉ်ပြိုင်

http://www.dhammadownload.com



နိုင်၏၊ ထိုသို့ အမြဲတမ်းယှဉ်ဖြိုင်နိုင်သောကြောင့် ယင်းပစ္စယသတ္တိ (၄)မျိုးတို့ ကို တဖြိုင်နက် ဟု မှတ်ရမည်။

## ''ကြည့်ရှုရန်''

မဟာကုသိုလ် ဉာဏသမ္ပယုတ် (၄)ပါးသည် အောက်မဂ် အောက်ဖိုလ် နိဗ္ဗာန်တရားတို့ကို အဓိပတိတပ်၍ အာရုံပြုရာ၌ မိမိဥစ္စာဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန်ကိုသာ အဓိပတိတပ်၍ အာရုံပြုနိုင်၏၊ သူတစ်ပါး၏ မဂ်ဖိုလ်နိဗ္ဗာန် ကိုကား၊ အဓိပတိတပ်၍ အာရုံမပြုနိုင်၊

ထို့ကြောင့် သူတစ်ပါး၏ မဂ်ဖိုလ်နိဗ္ဗာန် ကို အာရုံပြု၍ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဟူသော အာရမ္မဏိက ပစ္စယုပ္ပန်တရား ဖြစ်ရာ၌ အဓိပတိနှင့် ဥပနိဿယတို့ လုံးဝမရနိုင်ပါ။

(သူတစ်ပါး၏ မဂ်ဖိုလ်နိဗ္ဗာန် အာရုံပစ္စည်းတရားက မိမိ၏ မဟာ ကုသိုလ်မဟာကြိယာ ဉာဏသမ္ပယုတ် အာရမ္မဏိက ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုရာ၌ အဓိပတိနှင့် ဥပနိဿယ လုံးဝမရနိုင်၊ အာရမ္မဏ တစ် ပစ္စည်းသာ ရနိုင်သည်-ဟူလို)

အောက်ပါ သကျသိဟပုစ္ဆာတို့၏ အဖြေကိုလည်း ကြည့်ပါ။

မေး၊ ယဿတ္တာယ ကုလပုတ္တာ .... ပဗ္ဗဇန္တိ၊ တံ .... သစ္ဆိကတွာ-၌ သစ္ဆိကတွာ-အရ တရားကိုယ်ကောက်၍ တံ-အရ တရားနှင့် အချင်း ချင်း ဆက်သွယ်သော ပစ္စည်းများကိုလည်း ဖော်ပြခဲ့ပါ။ (၂၃-ခုဝိနည်း)

ဖြေ သစ္ဆိကတွာ-အရ ပစ္စဝေက္ခဏာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏ သမ္ပယုတ်ရှိပညာ ဖြစ်သည်၊
ယင်းတရား၏ တံ-အရ အရဟတ္တဖိုလ်ပစ္စည်းတရားနှင့် ဆက်သွယ် သော ပစ္စည်းများ- အာရမ္မဏ အဓိပတိ ဥပနိဿယ၊

မှတ်ချက်။ ။မိမိ၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်တရားကို အဓိပတိတပ်ကာ အာရုံပြုသောကြောင့် အဓိပတိနှင့် ဥပနိဿယ နှစ်ပစ္စည်းတို့ ရသည်။

http://www.dhammadownload.com


မေး ဝဟိဒ္ဓါ စိတ္တဒွါ ၌ အသီးအသီးသော ပုဒ်တို့၏အရ ပရမတ္ထသဘော တို့ကို ထုတ်ပြ၍ ဝိထိဖြစ်ဟန် ပစ္စည်းပစ္စယုပ္ပန် ဖြစ်ဟန်တို့ကိုလည်း ကောင်း။ ပစ္စည်းသရုပ်ကိုလည်းကောင်း ပြခဲ့ပါ။ (၂၅-ခု၊အဘိ)

ဖြေ ဝဟိဒ္ဓါ-အရ အပြင်ပအာရုံ (၅)ပါး (ကာမဂုဏ်တရား)၊ စိတ္တဒွါ-အရ ဥဒ္ဓစ္စသဟဂုတ်စိတ် ၊

"ဝိထိဖြစ်ဟန်"

ဘဝင်စလန ဘဝင်ုပစ္ဆေ မနောဒွါရာဝဇ္ဇန်း ဥဒ္ဓစ္စသဟဂုတ်ဇော (၇) ကြိမ် တဒါရုံ(၂)ကြိမ် ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်ကြလေသည်။

"ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ဟန်"

ဝဟိဒ္ဓါအရ တရားသည် ၊အာရမ္မဏပစ္စည်း။ စိတ္တဒွါအရ ဥဒ္ဓစ္စသဟဂုတ် စိတ်သည် အာရမ္မဏပစ္စယုပ္ပန်၊ ဤသို့ ပစ္စည်းပစ္စယုပ္ပန် ဖြစ်ကြသည်။

"ပစ္စည်းသရုပ်"

အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ။

မေး တေနပသက်မိ ဒိဝါဝိဟာရာယ-၌ ဒိဝါဝိဟာရာယ-အား တပ်ကောင်း သမျှပစ္စည်းများကို ဖေါ်ပြ၍ ထိုနှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ရောက်ရာ ကိုလည်း ညွှန်ပြပါ။ (၂၁-ခု၊ဝိနည်း)

ဖြေ ဒိဝါဝိဟာရာယ-အရ အရဟတ္တဖိုလ်အား တပ်ကောင်းသမျှသော ပစ္စည်းများ-အာရမ္မဏ အဓိပတိ ဥပနိဿယ (၃)ပစ္စည်းတို့ ဖြစ်သည်။ ထိုနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ရောက်ရာ- နိဗ္ဗာန် ဖြစ်သည်။

မေး အစိရ္ဂတသဝါဂိ စိတ္တံ ဝိမုစ္စိတ္ထ-၌ ဝိမုစ္စိတ္ထအရ တရားကို ကောက်၍ ၎င်းတရား၏ ဖြစ်ရာဘုံ၊ ဖြစ်စေသောရုပ်၊ တောဝိပက္ခိယအမည်များ။ ထို၏ အာရမ္မဏာဓိပတိပစ္စည်း။ ရသင့်သော ဝိသုဒ္ဓိများကို ရေးသား ဖြေဆိုပါ။ (၂၈-ခု၊ဝိနည်း)

ဖြေ ဝိမုစ္စိတ္ထ- အရ စတုတ္ထမဂ်နှင့် အရဟတ္တဖိုလ်၊

http://www.dhammadownload.com



ဖြစ်ရာဘုံ ကာမသုဂတိ(၇) အသညကြဉ် ရူပ(၁၅) အရူပ(၄)၊
ဣတ္ထာဝိပ္ပယုတ္တ မနသဿဘုံ၊
ဖြစ်စေသောရုပ် ဝိညတ်ငွေး သဒ္ဒရုပ်ကြဉ် စိတ္တဇရုပ်(၁၅)၊
စေတသိကမ်ိဳးယအပမည်များ သမ္ပယုတ်(၄)ပါး သမ္ပသက်ပ္ပဂ္ဂင် ပီတိ
သမ္ပောဗျင်ကြဉ် ကျန် (၃၁)ပါးတို့ ဖြစ်သည်၊
အာရမ္မဏာဝိပတ်ပစ္စည်း နိဗ္ဗာန်၊
ရသင့်သော ဝိသုဒ္ဓိ ဉာဏဒဿနဝိသုဒ္ဓိ၊

မှတ်ချက် ဝိပုဗ္ဗိတ္တ-အရ ဘုရားရှင်၏ အရဟတ္တဖိုလ်စိတ် ဖြစ်၍ ယင်းနှင့် သင့်လျော်အောင် ပြောဆိုထားသည်၊ အချို့ဆရာတို့က အရဟတ္တဖိုလ်ကြောင့် ဖြစ်နိုင်သော ရုပ်တို့ကို ထုတ်ရာဝယ် သဒ္ဒရုပ်ကိုပါ ထည့်၍ ထုတ်ကြ၏၊

ဝိဝိအလိုအားဖြင့်ကား သဒ္ဒရုပ်သည် ဝစီဝိညတ်နှင့် အမြဲ အတူတကွဖြစ်သောကြောင့် ဝစီဝိညတ်ကို မဖြစ်စေနိုင်က သဒ္ဒရုပ် ကိုလည်း ဖြစ်စေနိုင်မည် မဟုတ်ပါ၊ ထို့ကြောင့် အပြေ၌ သဒ္ဒရုပ်ကို ကြဉ်၍ ထုတ်ထားသည်၊

မေး ဝုဋ္ဌာနဂ္ဂါမိနီ လောက် ဝေါလောကေတွာ-၌ ဝုဋ္ဌာနဂ္ဂါမိဉာဏ်သရုပ်ကို ဖေါ် ထုတ်၍ ဣခြေ၌ သွင်းပြီးလျှင် လောက်-အရ တရားသည် ဝေါလော ကေတွာ-အရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စည်းသရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။(၂၈-ခု၊ဓမ္မ၁)

ဖြေ ဝုဋ္ဌာနဂ္ဂါမိနီ-အရ အာသယာနုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တိ ဉာဏ် ဟု ဆိုအပ်သော မဟာကြိယာဉာဏသမ္ပယုတ်၌ ရှိသော ပညာ၊ ဖြစ်သင့်သော ဣခြေ ပညိန္ဒြေ၊

လောက်-အရ သတ္တဝါတို့၏ အာသယ၊အနုသယ၊ နှသောဣန္ဒြေ ရင့်ကျက်သောဣန္ဒြေသည် ဝေါလောကေတွာ-အရ ဝုဋ္ဌာနဂ္ဂါအား

ကျေးဇူးပြုနိုင်သောပစ္စည်းသရုပ်- အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ၊

http://www.dhammadownload.com



မေး အကတည္ဆုသိ ပြာဟွကာ-၌ အကတအရ တရား။ ဉာဓာတ်အရ တရား တို့ကို ကောက်ပြ၍ ရှေ့ပုဒ်အရတရားက ဉာဓာတ်အရ တရားအား ကျေးဇူးပြုနိုင်သည့် ပစ္စည်းများကိုလည်း ဖေါ်ပြပါ။ (၃၂-၃၊၀မ္မပဒ)

ဖြေ အကတ-အရ နိဗ္ဗာန် ဖြစ်သည်။
ဉာဓာတ်အရ မဂ်ဉာဏ် ဖြစ်သည်။
ကျေးဇူးပြုနိုင်သည့် ပစ္စည်းများ- အာရမ္မဏ အဓိပတိ ဥပနိဿယ တို့ ဖြစ်သည်။

မေး နိဗ္ဗာန် ပရမံ ဝဒန္တိ ဗုဒ္ဓါ-၌ ကံပုဒ်အရ တရားက ပဓာနကြိယာအရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စည်းသရုပ်ကို စုံလင်အောင် ထုတ်ခဲ့ပါ။ (၃၃-၃၊၀မ္မပဒ)

ဖြေ ကံပုဒ်အရ- နိဗ္ဗာန်ပစ္စည်းတရားသည် ပဓာနကြိယာအရ ဒေသနာ့ ဉာဏ်ဖြစ်သော မဟာကြိယာဉာဏ်သမ္ပယုတ္တစိတ် ပစ္စယုပ္ပန်တရားအား
ကျေးဇူးပြုနိုင်သော ပစ္စည်းသရုပ်- အာရမ္မဏ အဓိပတိ ဥပနိဿယတို့ ဖြစ်သည်။

မေး အထက်ပါ ပုစ္ဆာပါဠိ၌ မနသာ-အရ ကောက်ပြ၍ ယင်းတရားတို့နှင့် အနက္ခာတ-အရ တရား၏ ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံကို ရေးပြီးလျှင် ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကိုလည်း စုံစေအောင် ထုတ်ပြခဲ့ပါ။ (၃၆-၃၊၀မ္မပဒ)

ဖြေ မနသာ-အရ အောက်မဂ် အောက်ဖိုလ် (၆)ပါးဖြစ်သည်။
အနက္ခာတ-အရ နိဗ္ဗာန် ဖြစ်သည်။
အနက္ခာတအရ နိဗ္ဗာန်သည် အာရမ္မဏာဓိပတိပစ္စည်း၊ မနသာ အရ အောက်မဂ်အောက်ဖိုလ် (၆)ပါးသည် အာရမ္မဏာဓိပတိပစ္စယုပ္ပန်၊ ဤသို့ ပစ္စည်းပစ္စယုပ္ပန် ဖြစ်သည်။
ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများ- အာရမ္မဏ အဓိပတိ ဥပနိဿယတို့ ဖြစ်သည်။

http://www.dhammadownload.com



မေး  နေကွမ္မူပသမေရတ-၌ နေကွမ္မူပသမေ-ဘရ တရားက ရတာ-ဘရ တရားကို မည်သည့်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်ကိုဖေါ်ပြပြီးလျှင် ရသင့်သမျှသော ပစ္စယသတ္တိတို့ကိုလည်း ဖေါ်ပြပါ။(၃၈-၃၊၀မ္မပ၁)

ဖြေ  နေကွမ္မူပသမေ-ဘရ နိဗ္ဗာန်ပစ္စည်းတရားက ရတာ-ဘရ ဘုရားရှင်၏ ဂေါတြဘူဈာန်နှင့်ယှဉ်သော အရဟတ္တဖိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ရသင့်သမျှသောပစ္စယသတ္တိ- အာရမ္မဏ အဓိပတိ ဥပနိဿယ တို့တည်း။

မှတ်ချက်  နိဗ္ဗာန်တရားကို အရကောက်နိုင်းပြီး ပဋ္ဌာန်းနည်း ဖြင့်နိုင်းပါက နိဗ္ဗာန်ကို ပစ္စည်းထား၍ အာရမ္မဏပြိုင်ပါ။ အာရမ္မဏ အဓိပတိ ဥပနိဿယ (၃)ပစ္စည်းထုတ်ပါ။

မေး  (၂)နပါတ်ပုစ္ဆာပါ ပေသလာ-၌ ရှေ့ပုဒ်၏ အနတ္တ၊ တဟျတ္တ တရားတို့ကို ခွဲခြားကောက်ပြ၍ ပစ္စည်းပစ္စယုပ္ပန်တို့ကို ညွှန်ပြပြီးလျှင် ပစ္စယသတ္တိတို့ကိုလည်း ဖေါ်ပြပါ။ (၆၃-၃၊၁၁)

ဖြေ  အနတ္တဘရ- သီလကို ချစ်မြတ်နိုးသူ၏သန္တာန်၌ ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်၊

တဟျတ္တဘရ- ဝိရတီစေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ် လောကုတ္တရာစိတ္တုပ္ပါဒ် ဖြစ်သည်။

တဟျတ္တဘရ တရားသည် အာရမ္မဏပစ္စည်း။

အနတ္တဘရ တရားသည် အာရမ္မဏပစ္စယုပ္ပန်၊

ပစ္စယသတ္တိ- အာရမ္မဏ အဓိပတိ ဥပနိဿယ ဖြစ်သည်။

|ပုစ္ဆကဆရာတော်၏ အဖြေအတိုင်းတည်း။|

မေး  စိတ္တာလင်္ကာရ စိတ္တပရိက္ခာရတ္ထံ ဒါနံ ဒေတိ-၌ အလင်္ကာရဘရ တရားကိုယ်နှင့် စိတ္တုပ္ပါဒ်ကို ကောက်ပြီးလျှင် ထိုစိတ္တုပ္ပါဒ်က မည်သည့်တရားအား မည်သည့်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ကို ဖေါ်ပြပါ။

http://www.dhammadownload.com



ဖြေ အလက်ာရ-အရတရားကိုယ် ဒါနစေတနာ၊
စိတ္တုပ္ပါဒ်-မဟာကုသိုလ်စိတ်(၈)ပါး အရင်းခံစေတနာကြောင့် အညသမာန်း စေတသိက် (၁၂)၊ ၊ ၊ ဂိရကိအပ္ပမညာကြောင့် သောဘနစေတသိက် (၂၀) ပါး၊ ပေါင်း (၃၂)ပါး။

ထိုစိတ္တုပ္ပါဒ်က သမထဝိပဿနာစိတ် ပစ္စယုပ္ပန် တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ပုဗ္ဗ ပုရေ မုဉ္စ ပစ္ဆတော၊ မဇ္ဈေ မုဉ္စ ဘဝဿ ပါရဂူ၊
သဗ္ဗတ္ထ ဝိမုတ္တမာနသော၊ န ပုန ဇာတိဇရံ ဥပေဟိသိ၊

မေး အထက်ပါ ဂါထာလာ ရှေ့နောက်အလယ်တို့ကို တိကျစွာ ကောက်၍ မာနသောအရ ပစ္စည်းက ဘယ်ပစ္စယုပ္ပန်တရားကို ဘယ်ပစ္စည်းမျိုးဖြင့် ကျေးဇူးပြုသနည်း၊ ပစ္စည်းအရေအတွက် ရေးပါ။ (၃၁-၃၊ဓမ္မ၊၁)

ဖြေ ပုရေ-ဟူသော ရှေ့အရ အတိတ်ခန္ဓာတို့၌ တပ်မက်သောတဏှာ၊
ပစ္ဆတော-ဟူသော နောက်အရ အနာဂတ်ခန္ဓာတို့၌ တပ်မက်သော တဏှာ၊
မဇ္ဈေဟူသော အလယ်အရ- ပစ္စုပ္ပန်ခန္ဓာတို့၌ တပ်မက်သောတဏှာ ဖြစ်သည်၊

မာနသော-အရ အရဟတ္တဖိုလ်ပစ္စည်းတရားက ယင်းနှင့် ယှဉ်သော အညသမာန်းစေတသိက် ၁၃-ပါး အပ္ပမညာကြောင့် သောဘန စေတသိက် ၂၃-ပါး ပေါင်း ၃၆-ပါး ပစ္စယုပ္ပန်တရားတို့အား သဟဇာတ မျိုးဖြင့် ကျေးဇူးပြုသည်၊

ပစ္စည်းအရေအတွက်- အကြိုး-၄ အညမည သမ္ပယုတ္တ အဝိဂတိ ဣန္ဒြိယ အာဟာရ (၉)ပစ္စည်း ဖြစ်သည်၊

[မဟာကြိယာဉာဏသမ္ပယုတ် ဟူသော အာရမ္မဏိက ပစ္စယုပ္ပန် တရားကို ယူပါက အာ, ဓိ, ဥ (၃)ပစ္စည်းသာ။]

မှတ်ချက် ပုဗ္ဗာ၌ ရှေ့နောက်အလယ်တို့အရ ခန္ဓာအထိသာ ကောက်ယူနိုင် သော်လည်း ပုစ္ဆကာ၏ မေးပုံအခြင်းအရာကို ကြည့်၍ တဏှာ၊ တိုင်အောင် ကောက်ယူထားသည်။

http://www.dhammadownload.com



မေး သမဏောဥ္အနုတ္တရ တရား၏ အာရုံပစ္စည်း ဖြစ်သင့်သော တရားတို့ကို ဖော်ပြပါ။ (၃၂-ခု၊ဝိနည်း)

ဖြေ လောကီစိတ်-၈၁၊ စေတသိက်-၅၂ ရုပ်-၂၈ ဖြစ်သည်။

မှတ်ချက် သမဏောဥ္အနုတ္တရ ငြိမ်းစေပြီးသော အကုသိုလ်၊ တဟျတ္တအရ အရဟတ္တမဂ်ကို ကောက်ယူရသည်၊ ထိုသို့ကောက်ယူမှသာ လျှင် သဒ္ဒါစည်းကမ်းနှင့် ညီညွတ်၏၊

သို့သော် အချို့ဆရာများက အနုတ္တရအရ အရဟတ္တမဂ်ကို ကောက်ယူလိုကြ၏၊ ဖလူပစာကြ၍ ကောက်သော်သင့်၏၊ မုချကြ၍ကောက်သော် မသင့်၊

သမဏော ဥ္အနုတ္တ တဟျတ္တအရကို သဒ္ဒါစည်းကမ်းနှင့်အညီ ကောက်ပုံ-အနုတ္တရ ငြိမ်းပြီးသော မကောင်းမှု အကုသိုလ်၊ (တနည်း) မကောင်းမှု၏ မရှိခြင်း အဘာဝပညတ်၊ တဟျတ္တအရ အရဟတ္တမဂ် ဖြစ်သည်၊

''အနုတ္တရ မုချ ဥပစာ ခွဲကောက်ပုံ''

မုချအားဖြင့် ငြိမ်းအေးပြီးသော မကောင်းမှုအကုသိုလ်၊
(တနည်း) မကောင်းမှု၏ မရှိခြင်းအဘာဝပညတ်၊
ဖလူပစာအားဖြင့်- အရဟတ္တမဂ် ဖြစ်သည်၊

မေး ပဿတော စမ္မ မုတ္တမံ-၌ စမ္မအရ တရားက ပဿတောအရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စည်းများကို ထုတ်ပြပါ။(၄၂-ခု၊စမ္မပဒ)

ဖြေ စမ္မအရ လောကုတ္တရာတရား(၉)ပါးက ပဿတောအရ မဟာကုသိုလ် ဉာဏ်သမ်ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ အဓိပတိ ဥပနိဿယ ပစ္စည်းတို့ဖြင့် ကျေးဇူးပြုသည်၊ (စမ္မအရ- နိဗ္ဗာန်၊ ပဿတော အရ- လောကုတ္တရာ စိတ္တုပ္ပါဒ်ကို ယူ၍ပြုပြင်လျှင်လည်း အာ၊ဓိ၊ဥပင ပြုပြင်ပါ။)

မေး (၁)အမှတ်ပုစ္ဆာပါ (ပဋိသန္ဓေနှင့် သဟဇာတ် ဖြစ်သောရုပ်၊ ထိုပစာနတရားကိုယ်၏ အခြားရသော အပည်များနှင့် အာရမ္မဏာဓိပတိပစ္စည်း

http://www.dhammadownload.com



တရား။ ထိုကို ပွားများနိုင်သောကမ္မဋ္ဌာန်း)တို့ကိုလည်း စုံလင်စွာ ထုတ်ပြပါ။ (၄၃-ခု၊ဓမ္မပဒ)

ဖြေ ပဋိသန္ဓေနှင့် သဟဇာတ်ဖြစ်သောရုပ်- အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊

ပဓာနတရားကိုယ်၏ အခြားရသောအမည်များ- ကာမာသဝ ကာမောဃ ကာမယောဂ အဘိဇ္ဈာကာယဂန္ထ ကာမုပါဒါန် ကာမစ္ဆန္ဒနီဝရဏ ကာမရာဂါနုသယ ကာမရာဂသံယောဇဉ် လောဘကိလေသာ လောဘဟိတ် သဒ္ဒိရက္ခနဋ္ဌာ ဓမ္မာယတန ဓမ္မဓာတ် သမုဒယသစ္စာတို့ ဖြစ်သည်။

အာရမ္မဏာဓိပတိ ပစ္စည်းတရား- ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ် လောကီစိတ်-၇၆၊ ဒေါသ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ် စေတသိက်-၄၇၊ စတုဇနိပ္ဖန္နရုပ်တို့ ဖြစ်သည်။

ပွားများနိုင်သောကမ္မဋ္ဌာန်း- အသုဘကမ္မဋ္ဌာန်း(၁၀) ကာယဂတာသတိကမ္မဋ္ဌာန်း(၁)တို့ ဖြစ်သည်။

မေး တံ နိဂ္ဂဟေဿာမိ-၌ ဖြစ်ထိုက်သော ပစ္စည်းပစ္စယုပ္ပန်တရားများကို တိကျစွာ ကောက်ပြ၍ ပြိုင်နိုင်သော ပစ္စည်းသရုပ်ကိုထုတ်ပြပါ။ (၄၄-ခု၊ဓမ္မပဒ)

ဖြေ တံ-အရ ရာဂ,ဒေါသ,မောဟ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည် ပစ္စည်း။ နိဂ္ဂဟေဿာမိ-အရ မနောဒွါရိက မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောစိတ္တုပ္ပါဒ် (ယောနိသောမနသိကာရ)သည် ပစ္စယုပ္ပန်၊

ပြိုင်နိုင်သော ပစ္စည်းသရုပ်- အာရမ္မဏ၊

(တနည်း၊) ပကတူပနိဿယ ဖြစ်သည်။

မေး အတိက္ကန္တမာနသကော-နှ-၌ နောက်ပုဒ်အရ တရားက ရှေ့ပုဒ်အရ တရားအား ကျေးဇူးပြုနိုင်သော ပဋ္ဌာန်းပစ္စည်းသရုပ်ကို ထုတ်ပြပါ။ (၄၅-ခု၊ ဝိနည်း)

ဖြေ နောက်ပုဒ်အရ ဒွါရ, ပဋိဃ္ဃနှ, သကျ, သုခုမဖြစ်သော ပစ္စုပ္ပန်ရှုပါရုံသည်-

http://www.dhammadownload.com



ရှေ့ပုဒ်အရ ဒိဋ္ဌိစကျွအဘိညာဉ်အား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတတို့ဖြင့် ကျေးဇူးပြုသည်။

(ကနည်း) နောက်ပုဒ်အရ လူတို့၏ဥစ္စာဖြစ်သော ရူပါရုံ။

(တနည်း) စက္ခုပသာဒပစ္စည်းတရားက ရှေ့ပုဒ်အရ ဒိဋ္ဌိစက္ခု အဘိညာဉ်အား ပကတူပနိဿယဖြင့် ကျေးဇူးပြုသည်။

မှတ်ချက် နောက်ပုဒ်အရတရားနှင့် ရှေ့ပုဒ်အရတရားတို့သည် ပစ္စည်း, ပစ္စယုပ္ပန် (အကြောင်းအကျိုး) မဖြစ်နိုင်-ဟု ယူဆမိ၏၊ သို့သော် ပုစ္ဆာ၌ မေးထားသည်ဖြစ်၍ အမေးနှင့် လိုက်ဖက်အောင် ဖြေဆိုထားသည်။

မေး ယော စ ဗုဒ္ဓ ဓမ္မ သံဃ သရဏံ ဂတော-၌ ဗုဒ္ဓအရ ပစ္စည်းတရားက ဂတော-အရ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ဖော်ပြပါ။ (၄၅-ခု၊ ရမ္မပဒ)

ဖြေ ဗုဒ္ဓ-အရ ဗုဒ္ဓ၏ ပရမတ္ထဂုဏ်တော်ပစ္စည်းတရားက ဂတော-အရ သဒ္ဓါ စေတနာပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန် တရားအား အာရမ္မဏ, အဓိပတိ, ဥပနိဿယတို့ဖြင့် ကျေးဇူးပြုသည်။

မေး ဥယျာဉ္ဇတ္တိ သတိမန္တော၊ န နိကေတေ ရမန္တိ တေ-၌ ရမန္တိ၏ အနတ္ထ တရားကို ကောက်ပြ၍၊ ယင်းကို ပစ္စယုပ္ပန်ထားပြီ။ ဖြစ်သင့်သော ပစ္စည်းတရားများကို ညွှန်ပြပါ။ (၄၆-ခု၊ ဓမ္မပဒ)

ဖြေ အနတ္ထအရ လောဘမူစိတ္တုပ္ပါဒ်ဖြစ်သည်။
ယင်း၏ပစ္စည်းတရားများကား- ကျောင်း, ပရိက္ခရ်, အလုပ်အကျွေး ဒကာ,ဒကာမ-စသော အာရုံပစ္စည်းတရား ဖြစ်သည်။

မေး အာယုသင်္ခါရံ ဩဿဇ္ဇိ-၌ အာယုသင်္ခါရအရတရားအား ယင်း၏ အာရုံ ဖြစ်သောတရားက မည်သည့်ပစ္စယသတ္တိမျိုးဖြင့် ကျေးဇူးပြုသည်ကို ဖြေပါ။ (၄၇-ခု၊အံ)

ဖြေ အာယုသင်္ခါရ-အရ ဘုရားရှင်၏ အရဟတ္တဖိုလ်သမာပတ်အား အာရုံ ဖြစ်သော နိဗ္ဗာန်တရားက အာရမ္မဏ, အဓိပတိ, ဥပနိဿယတို့ဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



မေး မိစ္ဆာဒိဋ္ဌိ သမာဒါနာ-၌ မိစ္ဆာဒိဋ္ဌိဆောက်တည်ပုံကို ဝီထိချ၍၊ ထိုဝီထိ၏ အာရုံများကို ထုတ်ပြီး၊ ဂရုကတရားများက ယင်းဝီထိအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကို ထုတ်ပြပါ။ (၄၇-ခု၊ဓမ္မပဒ)

ဖြေ "မိစ္ဆာဒိဋ္ဌိဆောက်တည်ပုံ ဝီထိ"

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ လောဘမူဒိဋ္ဌိဂတသမ္ပယုတ်ဇော (၇)ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ကြလေ၏။

"ဝီထိ၏အာရုံ"

လောကီစိတ် (၈၁)၊ စေ (၅၂)၊ ရုပ်(၂၈) ဖြစ်သည်။

"ပစ္စယသတ္တိများ"

အာရမ္မဏ, အဓိပတိ, ဥပနိဿယတို့ ဖြစ်သည်။

မေး ပရစိတ္တဝိဒူ ဘိက္ခု တံ ဘိက္ခုံ အပသာဒေသိ "မာဝုသော ဝေရုပ် အဘဏိ၊ နဓွေသော တုယှံ"တို့-၌ ပဓာနကြိယာ၏အရ တရားကိုရှု၍ ပရစိတ္တဝိဒူရဟန်း၏ သန္တာန်၌ဖြစ်သော ဝီထိစိတ်အစဉ်ကို ချ၍၊ ၎င်းဝီထိ၏ အာရုံကို ကောက်ပြီးလျှင်၊ အာရုံတရားက အာရမ္မဏိကတရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကိုလည်း ဖော်ပြပါ။ (၄၉-ခု၊ ဝိနည်း)

ဖြေ "ဝီထိစိတ်အစဉ်"

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ကရုဏာပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော (၇)ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ကြလေ၏။

"ဝီထိ၏ အာရုံ"

မနသာဝဝတ္ထာပိတသဒ္ဒပညတ် (ဟုနည်း၊) တံ ဘိက္ခုံ-၌ ဖြစ်သော ပစ္စုပ္ပန်နီပ္ဖန္နရုပ် (၁၈)ဖြစ်သည်။

"ပစ္စယသတ္တိများ"

အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ။

http://www.dhammadownload.com



မှတ်ချက်  ပဋ္ဌာန်းနိမ္မနရုပ်အာရုံကို ယူနိုက် စိတ္တက္ခဏလွန်သော ကာမဇော မဇနောဘ္ဂါရိကဝိထိ ချပါ။

မေး  အဈွတ္တရတော-၌ ရှေ့ပုဒ် နောက်ပုဒ်အရ တရားတို့၏ ပစ္စည်းပစ္စယုပ္ပန် ဆက်သွယ်ပုံကို ပစ္စယသတ္တိနှင့်တကွ ဖြေပါ။ (၄၉-ခု၊ဓမ္မ)

ဖြေ  ရှေ့ပုဒ်အရ ဂေါစရဇ္ဈတ္တ-ဟုဆိုအပ်သော အာရုံကမ္မဋ္ဌာန်း ပစ္စည်းတရားက နောက်ပုဒ်အရ သဥ္စေတနာကေဂ္ဂတာပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္မယုတ် စိတ္တုပ္ပါဒ်တရားအား အာရမ္မဏပစ္စည်းဖြင့် ဆက်သွယ်သည်။

ပစ္စယသတ္တိ- အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ။

မေး  နံပါတ်(၁)ပုစ္ဆာပါ ဩရောပေတွာ-၏ ကာရိတကမ္မပုဒ်ကို ထုတ်၍၊ ကာရကနှင့် ကြိယာပုဒ်တို့အရ ပစ္စည်းပစ္စယုပ္ပန်တရားများကို ခွဲခြား ကောက်ပြပြီးလျှင် ဖြိုင်နိုင်သော ပစ္စည်းသရုပ်ကိုလည်း စုံလင်အောင် ထုတ်ပြပါ။ (၅၂ဝိနည်း)

ဖြေ  ကာရိတကမ္မပုဒ် ဣတ္ထိ-ဖြစ်သည်။

ဣတ္ထိဟူသော ကာရိတကမ္မပုဒ်အရ မိန်းမ၏သန္တာန်၌ရှိသော နိမ္မနရုပ်သည် (တနည်း) မိန်းမတည်းဟူသောရူပါရုံသည် ပစ္စည်း။ ကြိယာပုဒ်အရ တဏှာပြဋ္ဌာန်းသော ငလောဘမူစိတ္တုပ္ပါဒ်သည် ပစ္စယုပ္ပန်။

ပစ္စည်းသရုပ်- အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတတို့ ဖြစ်သည်။

ပုရိသော-ဟူသော ကာရကပုဒ်အရ လောဘသည် ပစ္စည်း။ ကြိယာပုဒ်အရ ယင်းနှင့်ယှဉ်သော လောဘမူစိတ္တုပ္ပါဒ်သည် ပစ္စယုပ္ပန်။ ပစ္စည်းသရုပ်- အကြီး (၄)၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု (၇)ပစ္စည်းတို့ဖြစ်သည်။

မေး  အကတညုသိ ဗြာဟ္မဏ-၌ အကတညုဝယ် ရှေ့ပုဒ်အရတရားက နောက်ပုဒ်အရတရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို စုံလင်စွာ ပြဆိုခဲ့ပါ။ (၅၁၊ဓမ္မပဒ)

http://www.dhammadownload.com



ဖြေ ရှေ့ပုဒ်အရ နိဗ္ဗာန်တရားက နောက်ပုဒ်အရ မဂ်ဉာဏ်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိကိုကား အာရမ္မဏ, အဓိပတိ, ဥပနိဿယ။

မှတ်ချက် အကုတံ နိဗ္ဗာနံ ဝေါနာဟိဂဟိ ဘူးဝါးလည်း။ သင်္ခတနိဗ္ဗာနေဝတိ အဋ္ဌကထာ။ (ဓမ္မ၄၁၁၊၃၉၆။)

နိဗ္ဗာန် ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ (သင်္ဂြိုဟ၊ရုပ်၊ပိုဒ်၊၆၂။)တို့ကို ထောက်၍ ရှေ့ပုဒ်အရ နိဗ္ဗာန်၊ နောက်ပုဒ်အရ မဂ်ဉာဏ်တို့ကို ကောက်သည်။

မေး သီဟသုတ်လာ ဓမ္မစက္ခုံ ဥဒပါဒိ-၌ ဓမ္မစက္ခုအရ တရားကို ကောက်ပြ၍၊ ၎င်း၏အာရုံကိုလည်းကောင်း။ ၎င်းအာရုံက ဓမ္မစက္ခုအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကိုလည်းကောင်း ကျနစွာဖော်ပြပါ။ (၁၄၊အံ။)

ဖြေ ဓမ္မစက္ခုအရ သောတာပတ္တိမဂ် ဖြစ်သည်။
၎င်း၏ အာရုံ- နိဗ္ဗာန်ဖြစ်သည်။
အာရုံက ဓမ္မစက္ခုအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိ- အာရမ္မဏ, အဓိပတိ, ဥပနိဿယဖြစ်သည်။

မေး ယော နိန္ဒိယံ ပသံသတိ-၌ နိန္ဒိယံအရ ပစ္စည်းတရားက ပသံသတိအရ အား ဖြိုင်နိုင်သော ပစ္စယသတ္တိများကို ထုတ်ပြပါ။ (၁၅-ခု၊အံ)

ဖြေ နိန္ဒိယံ-အရ- ကဲ့ရဲ့ထိုက်သူ၏ သန္တာန်၌ဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ်၊ (တနည်း)ခန္ဓာပဥ္စကပစ္စည်းတရားက ပသံသတိ-အရ ဒေါသမူ စိတ္တုပ္ပါဒ်အား ဖြိုင်နိုင်သောပစ္စယသတ္တိ- အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ။

မေး ဝိဝေက မနုဗြူဟယေ-၌ ဥပဓိဝိဝေကအရ ကောက်ပြ၍ ယင်းပစ္စည်း တရားသည် အနုဗြူဟယေ-အရ ပစ္စယုပ္ပန်တရားအား မည်မျှသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်ကို ဖြေဆိုခဲ့ပါ။ (၁၆-ခု၊ဓမ္မပ၁)

http://www.dhammadownload.com


ဝဖြေ ဥပမိဝိဝေက-အရ နိဗ္ဗာန် ဖြစ်သည်၊
ယင်းနိဗ္ဗာန်ပစ္စည်းတရားသည် အနုပြုဟယေ-အရ မဟာကုသိုလ် ဉာဏ်သမ်
စိတ္တုပ္ပါဒ်၊ (တနည်း) လောကုတ္တရာစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား
အာရမ္မဏ အဓိပတိ ဥပနိဿယ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်။

မှတ်ချက် ဥပဓိဝိဝေကောတိ နိဗ္ဗာန ၊ပ၊ ကမ္မံ တိဝိဓမ္ပိ ဝိဓေကံ ဖြုဟေယျ၊
ဝမေယျ၊ ဥပသမ္ပန္န ဝိဟရေယျာတိ အတ္ထော။ (ဓမ္မပဒ၊ ၁၊၃၄၅)
ကို ထောက်၍ ကောက်ယူထားသည်။

ဝမေး တဿ မေ ဧဝံ ဇာနတော ဧဝံ ပဿတော ကာမာသဝါပိ စိတ္တံ ဝိမုစ္စတိ-
၌ ကာမာသဝကိုသာ ထောက်၍ ဇာနတော-၌ ဓာတ်အရ သိဒ္ဓါပစ္စ
ဖြစ်သင့်သော တရား၏ ပယ်စွန့်ဆဲအနုသယတို့ကို ရေ၍၊ ယင်းအရ
တရားကို ပစ္စယုပ္ပန်ထားပြီး အတူတကွ မဖြစ်သည့်တရားနှင့် ပစ္စယ
သတ္တိများကို မျိုးအလိုက် ဖြစ်ထိုက်သလို တွဲစပ်ပေါ်ပြခဲ့ပါ။ (၅၉-၃၊
ဝိနည်း)

ဝဖြေ ဇာနတော-၌ ဓာတ်အရ သိဒ္ဓါပစ္စတရား- အနာဂါမိမဂ်ရှိပညာ၊
ယင်းတရား၏ ပယ်စွန့်ဆဲအနုသယ- ကာမရာဂါနုသယ ပဋိဃာ
နုသယ။

"ယင်း၏ ပစ္စည်းတရားနှင့် ပစ္စယသတ္တိများ-"
ပစ္စည်းတရား- နိဗ္ဗာန်၊ ပစ္စယသတ္တိ- အာရမ္မဏ အဓိပတိ ဥပနိဿယ
တို့တည်း။ (အာရမ္မဏမျိုး)

(တနည်း) ပစ္စည်းတရား- ဝေါဒါန်၊ ပစ္စယသတ္တိ- အနန္တရ
သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ (၆)ပစ္စည်းတို့တည်း။
(အနန္တရမျိုး)

(တနည်း) ပစ္စည်းတရား- ဝေါဒါန်နှင့် အတူဥပါဒ်သော ဟဒယ
ဝတ္ထု၊ ပစ္စယသတ္တိ- ဝတ္ထုပုရေဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ
(၅)ပစ္စည်းတို့တည်း။ (ဝတ္ထုပုရေဇာတမျိုး)

http://www.dhammadownload.com



(တနည်း) ပစ္စည်းတရား- ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ ဒေါသမူ-၂။ ဥဒ္ဓစ္စသဟဂုတ်-၁ နာမက္ခန္ဓာ၊ ပစ္စယုပ္ပန်- ပကတူပနိဿယ (၁) ပစ္စည်းသာ။ (ပကတူပမျိုး)

မေး သာရမ္ဘော-၌ ဓာတ်အရတရားကို ကောက်ပြ၍ ယင်း၏ အာရမ္မဏာ ဓိပတိ ပစ္စည်းတရားကို ဖော်ပြပါ။ (၆၁-ခုဝိနည်း)

ဖြေ ဓာတ်အရ- လောဘမူစိတ္တုပ္ပါဒ် ဖြစ်သည်။
ယင်း၏ အာရမ္မဏာဓိပတိပစ္စည်း- ဒေါသမူ-၂ မောဟမူ-၂ ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ် လောကီစိတ်-၇၆၊ ဒေါသ ကုက္ကုစ္စ မစ္ဆရိယ ကုက္ကုစ္စဝိစိကိစ္ဆာကြဉ် စေတသိက်-၄၇၊ ဣဋ္ဌနိပ္ဖန္နရုပ်-၁၈ တို့ ဖြစ်သည်။

မှတ်ချက် သာရမ္ဘော-အရ လောဘတရားကို အာရမ္မဏမျိုး သုဒ္ဓသဒ္ဒါ(၂) အုပ်စုတွင် ပစ္စယုပ္ပန်ဘက်၌ သွင်းကြည့်သောအခါ ဒေါ၂ မော၂ ကုက္ကုစ္စ ဣဋ္ဌနိပ္ဖန္နရုပ်၁၈-ခုတို့သည် လောဘတရား၏ အာရမ္မဏာဓိပတိ ပစ္စည်းဖြစ်ကြောင်း သိရသည်။ (ပစ္စယုပ္ပန်တရားကို ရှာဖွေနိုင်းလျှင် အရကောက်တရားကို ပစ္စည်းဘက်၌ သွင်း၍ရှာပါ။)

မေး ဝေယျာဗဒ္ဓမံ-၌ ဝေယျာအရ တရားကို ဖော်ပြ၍ ပစ္စယုပ္ပန်ထားပြီးလျှင် တပြိုင်နက် တပ်နိုင်သည့် ပစ္စယသတ္တိများနှင့် အာရမ္မဏပစ္စည်းတရား တို့ကို ဖြစ်သင့်သလို အသီးအသီး ယှဉ်စပ်ဖော်ပြခဲ့ပါ။ (၆၁-ခုဓမ္မပဒ)

ဖြေ ဝေယျာ-အရ ဝိစိကိစ္ဆာနိဝရဏ ဖြစ်သည်။
ယင်း၏ အာရမ္မဏပစ္စည်းတရား- ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဇ္ဈာရသ၊ ပစ္စယသတ္တိများ- အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ။
(တနည်း) အာရမ္မဏပစ္စည်းတရား။ စုတိစိတ်မှ ပြန်၍ရေသော် (၁၇)ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။ ပစ္စယသတ္တိများ- ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ (၆)ပစ္စည်းတို့ ဖြစ်သည်။

မေး နာနာအာဂါတ္တာ-ဝယ် ဂေါတ္တ၌ ကစ္စည်းဝုတ္တိအလိုကျ အနတ္တ တဟျတ္တ အဖြစ်သော ပရမတ္ထဓမ္မကို ကောက်ပြ၍ ကျေးဇူးပြုသော ပစ္စယ သတ္တိတို့ကို ဖြေပါ။ (၆၃-ခုဝိနည်း)

http://www.dhammadownload.com


ဖြေ အနုတ္တ-အရ အနှယ်ပညတ်ကို စောင့်ရှောက်သူ၏ သန္တာန်၌ဖြစ်သော ကာမကုသိုလ် အကုသိုလ် ကြိယာဇောစိတ္တုပ္ပါဒ်(ပစ္စယုပ္ပန်)၊
တပဟျတ္တ-အရ အနှယ်ဝသည်းဟူသော ပညတ်တရား(ပစ္စည်း)ဖြစ်သည်။
ကျေးရှူးပြုနိုင်သော ပစ္စယသတ္တိ- အာရမ္မဏ ပစ္စယသတ္တိ တစ်ပါးတည်းသာ ဖြစ်သည်။
[ပုစ္ဆကဆရာတော်၏ အဖြေအတိုင်းသာတည်း။]

မေး မနသာ စေ ပဒုဋ္ဌေန-အရ တရားနောင် နှောင်းနိုင်သည့် တဒါရုံတို့ကို ရနိုင်သည့် ပုဂ္ဂိုလ်တို့နှင့် ယှဉ်စပ်ဖော်ပြပြီးလျှင် ယင်းအရတရား၏ ဓမ္မာရုံ ပစ္စည်းတရားတို့ကို ဖော်ပြပြီး ဆက်သွယ်နေသည့် ပစ္စယသတ္တိများကိုလည်း ရေးပါ။ (၁၈-ခု၊ဓမ္မပဒ)

ဖြေ ဒုဂ္ဂတိအဟိတ်ပုထုဇဉ်၏ ဒေါသဇောနောင်- အဟိတ်ဥပေက္ခာ တဒါရုံ ၂-ပါး၊
သုဂတိအဟိတ် ဒွိဟိတ်ပုထုဇဉ်တို့၏ ဒေါသဇောနောင်- အဟိတ် ဒွိဟိတ် ဥပေက္ခာတဒါရုံ ၄-ပါး၊
တိဟိတ်ပုထုဇဉ် နှအောက်ဖလဋ္ဌာန် ၂-ယောက်တို့၏ ဒေါသဇော နောင်- (အာရုံအားလျော်စွာ) ဥပေက္ခာတဒါရုံ ၆-ပါး နှောင်းနိုင်သည်။
ဓမ္မာရုံပစ္စည်းတရား- ပစ္စုပ္ပန်နိပ္ဖန္နရုပ်ဖြစ်သော ပသာဒရုပ်(၅) အာပေါဓာတ်(၁) ဖြစ်သည်။
ပစ္စယသတ္တိများ- အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတတို့ ဖြစ်သည်။

## ကြည့်ရှုရန်

ပုစ္ဆာ၌ ကောက်ယူထားသော တရားတစ်ခု၏ ပစ္စည်းတရား ပစ္စယုပ္ပန် တရားတို့ကိုလည်း ရှာဖွေနိုင်းတတ်၏။ ထိုသို့ ရှာဖွေနိုင်းလျှင် မိမိကောက်ယူထားသော တရားတစ်ခုကို ဖြစ်သင့်သောပစ္စည်းမျိုးတွင်းသို့ သွင်းရမည်။

ပစ္စည်းတရားကို ရှာဖွေနိုင်းလျှင် ပစ္စယုပ္ပန်ဘက်သို့ သွင်း၍ ရှာရမည်။ ပစ္စယုပ္ပန်တရားကို ရှာဖွေနိုင်းလျှင် ပစ္စည်းဘက်သို့သွင်း၍ ရှာရမည်။

### အောက်ပါပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး  သောတာပန်နှာ-၌ သောတအရ မုချတ္ထ ဥပစာရတ္ထအားဖြင့် ကောက်ပြ၍ မုချတ္ထအရတရား၏ အာရမ္မဏာဓိပတိပစ္စည်းတရား၊ အာရမ္မဏာဓိပတိပစ္စယုပ္ပန် တရားတို့ကို ထုတ်ပြပြီး ဥပစာရတ္ထအရတရား ဖြစ်နိုင်သောဘုံတို့တွင် အမြင့်ဆုံးဘုံရှိ ပုဂ္ဂိုလ်တို့ကို သက်တမ်းနှင့်တကွ ဖေါ်ပြပါ။ (၆၄-ခု၊ဝိနည်း၊စည်ရှင်)

ဖြေ  သောတအရ·

မုချတ္ထအားဖြင့် သောတာပတ္တိမဂ်၊

ဥပစာရတ္ထအားဖြင့် သောတာပတ္တိဖိုလ်၊

မုချတ္ထအရ တရား၏

အာရမ္မဏာဓိပတိပစ္စည်း- နိဗ္ဗာန် ဖြစ်သည်။

အာရမ္မဏာဓိပတိ ပစ္စယုပ္ပန်-သောတာပန်၏ ဥစ္စာဖြစ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်-၄၊ ဝိရတီ အပ္ပမညာကြဉ် စေတသိက်-၃၃ တို့ ဖြစ်သည်။

အမြင့်ဆုံးဘုံရှိ ပုဂ္ဂိုလ်- သောတာပတ္တိမဂ္ဂဋ္ဌာန်ကြဉ် တိဟိတ်ပုဂ္ဂိုလ် (၈)ယောက်၊

သက်တမ်း- မဟာကပ် ရှစ်သောင်းလေးထောင်။

### သဟဇာတမျိုး သုဒ္ဓသဇာတဇယား

| အုပ်စု | ပစ္စယသတ္တိ | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|---|
| [illegible] | သဟဇာတ နိဿယ အတ္ထိ အဝိဂတ | အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ၄ပါး | အချင်းချင်းနာမက္ခန္ဓာ၊စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် |
| | | မဟာဘုတ် ၄-ပါး | အချင်းချင်းမဟာဘုတ်နှင့် ဥပါဒါရုပ် |
| | | ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ | ဟဒယဝတ္ထု |
| | | ဟဒယဝတ္ထု | ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| အလတ် ၄-ပစ္စည်း | အညမည | ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး | အချင်းချင်း နာမက္ခန္ဓာ ၄-ပါး |
| | | မဟာဘုတ် ၄-ပါး | အချင်းချင်း မဟာဘုတ်၄-ပါး |
| | | ပဉ္စဝေါကာရပဋိသန္ဓေ | ဟဒယဝတ္ထု |
| | | ဟဒယဝတ္ထု | ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ |
| | ဝိပါက | ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး | အချင်းချင်းဝိပါက်နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် |
| | | ပဉ္စဝေါပဋိ-နာမက္ခန္ဓာ | ဟဒယဝတ္ထု |
| | သမ္ပယုတ္တ | ပဝတ္တိပဋိ-နာမက္ခန္ဓာ | အချင်းချင်းနာမက္ခန္ဓာ ၄-ပါး |
| | ဝိပ္ပယုတ္တ | (ပဉ္စဝေါ)ပဝတ္တိပဋိ-နာမက္ခန္ဓာ-၄ | စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် |
| | | ပဉ္စဝေါ ပဋိ-နာမက္ခန္ဓာ | ဟဒယဝတ္ထု |
| | | ဟဒယဝတ္ထု | ပဉ္စဝေါ ပဋိသန္ဓေ နာမက္ခန္ဓာ |

| | | | |
|---|---|---|---|
| အလယ် ၇-ပစ္စည်း | ဟေတု | ဟိတ် ၆-ပါး | သဟိတ်စိတ်-၇၁၊မောဟမူလ်ကြဉ် စေ-၅၂ သဟိတ်စိတ္တဇ သဟိတ် ပဋိသန္ဓေကမ္မဇရုပ် |
| | အဓိပတိ | အဓိပတိတရားကိုယ် ၃-၄ ပါးတို့တွင် တစ်ပါးပါး | သာဓိပတိဇော-၅၂ အဓိပတိ တရားကိုယ်နှင့် ဝိစိကိစ္ဆာကြဉ် စေ-၅၁ သာဓိပတိစိတ္တဇရုပ် |
| | ကမ္မ | စိတ်-၈၉ရှိ စေတနာ | စိတ်-၈၉ စေတနာကြဉ်စေ-၅၁ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် |
| | အာဟာရ | ဖဿ,စေတနာ, ဝိညာဏ် | စိတ်-၈၉ စေ-၅၂ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် |

http://www.dhammadownload.com

| | | | |
|---|---|---|---|
| အငယ် ၇-ပစ္စည်း အဆက် | ဈာန | ဝိတက်,ဝိစာရ,ပီတိ,ဝေဒနာ,ဧကဂ္ဂတာ | ဒွေပဉ္စ-၁၀ကြဉ် စိတ်-၇၉ စေ-၅၂ စိတ္တဇရုပ် ပဋိ-ကမ္မဇရုပ် |
| | ဣန္ဒြိယ | ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ,သတိ,ဧကဂ္ဂတာ,ပညာ | စိတ်-၈၉ စေ-၅၂ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် |
| | မဂ္ဂ | ပညာ,ဝိတက်,ဝိရတီ-၃,ဝီရိယ,သတိ,ဧကဂ္ဂတာ,ဒိဋ္ဌိ | သဟိတ်စိတ်-၇၁ စေ-၅၂ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် |

**''သဟဇာတမျိုး ထုတ်ကွက်''**

မိမိကောက်ယူထားသော တရားတို့သည်-

(၁) နာမ်တရားချည်း ဖြစ်ရာ၌ အချင်းချင်း သမ္ပယုတ်ဖြစ်ခဲ့လျှင် သဟဇာတမျိုး။

(၂) နာမ်နှင့်ရုပ် ဖြစ်ရာ၌ ရုပ်တရားက (က)ယင်းနာမက္ခန္ဓာကြောင့်ဖြစ်သော စိတ္တဇရုပ်၊ (ခ) ပဋိသန္ဓေနာမက္ခန္ဓာနှင့် အတူတကွဖြစ်သော ကမ္မဇရုပ် ဖြစ်ခဲ့လျှင် သဟဇာတမျိုး။

(၃) ရုပ်တရားချည်းဖြစ်ရာ၌ ယင်းရုပ်တရားတို့သည် (က)အတူတကွဖြစ်သော မဟာဘုတ်အချင်းချင်းဖြစ်ခဲ့လျှင်လည်းကောင်း (ခ)အတူတကွဖြစ်သော မဟာဘုတ်နှင့် ဥပါဒါရုပ် ဖြစ်ခဲ့လျှင်လည်းကောင်း သဟဇာတမျိုးဖြြင့်ပါ။

**ညွှန်ကြားချက်-**

(၁) နံပါတ်အတွက် စေတသိက်ပိုင်းလာ စိတ်ယှဉ်စေတသိက်ယှဉ်တို့ကို ကျေပွန်စွာ လေ့လာထားပါ။

(၂) နံပါတ်အတွက် ရုပ်ပိုင်းလာ စိတ္တဇရုပ်နှင့် သမုဋ္ဌာန်တို့ကိုလည်းကောင်း၊ ပဋိသန္ဓေ နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ကိုလည်းကောင်း ကျေပွန်စွာ လေ့လာထားပါ။

(၃) နံပါတ်အတွက် ကောက်ယူထားသော ရုပ်တရားတို့သည် ဘုံရာဝတ္ထုတစ်ခုတည်းမှ (သို့မဟုတ်)ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏သန္တာန်မှ အတူကောက်

http://www.dhammadownload.com



ယှဉ်ထားသော (အတူတကွဖြစ်သော) မဟာဘုတ်လေးပါး (သို့မဟုတ်) မဟာဘုတ်နှင့် ဥပါဒါရုပ် ဟုတ်၊ မဟုတ် ဆင်ခြင်သုံးသပ်ပါ။

''(၁)နံပါတ်အတွက် ဝိုစဖြင့် ရှင်းလင်းချက်''

သုညာဂါရေ အဘိရတိ-၌-အဘိရတိပုဒ်၏ ကရိုက်ပုဒ်အရ- ဈာန်အင်္ဂါ ငါးပါးကို ကောက်ရ၏၊ အဘိရတိ-အရ ဈာန်စိတ္တုပ္ပါဒ်ကို ကောက်ရ၏၊ ထို တရားအားလုံးတို့သည် နာမ်တရားချည်းသာ ဖြစ်ကြသည်။

ထိုတရားတို့တွင် ဈာန်အင်္ဂါငါးပါးသည် အဘိရတိ-အရ ဈာန်စိတ္တုပ္ပါဒ် နှင့် အတူတကွယှဉ်၏၊ (သမ္ပယုတ်ဖြစ်၏) အဘိရတိ-အရ ဈာန်စိတ္တုပ္ပါဒ် သည်လည်း ကရိုက်ပုဒ်အရ ဈာန်အင်္ဂါငါးပါးနှင့် အတူတကွ ယှဉ်၏၊ (သမ္ပ ယုတ်ဖြစ်၏) ထိုသို့ နာမ်တရားတို့ အတူတကွယှဉ်ကြသောကြောင့် ယင်းနာမ် တရားတို့ကို သဟဇာတမျိုး ပြိုင်ရသည်။

''(၂)နံပါတ်အတွက် ဝိုစဖြင့် ရှင်းလင်းချက်''

သာဝဇ္ဇေန ကာယကမ္မေန-၌ ကာယကမ္မေနဝယ် ကာယအရ- ကာယ ဝိညတ်ကို ကောက်ရ၏၊ ကမ္မအရ-ကာယကံ အကုသိုလ်စေတနာကို ကောက် ရ၏၊ ထိုတရားတို့သည် နာမ်တရားနှင့် ရုပ်တရားများ ဖြစ်ကြသည်။

ထိုတရားတို့တွင် ကာယဝိညတ်သည် ကမ္မအရ အကုသိုလ်စေတနာ ကြောင့်ဖြစ်၏၊ ထိုသို့ ကာယဝိညတ်ဟူသော စိတ္တဇရုပ်သည် ကာယကံ အကု သိုလ်စေတနာနှင့် အတူတကွဖြစ်သောကြောင့် သဟဇာတမျိုးပြိုင်ရသည်။ (တနည်း- ကာယဝိညတ်ကို ပစ္စည်း၊ ကာယကံ အကုသိုလ်စေတနာကို ပစ္စယု ပ္ပန်ထားက ပကတူပမျိုး ပြိုင်ရမည်။)

''(၃)နံပါတ်အတွက် ဝိုစဖြင့် ရှင်းလင်းချက်''

သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ-၌ ဇေတဝနေ-အရ တာဟိရ အဝိ နိဗ္ဘောဂရုပ် (၈)ပါးကို ကောက်ရ၏၊ ထိုတရားတို့၌ မဟာဘုတ်လေးပါး ဥပါဒါ ရုပ်လေးပါး ပါဝင်၏၊ ထိုတရားတို့သည် ဇေတဝန်ကျောင်းတည်းဟူသော ဗဟိဒ္ဓ အရာဝတ္ထု တစ်ခုတည်းမှ အတူကောက်ယူထားသော (အတူတကွဖြစ်သော) ရုပ်တရားများ ဖြစ်ကြသည်။

http://www.dhammadownload.com



ထို့ကြောင့် ဇာဟိရပ်မဟာဘုတ်က ဇာဟိရမဟာဘုတ်အားလည်းကောင်း, ဇာဟိရမဟာဘုတ်လေးပါးက ဇာဟိရဥပါဒါရုပ် လေးပါးအားလည်းကောင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၍ သဟဇာတမျိုး ပြိုင်ရသည်။

(မဟာဘုတ်အချင်းချင်းအား ကျေးဇူးပြုရာ၌ အကြီးလေးပစ္စည်းနှင့်အညမည၊ မဟာဘုတ်ကဥပါဒါရုပ်အားကျေးဇူးပြုရာ၌ အကြီးလေးပစ္စည်းသာ ပြိုင်နိုင်သည်)

## ''ဝစ္စယသတ္တိ ရှာဖွေနည်း''

သဟဇာတမျိုးပြိုင်လျှင် အကြီးလေးပစ္စည်း၊ သချာပေါက်ရ၏၊ အလတ်လေးပစ္စည်းတို့တွင်

(၁) ပစ္စည်းနာမ် ပစ္စယုပ္ပန်နာမ် ဖြစ်ခဲ့လျှင် အညမည သမ္ပယုတ္တ ရ၏။

(၂) ပစ္စည်းဝိပါက်နာမ် ပစ္စယုပ္ပန်ဝိပါက်နာမ် ဖြစ်ခဲ့လျှင် အညမည သမ္ပယုတ္တ ဝိပါက ရ၏။

(၃) ပစ္စည်းနာမ် ပစ္စယုပ္ပန်ရုပ် ဖြစ်ခဲ့လျှင် ဝိပ္ပယုတ္တရ၏။ (ယေဘုယျ)

(၄) ပစ္စည်းကုသိုလ်+အကုသိုလ်နာမ်၊ ပစ္စယုပ္ပန် ကုသိုလ်+အကုသိုလ်နာမ်ရုပ်ဖြစ်ခဲ့လျှင် အလတ်လေးပစ္စည်း မရ။ ပစ္စည်းအဗျာကတနာမ် ၊ ပစ္စယုပ္ပန်အဗျာကတနာမ် ရုပ် ဖြစ်ခဲ့လျှင် အလတ်လေးပစ္စည်း ရ၏။

အငယ်(၇)ပစ္စည်းတို့တွင် ဟေတုစသော ပစ္စည်းများ ပြိုင်နိုင်မှု ရှိ+မရှိ သိလိုလျှင် မှီးကောက်ယူထားသော ပစ္စည်းပစ္စယုပ္ပန်တရားတို့ကို ဟေတုစသောပစ္စည်းတို့၏ ပစ္စည်းပစ္စယုပ္ပန်တရားထဲသို့ သွင်းကြည့်ရမည်။ ဟေတု၏ ပစ္စည်းပစ္စယုပ္ပန်တရားထဲသို့ ဝင်ပါက ဟေတုရ၏။ ။ပ။ မဂ္ဂ၏ ပစ္စည်းပစ္စယုပ္ပန်တရားထဲသို့ ဝင်ပါက မဂ္ဂရ၏ (ပြိုင်နိုင်၏)-ဟု မှတ်ပါ။ (မခဲပြီ)

## ''အထူးကြည့်ရှုရန်''

ကာမဘုံသား ပုဂ္ဂိုလ်တစ်ယောက် ပဋိသန္ဓေနေသောအခါ ပဋိသန္ဓေနာမက္ခန္ဓာနှင့်တကွ ကမ္မဇရုပ်များ ဖြစ်ကြ၏၊ ထိုပဋိသန္ဓေကမ္မဇရုပ်တို့တွင်

ဟာဒယဝတ္ထုရုပ် ပါဝင်၏၊ ထိုဟာဒယဝတ္ထုရုပ်သည် ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့် အချင်းချင်းအပြန်အလှန် သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကြ၏၊

(၁) ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ပစ္စည်း။ ဟာဒယဝတ္ထု ပစ္စယုပ္ပန် ဖြစ်သော အနိုက် အကြီး(၄) အညမည ဝိပါက ဝိပ္ပယုတ္တနှင့် အဓိပတိကြဉ် အငယ် (၆)ပစ္စည်းတို့ ပြိုင်နိုင်၏၊ (အဟိတ်ပဋိသန္ဓေနာမက္ခန္ဓာပစ္စည်းဖြစ်နိုက် ဟေတုနှင့် မဂ္ဂ မရ)

(၂) ဟာဒယဝတ္ထု ပစ္စည်း။ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ပစ္စယုပ္ပန် ဖြစ်သော အနိုက် အကြီး(၄) အညမည ဝိပ္ပယုတ္တ (၆)ပစ္စည်း ပြိုင်နိုင်၏၊

စတာက်ပါ ပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး ဂဗ္ဘသေယျ ဉပပါတ်၊ နိရယ် ပါယကမ္ဘိနော ၌ ဂဗ္ဘအရ ပြည့်စုံစွာ ကောက် ပြ၍ ယင်းပာရားတို့ကို ဖြစ်သင့်သလို ပစ္စည်းပစ္စယုပ္ပန်ခွဲပြီး ပြိုင်နိုင်သော ပစ္စယသတ္တိတို့ကိုလည်း အသီးအသီး ပေါ်ပြပါ။

ဖြေ ဂဗ္ဘ-အရ လူ့ပဋိသန္ဓေဖြစ်သော ကာမသုဂတိပဋိသန္ဓေ(၉)ပါး အညသမာန်းစေတသိက်(၁၃)ပါး၊ ဝိရတိအပ္ပမညာကြဉ် သောဘနစေတသိက် (၂၀)ပါး၊ ပေါင်း (၃၃)ပါး၊ ကမ္မဇရုပ်(၂၀)တို့ဖြစ်သည်။

"ပစ္စည်းပစ္စယုပ္ပန်အခွဲ"

ကာမသုဂတိပဋိသန္ဓေ နာမက္ခန္ဓာသည် သဟဇာတပစ္စည်း။ ကမ္မဇရုပ်သည် သဟဇာတပစ္စယုပ္ပန်။ ပြိုင်နိုင်သောပစ္စယသတ္တိ- အကြီး(၄) ဝိပါက ဝိပ္ပယုတ္တ၊ အဓိပတိကြဉ် အငယ် (၆)ပစ္စည်းတို့ ဖြစ်သည်။

(တနည်း) ကာမသုဂတိပဋိသန္ဓေနာမက္ခန္ဓာသည် သဟဇာတပစ္စည်း။ ဟာဒယဝတ္ထုသည် သဟဇာတပစ္စယုပ္ပန်၊ ပြိုင်နိုင်သောပစ္စယသတ္တိ- အကြီး(၄)၊ အညမည ဝိပါက-ဝိပ္ပယုတ္တ၊ အဓိပတိကြဉ် အငယ် (၆)ပစ္စည်းတို့ ဖြစ်သည်။

(တနည်း) ဟာဒယဝတ္ထုသည် သဟဇာတပစ္စည်း။ ကာမသုဂတိပဋိသန္ဓေနာမက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ပြိုင်နိုင်သော ပစ္စယသတ္တိ- အကြီး (၄)၊ အညမည ဝိပ္ပယုတ္တတို့ ဖြစ်သည်။

http://www.dhammadownload.com



## ''တပြိုင်နက် ယထာရဟတွဲနည်း''

ပြိုင်နိုင်သောပစ္စယသတ္တိတို့ကို တပြိုင်နက် ယထာရဟတွဲလိုလျှင် ၆၆ ကောက်ယူထားသော ပဒ္ဓည်း၊ ပစ္စယုပ္ပန်တရား ပြိုင်တိုင်း၊ ပြိုင်တိုင်း ဟေတုစသော ပစ္စည်းများ ပါဝင်ယှဉ်ပြိုင်နိုင်မှု ရှိ၊ မရှိ သုံးသပ်ပါ။

အမြတမ်း ပါဝင်ယှဉ်ပြိုင်နိုင်ပါက တပြိုင်နက်၊

တခါတရံသာ ပါဝင်ယှဉ်ပြိုင်နိုင်ပါက ယထာရဟ-တွဲပါ။

|သဟဇာတမျိုးပြိုင်က အကြီး(၄)ပစ္စည်း၊ တပြိုင်နက် သေချာပေါက်ရသည်။|

## ''ဝိုစပြုင် ရှင်းလင်းချက်''

ပါကာတိပါတ် ပဟာယ၊ ပါကာတိပါတာ ပဋိဝိရတော- ၌ ပဟာယ အရ- ဝိရတိမဂ္ဂင်ကြဉ် ကျန်မဂ္ဂင်(၅)ပါးကို ကောက်ရ၏၊ ပဋိဝိရတော-အရ ဝိရတိမဂ္ဂင်(၃)ပါးကို ကောက်ရ၏။

ထိုတရားတို့တွင် မဂ္ဂင်(၅)ပါး ပစ္စည်းတရားက ဝိရတိမဂ္ဂင် (၃)ပါး ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုရာဝယ် အကြီး(၄)၊ အညမည သမ္ပယုတ္တ၊ ဟေတု အဓိပတိ ဣန္ဒြိယ ဈာန မဂ္ဂ (၁၁)ပစ္စည်း၊ ပါဝင်ယှဉ်ပြိုင်နိုင်၏။

ထို(၁၁)ပစ္စည်းတို့တွင်-

ဟေတုသည် သမ္မာဒိဋ္ဌိမဂ္ဂင်ပစ္စည်း ဖြစ်နိုက်သာ ယှဉ်ပြိုင်နိုင်၏၊ ကျန်မဂ္ဂင်(၄)ပါးပစ္စည်းဖြစ်နိုက် မယှဉ်ပြိုင်နိုင်။

အဓိပတိသည် သမ္မာဒိဋ္ဌိ သမ္မာဝါယာမမဂ္ဂင် ပစ္စည်းဖြစ်နိုက်သာ ယှဉ်ပြိုင်နိုင်၏။ ကျန်မဂ္ဂင်(၃)ပါး ပစ္စည်းဖြစ်နိုက် မယှဉ်ပြိုင်နိုင်။

ဣန္ဒြိယသည် သမ္မာဒိဋ္ဌိ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိမဂ္ဂင် ပစ္စည်းဖြစ်နိုက် ယှဉ်ပြိုင်နိုင်၏၊ သမ္မာသင်္ကပ္ပမဂ္ဂင် ပစ္စည်းဖြစ်နိုက် မယှဉ်ပြိုင်နိုင်၊

ဈာနသည် သမ္မာသင်္ကပ္ပ သမ္မာသမာဓိမဂ္ဂင် ပစ္စည်းဖြစ်နိုက်သာ ယှဉ်ပြိုင်နိုင်၏၊ ကျန်မဂ္ဂင်(၃)ပါး ပစ္စည်းဖြစ်နိုက် မယှဉ်ပြိုင်နိုင်။ ထို့ကြောင့် ဟေတု အဓိပတိ ဣန္ဒြိယ ဈာနတို့ကို ယထာရဟဟု မှတ်ရမည်။

http://www.dhammadownload.com



အကြိမ်(၄)ပစ္စည်း။ အညမည သမ္ပယုတ္တ မဂ္ဂတို့သည်ကား သမ္မာဒိဋ္ဌိမဂ္ဂင် ပစ္စည်းဖြစ်နိုက်လည်း ယှဉ်ပြိုင်နိုင်၏၊ ၊ပ၊ သမ္မာသမာဓိမဂ္ဂင်ပစ္စည်း ဖြစ်နိုက်လည်း ယှဉ်ပြိုင်နိုင်၏၊ ထိုသို့ အမြဲတမ်းယှဉ်ပြိုင်နိုင်သောကြောင့် ယင်းပစ္စယ သတ္တိ(၇)မျိုးကိုကို တပြိုင်နက်ဟု မှတ်ရမည်။

ဟောက်ပါ သကျသီဟ ပုစ္ဆာတို့၏ အဖြေကိုလည်း ကြည့်ပါ။ ၆

မေး ... [illegible] ... ကပ်၍နှင့် ကြိယာပဒ်ကို [illegible] အဘယ်ပစ္စည်း ပစ္စယုပ္ပန်မျိုးဖြင့် ဆက်သွယ်နေကြောင်း ပေါ်ပြ၍ ပဋ္ဌမ မျာန်ကုသိုလ်[illegible] [illegible] [illegible] မှာကြောင်းပြယ္ဘ[illegible] [illegible]ရဟာ ယည့်သွင်းခဲ့ပါ။ (၂၀·ခု၊ဝိနည်း)

ဖြေ ကံပုဒ်အရ ပဋ္ဌမဈာန်ရှိ ဈာန်အင်္ဂါ(၅)ပါး ပစ္စည်းတရားသည် ကြိယာ ပုဒ်အရ ယင်းတို့နှင့်ယှဉ်သော ပဋ္ဌမဈာန်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတ ပစ္စည်းပစ္စယုပ္ပန်အဖြစ်ဖြင့် ဆက်သွယ်ကြသည်။

ပဋ္ဌမဈာန်ကုသိုလ်ကသည် အကျိုးပေးခဲ့လျှင် ဒုတိယဘဝ၌ အကျိုး ပေးသောကြောင့် ဥပပဇ္ဇဝေဒနီယကံ၊ အကျိုးမပေးခဲ့လျှင် အကျိုး ပေးပြီး,ပေးဆဲ,ပေးလတ္တံ·ဟု မဆိုနိုင်သောကြောင့် အဟောသိကံ။

မေး အထက်ပါဝါကျ၌ သတ္တာ·အရ ပစ္စည်းတရားသည် ကထေသိ·အရ ပစ္စယုပ္ပန်တရားအား အဘယ်ပစ္စည်းမျိုးဖြင့် ဆက်သွယ်နိုင်သည်ကို ရထိုက်သမျှ (ပစ္စည်းပစ္စယုပ္ပန်)ဖြစ်ဟန်နှင့်တကွ ပေါ်ပြပါ။ (၂၄·ခု၊ ဓမ္မပဒ) ၀

ဖြေ သတ္ထာ·အရ ဒေသနာဉာဏ်ပစ္စည်းတရားသည် ကထေသိ·အရ ဒေသနာဉာဏ်နှင့်ယှဉ်သော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် အား သဟဇာတပစ္စည်းမျိုးဖြင့် ဆက်သွယ်သည်။

ပစ္စယသတ္တိ· အကြိမ်(၄) အညမည သမ္ပယုတ္တ၊ ဟေတု အဓိပတိ ဣန္ဒြိယ မဂ္ဂတို့ ဖြစ်သည်။ [ပစ္စယုပ္ပန်ဘက်၌ စိတ္တဇရုပ်ကိုယူက အည မည သမ္ပယုတ္တနှုတ်၍ ဝိပ္ပယုတ္တ ယည့်ပြိုင်ပါ။]

(တနည်း) သတ္တာ·အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော ရှေးရှေး သော မဟာကြိယာဉာဏသမ္ပယုတ်ဇောပစ္စည်းတရားသည် ကထေသိ·

http://www.dhammadownload.com



အရ· နောက်နောက်သော မဟာကြိယာဉာဏသမ္ပယုတ်တော ပစ္စယုပ္ပန်တရားအား အနန္တရပစ္စည်းမျိုးဖြင့် ဆက်သွယ်သည်။

ပစ္စယသတ္တိ· အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတတို့ ဖြစ်သည်။

(တနည်း) သတ္တာ·အရ ရှေးရှေးသော ဝေဒနာ့အတူပါသော ဟဒယဝတ္ထုပစ္စည်းတရားသည် ကာယေသိ·အရ ဒေသနာ့ဉာဏ် ပြဋ္ဌာန်းသော နောက်နောက်သော မဟာကြိယာဉာဏသမ္ပယုတ်တော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အနန္တရပစ္စည်းမျိုးဖြင့် ဆက်သွယ်သည်။

ပစ္စယသတ္တိ· ဝတ္ထုပုရေဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ တို့ ဖြစ်သည်။

မှတ်ချက် ကုသိုလ်ပုဒ်အရနှင့် ကုသိုလ်မဟာကြိယာပုဒ်အရတို့ကိုလည်းကောင်း၊ ကုသိုလ်ပုဒ်အရနှင့် ကံမဟာကြိယာပုဒ်ဝယ် စာတွဲတွဲ အရတို့ကိုလည်းကောင်း၊ ပဋ္ဌာန်းနည်းပြောင်နိုင်းပါက အထက်ပါ အတိုင်း (၃)နည်းပြောင်ပါ။ (သဟဇာတသာ အသုံးများသည်။)

မေး ဥတ္တရိမနုဿဓမ္မော နာမ ဈာန်·၌ မနုဿဓမ္မကို ထုတ်၍ ဒါန သီလ ဘာဝနာသို့ သွင်းပြီးလျှင် ဈာန်အရတရားနှင့် ယှဉ်သော စိတ်စေတသိက်တို့ကို ပြဆိုပြီး ၎င်းစိတ္တုပ္ပါဒ်၌ ဝေဒနာစေတသိက်က သညာ စေတသိက်အား အဘယ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။ (၂၉·၃၊ ၆နည်း)

ဖြေ မနုဿဓမ္မ·အရ ကုသလကမ္မပထတရား (၁၀)ပါးတို့တွင် အပစာယန ဝေယျာဝစ္စ (၂)ပါးတို့ကို သီလ၌သွင်း။ ပတ္တိဒါနနှင့် ပတ္တာနုမောဒန (၂)ပါးတို့ကို ဒါန၌သွင်း။ ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိုဇုကမ္မ (၃)ပါးတို့ကို ဘာဝနာ၌သွင်းရမည်။

ဈာန်အရနှင့် ယှဉ်သောစိတ် [illegible] စိတ်၊ စေတသိက်· အညသမာန်း(၁၃) ဝိရတီကြဉ် သောဘဏ(၂၂)တို့ ဖြစ်သည်။

http://www.dhammadownload.com



ဝေဒနာစေတသိက်သည်· သညာစေတသိက်အား၊ အကြီး(၄)၊ အညမည သမ္ပယုတ္တ ဣန္ဒြိယ ဈာန ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်၊

မှတ်ချက် စိတ်တစ်ခုတည်း၌ အာဟုဟာကူဖြစ်ကြသော (ယှဉ်ကြသော) စေတသိက်တို့ကို ပဋ္ဌာန်းနည်းပြိုင်နိုင်းပါက သဟဇာတပြိုင်ပါ။

မေး ဥဋ္ဌိန္န-အရ တရားက မူလ-အရ တရားများကို မည်သည့်ပစ္စယသတ္တိများဖြင့် ကျေးဇူးပြုနိုင်ပါသနည်း၊ အပြည့်အစုံပေါ်ပြခဲ့ပါ။ (၃၀၊ ခုအံ)

ဖြေ ဥဋ္ဌိန္န-အရ အဝိဇ္ဇာပစ္စည်းတရားက မူလ-အရ ယင်းနှင့်ယှဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်အား၊ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်၊

(တနည်း) ဥဋ္ဌိန္န-အရ လောဘပစ္စည်းတရားက မူလ-အရ ယင်းနှင့်ယှဉ်သော လောဘမူစိတ္တုပ္ပါဒ်အား၊ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်၊

ပစ္စယသတ္တိများ· အကြီး(၄)၊ အညမည သမ္ပယုတ္တ ဟေတုတို့ ဖြစ်သည်၊ (ဥဋ္ဌိန္နပုဒ်သည် ကံဟောကိတ်ကြိယာဖြစ်၍ မူလဟူသော နောက်ပုဒ်နှင့် တရားကိုယ် အရကောက်အားဖြင့် တူ၏၊ ထို့ကြောင့် သဟဇာတမျိုး ပြိုင်သည်၊)

မေး ဝိမုတ္တသို့ ဝိမုတ္တမိတိ ဉာဏံ အဟောသိ-၌ ဉာဏ်အရ တရားက အဟောသိ-အရ တရားအား၊ ကျေးဇူးပြုနိုင်သော ပစ္စည်းသရုပ်ကို ထုတ်ပြပါ။ (၃၂-ခုအံ)

ဖြေ ဉာဏ်-အရ ပစ္စဝေက္ခဏာဉာဏ်တရားသည် အဟောသိ-အရ ပစ္စဝေက္ခဏာဉာဏ်နှင့် ယှဉ်သော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် တရားအား။

ကျေးဇူးပြုနိုင်သော ပစ္စည်းသရုပ်· အကြီး(၄)၊ အညမည သမ္ပယုတ္တ၊ ဟေတု အဓိပတိ ဣန္ဒြိယ· မဂ္ဂတို့ ဖြစ်သည်၊

မှတ်ချက် ဉာဏ်·အရ အဟောသိ·အရ ပစ္စဝေက္ခဏာဉာဏ်ချည်း ကောက်ယူရသော်လည်း ပဋ္ဌာန်းနည်း ပြိုင်နိုင်ရန် ကွဲပြားအောင် ကောက်ယူထားသည်ကို အထူးသတိပြုပါ။

http://www.dhammadownload.com


မေး (၁)အမှတ်ပုဒ္ဓာ၌ ယဇမာနာန်-ဝယ် အနန္တအရပစ္စာနတရားကို ကောက်ပြ၍ ယင်းတရားက အပစ္စာနဖြစ်သော တရားတို့အား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ရေးပါ။ (၃၃-၃၊၁၀)

ဖြေ အနန္တအရ ပစ္စာနတရား-ဒါနစေတနာ၊ ယင်းတရားက အပစ္စာန ဖြစ်သော ဒါနစေတနာနှင့်ယှဉ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်တရားတို့အား။

ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိ- အကြီး(၄)၊ အညမည သမ္ပယုတ္တ၊ ကမ္မ အာဟာရတို့ ဖြစ်သည်။

မှတ်ချက် မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ- ဟူသော ဒေသနာနှင့်အညီ စိတ်ကို ပစ္စာန၊ စေတသိက်ကို အပစ္စာန-ဟု ယူလျှင် အနန္တအရ ဒါနစေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ်သည် ပစ္စာန၊ ယင်းနှင့်ယှဉ်သော စေတသိက်ခန္ဓာ အပေါင်းသည် အပစ္စာန-ဟု မှတ်ပါ။

မေး ကုက္ကုစ္စ ဥပဒဟေယျ-၌ ကုက္ကုစ္စဝယ် အနန္တ တဟေတ္တအရ တရားတို့ကို ပစ္စည်းပစ္စယုပ္ပန်ခွဲပြ၍ ကျေးဇူးပြုပုံနှင့် ပြိုင်နိုင်သော ပစ္စည်းသရုပ်များကိုလည်း ဖော်ပြခဲ့ပါ။ (၃၅-၃၊၀နည်း)

ဖြေ အနန္တအရ- ကုက္ကုစ္စကြောင့် ဝိပ္ပဋိသာရ ဒေါသမူစိတ္တုပ္ပါဒ်သည် ပစ္စယုပ္ပန်၊ တဟေတ္တအရ- ကုက္ကုစ္စစေတသိက်သည် ပစ္စည်း။

တဟေတ္တအရ ပစ္စည်းတရားက အနန္တအရ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ပြိုင်နိုင်သောပစ္စည်းသရုပ်- အကြီး(၄)၊ အညမည သမ္ပယုတ္တတို့ ဖြစ်သည်။ [ဘာဝတ္ထိတ်တို့၌ အနတ်အရကို ပစ္စယုပ္ပန်၊ တဟေတ်အရကို ပစ္စည်းတရား-ဟု မှတ်ပါ။]

မှတ်ချက် ကုက္ကုစ္စ-၌ အနန္တအရ မှချအားဖြင့် ကတ အကတ ဒုစ္စရိုက သုစရိတအာရုံ၊ ကာရဏူပစာအားဖြင့် ဝိပ္ပဋိသာရစိတ္တုပ္ပါဒ်။ (အာရမ္မဏ ပြိုင်)

http://www.dhammadownload.com



မေး ယော နိဗ္ဗနဝေါ ဝနာဓိမုတ္တော.ဝနမုတ္တော-၌ ယောအရ နာမက္ခန္ဓာကို ယူ၍ ယင်းတရားက ဝနမုတ္တော-၌ ဝနအရ ဟရားအား မည်သည့် ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကြောင်း ပြဆိုခဲ့ပါ။ (၃၅-ဒု၊ဝမ္မပဒ)

ဖြေ ယော-အရ ဒိဗ္ဗဝိဟာရဈာန်ရှိ ဈာန်အင်္ဂါ(၅)ပါး ပစ္စည်းတရားက ဝနမုတ္တော-၌ ဝန-အရ ဒိဗ္ဗဝိဟာရ (မဟဂ္ဂုတ်)ဈာန်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား၊ အကြိုး(၄)၊ အညမည သမ္ပယုတ္တ ဈာန မဂ္ဂ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

မေး အမှတ်(၃)ပုစ္ဆာပါ စာပိုဒ်၌ တဟေတွာ-အရက ယော-အရ ဖြစ်သင့် သောတရားအား မည်သည့်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ကြောင်း ရေး၍ ယင်းပစ္စည်းတရားသည် မည်သည့်ဝိသုဒ္ဓိ ဖြစ်ကြောင်း၊ သင်္ဂြိုဟ် အထောက်အထားပြ ပြဆိုပါ။ (၃၇-ဒု၊ဝမ္မပဒ)

ဖြေ တဟေတွာ-အရ မဂ်(၄)ပါး ပစ္စည်းတရားက ယော-အရ ယင်းနှင့်ယှဉ် သော သမ္ပယုတ္တက္ခန္ဓာ ပစ္စယုပ္ပန်တရားအား၊ အကြိုး(၄)၊ အညမည သမ္ပယုတ္တ၊ အဓိပတိ အာဟာရ ဈာန မဂ္ဂ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူး ပြုပါသည်။

ပစ္စည်းတရားသည် ဉာဏဒဿနဝိသုဒ္ဓိဖြစ်ပါသည်။

သင်္ဂြိုဟ်အထောက်-

ဆဗ္ဗိသုဒ္ဓိ ကမေနေဝ၊ ဘာဝေတဗ္ဗော စတုဗ္ဗိဓော။
ဉာဏဒဿနဝိသုဒ္ဓိ၊ နာမ မဂ္ဂေါ ပဝုစ္စတိ။

မေး ပဘာသေတိ-၌ အရာအားလျော်စွာ ဓာတ်အရတရားက မည်သည့် တရားများကို မည်သည့်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ကို ဖော်ပြ၍ ရသင့်သော ပစ္စယသတ္တိတို့ကိုလည်း ဖော်ပြပါ။ (၃၉ဒု၊ဝမ္မပဒ)

ဖြေ ပဘာသေတိ-၌ ဓာတ်အရ- အရဟတ္တမဂ်ပညာပစ္စည်းတရားက ပညာ ကြဉ် အရဟတ္တမဂ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတ ဖစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

ပစ္စယသတ္တိ- အကြိုး(၄)၊ အညမည သမ္ပယုတ္တ၊ ဟေတု အဓိပတိ ဈာန မဂ္ဂတို့ ဖြစ်သည်။

http://www.dhammadownload.com


မှတ်ချက် အရဟတ္တဖိုလ်ပညာကို ပစ္စယုပ္ပန်ယူလျှင် အနန္တရမျိုး ဖြင့်ပါ။ အနန္တရ သမနန္တရ ဥပနိဿယ ကမ္မ နတ္ထိ ဝိဂတ (၆)ပစ္စယသတ္တိ ထုတ်ပါ။

မေး။ ယှဉ်ပတ္တာန် ၌ အတ္တာန် အရ ပစ္စည်းတရားက ယှဉ်-အရ ပစ္စယုပ္ပန်တရားအား၊ ကျေးဇူးပြုနိုင်သော ပစ္စည်းမျိုးနှင့် ပစ္စယသတ္တိတို့ကို ပေါ်ပြ၍ (၁)နပါတ်ဂါထာ၌ အယောဂ-အရကို ဤဓမ္မပဒဌကထာအလို ပေါ်ပြလျက် အဘိဓမ္မာနည်းတရားကိုယ်ကိုလည်း ကောက်ပြခဲ့ပါ။ (၄၀-ခုဓမ္မပဒ)

ဖြေ အတ္တာန်-အရ လောဘမူစိတ္တုပ္ပါဒ် ပစ္စည်းတရားက
ယှဉ်-အရ-ကာယဝိညတ် (တနည်း)စိတ္တဇရုပ်ပစ္စယုပ္ပန်တရားအား။
ကျေးဇူးပြုသော ပစ္စည်းမျိုး- သဟဇာတမျိုး။
ပစ္စယသတ္တိ- အကြီး(၄)၊ ဝိပ္ပယုတ္တ၊ အငယ်(၇) (ယထာရဟ) ဖြစ်သည်၊
(တနည်း) အတ္တာန်-အရ လောဘပစ္စည်းက ယှဉ်-အရ ယင်းနှင့် ယှဉ်သော လောဘမူစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား။
ကျေးဇူးပြုသောပစ္စည်းမျိုး- သဟဇာတမျိုး။
ပစ္စယသတ္တိ-အကြီး(၄)၊ အညမည၊ သမ္ပယုတ္တ ဟေတုတို့ဖြစ်သည်။
အယောဂ-အရ
အယောနိသော မနသိကာရ (ဓမ္မပဒဌကထာအတိုင်း)
မနောဒွါရိက လောဘမူစိတ္တုပ္ပါဒ် (အဘိဓမ္မာနည်းအတိုင်း)

မေး။ သုညာဂါရေ အဘိရတိ-၌ ပစ္စည်းပစ္စယုပ္ပန်တရားများကို ကောက်ပြပြီး ပြုနိုင်သော ပစ္စည်းသရုပ်ကိုလည်း ကုန်စင်အောင် ထုတ်ပြပါ။ (၅၈-ခုဝိနည်း)

ဖြေ သုညာဂါရေ-အရ ဌာနပညတ်သည် ပကတူပပစ္စည်း။
အဘိရတိ-အရ ဈာန်စိတ္တုပ္ပါဒ်သည် ပကတူပပစ္စယုပ္ပန်၊
ပြုနိုင်သော ပစ္စယသတ္တိ- ပကတူပနိဿယ တစ်ပစ္စည်းသာ။
(တနည်း) အဘိရတိ၏ကရိုက်ပုဒ်အရ- ဈာန်အင်္ဂါ(၅)ပါးသည် သဟဇာတပစ္စည်း။ အဘိရတိ-အရ ယင်း၊ဈာန်အင်္ဂါ (၅)ပါးနှင့်

23

http://www.dhammadownload.com



ယှဉ်သော မဟဂ္ဂုတ်ကုကြိဗျာန်စိတ္တုပ္ပါဒ်သည် သဟဇာတပစ္စယုပ္ပန်၊
ဖြိုင်နိုင်သော ပစ္စည်းသရုပ်- အကြီး (၄)၊ အညမည သမ္ပယုတ္တ၊
ဣန္ဒြိယ ဈာန မဂ္ဂတို့ဖြစ်သည်။

မေး အနုလောမသုခံ ဥပေက္ခာသဟဂတံ ပါရိသုဒ္ဓိ ၌ ဥပေက္ခာသဟဂတံ ပါရိသုဒ္ဓိ၏ ပုဒ်လုံးအရကို ကောက်ယူ၍ ယင်းပစ္စည်းတရားက ယင်းပုဒ်လုံးအရ ပစ္စယုပ္ပန်တရားအား အဘယ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း၊ ဖြိုင်နိုင်သော ပစ္စည်းသရုပ်ကို ထုတ်ပြပါ။ (ပဋ္ဌာန်ဆိုင်ရာ-ဆုံး၊ ၀ိနည်း၊)

ဖြေ ဥပေက္ခာသဟဂတံ ပါရိသုဒ္ဓိ ဟူသော ပုဒ်လုံးအရ- စတုတ္ထဈာန်ဖြစ်သည်၊
စတုတ္ထဈာန်ရှိ သတိပစ္စည်းတရားက ယင်းပုဒ်လုံးအရ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။
ဖြိုင်နိုင်သော ပစ္စည်း သရုပ် အကြီး(၄)၊ အညမည သမ္ပယုတ္တ၊
ဣန္ဒြိယ မဂ္ဂတို့ဖြစ်သည်။

မေး သမာဓိဇံ ပီတိသုခံ-တွင် သမာဓိဇံ ၌ ရှေ့ပုဒ်အရ တရားက နောက်ပုဒ်အရ တရားအား ကျေးဇူးပြုနိုင်သောပစ္စည်းများကို ပေါ်ပြပါ။(၄၁-ခု၊ ၀ိနည်း၊)

ဖြေ ရှေ့ပုဒ်အရ- ဒုတိယဈာန်ရှိ သမာဓိပစ္စည်းတရားက နောက်ပုဒ်အရ- ဒုတိယဈာန် ပစ္စယုပ္ပန်တရားအား။
ကျေးဇူးပြုနိုင်သော ပစ္စည်းများ- သဟဇာတ နိဿယ အတ္ထိ အဝိဂတ အညမည သမ္ပယုတ္တ ဣန္ဒြိယ ဈာန မဂ္ဂတို့ဖြစ်သည်၊
[ရှေ့ပုဒ်အရ ပဌမဈာန်ရှိ သမာဓိကို ပစ္စည်းတရားယူပါက ပကတူပ ဖြိုင်ပါ။]

မေး ဘုရားရှင်၏ တတိယမိဋ္ဌာပြ. အာသဝါနံ ခယဉာဏာယ-ပါဠိ၌ ခယအရ (က)သင်္ခါရက္ခန္ဓာ (ခ)မဂ္ဂသစ္စာ (ဂ)သစ္စဝိမုတ်ဖို့ကိုက်သော တရားတို့ကိုလည်းကောင်း၊ ဉာဏအရ ပစ္စည်းတရားက ဆိုင်ရာပစ္စယုပ္ပန်တရားတို့အား (သဟဇာတမျိုး၊ အာရုံမျိုး)အားလျော်စွာ ကျေးဇူးပြုနိုင်သော ပစ္စည်းအရေအတွက်ကိုလည်းကောင်း သင်္ချာမှု ပေါ်ပြခဲ့ပါ။ (၄၁-ခု၊အံ)

http://www.dhammadownload.com


ဖြေ (က) ၃၁၊ (ခ) ၇၊ (ဂ) ၂၇၊

ဉာဏအရ ပစ္စည်းတရားက ဆိုင်ရာပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စည်းအရေအတွက်- ၁၀ (သဟဇာတမျိုး)၊ ၃ (အာရုံမျိုး) ဖြစ်သည်။

မှတ်ချက် ခယ-အရ အရဟတ္တမဂ်သည် ဘုရားရှင်၏ အရဟတ္တမဂ်ဖြစ်၍ စတုတ္ထဈာန် (ပဉ္စမဈာန်)နှင့်ယှဉ်သော အရဟတ္တမဂ်ကိုသာ အရ ကောက်ရသည်ကို အထူးသတိပြုပါ။

မေး၊ ကာယေန သံဝုတာ စီရာ-၌ ကာယေနကို (ကာယဒွါရ)ဟူ၍လည်း ကောင်း (စောပနကာယ)ဟူ၍လည်းကောင်း ဖွင့်ကြရာ၌ ကာယအရ တိကျအောင် ကောက်ပြ၍ သံဝုတာ-၌ ဓာတ်အရ ဖြစ်သင့်သော စိတ္တုပ္ပါဒ်ကောက်ပြလျက် ယင်းစိတ္တုပ္ပါဒ်ပစ္စည်းတရားက ဓီရာ-အရ ဖြစ်သင့်သော ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ရေးခဲ့ပါ။ (၄၁-၃၊ဓမ္မပဒ)

ဖြေ ကာယေန-အရ ကာယဝိညတ် ဖြစ်သည်၊

သံဝုတာ-၌ ဓာတ်အရ ဝိရတိစေတနာ (သတိ,ဉာဏ်,ဝီရိယ) ပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ဖြစ်သည်၊

- ယင်းစိတ္တုပ္ပါဒ်၌ ခန္ဓာတစ်ပါး,နှစ်ပါး,သုံးပါး ပစ္စည်းတရားက ဓီရာ-အရ ခန္ဓာသုံးပါး,နှစ်ပါး,တစ်ပါး ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ပြိုင်နိုင်သော ပစ္စယသတ္တိ- အကြီး(၄)၊ အညမည သမ္ပယုတ္တတို့ ဖြစ်သည်။

(တနည်း) ယင်းစိတ္တုပ္ပါဒ်ပစ္စည်းတရားက ဓီရာ-အရ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိ- အကြီး(၄)၊ ဝိပ္ပယုတ္တ၊ အငယ် (၇) (ယထာရဟ) ဖြစ်သည်။

မှတ်ချက် စိတ္တုပ္ပါဒ်ကို အရကောက်တာခြင်း တူညီသော နေရာမျိုးတို့၌ အထက်ပါအတိုင်း(၂)နည်း ပြိုင်ပါ။

http://www.dhammadownload.com



ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သန္တာန်၌ အတူတကွဖြစ်သော (အရတူသော)တရားနှစ်ခုကို ကောက်ထားလျှင် ယင်းတရားတို့ကို သဟဇာတမျိုး မှချပြိုင်ပါ။

မေး၊ သာရဏ္ဍော ဘာသကုဋ္ဌနေ ပဟာရ၊ အဒါသိ-၌ သာရဏ္ဍော-အရ တရားကို ကောက်ပြ၍ ယင်းတရားက ပဟာရ၊ အဒါသိ-အရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိကိုလည်း ဖော်ပြပါ။ (၄၂-ခု၊ဝိနည်း၊)

ဖြေ သာရဏ္ဍော-အရ လောဘစေတသိက် ဖြစ်သည်၊ ယင်းတရားက ပဟာရ၊ အဒါသိ-အရ ယင်းနှင့်ယှဉ်သော လောဘမူစိတ္တုပ္ပါဒ်အား။ ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိ- အကြီး(၄)၊ အညမည သမ္ပယုတ္တ၊ ဟေတုတို့ ဖြစ်သည်။

မေး၊ အောက်(၇)နံပါတ်ပါ ပါဠိ၌ ဖြစ်ထိုက်သော တေဓိပက္ခိယတရားတို့ကို လည်းကောင်း၊ ပါတိမောက္ခသံဝရ-အရ တရားက ယင်းတေဓိပက္ခိယ အရ တရားတို့အား ကျေးဇူးပြုနိုင်သောပစ္စည်းသရုပ်ကိုလည်းကောင်း သင်္ချာနှင့် ထုတ်ပြပါ။ (၄၂-ခု၊အဲ)

ဖြေ တေဓိပက္ခိယတရား သင်္ချာ-၂၅၊ ပစ္စည်းသရုပ်သင်္ချာ-၇ ဖြစ်သည်။ (တနည်း) ၈.ဖြစ်သည်။

မှတ်ချက် ပါတိမောက္ခသံဝရ-အရ ဝိရတိပစ္စည်းတရားကိုယူလျှင် အကြီး(၄)၊ အညမည သမ္ပယုတ္တ၊ မဂ္ဂ(၇)ပစ္စည်းပြိုင်နိုင်သည်။ စေတနာပစ္စည်းတရားကို ယူလျှင် အကြီး(၄)၊ အညမည သမ္ပယုတ္တ၊ ကမ္မ အာဟာရ (၈)ပစ္စည်း ပြိုင်နိုင်သည်။

မေး၊ အဒ္ဒသံ မံသပေသိ-၌ အဒ္ဒသံ-အရ တရားကို တိကျစွာ ကောက်ပြီးလျှင် ဟံမနံ ဂိဇ္ဈာပိ . . . . ဝိဟင္ဆေန္တိ-၌ ဂိဇ္ဈာအရ တရားက ဝိဟင္ဆေန္တိ အရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကိုလည်း စုံလင်အောင် ဖော်ပြပါ။ (၄၃-ခု၊ဝိနည်း)

http://www.dhammadownload.com



ဖြေ အဒ္ဓသံ အရ ဒိဋ္ဌဓမ္မအဘိညာဉ်ကိစ္စတပ်သော ရူပကြိယာပဥ္စမဈာန် ဖြစ်သည်။

ဂိဗ္ဗာ အရ ဒေါသတရားက ဝိတက္ကေန့ အရ ယင်းနှင့်ယှဉ်သော ဒေါသမူစိတ္တုပ္ပါဒ် သမ္ပယုတ္တက္ခန္ဓာ ပစ္စယုပ္ပန်တရားအား အကြိမ်(၄) အညမည သမ္ပယုတ္တ၊ ဟေတု ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်။

မှတ်ချက် ဂိဗ္ဗာ အရ ဝိတက္ကေန့ အရ ဒေါသကိုအရကောက်ရတားခြင်း ဟူနေသည်ဖြစ်၍ ဒေါသကို ပစ္စည်း၊ သမ္ပယုတ္တက္ခန္ဓာကို ပစ္စယုပ္ပန် ထားကာ ပြင်ထားသည်။ (နယဂ္ဂါဟ ပြုလေ။)
[ဝိတက္ကေန့ အရ စိတ္တဇရုပ်ကိုကောက်ပါက ဝိပ္ပယုတ်ထည့်၍ ပြင်ပါ]

မေး ဝိဝေကဇံ ပီတိသုခံ ၌ ဝိဝေကအရ၊ ဇအရ တရားကိုလည်းကောင်း၊ ပီတိအရ တရားကိုလည်းကောင်း ဖော်ပြ၍ ဝိဝေကအရ တရားက ဇအရ တရားအား ကျေးဇူးပြုနိုင်သောပစ္စည်းတို့ကို ဖြစ်သင့်သမျှ ဖော်ပြပြီးလျှင် ဝိဝေက တရား၏ ပါကကာလနှင့် ပါကဋ္ဌာနတို့ကိုလည်းကောင်း၊ ယင်းတရား၏ ရှေ့နောက်ဖြစ်သင့်သော စိတ်များကိုလည်းကောင်း ဖော်ပြပါ။ (၄၃·၃၁ဘ)

ဖြေ ဝိဝေကအရ ရှေးရှေးသော ကာမာဝစရသမာဓိ၊ (တနည်း) ပဌမဈာန်သမ္ပယုတ်တရား ဖြစ်သည်။
ဇအရ ပဌမဈာန်၊ ပီတိအရ ပဌမဈာန်ရှိ ပီတိတို့ ဖြစ်သည်။
ဝိဝေကအရ တရားက ဇအရ တရားအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်။ (တနည်း) အကြိမ်(၄) အညမည သမ္ပယုတ္တ၊ အင်္ဂါ(၇) (ယထာရဟ)တို့ဖြင့် ကျေးဇူးပြုသည်။
ဝိဝေကတရား၏ ပါကကာလ ဒုတိယဘဝ ဖြစ်သည်။
ပါကဋ္ဌာန ပဌမဈာန်ဘုံ ဖြစ်သည်။
ယင်းတရား၏ ရှေ့စိတ် ဂေါတြဘူ၊ နောက်စိတ် ပဌမဈာန်
နောက် ပဌမဈာန်ကုသိုလ်ဇောစိတ် ဖြစ်သည်။

မေး [illegible]
[illegible] (၄၄· [illegible])

http://www.dhammadownload.com



ဖြေ  စိတ္တံ·အရ ပဋ္ဌဝေါကာရ ပဋိသန္ဓေစိတ် ပစ္စည်းတရားက ဥပ္ပန္န·အရ ယင်းနှင့်တကွဖြစ်သော စေတသိက်နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားအား အကြိုး(၄)၊ အလက်(၄)၊ အာဟာရ ဣန္ဒြိယ တို့ဖြင့် ကျေးဇူးပြု၏။  |အညမည သမ္ပယုတ္တ (ယထာရဟ)၊

,ကျန် ရှစ်ပစ္စည်း (တပြိုင်နက်)ဟု မှတ်ပါ။|

မေး  ဝေရဇ္ဇသုတ်လာ သော ဇဝံ သမာဟိတေ ပေ၊ အာသဝါနံ ခယ ဉာဏာယ စိတ္တံ အဘိနိန္နာမေသိ·ဝယ် ခယအရနှင့် ဉာဏအရကို တိကျစွာကောက်ပြီးလျှင် ရှေ့ပုဒ်အရတရားသည် နောက်ပုဒ်အရ အား ကျေးဇူးပြုနိုင်သောပစ္စယသတ္တိများကို ယထာရဟ ပေါ်ပြပါ။ (၄၄·ခု၊ဘဲ)

ဖြေ  ခယ·အရ ပဋ္ဌမဈာန်နှင့်ယှဉ်သော အရဟတ္တမဂ်၊ ဉာဏအရ· ပဋ္ဌမဈာန်နှင့်ယှဉ်သော အရဟတ္တမဂ်ပညာ·ဖြစ်သည်။

ရှေ့ပုဒ်အရက နောက်ပုဒ်အရအား· အကြိုး(၄)၊ အညမည သမ္ပယုတ္တ၊'အဓိပတိ အာဟာရ ဣန္ဒြိယ (ဈာန မဂ္ဂ)တို့ဖြင့် ယထာရဟ ကျေးဇူး ပြုသည်။

|ခယ·အရ ပဋ္ဌမဈာန်အရဟတ္တမဂ်ရှိ ဝေဒနာ၊ စေတနာကို ယူသောအခိုက် ဈာန မဂ္ဂများ ရနိုင်သည်။|

မေး  သမာဓိဇံ·၌ သမာဓိအရ တရားက ဇအရ တရားအား ကျေးဇူး ပြုနိုင်သော ပစ္စည်းသရုပ်တို့ကို ထုတ်ပြပါ။ (၄၇·ခု၊ဓိနည်း)

ဖြေ  သမာဓိ·အရ ပဋ္ဌမဈာန်ရှိ သမာဓိပစ္စည်းတရားက ဇ·အရ ဒုတိယဈာန် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

(တနည်း၊) သမာဓိအရ· ဒုတိယဈာန်ရှိ သမာဓိပစ္စည်းတရားက ဇ·အရ ဒုတိယဈာန်ပစ္စယုပ္ပန်တရားအား အကြိုး(၄)၊ အညမည သမ္ပယုတ္တ၊ ဣန္ဒြိယ ဈာန မဂ္ဂတို့ဖြင့် ကျေးဇူးပြုသည်။

မေး  ပမင္ဂေယျ·၌ ဓာတုတ္တအရတရားကို ယူ၍ ယင်း၏ ကတ္တားတရားက ဓာတုတ္တဟုတရားအား အဘယ်မျိုး အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူး ပြုသည်ကို ပေါ်ပြပါ။ (၄၈·ခု၊ဓမ္မပဒ)

http://www.dhammadownload.com



ဖြေ ဓာတုဗ္ဗအရ သတိ၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်သည်။

ပစ္စည်းပြိုင်- ကဗ္ဗားအရ အကုသိုလ်စိတ္တုပ္ပါဒ် ခန္ဓာ ၁၂၃ ပါး ပစ္စည်းတရားက ဓာတုဗ္ဗအရအကုသိုလ်စိတ္တုပ္ပါဒ် ခန္ဓာ ၃ ၂ ၁ ပါး ပစ္စယုပ္ပန်တရားအား သဟဇာတမျိုး အကြီး(၄)၊ အညမည သမ္ပယုတ္တ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်။

မေး အညာယ သပ္ပဂ္ဂဟေယျ-၌ ပစ္စည်းပစ္စယုပ္ပန် ခွဲခြားကောက်ပြ၍ ပြိုင် နိုင်သော ပစ္စည်းသရုပ်ကို ထုတ်ပြပါ။ (၅၀-ခု၊ဝိနည်း)

ဖြေ အညာယ အရ အရဟတ္တဖိုလ်ဉာဏ်သည် သဟဇာတပစ္စည်း သပ္ပဂ္ဂဟေယျ အရ ယင်း၏ သမ္ပယုတ္တခန္ဓာသည် သဟဇာတပစ္စယုပ္ပန် ဖြစ်သည်။

ပြိုင် ပစ္စည်းသရုပ်- အကြီး(၄)၊ အညမည သမ္ပယုတ္တ၊ ဟေတု အဓိပတိ ဣန္ဒြိယ မဂ္ဂတို့ ဖြစ်သည်။

မေး ဝိနိဗ္ဗယော-အရ ပစ္စည်းတရားက ယင်း၏ ပစ္စယုပ္ပန်တရားအား ကျေးဇူး ပြုနိုင်သော ပစ္စယသတ္တိတို့ကို ဖော်ပြပါ။ (၅၀၊အဘိ။)

ဖြေ ဝိနိဗ္ဗယော-အရ ဝိတက်ပစ္စည်းတရားက ယင်းနှင့်ယှဉ်ဘက်လောဘမူ စိတ္တုပ္ပါဒ် မဟာကုသိုလ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြုသည်။

ပြိုင်ပစ္စယသတ္တိများ- အကြီး(၄)၊ အညမည၊ သမ္ပယုတ္တ၊ ဈာန၊ မဂ္ဂတို့ ဖြစ်သည်။

မေး အပ္ပတိဃော၊ အနဇ္ဈောသေယျ-အရ ပစ္စည်းပစ္စယုပ္ပန် ခွဲခြားကောက်ပြီး လျှင် ပြိုင်နိုင်သော ပစ္စည်းသရုပ်ကိုလည်း ဟုတ်ပါ။ (၅၁၊ဝိနည်း။)

ဖြေ အပ္ပဋိဃော အရ ဒေါသ၊ ဒေါမနဿဝေဒနာသည် သဟဇာတပစ္စည်း အနဇ္ဈောသေယျ-အရ ယင်းနှင့်ယှဉ်သော ဒေါသမူစိတ္တုပ္ပါဒ်သည် သဟဇာတပစ္စယုပ္ပန် ဖြစ်သည်။

ပြိုင်ပစ္စည်းသရုပ် အကြီး (၄)၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု၊

http://www.dhammadownload.com



ဣန္ဒြိယ၊ ဈာနတို့ ဖြစ်သည်။ (ဒေါသပစ္စည်းဖြစ်ခိုက် ဟေတု၊ ဒေါမနဿ ဝေဒနာပစ္စည်းဖြစ်ခိုက် ဣန္ဒြိယ၊ ဈာနတို့ ရသည်။)

မေး တဉ္စ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ယထာဘူတံ နပ္ပဇာနာတိ ဟူသော မိဂသာလာသုတ်လာ စေတောဝိမုတ္တိ အရ တရားက ယှင်းနှင့်ယှဉ်သော စိတ်အား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ညွှန်ပြပါ။ (၅၁-ခုဘဲ။)

ဖြေ စေတောဝိမုတ္တိ-အရ သောတာပတ္တိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်ရှိသမာဓိ၊ ပစ္စည်းတရားက ယှင်းနှင့်ယှဉ်သော သောတာပတ္တိဖိုလ်စိတ်၊ အနာဂါမိဖိုလ်စိတ်၊ အရဟတ္တဖိုလ်စိတ်ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့် ကျေးဇူးပြုသည်။

မြင်ပစ္စယသတ္တိများ- အကြီး (၄)၊ အညမည၊ သမ္ပယုတ္တ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂတို့ ဖြစ်သည်။

## အထူးသတိပြုရန်

ငါးပါးဒုဿီလျစေတနာ၏ ချုပ်ရာ စေတောဝိမုတ္တိ-အရ သောတာပတ္တိဖိုလ်သမာဓိ၊ တိစ္စရာဂ, ကောဓ၏ချုပ်ရာ စေတောဝိမုတ္တိ-အရ အနာဂါမိဖိုလ်သမာဓိ၊ ဆယ်ပါးဒုဿီလျစေတနာ, လောကီသီလ ကုသိုလ်စေတနာ, ဥဒ္ဒစ္စ၏ ချုပ်ရာ စေတောဝိမုတ္တိ-အရ အရဟတ္တဖိုလ် သမာဓိကို ကောက်ယူရမည်ကို အထူးသတိပြုပါ။ (အံ၊ဋ္ဌ၊၃၊၁၂၃-၄။)

မေး ပီတိဘက္ခု ဘဝိဿာမ-၌ သမာသ်ပုဒ်အရ တရားက အညပုဒ်အရ တရားအား အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း ဖြေပါ။ (၅၂-ခုဓမ္မ။)

ဖြေ သမာသ်ပုဒ်အရ ဥပေက္ခာဝေဒနာ ကေဝဋ္ဌတာတရားက အညပုဒ်အရ ရူပါဝစရကြိယာ စတုတ္ထဈာန် (တနည်း)စတုတ္ထဈာန်နှင့် ယှဉ်သော အရဟတ္တဖိုလ်တရားအား-

အကြီး (၄)၊ အညမည၊ သမ္ပယုတ္တ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

http://www.dhammadownload.com



မှတ်ချက် ဒေဝါ ဘာဘာသရာ ယထာ·အရ ဘာဘာသရာဖြဟ္မာတို့သည် ဒုတိယဈာန်ရှိ ပီတိသုခဟူသော အစာဖြင့် နေကြကုန်သကဲ့သို့ ဘုရားရှင်တို့သည်လည်း ရူပါဝစရ ကြိယာစတုတ္ထဈာန် (တနည်း) စတုတ္ထဈာန်နှင့်ယှဉ်သော အရဟတ္တဖိုလ်တည်းဟူသော အစာဖြင့် နေတော်မူကြ၏။

ထို့ပြင် (ပီတိတည်းဟူသော အစာရှိကုန်၏·ဟု ဆိုထားခြင်းသည်) ဘုရားရှင်၏ဥပေက္ခာဝေဒနာသည် ငြိမ်းအေးခြင်း သဘောရှိလေသာကြောင့် ယင်းဥပေက္ခာဝေဒနာကို ပီတိသုခအနေအားဖြင့် ဆိုထားခြင်းဖြစ်၏။

ထို့ကြောင့် ပီတိကို မကောက်ဘဲ ဥပေက္ခာဝေဒနာ ကေဝလတာကို သာ အရကောက်သည်။ [ဥပေက္ခာသန္တဝုတ္တိတ္တာ၊ သုခမိစ္စေဝ ဘာသိတာ (ဋီကာကျော်)ကို ထောက်။]

မေး ယောဟံ ဘိက္ခု သီလဝန္တေ ကလျာဏဓမ္မေ ဇီဝိတာ ဝေါရောပေသိ- ၌ ကြိယာပုဒ်၊ ကတ္တားပုဒ်၊ ကံပုဒ်အရတို့ကို ကောက်ပြ၍၊ ကြိယာပုဒ် အရ တရားက (က) ကတ္တားပုဒ်အရ တရားအားလည်းကောင်း၊ ကံပုဒ် အရ တရားက (ခ) ကြိယာပုဒ်အရတရားအားလည်းကောင်း၊ ဖြိုင်နိုင် သော ပစ္စည်းသရုပ်ကိုလည်း ထုတ်ပြပါ။ (၅၃-ခုဝိနည်း။)

ဖြေ ကြိယာပုဒ်အရ ဒေါသမူစေတနာ၊
ကတ္တားပုဒ်အရ စေတနာကြဉ် ဒေါသမူစိတ္တုပ္ပါဒ်၊
ကံပုဒ်အရ ဇီဝိတိန္ဒြေဟူသော သဒ္ဒါရအာရုံ (တနည်း)သီလဝန္တရဟန်း၏ သန္တာန်၌ရှိသော ပစ္စုပ္ပန်နိပ္ဖန္နရုပ်တို့ ဖြစ်သည်။
(က) အကြိုး (၄)၊ အညမည၊ သမ္ပယုတ္တ၊ ကမ္မ၊ အာဟာရ (ဟေတု)။
(ခ) အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ။

မေး နဏာနိပါတ်၊ နန္ဒကသုတ်လာ "အရိယော ဝါ တုဏှီဘာဝေါ"အရ ဝိတိ ချိုး ယင်းတရားက ဆိုင်ရာပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စည်းများကို ကေဝလ၊ နာနာခဏအားဖြင့် ခွဲခြားပြပါ။ (၅၃၊ဘံ။)

http://www.dhammadownload.com



ဖြေ ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ရူပါဝစရပဉ္စမဈာန်ဇောအကြိမ်များစွာ ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ကြလေသည်။

ဒုတိယဈာန်ရှိ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာပစ္စည်းတရားက ယင်းနှင့်ယှဉ်သော ဒုတိယဈာန်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စည်းများ .

ကောဒဿအားဖြင့် အကြီး(၄)။ အညမည၊သမ္ပယုတ္တ၊ ဈာနတို့ ဖြစ်သည်၊ နာနာဒဿအားဖြင့် ကြွမ္မ၊ မဂ္ဂတို့ဖြစ်သည်။

မှတ်ချက် "ကောဒဿကို တပြိုင်နက်၊ နာနာဒဿကို ယေထ ရှုဟ"ဟု မှတ်ရမည်၊ ထိုသို့မမှတ်ဘဲ "ပစ္စည်းပစ္စယုပ္ပန်ဖြစ်ရာ ကာလတူသည်ကို ကောဒဿ၊ မတူသည်ကို နာနာဒဿ"ဟု ယူလျှင် နာနာဒဿအရ သဟဇာတမျိုးမှ အခြားသော မျိုးပစ္စည်းအားလုံးကို ယူရပေလိမ့်မည်။

မေး မာ သုခံ လဘတု အယျော ဥဒါယီ-၌ ကတ္တားပုဒ်၏ အတ္ထပညတ် သဒ္ဒပညတ်ကို ဖော်ပြ၍၊ ကြိယာပုဒ်၏ အနတ္ထအရကို ကောက်ပြပြီး။ ကတ္တားပုဒ်အရတရားနှင့် ပြိုင်နိုင်သော ပစ္စည်းသရုပ်ကိုလည်း ဖော်ပြပါ။ (၅၄-ဒုဝိနည်း။)

ဖြေ ကတ္တားပုဒ်၏ အတ္ထပညတ်- ခန္ဓာငါးပါးအပေါင်းကို စွဲ၍ ပညတ်ဟုခေါ်ဝေါ်အပ်သောကြောင့် ဇာတိဟုသော အတ္ထပညတ်ဖြစ်သည်၊ သဒ္ဒပညတ်- အယျော ဥဒါယီ-ဟုသော ကတ္တားပုဒ်၌ ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနပညတ်ဖြစ်သည်၊

ကြိယာပုဒ်၏ အနတ္ထအရ သုခဝေဒနာနှင့် ယှဉ်သော သုခသဟဂုတ်ကာယဝိညာဏ် (တနည်း)မဟာကုသိုလ်သောမနဿသဟဂုတ်ဖြစ်သည်၊

ပစ္စည်းပြိုင်- ကတ္တားပုဒ်အရ သုခဝေဒနာက အနတ္ထအရ တရားနှင့် ပြိုင်နိုင်သောပစ္စည်းသရုပ်- အကြီး (၄)၊ အညမည၊ သမ္ပယုတ္တ၊ ကြွမ္မ၊ ဈာနတို့ဖြစ်သည်။

http://www.dhammadownload.com



မှတ်ချက်  လဘတ္ထ ကြိယာပုဒ်၏ အနတ္ထ (လဘဓာတ်) အရကို ကောက်နိုင်သည် ဖြစ်၍ "မှ"ဟူသော ပဋိသေဓပုဒ်ကို ငဲ့နေစရာ မလိုပါ၊ ထို့ကြောင့် အနတ္ထအရ သုခဝေဒနာကို ကောက်ရသည်၊ ဒေါမနဿဝေဒနာကို မကောက်ရ။

မေး  (၂)ပုန္တာပါ ဒိယတိ-၏ ထည့်ပါင်ကတ္တားအရကို ကောက်ပြ၍၊ ယင်းတရားက ရှာတ်အရတရားအား ပြိုင်နိုင်သော ပစ္စည်းသရုပ်ကို ထုတ်ပြပါ။ (၅၄-ဥပစ္စ)

ဖြေ  ထည့်ပါင်ကတ္တားအရ ဒါနစေတနာ ဖြစ်သည်၊
ယင်းတရားက တတ်အရ ဒါနစေတနာနှင့် ယှဉ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပြိုင်နိုင်သော ပစ္စည်းသရုပ် အကြိုး(၄) အညမည၊ သမ္ပယုတ္တ၊ ကမ္မ၊ အာဟာရတို့ဖြစ်သည်။

မှတ်ချက်  ကံဖော်ကြိယာ ဒီယတိပုဒ်၌ အနတ်အရ တဟျတ်အရတို့ကို ပဌာန်းနည်းပြိုင်နိုင်းပါက တဟျတ်အရ လျှဘွယ်ဝတ္ထုကို ပစ္စည်းထား၍၊ အနတ်တရ ဒါနစေတနာပြဋ္ဌာန်းသော မဟာကုစိတ္တုပ္ပါဒ်ကို ပစ္စယုပ္ပန်ထားကာ အာရမ္မဏမျိုး ပြိုင်ရမည်။

မေး  ဓမ္မံ ကထံ ကတွာ ဒဿာမိတိ ပဋိသာမေတိ-၌ ကထပုဒ်၏ အနတ္ထအရနှင့် ဖလုပစာရတဟျတ္ထ၊ ကာရဏူပစာရတဟျတ္ထ တရားကိုယ်များကို ဖော်ပြ၍၊ အနတ္ထအရတရားက ကာရဏူပစာရတ္ထ တဟျတ္ထတရားအား .အဘယ်မျိုး အဘယ်စွယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။ (၅၅-ဥပ်နည်း)

ဖြေ  အနတ္ထအရ- ဒေသနာဉာဏ်၊
ဖလူပစာရ တဟျတ္ထအရ- ဒေသနာဉာဏ်၊
ကာရဏူပစာရ တဟျတ္ထအရ- သုကန္တပုဂ္ဂိုလ်တို့၏ သောတဒွါရိကစိတ် ဖြစ်သည်။

အနတ္ထအရ တရားက ကာရဏူပစာရ တဟျတ္ထအရ တရားအား ပကတူပမျိုး၊ ပကတူပ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။
(ကာရဏူပစာရ တဟျတ္ထအရ သဒ္ဒရုပ်၏အကျိုးကိုသာ ကောက်ပါ။)

http://www.dhammadownload.com



မေး ယော နိန္ဒိယ ပဿသတိ-၌ ယောအရ ပဿသတိအရ ကောက်ပြ၍ ပစ္စည်းတရားက ပစ္စယုပ္ပန်တရားအား တပြိုင်နက် ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကို ထုတ်ပြပါ။(၅၅-ခုဘဲ)

ဖြေ ယောအရ လောဘစေတသက် ဖြစ်သည်။
ပဿသတိအရ လောဘနှင့်ယှဉ်သော လောဘမူစိတ္တုပ္ပါဒ် ဖြစ်သည်။
တပြိုင်နက် ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများ- အကြီး(၄) အညမည သမ္ပယုတ္တ၊ ဟေတုတို့ ဖြစ်သည်။

မှတ်ချက် အဖြေ၌ လောဘကို ကောက်ယူထားခြင်းသည် အရာဌာနထောက် ဆ၍ ကောက်ထားခြင်းသာ ဖြစ်၏၊ အမှန်အားဖြင့် မောဟပြဋ္ဌာန်း သော အကုသိုလ်စိတ္တုပ္ပါဒ်ကို ကောက်ယူရမည်။

မေး ဣမံ ဓမ္မဒေသနံ သုတ္တာ ဧတာဝနေ ဝိဟရန္တော စိတ္တဂဟပတိ အာရဗ္ဘ ကထေသိ-၌ ဝိဟရန္တောဝယ် အန္တတ္တအရ ဖြစ်သင့်သော ပရမတ္ထ တရားနှင့် ယင်းကို ဖြစ်စေနိုင်သော စိတ်တို့ကို ပေါ်ပြ၍ ကြိယာအရ ဒေသနာဉာဏ်တရားက ကံပုဒ်အရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ထုတ်ပြပါ။ (၅၅-ခုဓမ္မပဒ)

ဖြေ အန္တတ္တအရ ဣရိယာပထဝိဟာရ စတုဇသန္တတိရုပ် ဖြစ်သည်။
ဖြစ်စေနိုင်သောစိတ်များ- မဟာကုသိုလ်ကြိယာဇော(၉) အရဟတ္တဖိုလ် ဇော(၁) ဝုဋ္ဌော(၁) ကာမကြိယာဇော(၉) ကြိယာအဘိညာဉ်ဇော(၁) ပေါင်း ၂၁-ပါးရှိသော စိတ်တို့ဖြစ်သည်။ (ရုပ်ပိုင်း။ခု၂-ခုခုထောက်)
ကြိယာအရ ဒေသနာဉာဏ်ပစ္စည်းတရားက
ဓမ္မဒေသနံဟူသော ကံပုဒ်အရ သဒ္ဒတ္တိက ဝစီဘေဒသဒ္ဒရုပ် ပစ္စယုပ္ပန်တရားအား။
ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိ- အကြီး(၄) ဝိပ္ပယုတ္တ၊ ဟေတု အဓိပတိ ဣန္ဒြိယ မဂ္ဂတို့ ဖြစ်သည်။

မေး အထက်ပါ ကောဒိဘာဝ-အရ ပရမတ္ထစိတ်အစဉ်ဖြစ်ပုံကို ရေး၍ ကောဒိ-အရ ကောက်ပြပြီး ၎င်းက ကောဒိဘာဝ-အရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကိုလည်း ပေါ်ပြခဲ့ပါ။(၅၆-ခုဘဲ)

http://www.dhammadownload.com



ဖြေ ပရမတ္ထစိတ်အစဉ်ဖြစ်ပုံ· ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ ဥပစာ အနုလုံ ဂေါတြဘု ဒုတိယဈာန်ဇော တစ်ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ကြလေသည်။

ကောဒိအရ· ဒုတိယဈာန်ရှိ သမာဓိ ဖြစ်သည်။

ယင်းတရားက ကောဒိဘာဝ·အရ ဒုတိယဈာန်တရားအား·

ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများ· အကြီး(၄)၊ အညမည သမ္ပယုတ္တ၊ ဣန္ဒြိယ ဈာန မဂ္ဂတို့ ဖြစ်သည်။

မေး ဟေဒါနုတ္တရိယံ အာနန္ဒ ဉာဏာနံ၊ ယဒိဒံ တတ္ထ တတ္ထ ယထာဘူတ ဉာဏ်·၌ တေ· အရ ဖြစ်သင့်သောတရားကိုယ်ကို တိကျစွာ ကောက်ပြ၍ ယင်းတရားက အနုတ္တရိယ အရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကိုလည်း ဖော်ပြပါ။ (၅၇·ခု၊အံ)

ဖြေ တေ·အရ ယထာဘူတ သဗ္ဗညုတဉာဏ်ကိုစွဲတပ်သော မဟာကြိယာဉာဏသမ္ပယုတ်ရှိပညာ ဖြစ်သည်။

ယင်းပစ္စည်းတရားက အနုတ္တရိယ အရ· ယင်းသဗ္ဗညုတဉာဏ်နှင့်ယှဉ်သော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား·

ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိ· အကြီး(၄)၊ အညမည သမ္ပယုတ္တ၊ ဟေတု အဓိပတိ ဣန္ဒြိယ မဂ္ဂတို့ ဖြစ်သည်။

## သတိပြုရန်

နှစ်ပုဒ်အရတွဲ တရားများကို သဟဇာတမျိုး ဖြိုင်ရာ၌ တစ်ပုဒ်သော ပုဒ်အရကို ပစ္စည်းထား၍ တစ်ပုဒ်ရာ ပုဒ်အရကို ပစ္စယုပ္ပန်ထားကာ ဖြိုင်ရမည်ကို သတိပြုပါ။

မေး ဝိဝေဂမှ မနုဿဟေယော၌ စိတ္တဝိဝေက·အရ ကောက်ပြ၍ ယင်းတရား၏ အကျိုးကို ဖြေဆိုပြီးလျှင် စိတ္တဝိဝေကအရ ပစ္စည်းတရားသည် အနုပြု ဟေယော၌ စာက်အရ ပစ္စယုပ္ပန်တရားအား ဖြိုင်နိုင်သော ပစ္စည်းသတ္တိကိုလည်း ဖြေဆိုပါ။ (၅၇· ခု၊ဓမ္မပဒ)

http://www.dhammadownload.com



ဖြေ စိတ္တဝိဝေက-အရ ရူပါဝစရ အရူပါဝစရ ကုသိုလ်ကြိယာဈာန်၌ ဈာန်အင်္ဂါ (၅)ပါး၊ ယင်းတရား၏အာရုံ ကသိုဏ်းပညတ်စသော ပညတ်အာရုံဖြစ်သည်။

စိတ္တဝိဝေကအရ ပစ္စည်း(ကရေ)းသည် အနုဗြူဟယေ၌ ဓာတ်အရ ယင်းဈာန်အင်္ဂါတို့နှင့်ယှဉ်သော ရူပ အရူပ ကုသိုလ်ကြိယာ ဈာန်၊ စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား-

ဖြိုင်နိုင်သော ပစ္စည်းသရုပ် အကြီး(၄)၊ အညမည သမ္ပယုတ္တ၊ ဈာန်ဝိယ ၊ဈာန မဂ္ဂတို့ ဖြစ်သည်။

မှတ်ချက် အနုဗြူဟယေသည် ကာရိတ်ဟောကြိယာဖြစ်သည်၊ ယင်းကာရိတ်ဟောကြိယာ၌ ဓာတွတ္ထအရသည် သုဒ္ဓကတ္တား(ကာရိတ်ကံ)ဖြစ်သော ဝိဝေက်-ပုဒ်နှင့် အရတူ၏၊ ထို့ကြောင့် သဟဇာတမျိုးဖြိုင်ရသည်။

မေး အသုဘာယ ဝဏ္ဏံ ဘာသတိ-၌ အသုဘအရတို့ကို ပြဆို၍ ဝဏ္ဏံဘာသတိအရ တရားကိုယ်ထုတ်လျှက် ပဋ္ဌာန်းပစ္စည်းပစ္စယသတ္တိတို့ကို ရေးပြီး အသေဝနကော ၈ သုခေါ ၈ ဝိဟာရော-၌ သေဝနအရကို လည်း ရေးပါ။ (မြေ-ခုဝိနည်း)

ဖြေ အသုဘအရ ဥဒ္ဓုမာတက ဝိနီလက-စသော နံ့မပညတ္တိသဒ္ဒါများဖြစ်သည်။ (တနည်း) အသုဘကမ္မဋ္ဌာန်း (၁၁)ပါးတို့နှင့် ယင်းတို့ကို အာရုံပြုသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်တို့ ဖြစ်သည်။

ပဋ္ဌာန်းနည်း- ဝဏ္ဏံအရ အကျယ်ဖွင့်ကြောင်း ပဒဘာဇနီ ဟုသော သဒ္ဒပညတ္တိကဝစီဘေဒသဒ္ဒရုပ် (သဟဇာတပစ္စယုပ္ပန်) ဘာသတိအရ ဒေသနာဉာဏ် (သဟဇာတပစ္စည်း)

ဖြိုင်ပစ္စယသတ္တိ- အကြီး(၄)၊ ဝိပ္ပယုတ္တ၊ ဟေတု အဓိပတိ ဈာန်ဝိယ မဂ္ဂတို့ ဖြစ်သည်။

(တနည်း) ဝဏ္ဏံအရ ပဌမဈာန်နှင့် ယင်းကိုအခြေခံ၍ ရအပ်သော မဂ်ဖိုလ်ဟူသော ဂုဏ်တရားများသည် အာရမ္မဏပစ္စည်း။ ဘာသတိအရ ဒေသနာဉာဏ် (အာရမ္မဏပစ္စယုပ္ပန်)

http://www.dhammadownload.com


ဖြိုင်ပစ္စယသတ္တိ- ဘာရမ္မဏ အဓိပတိ ဥပနိဿယတို့ဖြစ်သည်၊
[ရှေးနည်းကား အဋ္ဌကထာ၊ နောက်နည်းကား ပါဠိတော်နှင့်သျှ၊]

မေး ဂိဇ္ဈကူဋေ ပဗ္ဗတေ-၌ ပဗ္ဗတ၏ သဒ္ဒပညတ်, အတ္ထပညတ် အမည်တို့ကို ဖော်ပြပြီးလျှင် ပဗ္ဗတအရ ယူသင့်သည့် ပရမတ္ထတရားတို့၌ (က)ပစ္စည်း (ခ)ပစ္စယုပ္ပန်ဖြစ်သင့်သည့်တရား (ဂ)ဆက်သွယ်နေသည့် ပစ္စယသတ္တိ များနှင့် (ဃ)သက်ဆိုင်သည့် သင်္ဂဟပါဠိကိုလည်း ရေးခဲ့ပါ။(၆၂-ခု၊ဘ)

ဖြေ ပဗ္ဗတ၏ သဒ္ဒပညတ်- အဝိဇ္ဇမာနပညတ်၊
အတ္ထပညတ်- သဏ္ဌာနပညတ်၊
ပဗ္ဗတအရ ယူသင့်သည့် ပရမတ္ထတရား- တဟိရအဝိနိဗ္ဘောဂရုပ် (၈) ခုတို့၌-
(က) တဟိရမဟာဘုတ် ၁-ပါး, ၂-ပါး, ၃-ပါးသည် ပစ္စည်း။
(ခ) တဟိရမဟာဘုတ် ၃-ပါး, ၂-ပါး, ၁-ပါးသည် ပစ္စယုပ္ပန်၊
(ဂ) သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတတို့ ဖြစ်သည်၊
(ဃ) မဟာဘူတာ အညမညံ ။ပ။ သဟဇာတပစ္စယော၊
မဟာဘူတာ အညမညံ ။ပ။ အညမညပစ္စယော၊

တနည်း-
(က) တဟိရမဟာဘုတ် (၄)ပါးသည် ပစ္စည်း။
(ခ) တဟိရဥပါဒါရုပ် (၄)ပါးသည် ပစ္စယုပ္ပန်၊
(ဂ) သဟဇာတ နိဿယ အတ္ထိ အဝိဂတ (၄)ပစ္စည်းတို့ဖြစ်သည်၊
(ဃ) မဟာဘူတာ အညမညံ ဥပါဒါရူပါနဉ္စ ။ပ။ သဟဇာတပစ္စယော၊

မေး သန္ဒိတ္ထံ-အရ ဓာတုတ္ထတရားကို ကောက်ပြပြီးလျှင် ယင်းတရားနှင့် သဏ္ဌာ-အရ တရားတို့၏ ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံနှင့် ပြိုင်နိုင်သော ပစ္စယ သတ္တိတို့ကို ညွှန်ပြပါ။ (၆၂-ခု၊ဓမ္မဗ)

ဖြေ သဒ္ဒိတ္ထံ-အရ ဓာတုတ္ထတရား ကောင်းမှု၏အကျိုးကို ရေတွက်သော သူ၏သန္တာန်၌ဖြစ်သော မဟာကုသိုလ်စိတ် ပဉ္စပုက်၌ရှိသော ...... ဖြစ်သည်၊

http://www.dhammadownload.com



ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံ- အထက်ပါ ဓာတွတ္ထအရ တရားသည် သဟဇာတပစ္စည်း။ သဏ္ဍာအရ ယင်းပညာနှင့် ယှဉ်သော ဝိရတီ အပ္ပမညာကြဉ်သော မဟာကုကြိုဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် သဟ ဇာတပစ္စယုပ္ပန်၊ ဤသို့ ပစ္စည်းပစ္စယုပ္ပန် ဖြစ်သည်၊

ဖြိုင်နိုင်သော ပစ္စယသတ္တိ- အကြီး(၄)၊ အညမည သမ္ပယုတ္တ၊ ဟေတု အဓိပတိ ဣန္ဒြိယ မဂ္ဂတို့ ဖြစ်သည်၊

မေး ကလျာဏဝမ္မံ ပြဟ္မစာရိ-တွင် နောက်ပုဒ်၌ ပဓာနပစ္စည်းတရားကို ထုတ်ပြ၍ ကျေးဇူးပြုသော ပစ္စယသတ္တိတို့ကိုလည်း တိကျပြည့်စုံစွာ ရေးပါ။ (၆၃-ခု၊ဝိနည်း)

ဖြေ ပဓာနပစ္စည်းတရား- မေထုနဓမ္မမှ ရှောင်ကြဉ်သော အခြင်းအရာအား ဖြင့် ဖြစ်သော သမ္မာကမ္မန္တ (သမ္မာဝိဝ)ဝိရတီစေတသိက် ဖြစ်သည်၊

ယင်းပစ္စည်းတရားက ယင်းနှင့်ယှဉ်သော မဟာကုသိုလ် (မဟာ ကြိယာ လောကုတ္တရာ)စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား-

ကျေးဇူးပြုသောပစ္စယသတ္တိ- အကြီး(၄)၊ အညမည သမ္ပယုတ္တ၊ မဂ္ဂတို့ ဖြစ်သည်၊ (ပုဒ္ဓကဆရာတော်၏ အဖြေအတိုင်းသာတည်း။)

မေး သံဝဋ္ဋမာနေ လောကမှိ၊ ယေဘုယျ အာဘဿရူပဂေါ-၌ ဥပဂေါဝယ် အန္တတ်အရ ဖြစ်သင့်သောစိတ်ကို ကောက်ပြ၍၊ ယင်းစိတ်၏ (က) သဟဇာတပစ္စယုပ္ပန် (ခ)အာရမ္မဏပစ္စယုပ္ပန် (ဂ)အနန္တရပစ္စယုပ္ပန် (ဃ)နာနာက္ခဏိကကမ္မပစ္စည်းတရားတို့ကို ထုတ်ပြပါ။(၆၄-ခု၊စည်ရှင်)

ဖြေ အန္တတ်အရ အာဘဿရာဘုံသား၏ ဒုတိယဈာန် တတိယဈာန်ဝိပါက် ပဋိသန္ဓေစိတ် ဖြစ်သည်၊

(က) ဝိတက်ကြဉ်အညသမာန်းစေတသိက် (၁၂)၊ ဝိရတီကြဉ် သောအနု စေတသိက် (၂၃)၊ ယာန ဝိဝိ ကာယ ဣတ္ထိဘော ပုမ္ဘောကြဉ် ကမ္မဇရုပ် ပန္နရသ ဖြစ်သည်။ (တတိယဈာန်အတွက် ဝိစာရ- ထပ်ကြဉ်)

(ခ) မဟဂ္ဂတ်ရာဝဠ္ဌန်။ ဘဝနိကန္တိကလောဘာဇောတို့ ဖြစ်သည်၊

http://www.dhammadownload.com



(ဂ) ပဋိသန္ဓေနောင် ပဌမဘဝင်ဟုဆိုအပ်သော ဒုတိယဈာန်ဝိပါက် (တနည်း) တတိယဈာန်ဝိပါက်ဖြစ်သည်။

(ဃ) အတိတ်ဖြစ်သော (ပကတိဖြစ်သော) ဒုတိယဈာန်ကုသိုလ်စေတနာ (ပါနည်း)တတိယဈာန်ကုသိုလ်စေတနာဖြစ်သည်။

မှတ်ချက် တထာ ဒုတိယဈာနဝိပါက် တတိယဈာနဝိပါကဥ္စ ဒုတိယဈာန ဘူမိယံ- ကိုထောက်၍ အနုတ်အရ ဒုတိယဈာန်ဝိပါက်-တတိယံဈာန်ဝိပါက် ပဋိသန္ဓေစိတ်ကို အရကောက်သည်။

## အနန္တရမျိုး သုဒ္ဓသင်္ချာဇယား

| အုပ်စု | စုခွဲမှုအဆက် | ဝစ္စည်း | ပဋ္ဌာန်း |
|---|---|---|---|
| ၁။ | အနန္တရ<br>သမနန္တရ<br>ဥပ နတ္ထိ ဝိဂတ | ရဟန္တာတို့၏စုတိကြဉ်ရှေးရှေးသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ၄ | ရဟန္တာတို့၏စုတိနှင့်တကွ နောက်နောက်သော ၄ နာမက္ခန္ဓာ |
| ၂။ | အာသေဝန | အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော-၄၇ | ပဌမဇောဖိုလ်ဇောကြဉ် နောက်နောက်သော ဇော-၅၁ |
| ၃။ | အနန္တရကမ္မ | မဂ် ၄-ခု စေတနာ | မဂ္ဂါနန္တရဖိုလ် ၄-ခု |

### အနန္တရမျိုးယထုကာ

မိမိကောက်ယူထားသော တရားနှစ်ခုတို့၏ အကြား၌ ပရမတ္ထတစ်ပါး အခြားမရှိလျှင် အနန္တရမျိုးဖြင့်ရမည်။

### ပရမတ္ထတစ်ပါး ခြားကွယ်မှုရှိ/မရှိ သိနိုင်ရန်နည်းလမ်း

ပရမတ္ထတစ်ပါး ခြားကွယ်မှု ရှိ/မရှိ သိလိုလျှင် မိမိကောက်ယူထားသော တရားများပါဝင်သော ဝီထိပုံစံတစ်ခု ချကြည့်ရမည်။ ယင်းသို့ ချပြီးသောအခါ မိမိကောက်ယူထားသော တရားနှစ်ခု (စိတ္တက္ခဏနှစ်ခု)တို့၏ အကြား၌ အခြားသော ပရမတ်တရား (အခြားသော စိတ္တက္ခဏ)ရှိ/မရှိ ကြည့်ရမည်။

http://www.dhammadownload.com


အခြားသော ပရမတ်တရား (အခြားသော စိတ္တက္ခဏ)ခြားကွယ်မှု မရှိခဲ့လျှင် အနန္တရမျိုး၊ ခြားကွယ်မှုရှိလျှင် ပကတူပစသောမျိုး-ဟု သိရမည်။

## ဝုစ်ဖြင့် ရှင်းလင်းချက်

အည် ဗျာကရောတိ-၌ အည်အရ မုချတ္တအားဖြင့် အရဟတ္တမဂ်ပညာကို ကောက်ရ၏၊ ကာရဏူပစာရတ္တအားဖြင့် အရဟတ္တဖိုလ်ပညာကို ကောက်ရ၏၊

ထိုအရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်တို့၏ အကြား၌ ပရမတ္တတစ်ပါး ခြားကွယ်မှု ရှိ/မရှိသိနိုင်ရန် ယင်းတရားနှစ်ခုပါဝင်သော "န ဒ မ ပ ဥ န ဂေါ မဂ် ဖိုလ် ဖိုလ်/ဘ"-ဟုသော ဝီထိပုံစံကို ချကြည့်ရမည်။

ထိုသို့ ချကြည့်သောအခါ အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်တို့၏ အကြား၌ အခြားစိတ္တက္ခဏ မရှိသောကြောင့် ယင်းတရားနှစ်ခုကို အနန္တရမျိုး ဖြင့်ရသည်။

မှတ်ချက် အနန္တရမျိုးကို နိုင်နင်းစွာ ပဋ္ဌာန်းနည်း ဖြင့်နိုင်ရန် ဝီထိပိုင်းလာ စိတ်အစဉ်ဖြစ်ပုံ (ဝီထိ)ကို ကျွမ်းကျင်အောင် လေ့လာထားကြရမည်။ (ဝီထိစိတ်အစဉ်၌ ရှေ့ရှေ့တရားကို ပစ္စည်း၊ နောက်နောက်တရားကို ပစ္စယုပ္ပန်-ဟု မှတ်ပါ။)

## ဇစ္စယသတ္တိရှာဖွေနည်း

အနန္တရမျိုး (၇) ပစ္စည်းတို့တွင်-

(က)အနန္တရ သမနန္တရ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ (၅)ပစ္စည်းတို့ကို အနန္တရမျိုး ဖြင့်တိုင်းဖြင့်တိုင်း တဖြင့်နက် ရနိုင်၏၊

(ခ) ပစ္စည်းပစ္စယုပ္ပန် ဇာတ်တူဇောဖြစ်ခဲ့လျှင် အာသေဝန ရနိုင်၏၊

(ဂ) ပဂ္ဂါနန္တရဖိုလ်အားတပ်သော မဂ်(စေတနာ)ဖြစ်ခဲ့လျှင် ကမ္မ ရနိုင်၏၊

မှတ်ချက် ပုစ္ဆာ၌ မိမိကောက်ယူထားသော တရားတစ်ခု၏ အနန္တရပစ္စည်း၊ အနန္တရပစ္စယုပ္ပန်တရားတို့ကိုလည်း ရှာဖွေနိုင်းတတ်၏။ ထိုသို့ ရှာဖွေနိုင်းလျှင် မိမိကောက်ယူထားသော တရားပါဝင်သော ဝီထိ

http://www.dhammadownload.com



ပုံစံတစ်ခု ချကြည့်ရမည်၊ ထိုပုံစံ၌ ဝိဓိတရား၏ ရှေ့က တရားကို အနန္တရပစ္စည်း၊ နောက်ကတရားကို အနန္တရပစ္စယုပ္ပန်-ဟု မှတ်ပါ။

အောက်ပါပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ၊

မေး၊ ဒိဋ္ဌိသော ဒိဋ္ဌိသံ ယ တံ ကယိရာ-၌ ဒိဋ္ဌိသံ၏ ဝပ်ပုဒ်အရကို ကောက်ပြ၍၊ ယင်းတရား၏ အနန္တရပစ္စည်း-အနန္တရပစ္စယုပ္ပန်တို့ကိုလည်း ထုတ်ပြပါ။ (၆၄-ခု၊ဝည်ရှင်)

ဖြေ ဒိဋ္ဌိသံ၏ ဝပ်ရာပုဒ် ဒိဋ္ဌိသွာ-အရ အကုသလဝိပါက်ဝက္ခုဝိညာဏ်ဖြစ်သည်၊
အနန္တရပစ္စည်း- ပဉ္စဒွါရာဝဇ္ဇန်းဖြစ်သည်၊
အနန္တရပစ္စယုပ္ပန်- အကုသလဝိပါက် သမ္ပဋိစ္ဆိုင်းဖြစ်သည်၊

မှတ်ချက် မဂ်တရားက ဖိုလ်တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုရာဝယ် မဂ္ဂါနန္တရဖိုလ်အားသာလျှင် အနန္တရသတ္တိဖြင့် ကျေးဇူးပြုနိုင်၏၊ ဒုတိယဖိုလ်စောစသည်တို့အား၊ အနန္တရသတ္တိဖြင့် ကျေးဇူးမပြုနိုင်၊ ပကတူပသတ္တိဖြင့်သာ ကျေးဇူးပြုသည်၊

အောက်ပါသကျသီဟပုစ္ဆာတို့၏ အဖြေကိုလည်း ကြည့်ပါ၊

မေး၊ အာဒိတ္တဗြဟ္မစရိယိကာယ ပညာယ-၌ ဗြဟ္မစရိယနှင့် ပညာယ-တို့၏ တရားကိုယ်များကို ခွဲခြားကောက်ပြ၍၊ ဖြစ်သင့်သော ပစ္စည်း၊ ပစ္စယုပ္ပန်နှင့် ပြိုင်နိုင်သော ပစ္စည်းသရုပ်ကိုလည်း ထုတ်ပြပါ။ (၄၉-ခု၊အဘိ၊)

ဖြေ ဗြဟ္မစရိယ-အရ အရိယာမဂ် (၄)ပါး (တနည်း၊) မဂ္ဂင်(၈)ပါးဖြစ်သည်၊
ပညာယ-အရ ဝိပဿနာပညာ ဖြစ်သည်၊

"ပစ္စည်း၊ ပစ္စယုပ္ပန်"

ဂေါတြဘု ဝေါဒါန်ကိစ္စတပ်သော ဝိပဿနာပညာသည် အနန္တရပစ္စည်း။
အရိယာမဂ်လေးပါး (တနည်း၊) မဂ္ဂင် (၈)ပါးသည် အနန္တရပစ္စယုပ္ပန်။

"ပြိုင်ပစ္စည်းသရုပ်"

အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ အာသေဝနတို့ ဖြစ်သည်။

(တနည်း၊) ပရိကံ ဥပစာ အနုလုံကိစ္စတပ်သော ဝိပဿနာပညာသည် ပကတူပနိဿယပစ္စည်း။ မဂ္ဂင်(၈)ပါးသည် ပကတူပနိဿယ ပစ္စယုပ္ပန်၊ (ပြိုင်)ပကတူပနိဿယ (၁)ပစ္စည်းသာ၊

http://www.dhammadownload.com



မေး စုတာ-အရ နိစ္စတ္တာ-အရတို့ကို တရားကိုယ်တိကျစွာ ကောက်ပြ၍၊ စုတာ-အရက နိစ္စတ္တာအရအား ကျေးဇူးပြုသည့် ပစ္စယသတ္တိတို့ကို ထုတ်ပြပါ။ (၅၀-ခု၊ဓမ္မပဒ၊)

ဖြေ စုတာ-အရ စုတိကိစ္စတပ်သော ပဉ္စမဈာန်ဝိပါက်စိတ် ဖြစ်သည်၊ နိစ္စတ္တာ-အရ ပဋိသန္ဓေကိစ္စတပ်သော မဟာဝိပါက်စိတ် နာမက္ခန္ဓာ ဖြစ်သည်၊

ကျေးဇူးပြုနိုင်သည့် ပစ္စယသတ္တိ-အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတတို့ဖြစ်သည်။

(ရုပ်တရားတို့သည် အနန္တရပစ္စည်း ပစ္စယုပ္ပန်မထိုက်သော ကြောင့် နိစ္စတ္တာ-အရ ကမ္မဇရုပ်များ မကောက်ရ။)

မေး ဂေါတြဘုပုဂ္ဂိုလ်အရနှင့် ၎င်းပုဒ်၏ အနုလောမအရ တရားကာ ၎င်း၏နောက် ကပ်လျက်ဖြစ်သောတရားအား အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူး ပြုပါသနည်း။ (၅၄-ခုအဲ)

ဖြေ ဂေါတြဘုပုဂ္ဂိုလ်အရ- သောတာပတ္တိမဂ်၏ အနန္တရပစ္စည်းဖြစ်သော သိခါပတ္တ ဝလဝဝိပဿနာ ဂေါတြဘုစိတ်နှင့် ပြည့်စုံသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်ကို ယူရပါသည်၊

အနုလောမအရ- ဂေါတြဘု ကိစ္စတပ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် တရားက ၎င်း၏နောက် ကပ်လျက်ဖြစ်သော သောတာပတ္တိမဂ်အား အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ ပစ္စယသတ္တိ တို့ဖြင့် ကျေးဇူးပြုပါသည်၊

မေး ယော ဝ အဇ္ဈာသယာတမတ္တပ္ပိ. အနိစ္စသည် ဘာဝေယျ-၌ အနိစ္စ သည်အရ (က)ဥပတာရဏအားဖြင့် ဖြစ်သင့်သောတရား (ခ)အနန္တရ ပစ္စယုပ္ပန်တရားတို့ကို ကောက်ပြ၍ အနိစ္စသည်-၌ မုချတ္တအရ တရားက (က)(ခ)တို့အရ ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ဖော်ပြပါ။ (၆၁-ခုအဲ)

http://www.dhammadownload.com



ဖြေ (က)ဥပစာရတ္တအားဖြင့် သောတာပတ္တိမဂ်၏ အနန္တရပစ္စည်းဖြစ်သော ဂေါတြဘုကိစ္စတပ်သော သိခါပတ္တဗလဝဝိပဿနာ ပညာ ဖြစ်သည်၊
(ခ)သောတာပတ္တိမဂ် ဖြစ်သည်။

အနိစ္စသညာ၌ မုချတ္တအရ ဂေါတြဘုကိစ္စတပ်သော သိခါပတ္တဗလဝဝိပဿနာသညာပစ္စည်းတရားက (က)အရ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိ- အကြိမ်(၄)၊ အညမည သမ္ပယုတ္တ ဖြစ်သည်။

(ခ)ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိ- အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတတို့ဖြစ်သည်။

မှတ်ချက် သဒ္ဒါတစ်ခု တိုက်ရိုက်ဟောအပ်သောအနက်ကို "မုချ" တိုက်ရိုက် မဟောဘဲ သွယ်ဝိုက်၍ဟောသောအနက်ကို "ဥပစာ" ဟု ခေါ်ရမည်ဖြစ်၍ ပုဗ္ဗာ၌ သိခါပတ္တဗလဝဝိပဿနာ သညာကို မုချ၊ သိခါပတ္တဗလဝဝိပဿနာ ပညာကို ဥပစာ-ဟု ဖြေထားသည်၊

မေး - သော ဈာနာ ဝုဋ္ဌာယ တ် ခြလောကေတွာ-၌ ဈာနအရ တရားကိုလည်းကောင်း၊ ဝုဋ္ဌာယ၌ ဓာတ်အရ တရားကိုလည်းကောင်း၊ ဈာနအရ တရားအသီးအသီးက သမ္ပယုတ်တရား အသီးအသီးအား ကျေးဇူးပြုသည့်ပစ္စည်း အသီးအသီးကိုလည်းကောင်း၊ အပါဒါန်မှ ကြိယာအား ကျေးဇူးပြုသည့် ပစ္စည်းအသီးအသီးကိုလည်းကောင်း၊ ခွဲခြားဖော်ပြပါ။ (၆၃-ခု၊ဝမ္ပပ၁)

ဖြေ ဈာန-အရ ပဋ္ဌမဈာန်ကုသိုလ်ရှိ ဥပေက္ခာ ဝေဒနာ ဧကဂ္ဂတာ၊ ဝုဋ္ဌာယ၌ဓာတ်အရ မဟာဝိပါက် ဉာဏသမ္ပယုတ်အဝင်စိတ် တစ်ပါးပါ၊

ဈာနအရ- ဥပေက္ခာ ဝေဒနာက သမ္ပယုတ္တဓမ္မအား၊ သဟဇာတ အညမည နိဿယ ဣန္ဒြိယ ဈာန သမ္ပယုတ္တ အတ္ထိ အဝိဂတ တို့ဖြင့် ကျေးဇူးပြုသည်။

ဈာနအရ- ဧကဂ္ဂတာက သမ္ပယုတ္တဓမ္မအား၊ သဟဇာတ အညမည နိဿယ သမ္ပယုတ္တ ဣန္ဒြိယ ဈာန မဂ္ဂ အတ္ထိ အဝိဂတတို့ဖြင့် ကျေးဇူးပြုသည်၊

သညာဖြစ်ကြောင်း ကံတရား- ဒုတိယဈာန်ကုသိုလ် (တနည်း) တတိယဈာန်ကုသိုလ်ကံ၊

သညာဖြစ်ကြောင်း ပစ္စည်းတရား- နာနာက္ခဏိကကမ္မပစ္စည်း။

သညာသို့ရောက်ကြောင်းကမ္မဋ္ဌာန်း- ကသိုဏ်းကမ္မဋ္ဌာန်း(၁၀) အာနာပါနဿတိ ကမ္မဋ္ဌာန်း(၁) အသုဘကမ္မဋ္ဌာန်း(၁၀) ကာယဂတာသတိကမ္မဋ္ဌာန်း(၁) မေတ္တာကရုဏာမုဒိတာ ကမ္မဋ္ဌာန်း(၃) ပေါင်း(၂၅) ပါး ဖြစ်သည်။

မှတ်ချက် နာနတ္တသညာ ဖြစ်သောပုဂ္ဂိုလ်အရ အာဘဿရာဘုံသား ပုဂ္ဂိုလ်ကိုသာ ပုစ္ဆကဆရာယူလိုဟန်ရှိ၏၊ ပုစ္ဆကဆရာ၏ အလိုကျ ဖြေဆိုလျှင် အကြောင်းကံနေရာ၌ ပဏီတဖြစ်သောဒုတိယဈာန် တတိယဈာန် ကုသိုလ်ကံဟု ဖြေဆိုရမည်။

မေး တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ- စသည်ကို ပြောဆိုသော အရိဋ္ဌရဟန်း၏ သန္တာန်၌ ဖြစ်သောစိတ်ကို ကောက်ပြ၍ ထိုစိတ်ဖြစ်ပွါးရာ၌ ရနိုင်သော အကုသလသင်္ဂဟလာ တရားတို့ကို ပေါ်ပြ၍ ထိုစိတ်၏ အာရမ္မဏပစ္စည်း၊ အနန္တရပစ္စယုပ္ပန်ဖြစ်ထိုက်သော တရားတို့ကို ကောက်ပြပါ။ (၇၉-၃၊ဝိနည်း)

ဖြေ အရိဋ္ဌရဟန်း၏သန္တာန်၌ဖြစ်သောစိတ်- ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ဖြစ်သည်။

"အကုသလသင်္ဂဟလာ တရားများ"

ဒိဋ္ဌာသဝ၊ ဒိဋ္ဌောဃ၊ ဒိဋ္ဌိယောဂ၊ သီလဗ္ဗတပရာမာသ၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်၊ ဒိဋ္ဌာနုသယ၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်၊ ဒိဋ္ဌိကိလေသာ-တို့ ဖြစ်သည်။

"ထိုစိတ်၏ အာရမ္မဏပစ္စည်း"

လောကီစိတ်-၈၁၊ စေ-၅၂ ရုပ်-၂၈ ဖြစ်သည်။

"အနန္တရပစ္စယုပ္ပန်"

ပဉ္စမတဒါရုံ (တနည်း)ပဉ္စမဘာဝင် (တနည်း) နောက်နောက်သော ဒိဋ္ဌိဂတသမ္ပယုတ်ဇော ဖြစ်သည်။

http://www.dhammadownload.com



မှတ်ချက် ပုစ္ဆာ၌ "စိတ္တုပ္ပါဒ်၌ ရနိုင်သော အကုသလသင်္ဂဟလာ တရားများ" ဟု မေးထား၏၊ ထိုအမေးပုစ္ဆာအရ ဖြေဆိုလျှင် အကုသလသင်္ဂဟ လာ တရားအားလုံးနီးပါး ဖြေဆိုရမည်ဖြစ်၏၊ သို့သော်လည်း အဖြေ၌ ဒိဋ္ဌိစေတသိက်ကိုသာယူ၍ ဖြေဆိုလိုက်သည်။

မေး ပဟိတတ္တ-အရ တရားကိုယ်ကောက်ပြ၍ ယင်းတရား၏ အနန္တရပစ္စည်း နှင့် အနန္တရပစ္စယုပ္ပန်တရားတို့ကို ထုတ်ပြပါ။ (၄၀-ခု၊ဝိနည်း)

ဖြေ ပဟိတတ္တ-အရ နိဗ္ဗာန်သို့ စေလွှတ်ထားသူ၏ မဟာကုသိုလ်စိတ် ဖြစ်သည်။

ယင်းတရား၏ အနန္တရပစ္စည်း- မနောဒွါရာဝဇ္ဇန်း။

(တနည်း) ရှေ့ရှေ့သော မဟာကုသိုလ်ဇော ဖြစ်သည်။

အနန္တရပစ္စယုပ္ပန်- ဇော၏နောက် အနန္တရဖြစ်သော ပဌမဘဝင်၊

(တနည်း) နောက်နောက်သော မဟာကုသိုလ်ဇော ဖြစ်သည်။

မှတ်ချက် နိဗ္ဗာန်သို့ စေလွှတ်ထားသူ၏ ဖြစ်သင့်သောဝီထိသည် တဒါရုံ မကျသော ကာမဇောမနောဒွါရ ဝိဘူတာရုံဝီထိ ဖြစ်၏၊ ယင်း ဝီထိကို ကြည့်၍ ဖြေဆိုထားသည်။

မေး ထိုဂစ္ဆာပုစ်၌ ဂ-အရနှင့် ဃ-အရတို့ကို ပစ္စည်းပစ္စယုပ္ပန်ထုတ်လျက် ပစ္စည်းသည် ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စည်းများကို လည်း အသီးအသီး ထုတ်ပြခဲ့ပါ။ (၂၆-ခုအဘဲ)

ဖြေ ဃ- အရ အဓိဝစ်းတိုက်တည်းဟူသော ဌာနပညတ်သည် ပစ္စည်း။ ဂ-အရ ကိုယ်ဝန်သည်ယင်၏ ခန္ဓာပဉ္စကသည် ပစ္စယုပ္ပန်၊

ကျေးဇူးပြုနိုင်သောပစ္စည်း- ပကတူပနိဿယ ပစ္စည်း။

(တနည်း) (အဓိဝမ်းတိုက်) စတုရင်္ဂနိပ္ဖန္နရုပ်သည် ပစ္စည်း။ ကိုယ်ဝန် သည်ယင်၏သန္တာန်၌ဖြစ်သော လောဘမူစိတ္တုပ္ပါဒ်သည် ပစ္စယုပ္ပန်။

ကျေးဇူးပြုနိုင်သောပစ္စည်းများ- အာရမ္မဏ အဓိပတိ ဥပ နိဿယ ပုရေဇာတ အတ္ထိ အဝိဂတတို့ ဖြစ်သည်။

http://www.dhammadownload.com


မှတ်ချက် ၈-အရ ပစ္စယုပ္ပန်တရားဘက်တွင် ကိုယ်ဝန်သုငယ်၏ လောဘမူစိတ္တုပ္ပါဒ်ကို အရကောက်ရသည် ဖြစ်၍ အာ,ဝိ,ဥ တို့ကိုလည်း ရသည်၊

(ဤနေရာ၌ ဂဗ္ဘသဒ္ဒါ အဓိပ္ပါယ်၊တိုက်အနက်ဟောသဒ္ဒါ ဖြစ်သည့်အတွက် နာနာက္ခဏိကကမ္မ မပြိုင်ရ၊ ကိုယ်ဝန်သုငယ် ဟော ဂဗ္ဘသဒ္ဒါကိုမေးမှသာ ပြိုင်ရမည်၊)

မေး အဓိစိတ္တေ စ အာယောဂေါ-၌ စိတ္တအရ အဓိစိတ္တအရတို့ကို တိကျစွာ ကောက်ပြ၍ စိတ္တအရတရားသည် အဓိစိတ္တအရတရားအား ကျေးဇူးပြုနိုင်သော ပစ္စည်းသရုပ်ကိုလည်း ထုတ်ပြပါ။ (၂၆-ခု၊ဓမ္မပဒ)

ဖြေ စိတ္တအရ- မဟာကု (၈)ပါး၊ (တနည်း)လောကီသမာပတ်(၈)ပါး၊ အဓိစိတ္တအရ- ဝိပဿနာပါဒက သမာပတ္တိစိတ် (၈)ပါး၊

စိတ္တအရ ဂေါတြဘုကိုစွတပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်သည် အဓိစိတ္တအရ သမာပတ်(၈)ပါးအား-

ကျေးဇူးပြုနိုင်သောပစ္စည်းသရုပ်- အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတတို့ ဖြစ်သည်၊

(တနည်း) စိတ္တအရ- မဟာကုဉာဏဝိပ္ပယုတ်နှင့် အနုလုံတိုင် အောင်သော မဟာကုဉာဏသံစိတ်တို့သည် အဓိစိတ္တအရ သမာပတ် (၈)ပါးအား ပကတူပနိဿယပစ္စယသတ္တိဖြင့်သာ ကျေးဇူးပြုသည်၊

(စိတ္တအရ- လောကီသမာပတ်စိတ် (၈)ပါးကိုယူက အဓိစိတ္တ အရနှင့် ပကတူပ ပြိုင်ပါ၊)

သာဓက ကာမာဝစရာနိ ပန အဋ္ဌ ကုသလစိတ္တာနိ, လောကိယ အဋ္ဌ သမာပတ္တိစိတ္တာနိ စ ကေဝလံ ကတ္ဝာ စိတ္တမေဝါတိ ဝေဒိတဗ္ဗာနိ၊ ။ပ။ ဝိပဿနာပါဒကံ အဋ္ဌ သမာပတ္တိစိတ္တံ ပန "အဓိစိတ္တ"န္တိ ဝုစ္စတိ။ (ဝိ၊ဋ္ဌ၊၁၊ ၂၀၉၊)

မှတ်ချက် ကာမ္မဝစရည်းဒိဂုတမ္ပုရိသ်တို့သည် နောက်ပုဒ်ပြဋ္ဌာန်းသော သမာသ် များဖြစ်၍ ယင်းသမာသ်တို့၌ နောက်ပုဒ်အရ ပုဒ်လုံးအရတို့သည်

http://www.dhammadownload.com



အရကောက်အားဖြင့် တူညီမှုရှိရသည်၊ ဤ၌ အဓိစိတ္တသည် နောက်ပုဒ်ပြဋ္ဌာန်းသော ကမ္မဝေရည်းသမာသ်ဖြစ်၍ စိတ္တအရ အဓိစိတ္တအရ သမာပတ်စိတ်(၈)ပါးကိုပင် အရကောက်ရသည်၊

ယင်းသို့အရကောက်ခဲ့လျှင် စိတ္တအရ ဈာန်အင်္ဂါ(၅)ပါးကို ပစ္စည်း။ အဓိစိတ္တအရ သမာပတ်စိတ်(၈)ပါးကို ပစ္စယုပ္ပန်တရား ထား၍ ဘာ သဟဇာတမျိုး ပြိုင်ရမည်၊

မေး၊ သတ္တာ နိရောဓဝေါ ဝုဋ္ဌာယ-၌ အပါဒါန်ပုဒ်နှင့် ကြိယာပုဒ်တို့အရ ပစ္စည်းပစ္စယုပ္ပန်ကွဲပြားအောင် ကောက်ပြ၍ ပြိုင်နိုင်သော ပစ္စယသတ္တိ တို့ကိုလည်း ထုတ်ပြပါ။ (၆၄-ခုဝည်ရှင်)

ဖြေ အပါဒါန်ပုဒ်အရ-နိရောဓသမာပတ် ဝင်စားခါနီးအခါ၌ဖြစ်သော နေဝ သညာနာသညာယတန ကြိယာဒုတိယဇောသည် အနန္တရပစ္စည်း။ ကြိယာပုဒ်အရ- အရဟတ္တဖိုလ်စိတ်သည် အနန္တရပစ္စယုပ္ပန်၊

ပြိုင်နိုင်သောပစ္စယသတ္တိ- အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ပေါင်း (၅)ပစ္စည်း ဖြစ်သည်၊

မေး၊ အထ ခေါ ဘဂဝါ သာယနသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော-၌ ပဋိ သလ္လာနအရတရားက ဝုဋ္ဌိတောအရတရားအား အဘယ်မျိုး အဘယ် ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း၊ ဖြေပါ။ (၆၄-ခုဝည်ရှင်)

ဖြေ ပဋိသလ္လာနာ-အရ ဘုရားရှင်၏ အရဟတ္တဖိုလ် (အဆုံးဇော)ပစ္စည်း တရားက ဝုဋ္ဌိတော-အရ အရဟတ္တဖိုလ်နောင် ပဉ္စမဘဝင်ဟု ဆိုအပ် သော မဟာဝိပါက်ဉာဏသမ္ပယုတ် သောမနဿသဟဂုတ် အသင်္ခါ ရိကစိတ် ပစ္စယုပ္ပန်တရားအား။

အနန္တရမျိုး- အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ (၅)ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်၊

မေး၊ နိဗ္ဗိဒါ ဝိရာဂေါ-၌ ရှေ့ပုဒ်အရ၊နောက်ပုဒ်အရတို့၏ အကြောင်းအကျိုး ဆက်သွယ်ပုံကို ပဋ္ဌာန်းနည်းတရ ဖြေဆိုပြီး ပြိုင်နိုင်သော ပစ္စယသတ္တိတို့ ကိုလည်း ထုတ်ပြပါ။ (၆၄-ခုဝည်ရှင်)

http://www.dhammadownload.com


ဖြေ။ "အကြောင်းအကျိုး ဆက်သွယ်ပုံ"

ရှေ့ပုဒ်အရ- ဂေါတြဘု (ဝေါဒါန်)ကိစ္စတပ်သော ဗလဝဝိပဿနာ ဖြင့်ဒါန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်သည် အနန္တရပစ္စည်း၊ (အကြောင်း၊)

နောက်ပုဒ်အရ- မဂ်(၄)ပါးသည် အနန္တရပစ္စယုပ္ပန်(အကျိုး) ဤသို့ အကြောင်းအကျိုးအားဖြင့် ဆက်သွယ်ကြသည်။

ပစ္စယသတ္တိ- အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ (၆)ပစ္စယသတ္တိ ဖြစ်သည်။

(တနည်း၊) အနုလုံတိုင်အောင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်သည် ပကတူပနိဿယပစ္စည်း။ မဂ်(၄)ပါးသည် ပကတူပနိဿယပစ္စယုပ္ပန်၊ ဤသို့ အကြောင်းအကျိုး ဆက်သွယ်ကြသည်။

ပစ္စယသတ္တိ- ပကတူပနိဿယ (၁)ပစ္စည်းသာ။

### ပကိုဏ်းဂုဏ်ပမျိုး-သုဒ္ဓသချိုးဇယား

| အုပ်စု | ပစ္စယသတ္တိ | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|---|
| ၁။ | ပကတူပ | ဗလဝဖြစ်သော စိတ်-၈၉ စေ-၅၂ ရုပ်-၂၈၊ | စိတ်-၈၉၊ စေ-၅၂ |
| ၂။ | နာနာက္ခဏိက | ဗလဝဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ | ဝိပါက်-၃၆၊စေ-၃၈၊ နာမကဋတ္တာ |

### "ပကတူပနိဿယ ဖြစ်နိုင်သော တရားများ"

၁။ ဒါနပညတ်တရားနှင့် ဒါနီဖြစ်နိုင်သောတရားများ။

၂။ ဖြစ်ရာမှုဆိုလ်ကွဲပြားသော ဟေတုကတ္တတ္ထ အရနှင့် သုဒ္ဓကတ္တတ္ထအရ တရားများ။

၃။ အောက်အောက်မဂ်တရားနှင့် အထက်အထက်မဂ်တရားများ။

၄။ မဂ်တရားနှင့် (မဂ္ဂါနန္တရဖိုလ် မဟုတ်သော) ဖိုလ်တရားများ။

၅။ အောက်အောက်ဖိုလ်တရားနှင့် အထက်အထက်ဖိုလ်တရားများ။

http://www.dhammadownload.com


၆။ အောက်အောက်ရူပဈာန်တရားနှင့် အထက်အထက် ရူပဈာန်တရားများ။
၇။ ဈာန်တရားနှင့် မဂ်တရားများ။
၈။ (ဂေါတြဘုကိစ္စ မဟာပ်သော) မဟာကုသိုလ်တရားနှင့် မဂ်တရားများ။
၉။ အကုသိုလ်နှင့် ယင်းတို့ကို ပယ်သတ်ကြတ်သော မဂ်တရားများ။
၁၀။နိဝရဏအကုသိုလ်နှင့် ယင်းတို့ကို ပယ်ခွာတတ်သောမဟဂ္ဂုတ်တရားများ။
၁၁။(ဝီထိတစ်ခုအတွင်း၌) ရှေ့ရှေ့တရားနှင့် စိတ္တက္ခဏ ခြားကွယ်နေသော နောက်နောက်တရားများ။
၁၂။ကုသိုလ်အကုသိုလ်ကံနှင့် အကျိုးဝိပါက်များ။
၁၃။ဘုံနှင့် ယင်းဘုံရှိ ပရမတ်တရားများ၊ ဖြစ်သည်။

**မှတ်ချက်** အထက်၌ ပြဆိုခဲ့သောတရား အသီးအသီးတို့တွင် ရှေ့က တရားကို ပကတူပနိဿယပစ္စည်း။ နောက်ကတရားကို ပကတူပနိဿယပစ္စယုပ္ပန်တရားဟု မှတ်ရမည်။ ဝိပါက်အား တပ်သည့် ဧလဝဝေတနာကိုသာ ကမ္မနှင့် ပကတူပ နှစ်ပစ္စည်း ရသည်။ ကြွင်းတရားများကိုကား ပကတူပသာ ရသည်။

**အောက်ပါ ပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။**

မေး  အထ ေခါ ဘဂဝါ ဥဂ္ဂ ။ပေ၊ အနုမောဒိတွာ ဥဋ္ဌာယာသနာ ပက္ကာမိ· ၌ အနုမောဒိတွာဝယ် အန္တတ်အရ တဟျတ်အရတို့ကို ပစ္စည်းပစ္စယုပ္ပန် ကွဲပြားအောင် ကောက်ပြ၍ ဖြိုင်နိုင်သော ပစ္စယသတ္တိကိုလည်း ထုတ်ပြပါ။

ဖြေ  တဟျတ်အရ· ဘုရားရှင်၏ ဒေသနာဉာဏ်သည် ပကတူပနိဿယ ပစ္စည်း။

အန္တတ်အရ · ဥဂ္ဂသူကြွယ်၏ ပီတိသောမနဿ (ပုဒိတာ) ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿသဟဂုတ် စိတ္တုပ္ပါဒ်သည် ပကတူပနိဿယပစ္စယုပ္ပန်။

ပစ္စယသတ္တိ· ပကတူပ (၁)ပစ္စည်းသာ၊

http://www.dhammadownload.com

**အောက်ပါ သကျသီဟပုစ္ဆာတို့၏ အဖြေကိုလည်း ကြည့်ပါ။**

မေး　အဗိဿိကတ်-၌ ကတဂါ ကတ္တားပုဒ်အရ တရားက အဗိဿိကတ အရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စည်းသရုပ်ကို ကျေးဇူးပြုပုံနှင့်တကွ ထုတ်ခဲ့ပါ။ (၄၅-ခုနှစ်)

ဖြေ　ကတဂါ ကတ္တားပုဒ်အရ- ကိလေသာ(၁၀)ပါး (တနည်း)အာရုံ (၅)ပါး သည် ပကတူပနိဿယ ပစ္စည်း။ အဗိဿိကတအရ- ရဟန္တာအရှင်မြတ်၏ သန္တာန်၌ဖြစ်သော စိတ္တုပ္ပါဒ်သည် ပကတူပနိဿယပစ္စယုပ္ပန်၊ ဤသို့ ပစ္စည်းပစ္စယုပ္ပန် အဖြစ်ဖြင့် ကျေးဇူးပြုသည်။

ပစ္စည်းသရုပ်- ပကတူပနိဿယ ကမ္မတို့ ဖြစ်သည်။

မေး　ပုန္နဝါဘိနိဗ္ဗတ္တိ ပဟိနာ-၌ အပ္ပဟာတဗ္ဗ ပဟာတဗ္ဗ ပဟာယကတရားတို့ကို အသီးအသီး ကောက်ပြ၍ ပဟာတဗ္ဗတရားက ပဟာယကတရားအား ကျေးဇူးပြုနိုင်သောပစ္စည်းသရုပ်ကိုလည်း ထုတ်ပြပါ။ (၄၆-ခုနှစ်)

ဖြေ　အပ္ပဟာတဗ္ဗတရား- သံသေဒဇ ဩပပါတိကသတ္တာတို့၏ ပဋိသန္ဓေနာမက္ခန္ဓာ ကဋတ္တာရုပ်၊

ပဟာတဗ္ဗတရား- လောကီကုသိုလ် အကုသိုလ် စေတနာနှင့် အဝိဇ္ဇာတဏှာမြဲဒ္ဒါန်းသော ကိလေသာ၊

ပဟာယကတရား- အရဟတ္တမဂ် ဖြစ်သည်။

ပဟာတဗ္ဗ တရားက ပဟာယကတရားအား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

မေး　ဆေတွာန ပပုဗ္ဗကာနိ-၌ နှစ်ပုဒ်အရ အသီးအသီး အရကောက်ပြပြီး ပပုဗ္ဗကအရ တရားက ဆေတွာနအရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကိုလည်း စုံလင်အောင် ထုတ်ပြပါ။ (၅၁-ခုဝမ္မပ)

ဖြေ　ပပုဗ္ဗက-အရ ပေါဘုပကသမ္ဘာရ ဆေတွာန-အရ ပင်(၄)ပါး ဖြစ်သည်။
ပပုဗ္ဗက-အရ တရားက ဆေတွာန အရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိ ပကတူပနိဿယသတ္တိ ဖြစ်သည်။

http://www.dhammadownload.com



(တနည်း) ပဟ္ပာက-အရ ဂေါတြဘုဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်သင်္ခါရကို ယှဉ်ဖြိုင်ခဲ့သော အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ အာသေဝနဟို ဖြစ်သည်။

မှတ်ချက် ပုစ္ဆာ၌ ဂုဏ်လင်အောင် ဟု ပေးထားသည်ဖြစ်၍ ဒုတိယနည်းကိုပါ ပြေဆိုလိုက်သည်၊ အမှန်အားဖြင့် ပဌမနည်းသာ အသင့်တော်ဆုံး ဖြစ်သည်။

မေး ဆိန္န သောတ် ပရက္ကမ္မ-၌ ပစ္စည်းပစ္စယုပ္ပန်တရားတို့ကို ကောက်ဖြ၍ ကျောလုပြုနိုင်သော ပစ္စယသတ္တိတို့ကိုလည်း ပေါ်ပြပါ။(၆၀-ဒု၊ဝမ္မပဒ)

ဖြေ သောတ်-အရ တဏှာသည် ပကတူပနိဿယပစ္စည်း။
ဆိန္န၌ ဝတ်အရ-အရဟတ္တမဂ်သည် ပကတူပနိဿယ ပစ္စယုပ္ပန်၊
ပရက္ကမ္မ-အရ ဉာဏ်နှင့်ယှဉ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်ရှိ ဝီရိယသည် ပကတူပနိဿယပစ္စည်း။
ဆိန္န၌ ဝတ်အရ အရဟတ္တမဂ်သည် ပကတူပနိဿယပစ္စယုပ္ပန်၊
ကျောလုပြုနိုင်သော ပစ္စယသတ္တိ- ပကတူပနိဿယ (၁)ပစ္စည်းသာ။

မှတ်ချက် ပရက္ကမ္မ-အရ ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်ရှိ ဝီရိယကို ကောက်လျှင် အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ ပစ္စယသတ္တိတို့ကို ရနိုင်သည်။

မေး အဝိနိပါတဓမ္မော-၌ ဓမ္မအရ တရားကို မှန်ကန်စွာ ကောက်ပြီးလျှင် ဝိနိပါတဓမ္မ-အရနှင့် အဝိနိပါတဓမ္မ-အရတို့၏ ပဋ္ဌာန်းနည်း ဆက်သွယ်ပုံကိုလည်း ပစ္စည်းပစ္စယုပ္ပန်ထုတ်၍ ရှင်းလင်းခဲ့ပါ။ (၃၇-ဒု၊ ဝိနည်း)

ဖြေ ဓမ္မ-အရ သက္ကာယဒိဋ္ဌိ စသည်ပြဋ္ဌာန်းသော အကုသိုလ်စေတနာ၊ ဝိနိပါတဓမ္မအရ- သက္ကာယဒိဋ္ဌိစသည် ပြဋ္ဌာန်းသော အကုသိုလ် စေတနာသည် ပကတူပနိဿယပစ္စည်း။

အဝိနိပါတဓမ္မအရ- သောတာပတ္တိမဂ်သည် ပကတူပနိဿယ ပစ္စယုပ္ပန်၊ ဤသို့ ပကတူပနိဿယ ပစ္စည်းပစ္စယုပ္ပန်အဖြစ်ဖြင့် ဆက်သွယ်ကြသည်။

http://www.dhammadownload.com



မေး ပုဍ္ဂလာဘိသန္ဓိသုတ်ဝယ် သောဝဂ္ဂိက-ပုဒ်၌ ပဒ, ပစ္စယ အရတို့ကို ကောက်ပြ၍ ပစ္စည်းဖြစ်သင့်သော တရားက ပစ္စယုပ္ပန်ဖြစ်သင့်သော တရားအား ကျေးဇူးပြုနိုင်သော ပစ္စည်းသရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။ (၂၈-ခု၊ဘဲ)

ဖြေ သောဝဂ္ဂိက-၌ ပဒ-အရ လွန်မြတ်သောရုပါရုံစသော အကျိုးတရား။ (တနည်း) ကာမကုသလဝိပါက် (၁၆)ပါး၊ ပစ္စယအရ- သဒ္ဓါနှင့် ဝီရိယ ပြဋ္ဌာန်းသော မဟာကုသိုလ်စေတနာ ဖြစ်သည်။

ပစ္စယ-အရ ပစ္စည်းတရားက ပဒ-အရ ပစ္စယုပ္ပန်တရားအား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်။

ပစ္စည်းသရုပ်-နာနာက္ခဏိကကမ္မ ပကတူပနိဿယတို့ ဖြစ်သည်။

မေး အဝိဇ္ဇာကောသဲ ပဒါလေတွာ-၌ အဝိဇ္ဇာဖုံးလွှမ်းရာဌာနများကို ဖေါ်ပြ၍ ယင်းပုဒ်၌ပင် ဖြစ်သင့်သော ပစ္စည်း၊ပစ္စယုပ္ပန် ပစ္စယသတ္တိတို့ကိုလည်း ထုတ်ပါ။ (၆၂-ခု၊ဗျူ-တဆင့်၊ဓမ္မပဒ)

ဖြေ အဝိဇ္ဇာဖုံးလွှမ်းရာ ဌာနများ- (၁)သစ္စာလေးပါး၊ (၂)ပုဗ္ဗန္တ၊ (၃)အပရန္တ၊ (၄)ပုဗ္ဗန္တာပရန္တ၊ (၅)ပဋိစ္စသမုပ္ပါဒ်။

ဖြစ်သင့်သော ပစ္စည်း- အကုသိုလ်(၁၂)ပါး၌ရှိသော မောဟ၊

ဖြစ်သင့်သော ပစ္စယုပ္ပန်- အရဟတ္တမဂ်၊

ဖြစ်သင့်သော ပစ္စယသတ္တိ- ပကတူပနိဿယသတ္တိ၊

မေး စေတောဝိဝရဏသပ္ပါယာ-၌ ပဓာနပုဒ်၏ ဓာတ်အရကို ကောက်ပြပြီး လျှင် ၎င်းတရားတို့သည် မည်သည့်ပစ္စယသတ္တိဖြင့် မည်သည့်ပစ္စယုပ္ပန် တရားအား ကျေးဇူးပြုကြသည်ကိုလည်း ဖေါ်ပြပါ။ (၂၉-ခု၊ဘဲ)

ဖြေ ပဓာနဖြစ်သော သပ္ပါယပုဒ်၌ သံ+ပ+အယဓာတ်အရ အပ္ပိစ္ဆကထာ စသော တရားစကား။ (တနည်း) ယင်းတရားစကားကို ပြောဆိုကြားမှု တို့၏ သန္တာန်၌ဖြစ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်သည်။

၎င်းပစ္စည်းတရားက သမထဝိပဿနာစိတ် ပစ္စယုပ္ပန်တရား အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



## ဝတ္ထုပုရေဇာတမျိုး သုဒ္ဓသင်္ချာဇယား

| စဉ် | ဖော်ယသတ္တိ | ဖော်ည်း | ဖော်ယုပ္ပန် |
|---|---|---|---|
| ၁။ | ဝတ္ထုပုရေဇာတ နိဿယ ဝိပ္ပ အတ္ထိ အဝိဂတ | ဆဝတ္ထု | ပဝတ္တိ၌ဖြစ်သောအခါ အရူပဝိပါက် ၄ကြဉ် သတ္တ ဝိညာဏဓာတ် |
| ၂ | ဝတ္ထုပုရေ ဇာတဝိပ္ပယုတ္တ | မနောဓာတုက အမနောဓာတုက မဇ္ဈိမာယုကအားဖြင့် ၃ပါး တို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ၃ပါဒ် ပြိုင်သော ပဉ္စဝတ္ထု | ဒွေပဉ္စဝိညာဏ် ၁၀ |

### ဝတ္ထုပုရေဇာတမျိုးလက္ခဏာ

ဝိဝိကောက်ယူထားသော တရားတို့တွင်-

(၁) တရားတစ်ခုက မှီရာဝတ္ထုရုပ်ဖြစ်၍ တရားတစ်ခုက ယင်းကိုမှီတတ်သော ဝိညာဏဓာတ်ဖြစ်ခြင်း။

(၂) ယင်းမှီရာဝတ္ထုက ပစ္စယုပ္ပန်တရားမှ ရှေးဦးစွာဖြစ်ခြင်း။

ဤလက္ခဏာ ၂-ချက်နှင့် ပြည့်စုံပါက ဝတ္ထုပုရေဇာတမျိုးပြိုင်ပါ။ (၂-နံပါတ်လက္ခဏာကို ထောက်၍ ပဋိသန္ဓေစိတ်၏မှီရာ ဟဒယဝတ္ထုရုပ်သည် ဝတ္ထုပုရေဇာတပစ္စည်း မတပ်နိုင်။)

### တောက်ပါပုစ္ဆာ၏ အဖြေကို ကြည့်ပါ။

မေး။ စက္ခုနာ ရုပ် ဝိသဇ္ဇာ-၌ စက္ခုနာအရ မုချတ္ထ ဥပစာရတ္ထအားဖြင့် ကောက်ပြ၍၊ ယင်းတရားတို့၏ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကို ဖော်ပြပြီး၊ ပြိုင်နိုင်သော ပစ္စယသတ္တိတို့ကိုလည်း ထုတ်ပြပါ။ (၆၄-ခုဝစည်ရှင်)

ဖြေ စက္ခုနာ-အရ မုချတ္ထအားဖြင့် စက္ခုဝတ္ထု (စက္ခုပသာဒ)၊ ဥပစာရတ္ထအားဖြင့် စက္ခုဝိညာဏ်ဖြစ်သည်။

http://www.dhammadownload.com


"ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံ"

မုချတ္တအရ မဂ္ဂမှာယုကဖြစ်၍ အတိတဘဝင်နှင့်အတူ ဥပါဒ်ပြိုင်သော ဝဇ္ဇုဝတ္ထုသည် ဝတ္ထုပုရေဇာတပစ္စည်း၊ ဥပစာရတ္တအရ ဝဇ္ဇုဝိညာဏ် ဒွေးသည့် ဝတ္ထုပုရေဇာတပစ္စယုပ္ပန်၊ ဤသို့ ပစ္စည်းပစ္စယုပ္ပန်ဖြစ်သည်။

"ပြိုင်နိုင်သောပစ္စယသတ္တိ"

ဝတ္ထုပုရေဇာတ နိဿယ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတတို့ ဖြစ်သည်။

**ဝေ့ယသတ္တိတွက်ရှုနည်း**

- ပဉ္စဝတ္ထုပစ္စည်းတရား ပဉ္စဝိညာဏ်ပစ္စယုပ္ပန်တရားဖြစ်က အထက်ပါ အတိုင်း ၆-ပစ္စည်းထုတ်၊
- ဟဒယဝတ္ထုပစ္စည်းတရား မနောဓာတ် မနောဝိညာဏဓာတ် ပစ္စယုပ္ပန်ဖြစ်က (မရဏာသန္နအခါမဟုတ်လျှင်) ဣန္ဒြိယနုတ်၍ ၅-ပစ္စည်းထုတ်၊
- မရဏာသန္နအခါဖြစ်က လောဘမူမရဏာသန္နဇောအတွက် အာရမ္မဏ ၈-ပစ္စည်းကို ထုတ်၊
- မနောဒွါရာဝဇ္ဇန်း, ကျန်သောမရဏာသန္နဇော, တဒါရုံတို့အတွက် အာရမ္မဏ (၈)ပစ္စည်းတွင် အဓိပတိ ဥပနိဿယနုတ်၍ ကျန် (၆)ပစ္စည်း ထုတ်ပါ။

## ကြည့်ရှုရန်

ပုစ္ဆာ၌ ကောက်ယူနိုင်းထားသော တရားတစ်ခု၏ ဝတ္ထုပုရေဇာတ ပစ္စည်းတရားကိုလည်း မေးတတ်သည်၊ ထိုသို့မေးခဲ့လျှင် မိမိကောက်ယူထား သောတရားကို မရဏာသန္နစိတ် ဟုတ်+မဟုတ် သုံးသပ်ကြည့်ပါ။

မရဏာသန္နစိတ်ဖြစ်ပါက စုတိစိတ်မှ ပြန်၍ရေသော် (၁၇)ချက်မြောက် သော စိတ်နှင့်အတူဥပါဒ်သော ပဉ္စဝတ္ထု (သို့မဟုတ်) ဟဒယဝတ္ထု-ဟု ဖြေ ရမည်။

မရဏာသန္နစိတ်မဟုတ်ပါက (ပဉ္စဝိညာဏ်အတွက်) မဂ္ဂမှာယုကဖြစ်၍ အတိတဘဝင်နှင့် အတူဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု၊ ကျန်သောစိတ်တို့တွင် (တစ်ကြိမ်သာ ဖြစ်သောစိတ်အတွက်) ရှေ့အနန္တရစိတ်နှင့်အတူ ဥပါဒ်သော

http://www.dhammadownload.com


ဟဒယဝတ္ထု။ (နှစ်ကြိမ်မှစ၍ အကြိမ်များစွာဖြစ်သောစိတ်အတွက်) ၄၄ အကောက်တရား၏ ရှေ့အနန္တရစိတ်ကို ပေါ်ထုတ်ကာ ဝုဋ္ဌော မနောဒွါရာ ဝဇ္ဇန်း၊ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု-ဟု ဖြေဆိုရမည်။

ညွှန်ကြားချက်

• ရှေ့အနန္တရစိတ်အရ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းတို့ကို ထုတ်ပြထားခြင်းသည် နမူနာအနေအားဖြင့် ထုတ်ပြထားခြင်း ဖြစ်၏၊ အမှန်အားဖြင့်ကား မိမိအကောက်တရား၏ ရှေ့၌ဖြစ်သင့်သောစိတ်ကို ပေါ်ထုတ်၍ ဖြေဆိုရမည် ဖြစ်သည်။

• ကာမကုသိုလ် အကုသိုလ် ကြိယာစိတ်တို့၏ ဝတ္ထုပုရေဇာတပစ္စည်း အဖြစ် ပဉ္စဒွါရ၌ဖြစ်နိုက် ဝုဋ္ဌော၊ မနောဒွါရ၌ဖြစ်နိုက် မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဖြေဆိုရမည်။

• နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်၏ ဝတ္ထုပုရေဇာတပစ္စည်းအဖြစ် ရှေ့စိတ္တက္ခဏတစ်ချက်ခန့် ကာလ၌ဖြစ်သော (နေဝသညာနာသညာယတနကုသိုလ်ဇော နှင့် အတူဥပါဒ်သော) ဟဒယဝတ္ထုဟု ဖြေဆိုရမည်။

• စိတ်တစ်ခု၏ ဝတ္ထုပုရေဇာတပစ္စည်းကို အတိအကျ ဖြေဆိုနိုင်ရန် ရှေး၌ပြဆိုပြီးသော "စိတ်တို့၏ မှီရာဝတ္ထုရုပ်ကို အတိအကျပြဆိုခြင်း" ဟူသော စကားရပ်လာ စည်းကမ်းချက်တို့ကို ကျေပွန်စွာ လေ့လာထားကြရမည်။

## စောက်ပါပုစ္ဆာတို့၏ အဖြေကိုလည်း ကြည့်ပါ။

မေး လောဘမူ မရဏာသန္နဇော စေသော ကာမဝါရမရဏာသန္နဝီထိလာ ဝီထိစိတ်တို့၏ ဝတ္ထုပုရေဇာတ ပစ္စည်းတရားကို ပစ္စယုပ္ပန်နှင့်တကွ အသီးအသီး ပေါ်ပြပါ။ (၆၄-ခု၊စည်ရှင်)

http://www.dhammadownload.com



ဖြေ "ကာယဝိညာဏ်စိတ်၏ ဝတ္ထုပုရေဇာတပစ္စည်း"
စုတိစိတ်မှ ပြန်၍ရေသော် (၁၇)ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ကာယဝတ္ထု၊
"ပစ္စယသတ္တိ"
ဝတ္ထုပုရေဇာတ နိဿယ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတတို့ဖြစ်သည်၊
"ပဉ္စဒွါရာဝဇ္ဇန်းမှစ၍ တဒါရုံတိုင်အောင်သော စိတ်တို့၏
ဝတ္ထုပုရေဇာတပစ္စည်း"
စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊
"ပစ္စယသတ္တိ"
ဝတ္ထုပုရေဇာတ အာရမ္မဏ အဓိပတိ နိဿယ ဥပနိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတတို့ဖြစ်သည်၊

မှတ်ချက် ဝတ္ထုပုရေဇာတမျိုး (၆)ပစ္စည်းသာ ရှိသော်လည်း မရဏာသန္နအခါဖြစ်၍ အာရမ္မဏမျိုးလာပစ္စည်းတို့နှင့် ရောနှောကာ ပြဆိုထားသည်ကို သတိပြု၊

မေး အဝိဇ္ဇာကြောင့် ပဒါလေတ္တာ-အရ ဖြစ်သောဝိထိ၌ ပါဝင်သင့်သော ဝိထိစိတ်တို့ကို ရေ၍ ယင်းတို့၏ ဝတ္ထုပုရေဇာတပစ္စည်းတို့ကို ပစ္စယသတ္တိနှင့်တကွ ထုတ်ပြပါ။ (၆၄-ခု၊စည်ရှင်)

ဖြေ ဝိထိစိတ်သရုပ်- မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ဉာဏသမ္ပယုတ်-၄၊ အရဟတ္တမဂ် အရဟတ္တဖိုလ်တို့ ဖြစ်သည်၊
ဝတ္ထုပုရေဇာတပစ္စည်း- အဝဂ္ဂပဉ္စေ၁ အစရှိသောရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု ဖြစ်သည်၊
ပစ္စယသတ္တိ- ဝတ္ထုပုရေဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတတို့ ဖြစ်သည်၊

မှတ်ချက် မနောဒွါရာဝဇ္ဇန်းမှ အရဟတ္တဖိုလ်တိုင်အောင်သော ဝိထိစိတ်တို့၏ ဝတ္ထုပုရေဇာတ ပစ္စည်းတရားကို မေးသည်ဖြစ်၍ မနောဒွါရာဝဇ္ဇန်း၊

http://www.dhammadownload.com



၏ ရှေ့အနန္တရဖြစ်သော ဘဝင်္ဂုပစ္ဆေဒစိတ်ကို သုံးသပ်ကာ ဖြေဆို ထားသည်။ (နယဂ္ဂါဟပြုလေ။)

မေး။ နာနပ္ပကာရယော ကေဗ္ဗသညီနော၌ ကေတ္တသညာ၏အာရုံများကို ပြည့်စုံအောင်ပေါ်ပြပြီးလျှင် ယင်းကေတ္တသညာ၏ မှီရာဝတ္ထုရုပ်ကို ပစ္စည်းထား၍ ဖြစ်သင့်သော မျိုးအလိုက် ရထိုက်သော ပစ္စယုပ္ပန် တရားများကို ပေါ်ပြပြီး ဆက်နွယ်နေသည့် ပစ္စယသတ္တိများကိုလည်း ရေးခဲ့ပါ။ (၆၀-ခုဘဲ)

ဖြေ။ အပါယ်ပဋိသန္ဓေ၏အာရုံ- အတီတာနန္တရဘဝက ဆဒွါရိကမရဏာ သန္နဇောသည်ယူအပ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးဖြစ်သည်။

ပဉ္စမဈာန်ပဋိသန္ဓေ၏အာရုံ- ကသိုဏ်းပညတ်(၁၀)ပါး၊ အာနာပါန ပညတ်(၁)အသုဘပညတ်(၁၀) ကောဋ္ဌာသပညတ်(၁) မေတ္တာကရုဏာမုဒိတာ၏ အာရုံဖြစ်သော သတ္တဝါပညတ်(၃) ပေါင်း (၂၅)ပါးသော ပညတ်ကမ္မနိမိတ်အာရုံ ဖြစ်သည်။

ရထိုက်သောပစ္စယုပ္ပန်တရား - ပဋိသန္ဓေနောင် ပဉ္စမဘဝင်ဟု ဆိုအပ်သော ပဉ္စမဈာန်ဝိပါက်နာမက္ခန္ဓာ ဖြစ်သည်။ (တနည်း)အပါယ် ပဋိသန္ဓေနောင် ပဉ္စမဘဝင်ဟု ဆိုအပ်သော အဟိတ်အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏဟု ဆိုအပ်သော နာမက္ခန္ဓာ ဖြစ်သည်။

ပစ္စယသတ္တိများ- ဝတ္ထုပုရေဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတတို့ ဖြစ်သည်။

မေး။ ယာဝ ဖြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ-တွင် ဖြတ်ပွလောကဘုံသား၏ မရဏာသန္နဝီထိစိတ်အစဉ်များကို ရေး၍ ယင်း၌ နောက်ဆုံးစိတ်၏ (က)သဟဇာတပစ္စယုပ္ပန် (ခ)အာရမ္မဏပစ္စည်း (ဂ)ဝတ္ထုပုရေဇာတ ပစ္စည်း (ဃ)နာနာက္ခဏိကကမ္မပစ္စည်းတို့ကို ကိန်းပြည့်စုံစွာ ရေးပါ။ (၆၃ ခုဂိနည်း)

ဖြေ။ မရဏာသန္နဝီထိ အာပါထဂတ ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း မဟာ ကြိယာဉာဏသမ္ပယုတ် မရဏာသန္နဇော(၅)ကြိမ် ဖြစ်ပြီးလျှင် ထိုနောင် အာရုံနှင့် ရကန္တာဖြစ်သွားသော ပရိနိဗ္ဗာနစုတိကျ၏။

http://www.dhammadownload.com



(က)ဝိတက် ဝိစာရ ပီတိကြည် အညသမာန်း(၁၀) ဝိရတိ အပ္ပမညာကြဉ် သောဘနစေတသိက်(၂၀)တို့ ဖြစ်သည်၊

(ခ)အတိတ်ဘနဂ္ဂရဘဝက မနောဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ကသိုဏ်းပညတ် အာနာပါနပညတ် ဥပေက္ခာ၏အာရုံဖြစ်သော သတ္တဝါပညတ်ဟူသော ပညတ်ကမ္မနိမိတ် ဖြစ်သည်၊

(ဂ)စုတိစိတ်မှပြန်၍ရေသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု ဖြစ်သည်၊

(ဃ)အတိတ်ဖြစ်သော ရူပကုသိုလ်ပဉ္စမဈာန်စေတနာ ဖြစ်သည်၊

မှတ်ချက် ဖြုဟ္မလောက-အရ အကနိဋ္ဌဖြုဟ္မာဘုံကို ယူရ၏၊ ယင်းဘုံ၌ ရဟန္တာပုဂ္ဂိုလ်သာ စုတေနိုင်၏၊ သို့ဖြစ်၍ "ရဟန္တာပုဂ္ဂိုလ်၏ ကာမဇောပရိနိဗ္ဗာနဝီထိ"ကို ချရသည်၊

မေး မစွပါသော ဂုဟာသယော-၌ ဂုဟာသယောဝယ် သမာသ်ပုဒ်(အနတ်)အရ၊ အညပုဒ်(တဟုတ်)အရတို့ကို ပစ္စည်းပစ္စယုပ္ပန် ကွဲပြားအောင် ကောက်ပြ၍ ပြိုင်ပစ္စယသတ္တိတို့ကိုလည်း ထုတ်ပြပါ။(၆၄-ခု၊ စည်ရှင်)

ဖြေ သမာသ်ပုဒ်အရ- ဂုဒ္ဓေ၁ မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ဝတ္ထုပုရေဇာတပစ္စည်း။ အညပုဒ်အရ- ဒေါသသည် ဝတ္ထုပုရေဇာတပစ္စယုပ္ပန်၊

ပြိုင်ပစ္စယသတ္တိများ- ဝတ္ထုပုရေဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ (၅)ပစ္စယသတ္တိဖြစ်သည်၊ (မရဏာသန္နအခါဖြစ်ပါက နောက်တစ်မျိုးလည်း ပြောဆိုနိုင်သေးသည်၊ ရှေ့နှာ ၁၈၉ ၌ ကြည့်ပါ။)

"ဘုရားကျွတ်တကာမျိုး လက္ခဏာ"

၆၆ကောက်ယူထားသော တရားကိုယ်တွင်

(၁) တရားတော်ခုက၊ [illegible] တရားတော်ခုက၊ [illegible] ဝိပါက် [illegible] (မှတ်သူ [illegible])

http://www.dhammadownload.com



(၂) ပစ္စည်းဖြစ်ရာကာလနှင့် ပစ္စယုပ္ပန်ဖြစ်ရာကာလ ကွဲပြားခြင်း။
ဤလက္ခဏာ နှစ်ပါးနှင့်ပြည့်စုံက နာနာက္ခဏိကကမ္မမျိုး ဖြိုင်ရမည်။

မှတ်ချက်· (၁)နံပါတ်ပါ ကုသိုလ်အကုသိုလ်ကံ ပစ္စည်းတရားနှင့် အကျိုးဝိပါက် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့အရ အောက်၌ ပြဆိုလတ့်သော သုခ္ခ သင်္ချာဇယားကွက် လာသည့်အတိုင်း အတိအကျယူရမည်။

**နာနာက္ခဏိကကမ္မမျိုး သုခ္ခသင်္ချာဇယား**

| ပစ္စယသတ္တိ | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| နာနာက္ခဏိက ကမ္မ | ဒုဗ္ဗလကာမ ကု+အကု စေတနာ | ကာမဝိပါက် ၂၃ နာမက္ခန္ဓာ |
| | ပဥ္စဝေါကာရ ကု+အကု စေတနာ | ကဋတ္တာရုပ် |

## ကြည့်ရှုရန်

နာနာကမ္မသည် အနန္တရကမ္မ, ပကတူပကမ္မ, နာနာက္ခဏိကကမ္မ-ဟု သုံးမျိုးရှိသည်ဖြစ်၍ ယင်းနာနာကမ္မတို့၌ စာသင်သားများ ဇဝေဇဝါ ဖြစ်တတ်၏၊ ထို့ကြောင့် ယင်းနာနာကမ္မတို့ကို အသေးစိတ် ခွဲခြားပြဆိုပေအံ့။

၁။ မဂ်(၄)ခု စေတနာပစ္စည်း။ မဂ္ဂါနန္တရဖိုလ်(၄)ခု ပစ္စယုပ္ပန် ဖြစ်ခဲ့လျှင် အနန္တရမျိုး ပကတူပမျိုး နှစ်မျိုးဖြိုင်နိုင်သည်။
ပစ္စယသတ္တိ အနန္တရ သမနန္တရ ဥပနိဿယ ကမ္မ နတ္ထိ ဝိဂတဟု (၆) ပစ္စယသတ္တိ ထုတ်ရမည်။

၂။ ဒုဗ္ဗလကာမကုသိုလ်အကုသိုလ် စေတနာပစ္စည်း။ ကာမဝိပါက် ၂၃ နာမက္ခန္ဓာ ပစ္စယုပ္ပန် ဖြစ်ခဲ့လျှင် နာနာက္ခဏိကကမ္မမျိုး တစ်မျိုးသာ ဖြိုင်နိုင်သည်။

http://www.dhammadownload.com


ပစ္စယသတ္တိ- နာနာက္ခဏိကကမ္မ (၁)ပစ္စည်းသာ ထုတ်။

၃။ ပဉ္စဝေါကာရ ကုသိုလ်အကုသိုလ်စေတနာပစ္စည်း။ ကဋတ္တာရုပ် ပစ္စယုပ္ပန် တရားဖြစ်ခဲ့လျှင် နာနာက္ခဏိကကမ္မမျိုးသာဖြိုင်နိုင်သည်။
ပစ္စယသတ္တိ- နာနာက္ခဏိကကမ္မ (၁)ပစ္စည်းသာ ထုတ်။

၄။ ဗလဝဖြစ်သော လောကီကုသိုလ်အကုသိုလ် စေတနာပစ္စည်း။ လောကီ ဝိပါက်နာမက္ခန္ဓာ ပစ္စယုပ္ပန် ဖြစ်ခဲ့လျှင် ပကတူပမျိုးသာ ဖြိုင်နိုင်သည်။

မှတ်ချက်  မဟဂ္ဂုတ်ကုသိုလ်ကံသည် ဗလဝ(အားကြီးသော)ကံသာ ဖြစ်၏၊ ကာမကုသိုလ် အကုသိုလ်ကံသည် တခါတရံ ဒုဗ္ဗလကံ ဖြစ်၏၊ တခါတရံ ဗလဝကံ ဖြစ်၏၊ ယိုက်တို့တွင် ဗလဝကံ ဖြစ်ခဲ့လျှင် ပကတူပမျိုး။ ဒုဗ္ဗလကံ ဖြစ်ခဲ့လျှင် နာနာက္ခဏိကကမ္မမျိုး ဖြိုင်ရမည်။
အကယ်၍ ကာမကုသိုလ် အကုသိုလ်ကံကို ဗလဝကံ, ဒုဗ္ဗလကံ ဟု အတိအကျ မသိခဲ့လျှင် အထက်ပါအတိုင်း (၂)နည်း ခွဲဖြိုင်ရမည်။
ပဉ္စဝေါကာရ ကုသိုလ်ကံ အကုသိုလ်ကံ ပစ္စည်း။ ပဉ္စဝေါကာရ ဝိပါက်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ဖြစ်ခဲ့လျှင် နာနာက္ခဏိကကမ္မ မျိုးဖြိုင်ပြီး ကမ္မနှင့် ပကတူပ(၂)ပစ္စည်း ထုတ်ရမည်။

စောက်ပါ ပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး  နိရယ် ဥပပန္နာ-၌ ဥပပန္နာအရ ဖြစ်သင့်သော စိတ္တက္ခဏကိုကောက်၍ ယိုစိတ္တက္ခဏဖြစ်ကြောင်းဟာရးကို မေးပြပြီးလျှင် ၎င်းအကြောင်း တရား၏ ဖြစ်သင့်သော ပဋ္ဌာန်းပစ္စည်းကို ထုတ်ပြခဲ့ပါ။(၂၄-ဒုဘဲ)

ဖြေ  ဥပပန္နာအရ ဖြစ်သင့်သော စိတ္တက္ခဏ ပဋိသန္ဓေကိုစွဲကပ်သော အကု သလဝိပါက် ဥပေက္ခာသန္တီရဏ သန္တိရဏစိတ်။
ဖြစ်ကြောင်းဟာရ။ ဥဒ္ဓစ္စစေတနာ ဖြစ်ခဲ့ အကုသိုလ်စေတနာ (၁၁)ပါး၊
ပဋ္ဌာန်းပစ္စည်း နာနာက္ခဏိကကမ္မပစ္စည်း။

http://www.dhammadownload.com



မေး၊ နွားသက်သမားသည် အဘယ်ပစ္စည်းတရားစွမ်းပကားကြောင့် (က) အရှင်လက်လတ် နွားလျှာဖြတ်မှု ဒုစရိုက်အမှုကြီး လွန်ကျူးပြီးနောက် (ခ)ကံနှင့်ကွဲ့ရာ မိမိလျှာပြတ်ကျကာ နွားအော်င်းအော်နေရခြင်း နှင့် (ဂ)သေသောအခါ အဝီစိငရဲမှာဖြစ်ရခြင်း ဆိုးကျိုးများကို ခံစားနေရပါသနည်း၊ ပဋ္ဌာန်းနည်းအရ စိစစ်ပြခဲ့ပါ။ (၆၀-ခုတ္တူမေးပွဲ)

ဖြေ၊ နွားသတ်သမားသည် အကုသိုလ်စိတ္တုပ္ပါဒ်ဟူသော ပကတူပနိဿယ ပစ္စည်း၊ တရားစွမ်းပကားကြောင့် (က)ဒုစရိုက်အမှုကြီး လွန်ကျူးမှု (ဒေါသမူစေတနာ ပစ္စယုပ္ပန်တရား) ဖြစ်သည်။

ဒေါသမူစေတနာ (ဒိဋ္ဌဓမ္မဝေဒနီယကံ ) ဟူသော ပကတူပနိဿယပစ္စည်း၊ တရား စွမ်းပကားကြောင့် (ခ)နွားအော်အော်နေရခြင်း (အကုသလဝိပါက် ပစ္စယုပ္ပန်) ဖြစ်သည်။

ဒေါသမူစေတနာ (ဥပပဇ္ဇဝေဒနီယကံ) ဟူသော နာနာက္ခဏိကကမ္မပစ္စည်းတရား စွမ်းပကားကြောင့် (ဂ)အဝီစိငရဲမှာဖြစ်ရခြင်း (ငရဲပဋိသန္ဓေနာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား) ဖြစ်သည်။

မေး၊ သော် တံ ဒါန် ဒတွာ ပေ၊ တာဝတိံသာန် ဒေဝါန် သဟဗျတံ ဥပပဇ္ဇတိ- ၌ အပစာနကြိယာ, ပစာနကြိယာပုဒ်တို့အရကို ပစ္စည်းပစ္စယုပ္ပန် ကွဲပြားအောင် ကောက်ပြ၍ ဖြိုင်ပစ္စယသတ္တိတို့ကိုလည်း ထုတ်ပြပါ။ (၆၄-ခုဝည်ရှင်)

ဖြေ၊ ဒတွာ ဟူသော အပစာနကြိယာ အရ- မဟာကုသိုလ်ရှိ ဒါနစေတနာ သည် နာနာက္ခဏိကကမ္မ ပစ္စည်း။

ဥပပဇ္ဇတိဟူသော ပစာနကြိယာအရ- နတ်ပဋိသန္ဓေ နာမက္ခန္ဓာ ကဋတ္တာရုပ်သည် နာနာက္ခဏိကကမ္မ ပစ္စယုပ္ပန်။

ဖြိုင်ပစ္စယသတ္တိ- နာနာက္ခဏိကကမ္မ ပကတူပနိဿယ။

http://www.dhammadownload.com



## ပစ္ဆာဇာတ ရုပ်အာဟာရ ရုပဇီဝိတိန္ဒြိယမျိုး

## သုဒ္ဓသချာဇယားကွက်

| ဘုံ | ပစ္စယအတွဲ | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|---|
| ပစ္ဆာဇာတ | ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ | ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိ ၄-ကြည်ပဋိသန္ဓေမှအပ အစရှိသော နောက်ဖြစ် သော နာမက္ခန္ဓာ ၄-ပါး | ပဋိသန္ဓေအစရှိသောရှေးရှေး သော စိတ်နှင့်အတူဥပါဒ်၍ ရပ်ဆဲဌီသို့ရောက်သော ဧကဇ-ဒွိဇ-တိဇ-စတုဇကာယ |
| ရုပ်အာဟာရ | ရုပ် အာဟာရ အတ္ထိအဝိ | စတုသမုဋ္ဌာနိက ဩဇာ | (ကလာပ်တူဩဇာကြဉ်) ကလာပ်တူကလာပ်ခြားဖြစ် သော စတုသမုဋ္ဌာနိကရုပ် |
| ရုပဇီဝိတိန္ဒြိယ | ရုပဇီဝိတ် ဣန္ဒြိယအတ္ထိ အဝိဂတ | ရုပ်ဇီဝိတိန္ဒြေ | (ရုပ်ဇီဝိတိန္ဒြေကြဉ်) ကလာပ်တူ ကမ္မဇရုပ် ၉-၃ |

### ''ပစ္ဆာဇာတပစ္စည်းပစ္စယုပ္ပန်အဖွဲ့''

(၁) ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်ဖြစ်သော ကုသိုလ်နာမက္ခန္ဓာ သည် ပစ္ဆာဇာတပစ္စည်း။

ပုဗ္ဗေ ပဋိသန္ဓိနော ပုဗ္ဗေ ပဋိသန္ဓိ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရပ်ဆဲဌီသို့ရောက်သော တိဇကာယ(စတုဝေါကာရ) စတုဇကာယ(ကာမ) သည် ပစ္ဆာဇာတပစ္စယုပ္ပန်၊

(၂) ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်ဖြစ်သော အကုသိုလ်နာမက္ခန္ဓာ သည် ပစ္ဆာဇာတပစ္စည်း။

ပုဗ္ဗေ ပဋိသန္ဓိနော ပုဗ္ဗေ ပဋိသန္ဓိ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရပ်ဆဲဌီသို့ရောက်သော တိဇကာယ (စတုဝေါကာရ) စတုဇကာယ(ကာမ) သည် ပစ္ဆာဇာတပစ္စယုပ္ပန်၊

http://www.dhammadownload.com



(၃) ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်(၄)ခုကြဉ်သော ပဍ္စမဘဝင် အစရှိသော နောက်ဖြစ်သော ဝိပါက်ကြိယာနာမက္ခန္ဓာသည် ပစ္ဆာဇာတ ပစ္စည်း။

ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ဧကဇ ဒွိဇ တိဇ စတုဇကာယသည် ပစ္ဆာဇာတပစ္စယုပ္ပန်။

မှတ်ချက် ပဋိသန္ဓေနောင် အဝနိကန္တိဇောဇ၏ အနန္တရဖြစ်သော မနောဒွါရာ ဝဇ္ဇန်း (သို့မဟုတ်) သောဠသမဘဝင်တိုင်အောင်သော ပစ္ဆာဇာတ ပစ္စည်းတို့အတွက်သာ ဧကဇ၊ဒွိဇ၊တိဇ၊စတုဇကာယ (၄)မျိုးလုံး ရနိုင်၏။

ဘဝနိကန္တိက ပဉ္စမဇော (သို့မဟုတ်) မနောဒွါရာဝဇ္ဇန်း အစရှိ သော နောက်ဖြစ်သော ပစ္ဆာဇာတပစ္စည်းတို့အတွက်မူကား ရူပဘုံ၌ ဖြစ်နိုက် တိဇကာယ၊ ကာမဘုံ၌ ဖြစ်နိုက် စတုဇကာယ၊ ဤ(၂)မျိုး သာ ရနိုင်၏။

အောက်ပါ ပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး ၈၀ မေ သုတ်၌ သုတ်ဝယ် အနက်အဓိပ်ပ်ဖြစ်သင့်သော ဇောစိတ်ကို ထုတ်ပြ၍ ယင်း၏ ပစ္ဆာဇာတပစ္စယုပ္ပန်တရားကို ထုတ်ပြပြီး ပြိုင်နိုင် သော ပစ္စယသတ္တိတို့ကိုလည်း ထုတ်ပြပါ။ (၆၄-ခု၊စည်ရှင်)

ဖြေ ဖြစ်သင့်သော ဇောစိတ်-မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောစိတ် ဖြစ်သည်။

ပစ္ဆာဇာတပစ္စယုပ္ပန်တရား- ဝုဋ္ဌော အစရှိသောရှေးရှေးသော စိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော စတုဇကာယ ပစ္စယုပ္ပန် တရား ဖြစ်သည်။

ပြိုင်နိုင်သော ပစ္စယသတ္တိ- ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ (၄)ပစ္စယသတ္တိ ဖြစ်သည်။

http://www.dhammadownload.com



## သတိပြုရန်

အထက်ပါစောဓိက်သည် သောကဥ္စါရိုကစိတ်ဖြစ်၍ ဝုဋ္ဌောမှုဝ၍ သုံးသပ်ရသည်ကိုလည်းကောင်း။ ကာမဘုံ၌ဖြစ်ခိုက်ဖြစ်၍ စတုဇောကာယကိုသာ ရနိုင်သည်ကိုလည်းကောင်း၊ အထူးသတိပြုပါ။

### ''ရုပ်အာဟာရ ပစ္စည်း၊ ပစ္စယုပ္ပန်အခွဲ''

သတ္တဝါတစ်ယောက်၏ သန္တာန်၌ ကံ,စိတ်,ဥတု,အာဟာရ ဟူသော အကြောင်း၊(၄)ပါးကြောင့် ရုပ်ကလာပ်စဉ်များ အသီးအသီး ဖြစ်ကြ၏၊ ထိုရုပ်ကလာပ်စဉ်၌ ဩဇာဟူသော အာဟာရရုပ် ပါဝင်၏၊ ထိုဩဇာသည် ရုပ်အာဟာရပစ္စည်း။ ကလာပ်တူ ဩဇာကြဉ် ကျန်ရုပ်များသည် ရုပ်အာဟာရ ပစ္စယုပ္ပန်။

ဥပမာ- ပုဏ္ဏာဝဒ္ဒသကကလာပ်၌ ဩဇာသည် ပစ္စည်း၊ ဩဇာကြဉ် ကလာပ်တူ ရုပ်(၉)ခုသည်လည်းကောင်း၊ အခြားသော ရုပ်ကလာပ်တို့သည် လည်းကောင်း ရုပ်အာဟာရပစ္စယုပ္ပန်။

(ထမင်းဘောဇဉ်အစရှိသော အပြင်၊၊ ဝတ္ထုဩဇာရှိသော ဥတုဇဩဇာသည် ပစ္စည်း၊ အာဟာရသမုဋ္ဌာနိကရုပ်သည် ပစ္စယုပ္ပန်ဟုလည်း တနည်းခွဲ။)

#### အောက်ပါ ပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး ဘဂဝါ ဘိက္ခု တော်ဒဝေါဝ-၌ တော်အရ တရားပါဝင်သော ရုပ်ကလာပ်တို့ကို ထုတ်ပြ၍ ယင်းတို့တွင် နောက်ဆုံးကလာပ်ရှိ ရုပ်တို့ကို ရုပ်အာဟာရပစ္စည်းပစ္စယုပ္ပန် ခွဲပြီး ပြိုင်ပစ္စယသတ္တိတို့ကို ထုတ်ပြပါ။ (၆၄-ခုစည်ရှင်)

ဖြေ ရုပ်ကလာပ် (၁)ဝစီဝိညတ္တိဒသကကလာပ်၊ (၂)ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသကကလာပ် ဖြစ်သည်။

ပစ္စည်း၊ပစ္စယုပ္ပန်အခွဲ- ဩဇာသည် ရုပ်အာဟာရပစ္စည်း။ ဩဇာကြဉ် အဝိနိဗ္ဘောဂရုပ် (၇)ခု၊ ဝစီဝိညတ်(၁) သဒ္ဒရုပ်(၁) လဟုတာဒိ(၃) တို့သည် ရုပ်အာဟာရပစ္စယုပ္ပန်၊

ပြိုင်ပစ္စယသတ္တိ- ရုပ်အာဟာရ အတ္ထိ အဝိဂတ။

http://www.dhammadownload.com



''ရူပဝိဝိတ်ဖြိုယ ဝစ္စည်းဝစ္စယုပ္ပန်အခွဲ''

သတ္တဝါတို့၏သန္တာန်ဝယ် စိတ်တို့၏ ခဏတိုင်းခဏတိုင်း၌ ကမ္မဇရုပ်ကလာပ်များ အမြဲမပြတ် ဖြစ်ကြ၏၊ ယင်းကမ္မဇရုပ်ကလာပ်တွင် ဇီဝိတရုပ်ပါဝင်၏၊ ထိုဇီဝိတရုပ်သည် ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဇီဝိတကြဉ် ကလာပ်တူ ကမ္မဇရုပ် (၉)ခုသည် ရူပဇီဝိတိန္ဒြိယပစ္စယုပ္ပန်၊

အောက်ပါ ပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ၊

မေး တစ်ဖြေရှင်တို့၏ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်တို့ကို ထုတ်ပြ၍ ယင်းတို့တွင် နောက်ဆုံးရုပ်ကလာပ်၌ ပါဝင်သောရုပ်တရားတို့ကို ရူပဇီဝိတိန္ဒြိယ ပစ္စည်းပစ္စယုပ္ပန်ခွဲပြီး ပြိုင်ပစ္စယသတ္တိတို့ကို ထုတ်ပြပါ။

ဖြေ ရုပ်ကလာပ်များ- (၁)ကာယဒသကကလာပ် (၂)ပုမ္ဘာဝဒသကကလာပ် (၃)ဝတ္ထုဒသကကလာပ်တို့ ဖြစ်သည်၊

ပစ္စည်းပစ္စယုပ္ပန်အခွဲ- ဇီဝိတရုပ်သည် ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဟဒယဝတ္ထု အဝိနိဗ္ဘောဂရုပ်(၈)ခုတို့သည် ရူပဇီဝိတိန္ဒြိယပစ္စယုပ္ပန်၊

ပြိုင်ပစ္စယသတ္တိ- ရူပဇီဝိတိန္ဒြိယ အတ္ထိ အဝိဂတ (၃)ပစ္စယသတ္တိတို့ဖြစ်သည်၊

မြှည်းပြိုင် ပြီး၏။

### ပညတ်အခွဲ

| စဉ် | သဒ္ဒပညတ်(၆)ပါး | အဓိပ္ပါယ် | ဥဒါဟရဏ် |
|---|---|---|---|
| ၁။ | ဝိဇ္ဇမာန | ပရမတ်အားဖြင့် ထင်ရှားရှိခြင်း | ရူပ ဝေဒနာ-စသည် |
| ၂။ | အဝိဇ္ဇမာန | ပရမတ်အားဖြင့် ထင်ရှားမရှိခြင်း | ဘူမိ ပဗ္ဗတ-စသည် |
| ၃။ | ဝိဇ္ဇမာနေန အဝိဇ္ဇမာန | ပရမတ်အားဖြင့် ထင်ရှားရှိ၍ ပရမတ်အားဖြင့်ထင်ရှားမရှိခြင်း | ဆဠဘိညော-စသည် |
| ၄။ | အဝိဇ္ဇမာနေန ဝိဇ္ဇမာန | ပရမတ်အားဖြင့် ထင်ရှားမရှိ၍ ပရမတ်အားဖြင့် ထင်ရှားရှိခြင်း | ဣတ္ထိသဒ္ဒေါ-စသည် |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၅။ | ဝိဇ္ဇမာနေန ဝိဇ္ဇမာန | ပရမတ်အားဖြင့် ထင်ရှားရှိ၍ ပရမတ်အားဖြင့် ထင်ရှားရှိခြင်း၊ | စက္ခုဝိညာဏ်-စသည် |
| ၆။ | အဝိဇ္ဇမာနေန အဝိဇ္ဇမာန | ပရမတ်အားဖြင့် ထင်ရှားမရှိ၍ ပရမတ်အားဖြင့်ထင်ရှားမရှိခြင်း၊ | ရာဇပုတ္တော-စသည် |

တထက်ပါ ဇယားကွက်ကို ကြည့်၍ အောက်ပါ
သကျသီဟမေးခွန်းဟောင်း၏ အဖြေကိုလည်း ကြည့်ပါ။

မေး ဩဘာဠရှိ မှုရာ-၌ သဒ္ဒပညတ်(၆)မျိုးတွင် ဖြစ်သင့်သောပညတ်အမည်ကို ထုတ်ပြခဲ့ပါ။(၅၂-ခု၊တ-ဆင့်၊ဝိနည်း၊)

ဖြေ အောက်သို့ ချထားအပ်သော ခေါင်းခုသည် ပရမတ်အားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာန၊ ယင်းခေါင်းခုရှိသော မိန်းမသည်လည်း ပရမတ်အားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာန၊ ထို့ကြောင့် ဩဘာဠရှိ မှုရာ-၌ အဝိဇ္ဇမာနေန-အဝိဇ္ဇမာနပညတ် ဖြစ်သင့်ပါသည်။ (နယဂ္ဂါဟပြုလေ၊)

| အစွဲပညတ်(၆)ပါး | အဓိပ္ပာယ် |
|---|---|
| ၁။ သဏ္ဌာန | မြေ,တောင်,သစ်ပင်,မြစ်,သမုဒ္ဒရာ,လ,နေဖြစ်စသော သဘာဝအပေါင်းအစည်း ဖြစ်နက်အားလုံး |
| ၂။ သမူဟ | အိမ်,ရထား,လှည်း,ရွာ,အိုး,ပုဆိုး,မကိုဋ်ဖြစ် စသော လူကိုပြုပြင်ပေါင်းစည်းအပ်သော သက်မဲ့အပေါင်း အစည်းဖြစ်နက်အားလုံး |
| ၃။ ဇာတိ | ယောက်ျား,ပုဂ္ဂိုလ်,မိန်းမ,သတ္တဝါ,ခွေး,နွား,ငှက်ဖြစ် စသော သတ္တဝါအပေါင်းအစည်းဖြစ်သော သက်ရှိအပေါင်းအစည်းဖြစ် |

http://www.dhammadownload.com



| | |
|---|---|
| ၄။ ဒိသာကာလာဒိ စသောပညတ် | အရှေ့အရပ်စသော ဒိသာပညတ်၊ နံနက်စသော ကာလပညတ်၊ ကဆုန်လစသော မာသပညတ်၊ ဆောင်းဥတုစသော ဥတုပညတ်၊ နှစ်စသော သံဝစ္ဆရပညတ်။ |
| ၅။ အာကာသ | ရုပ်ကလာပ်တို့၏ မတွေ့ထိအပ်သော အခေါင်းစသော အခြင်းအရာကို စွဲ၍ ပညတ်ခေါ်ဝေါ်အပ်သော တွင်း၊ လိုဏ်၊ အပေါက်အခေါင်း အစရှိသော အနက်ဖြစ် |
| ၆။ နိမိတ် | ကသိုဏ်းနိမိတ်၊ အသုဘနိမိတ်၊ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်စသော အနက်ဖြစ် |

အထက်ပါ ဇယားကွက်များကို နားလည်အောင်လေ့လာပြီး
နောက်ပါပုစ္ဆာ၏ အဖြေကိုလည်း ကြည့်ပါ။

မေး ပုရိသော ဂါမံ ဂစ္ဆတိ-၌ ကတ္တားပုဒ်ဝယ် ဖြစ်သင့်သော သဒ္ဒပညတ် အတ္ထပညတ်အမည်များကို အကြောင်းအသီးအသီးပြ ဖြေဆိုပါ။

ဖြေ ပုရိသောဟူသော ကတ္တားပုဒ်၌ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ကြောင့် အဝိဇ္ဇမာနပညတ်၊

ခန္ဓာ(၅)ပါးအပေါင်းကို စွဲ၍ ပညတ်ခေါ်ဝေါ်အပ်သောကြောင့် ဇာတိဟူသော အတ္ထပညတ်များ ဖြစ်သင့်ပါသည်။

(နည်းရအောင် ယူကြပါကုန်။)

။ပဋ္ဌာန်းပိုင်း ပြီး၏။

http://www.dhammadownload.com



# ''ကမ္မဋ္ဌာန်းပိုင်း''

### ကမ္မဋ္ဌာန်း၄၀–အကျဉ်း

| | |
|---|---|
| ၁။ ကသိုဏ်း(၁၀)ပါး | ၂။ အသုဘ(၁၀)ပါး |
| ၃။ အနုဿတိ(၁၀)ပါး | ၄။ အပ္ပမညာ(၄)ပါး |
| ၅။ သညာ(၁)ပါး | ၆။ ဝဝတ္ထာန်(၁)ပါး |
| ၇။ အာရုပ္ပ(၄)ပါး | ပေါင်း(၄၀) ဖြစ်သည်။ |

### ''ဘုံ၃ပ် ကမ္မဋ္ဌာန်း''

နတ်ပြည်(၆)ထပ်၌ ကသိုဏ်း(၁၀)ပါး၊ ကာယဂတာသတိကြဉ် အနုဿတိ(၉)ပါး၊ အပ္ပမညာ(၄)ပါး၊ ဝဝတ္ထာန်(၁)ပါး၊ အာရုပ္ပ(၄)ပါး ပေါင်း(၂၈) ပါးသော ကမ္မဋ္ဌာန်းတို့ ရနိုင်သည်။

နတ်မှကြွင်းသော ကာမဘုံတို့၌ ကမ္မဋ္ဌာန်း(၄၀)လုံး ရနိုင်သည်။

ရူပဘုံ၌ ကသိုဏ်း(၁၀)ပါး၊ ကာယဂတာသတိ အာနာပါနဿတိကြဉ် အနုဿတိ(၈)ပါး၊ အပ္ပမညာ(၄)ပါး၊ ဝဝတ္ထာန်(၁)ပါး၊ အာရုပ္ပ(၄)ပါး ပေါင်း (၂၇)ပါးသော ကမ္မဋ္ဌာန်းတို့ ရနိုင်သည်။

အရူပဘုံ၌ အာရုပ္ပကမ္မဋ္ဌာန်း(၄)ပါး ထိုက်သည်အားလျော်စွာ ရနိုင်သည်။ (အထက်အထက် အရူပဘုံ၌ အောက်အောက်အာရုပ္ပကမ္မဋ္ဌာန်းများ မရပါ။)

ဆောင်။ အသုဘနှင့်၊ ကာယဂတာ၊ သညာ ဒွါဒသ်၊ နတ်၌မရ၊ ဗြဟ္မာ့ပြည်မှာ၊ အာနာပါန၊ လည်းမရပါသည်။၊ အရူပဝယ်၊ လေးသွယ်သာရ၊ နတ်မှ ကြွင်းဟုံ၊ ကာမဘုံဝယ်၊ အကုန်လေးဆယ် ရသတည်း။

* နောက်ပါ တမေးတဖြေကိုလည်း ကြည့်ပါ။

မေး ဥပမာရှိ အမ္ဗဋ္ဌဝိပ္ပမေ့ [illegible] ဟိနဖြ[illegible] (၁၁) ပဋိသင်္ခ (၁)ကမ္မဋ္ဌာန်းများကို ပြည့်စုံအောင် ဖော်ပြပါ။

http://www.dhammadownload.com



၈၅။ (က)ဗြဟ္မပါရိသဇ္ဇာဘုံရှိ ပဉ္စမဈာန်ဝိပါက် ပဋိသန္ဓေ၊ (ခ)ကသိုဏ်း-၁၀၊ ကာယဂတာသတိ အာနာပါနဿတိကြဉ် အနုဿတိ-၈၊ အပ္ပမညာ-၄၊ [illegible] ၄၊ ပေါင်း၊ ၂၇ ပါးသော ကမ္မဋ္ဌာန်းတို့ ဖြစ်သည်။

''ကမ္မဋ္ဌာန်း(၄၀) ဝရတော်ဝည်တ်အဖွဲ့''

ကသိုဏ်း(၁၀) အသုဘ(၁၀) ကာယဂတာသတိ၏ အာရုံဖြစ်သော ကောဋ္ဌာသပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော အာနာပါနပညတ်၊ ဗြဟ္မဝိဟာရ(၄)ပါး၏ အာရုံဖြစ်သော သတ္တဝါပညတ်(၄)မျိုး၊ အာရုပ္ပ(၄)ပါးတွင် ပဉ္စမာရုပ္ပဝိညာဉ်၏ အာရုံဖြစ်သော အာကာသပညတ်၊ တတိယာရုပ္ပဝိညာဉ်၏ အာရုံဖြစ်သော နတ္ထိဘောပညတ် ပေါင်း၊(၂၈)ပါးသော ကမ္မဋ္ဌာန်းတို့သည် ပညတ်ကမ္မဋ္ဌာန်းများ ဖြစ်သည်။

ကြွင်းကျန်သော ကမ္မဋ္ဌာန်း (၁၂)တို့သည် ပရမတ်ကမ္မဋ္ဌာန်းများ ဖြစ်သည်။

ဆောင်။ ကသိုဏ်းဆယ်ဝ၊ အသုဘနှင့်၊ ကောဋ္ဌာသ ပါ၊ အာနာပါန၊ ဗြဟ္မဝိဟာ၊ ထိုလေးဖြာ၏၊ သတ္တဝါပညတ်၊ လေးရပ်ဟုမြဲ၊ အာရုပ္ပဝယ်၊ နှစ်သွယ် ပ-တ၊ ဋ္ဌဝီသ တို့၊ မှချပညတ်၊ အာရုံမှတ်လော့၊ ကြွင်းလတ်ဆယ့်နှစ်၊ ပရမတ်စစ်သည်၊ ခွဲလစ်လေးဆယ် ကမ္မဋ္ဌာန်းတည်း။

''စရိုက်နှင့် ကမ္မဋ္ဌာန်း''

| စရိုက်(၆) | သင့်လျော်သောကမ္မဋ္ဌာန်းနှင့် အကြောင်း |
|---|---|
| ရာဂ | အသုဘ-၁၀၊ ကာယဂတာသတိ-၁၊ (ကမ္မဋ္ဌာန်းပိုဒ်၊၁၃၊) (ရာဂ၏ပြောင်ပြောင်ဆန့်ကျင်ဘက်ဖြစ်သောကြောင့်တည်း) |
| ဒေါသ | အပ္ပမညာ-၄၊ နီလ ပီတ လောဟိတ ဩဒါတ(ပိုဒ်၊၁၄၊) (ဒေါသကိုပယ်ခွာခြင်း၏ အကြောင်းဖြစ်သောကြောင့်ရင်း၊ မထိပါးမညှဉ်းဆဲခြင်းလျှင် အာရုံရှိသောကြောင့်ရင်းတည်း) |
| မောဟ | အာနာပါန (ပိုဒ်၊၁၅) (ပညာ၏အာရုံအဖြစ်ဖြင့် မောဟ၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်တည်း ) |

http://www.dhammadownload.com



| | |
|---|---|
| သဒ္ဓါ | ဝုဒ္ဓ ဓမ္မ သံဃ သီလ စာဂ ဒေဝတာနုဿတိ-၆ (ပိုဒ်၊၁၆) (သဒ္ဓါတိုးပွားခြင်း၏ အကြောင်းဖြစ်သောကြောင့်တည်း) |
| ဗုဒ္ဓိ | မရဏ ဥပသမာနုဿတိ- ၂ပဋိကူလသညာ၊ဝဝတ္ထာန်(ပိုဒ်၊၁၇) (နက်နဲသည်ဖြစ်၍ပညာ၏သာလျှင်အာရုံဖြစ်သောကြောင့် တည်း) |
| ဝိတက္က | အာနာပါန (ပိုဒ်၊၁၅) (ဝိတက်၏ အာရုံတစ်ပါးပြေး သွားခြင်းကို တားမြစ်တတ်သည်၏အဖြစ်ကြောင့်တည်း) |

မှတ်ချက်။ ကြွင်းကျန်သော ပထဝီ အာပေါ တေဇော ဝါယော အာကာသ အာလောကအားဖြင့် ကသိုဏ်း(၆)ပါး၊အာရုပ္ပ(၄)ပါးဟု ဆိုအပ်သော ဤ(၁၀)ပါးသော ကမ္မဋ္ဌာန်းတို့သည် စရိုက်(၆)ပါးရှိသူတိုင်း လျော်ပတ်ကုန်၏။

ထိုကြောင့် ရာဂစရိုက်ရှိသူအား ဖေယျားကွက်ပါ ကမ္မဋ္ဌာန်း (၁၁)ပါးအပြင် ဤကမ္မဋ္ဌာန်း(၁၀)ပါးကိုပါထည့်၍ (၂၁)ပါးသော ကမ္မဋ္ဌာန်းတို့ လျော်ပတ်ကုန်၏-ဟု မှတ်ပါ။ (ကျန်စရိုက်ရှိသူတို့အားလည်း နည်းမှီသိပါ။) | ကမ္မဋ္ဌာန်း၊ပိုဒ်၊၁၈|

**စောက်ပါ မင်္ဂလာဖျူဟာမေးခွန်းဟောင်း၏**
**အဖြေကိုလည်း ကြည့်ပါ။**

မေး။ ဘိက္ခု စ နံ ဣတ္ထိယာ ကာယေန ကာယံ အာမသတိ ပရာမသတိ ၊ပ၊ ဂဏှာတိ ဆုပတိ-အရ ကာယသံသဂ္ဂပြုသော ရဟန်းတော်၏ သန္တာန်၌ ဖြစ်သော စိတ္တုပ္ပါဒ်ကို ပေါ်လွင်အောင် ဖော်ပြ၍ ယင်းရဟန်းတော် အတွက် သင့်လျော်ရာဘာဝနာများကိုလည်း ညွှန်ပြပါ။(၅၂-ခုဝိနည်း)

ဖြေ။ လောဘမူစိတ်(၈) လောဘ ဒိဋ္ဌိ မာန ဖောဝတုက်(၄) ထိန မိဒ္ဓ အညသမာန်း စေ(၁၃) ပေါင်း(၂၂)ဖြစ်သည်။

သင့်လျော်ရာဘာဝနာများ- အသုဘဘာဝနာ(၁၀) ကာယဂတာ-သတိဘာဝနာ(၁)တို့ ဖြစ်သည်။

29

http://www.dhammadownload.com

(ဘူတကသိုဏ်း(၄) အာကာသ အာလောက(၂)' အာရုပ္ပ(၄) တို့ကိုလည်း ထည့်ပြောဆိုနိုင်သည်။)

မှတ်ချက် ။ ပုစ္ဆာ၌ သင့်လျော်ရာ ဘာဝနာများဟု မေးထားသော်လည်း ရာဂစရိုက်ရှိသူအား သင့်လျော်သော ကမ္မဋ္ဌာန်းများကို မေးလိုရင်းသာဖြစ်သည်၊ သို့ဖြစ်၍ အထက်ပါအဖြေ၌ ရာဂစရိုက်ရှိသူအား၊ လျော်ကပ်သောကမ္မဋ္ဌာန်းများကို ပြောဆိုလိုက်သည်။ ၊

''ဘာဝနာနှင့် ကမ္မဋ္ဌာန်း''

ကမ္မဋ္ဌာန်း(၄၀)တို့၌ ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ နှစ်မျိုးလုံး ရနိုင်သည်၊ ဗုဒ္ဓါနုဿတိစသော အနုဿတိ(၈)ပါး သညာ ဝဝတ္ထာန် ပေါင်း (၁၀)ကြွင်း ကျန်သော ကမ္မဋ္ဌာန်း(၃၀)တို့၌ အပ္ပနာဘာဝနာ ရနိုင်သည်။

''အပ္ပနာဈာန်နှင့် ကမ္မဋ္ဌာန်း''

| ပွားများရမည့် ကမ္မဋ္ဌာန်း နှင့် အရေ | ကမ္မဋ္ဌာန်း ပိုဒ် | ရနိုင်သောဈာန် |
|---|---|---|
| ကသိုဏ်း-၁၀ အာနာပါနဿတိ-၁ အသုဘ-၁၀ ကာယဂတာသတိ-၁ မေတ္တာစသော ကမ္မဋ္ဌာန်း-၃ | ၂၁-၂၃ | ပဌမဈာန် |
| ကသိုဏ်း-၁၀ အာနာပါနဿတိ-၁ မေတ္တာစသောကမ္မဋ္ဌာန်း-၃ | ၂၁၊၂၃ | ဒု,တ,စဈာန် |
| ကသိုဏ်း-၁၀ အာနာပါန-၁ ဥပေက္ခာ-၁ | ၂၁၊၂၄ | ရူပ ပဥ္စမဈာန် |
| အာရုပ္ပကမ္မဋ္ဌာန်း-၄ (ယထာရဟ) | ၂၅ | အရူပဈာန်-၄ |

မှတ်ချက် ။ ပုစ္ဆာ၌ ပဌမဈာန်ကို ရစေနိုင်သောကမ္မဋ္ဌာန်းဟုမေးပါက ကသိုဏ်းကမ္မဋ္ဌာန်း(၁၀) အာနာပါနဿတိကမ္မဋ္ဌာန်း(၁) စသည်ဖြင့် ကမ္မဋ္ဌာန်းနာမည်ကပ်၍ ပြောဆိုရမည်။

http://www.dhammadownload.com



ပဥ္စမဈာန်၏အာရုံဟု မေးပါက ကသိုဏ်းပညတ်(၁၀) အာနာပါနပညတ်(၁) ကာယဂတာသတိ၏ အာရုံဖြစ်သော ကောဋ္ဌာသပညတ်(၁) အသုဘပညတ် (၁၀) မေတ္တာကရုဏာမုဒိတာတို့၏ အာရုံဖြစ်သောသတ္တဝါပညတ် (၃)ဟု ပညတ်နာမည်တပ်၍ ဖြေဆိုရမည်၊

ထို့ပြင် အပ္ပနာဈာန်နှင့် ကမ္မဋ္ဌာန်းပြ ဇယားကွက်ကို ကြည့်၍ ပဉ္စမဈာန်ကို ရစေနိုင်သော ကေန်အနေကန် ကမ္မဋ္ဌာန်းများကိုလည်းကောင်း။ ပဥ္စမဈာန်အာရုံပြုနိုင်သော ကေန်+အနေကန် ပညတ်အာရုံကိုလည်းကောင်း ခွဲခြားစိတ်ဖြာ၍ ယူကြပါကုန်၊

**တထက်ပါဇယားကွက်များကို နားလည်အောင်ကြည့်ပြီး**
**အောက်ပါသကျသိဟမေးခွန်းဟောင်း၏ အဖြေကိုလည်း ကြည့်ပါ၊**

မေး၊ ဘာဝနာဃ ရတော မနော-၌ မနောအရ ပေါ်ပြုပြီးလျှင် ယင်းဘာဝနာကို ပွားများခြင်းကြောင့် ရနိုင်သော ဈာန်ကိုလည်းကောင်း။ ယင်းဘာဝနာကို ပွားများထိုက်သူ၏ ဝရိုက်ကိုလည်းကောင်း အကြောင်းပြ ဖြေဆိုပါ။ (၅၅-ခုတ-ဆင့်၊ မေ့ပ၁)

ဖြေ မနောအရ- မေတ္တာဘာဝနာပွားများသူ၏ မေတ္တာပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်(၄)ပါး ဖြစ်ပါသည်၊

မေတ္တာဘာဝနာကို ပွားများခြင်းကြောင့် ရနိုင်သောဈာန်- ရူပပဉ္စမ ဒုတိယ တတိယ စတုတ္ထဈာန်တို့ ဖြစ်ပါသည်၊

မေတ္တာဘာဝနာကို ပွားများထိုက်သူ၏ ဝရိုက်- ဒေါသစရိုက်၊ အကြောင်းပြ-ဒေါသကိုပယ်ခွာခြင်း၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ မထိပါး မညှဉ်းဆဲခြင်းလျှင် အာရုံရှိသောကြောင့်လည်းကောင်းတည်း။

## ''နိမိတ်နှင့် ကမ္မဋ္ဌာန်း''

နိမိတ်သုံးပါးတို့တွင် ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်တို့ကို ကမ္မဋ္ဌာန်း(၄၀) တို့၌ ထိုက်သည်အားလျော်စွာ ပရိယာယ် ဥပစာအားဖြင့် ရနိုင်ကုန်၏၊

http://www.dhammadownload.com



စီးပြန်းစကပင် စိတ်ဖြင့်အာရုံပြု၍ စီးပြန်းရသော ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်းတို့၌ နိမိတ်(၂)ပါးကို မှချအားဖြင့် မရနိုင်၊ ဗုဒ္ဓဂုဏ်တော်စသည်များ၊ စိတ်၌ပေါ်ထင်ရှားခြင်း ပရိကမ္မနိမိတ်, အတော်ထင်ရှားသောအခါ ဥဂ္ဂဟနိမိတ်ဟု ပရိယာယ်ဥပစာအားဖြင့်သာ ရနိုင်သည်၊

ပရိယာယ်အားဖြင့် ရကောင်းသည်ဟု ဆိုသော်လည်း ပဋိဘာဂနိမိတ် မရကောင်းသော (၁၈)ပါးသော ကမ္မဋ္ဌာန်းတို့၌သာ ပရိယာယ်အားဖြင့် ရနိုင်၏၊ ပဋိဘာဂနိမိတ်ရကောင်းသော (၂၂)ပါးသော ကမ္မဋ္ဌာန်းတို့၌ကား၊ မှချသာ·ဟု ဤသို့ ထိုက်သည်အားလျော်စွာ ခွဲခြားရမည်၊

ပဋိဘာဂနိမိတ်ကိုကား၊ ကသိုဏ်း(၁၀) အသုဘ(၁၀) ကောဋ္ဌာသပညတ် အာနာပါနပညတ်အားဖြင့် (၂၂)ပါးသော ကမ္မဋ္ဌာန်းတို့၌သာလျှင် ရနိုင်ကုန်၏၊

### နိမိတ်နှင့် ဘာဝနာတို့ ရနိုင်သော ကမ္မဋ္ဌာန်းများကို နားလည်သဘောပေါက်စေရန် ကြည့်၍ အောက်ပါ ဇယားကိုလည်း ကြည့်ပါ၊

(၁) နိမိတ်သုံးပါး ဘာဝနာသုံးပါး ရသောကမ္မဋ္ဌာန်း- ကသိုဏ်း(၁၀)ပါး၊ အသုဘ(၁၀)ပါး ကာယဂတာသတိ အာနာပါနဿတိအားဖြင့်(၂၂)ပါး၊

(၂) နိမိတ်နှစ်ပါး ဘာဝနာသုံးပါး ရသောကမ္မဋ္ဌာန်း- အပ္ပမညာ(၄) အာရုပ္ပ(၄) အားဖြင့် ကမ္မဋ္ဌာန်း(၈)ပါး၊

(၃) နိမိတ်နှစ်ပါး ဘာဝနာနှစ်ပါး ရသောကမ္မဋ္ဌာန်း- ဗုဒ္ဓါနုဿတိ စသော အနုဿတိ(၈) သညာ(၁) ဝဝတ္ထာန်(၁) အားဖြင့် ကမ္မဋ္ဌာန်း(၁၀)ပါး၊

"နိမိတ်နှင့် ဘာဝနာတွဲပုံ"

အထက်ပါ (၃)နံပါတ်ပြ ကမ္မဋ္ဌာန်းတို့၌

ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်နှင့် ပရိကမ္မ ဘာဝနာ၊

ပဋိဘာဂနိမိတ်နှင့် ဥပစာရဘာဝနာ အပ္ပနာဘာဝနာ၊

(ကမ္မဋ္ဌာန်း။ပို့ ၂၈မှ ၃၄ထိ)

http://www.dhammadownload.com

မှတ်ချက်   အထက်ပါ နိမိတ်နှင့် ဘာဝနာအတွဲသည် ပဌမဈာန် အာဒိကမ္မိက ပုဂ္ဂိုလ်အတွက်သာ ဖြစ်၏။

ဒုတိယဈာန်စသည်ရရန် အားထုတ်သောပုဂ္ဂိုလ်များအတွက်မူကား၊ ပဋိဘာဂနိမိတ်နှင့် ပရိကမ္မ ဘာဝနာ ဥပစာရဘာဝနာ အပ္ပနာဘာဝနာဟု တွဲရမည်။

''အထူးထပ်မံရှင်းချက်''

အထက်(၁)နပါတ်ပါ ကမ္မဋ္ဌာန်း(၂၂)ပါးတို့တွင် တစ်ပါးပါးကို အားထုတ်ခြင်းကြောင့် ပဌမဈာန်ဖြစ်ပေါ်လာရာဝယ် ပဌမဈာန်ဝီထိသို့ မရောက်သေးခင် စီးဖြန်းမှုဘာဝနာသည် ပရိကမ္မဘာဝနာ၊ နိမိတ်ကား၊ ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်။

ပဌမဈာန် အာဒိကမ္မိကဝီထိ၌ ပရိကမ် ဥပစာ အနုလုံ ဂေါတြဘုဟူသော ဥပစာရသမာဓိဇောတို့သည် ဥပစာရဘာဝနာ၊ ပဌမဈာန်သည် အပ္ပနာဘာဝနာ၊ နိမိတ်ကား၊ ပဋိဘာဂနိမိတ်။

ပဌမဈာန်ရပြီးဖြစ်၍ ဒုတိယဈာန်တက်မည့်ပုဂ္ဂိုလ်အတွက် ပဋိဘာဂနိမိတ်ကိုအာရုံပြု၍ "ပထဝီ ပထဝီ"စသည်ဖြင့် စီးဖြန်းမှုဘာဝနာသည် ဝိတက်အပေါ်၌ နိကန္တိတဏှာ မကင်းကွာသေးခင် ပရိကမ္မဘာဝနာ မည်၏။ ကင်းကွာပြီးသောအခါ ဥပစာရဘာဝနာ မည်၏။ ဒုတိယဈာန် ဖြစ်ပေါ်လာသောအခါ အပ္ပနာဘာဝနာ မည်၏။

တတိယဈာန် တက်မည့်ပုဂ္ဂိုလ်အတွက် ဝိတက်ဝိစာရတို့၌၊ စတုတ္ထဈာန် တက်မည့်ပုဂ္ဂိုလ်အတွက် ပီတိ၌၊ ပဉ္စမဈာန်တက်မည့်ပုဂ္ဂိုလ်အတွက် သုခ၌ နိကန္တိတဏှာ မကင်းကွာသေးခင် ပရိကမ္မဘာဝနာ မည်၏။ ကင်းကွာပြီးသောအခါ ဥပစာရဘာဝနာ မည်၏။ပဉ္စမဈာန် ဖြစ်ပေါ်လာသောအခါ အပ္ပနာဘာဝနာ မည်၏။

အောက်ပါ သင်္ကျသီဟမေးခွန်းဟောင်း၏ အဖြေကိုလည်း ကြည့်ပါ။

မေး။ အဓိစိတ္တေ စ အာယောဂေါ ၌ စိတ္တ္တအရ အစဆုံး ပွားသင့်သောစိတ်၏ နိမိတ်နှင့် ဘာဝနာအမည်ကို ဖော်ပြပါ။(၆၁၊ ၃။၈၁ ဆင့်၊ မပွဲ၁၁)

http://www.dhammadownload.com



၈၉ စိတ္တဘာရ- ဘာဝဆုံးယူသင့်သော ပဌမဈာန်စိတ်၏-
နိမိတ်ကား- ပဋိဘာဂနိမိတ်၊
ဘာဝနာကား- အပ္ပနာဘာဝနာ ဖြစ်သည်၊

မှတ်ချက် အထက်ပါ အဖြေကို (၁)နံပါတ်ပါ ကမ္မဋ္ဌာန်း(၂၂)ပါး တစ်ပါးပါးကို အားထုတ်ခြင်းကြောင့် ရရှိလာသော ပဌမဈာန်ကို ရည်ရွယ်၍ ဖြေဆိုလိုက်၏၊

မေတ္တာကရုဏာမုဒိတာဟူသော အပ္ပမညာကမ္မဋ္ဌာန်းကို အားထုတ်ခြင်းကြောင့် ရရှိလာသော ပဌမဈာန်စိတ်အတွက်မူကား၊ အပ္ပနာဘာဝနာနှင့် ဥဂ္ဂဟနိမိတ်ဟု ဖြေဆိုရမည်။(နှစ်နည်းဖြေဆိုရမည်-ဟုလို၊)

(၂) နံပါတ်ပြ ကမ္မဋ္ဌာန်းတို့၌ ပရိကမ္မနိမိတ်နှင့် (သမာဓိအားမကောင်းသေးသော) ရှေ့ပိုင်း ပရိကမ္မဘာဝနာ ဥဂ္ဂဟနိမိတ်နှင့် (သမာဓိအားကောင်းသော) နောက်ပိုင်းပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အပ္ပနာဘာဝနာဟု တွဲရမည်။

## "အဓိကသောချက်များ"

အပ္ပမညာကမ္မဋ္ဌာန်းကို အားထုတ်ခြင်းကြောင့် ရရှိလာသော စတုက္ကဈာန်နှင့် အာရုပ္ပကမ္မဋ္ဌာန်း၊ အားထုတ်ခြင်းကြောင့် ရရှိလာသော အရူပဈာန်စိတ်တို့၏ နိမိတ်နှင့်ဘာဝနာအမည် မေးလာရာ၌ ဥဂ္ဂဟနိမိတ် အပ္ပနာဘာဝနာဟုလည်းကောင်း။

ယင်းဈာန်တို့၏ ရှေ့အနန္တရဖြစ်သော ပရိကမ် ဥပစာ အနုလုံ ဂေါ်တြဘုဟူသော ဥပစာရသမာဓိဇောတို့သည် ဥပစာရဘာဝနာ ဥဂ္ဂဟနိမိတ်ဟုလည်းကောင်း။

ယင်းဈာနဝီထိသို့ မရောက်ခင် စီးဖြန်းမှုဘာဝနာသည် သမာဓိအားကောင်းခဲ့သော် ဥဂ္ဂဟနိမိတ်နှင့် နောက်ပိုင်း ပရိကမ္မဘာဝနာဟုလည်းကောင်း။ သမာဓိအားမကောင်းခဲ့သော် ပရိကမ္မနိမိတ်နှင့် ရှေ့ပိုင်း ပရိကမ္မဘာဝနာဟုလည်းကောင်း၊ တွဲ၍ဖြေဆိုရမည်၊

http://www.dhammadownload.com

**အောက်ပါ မေးခွန်း၏ အဖြေကိုလည်း ကြည့်ပါ။**

မေး။ ပဠမမေတ္တာသုတ်လာ မေတ္တာသဟဂတေန စေတသာ ဝိပုလေန-၌ စေတနာ အရ တရား၏ နိမိတ်နှင့် ဘာဝနာအမည်၊ နေ၀သညာနာသညာယတန ဥပသမ္ပဇ္ဇ ဝိဟရတိ-၌ ကံပုဒ်အရတရား၏ ရှေ့အနန္တရစိတ် တို့၌ ရနိုင်သော နိမိတ်နှင့် ဘာဝနာအမည်တို့ကို ဖြေပါ။

ဖြေ စေတ-အရတရား၏ နိမိတ်ကား- ဥဂ္ဂဟနိမိတ်၊ ဘာဝနာကား- အပ္ပနာဘာဝနာ ဖြစ်သည်။

ကံပုဒ်အရတရား၏ ရှေ့အနန္တရစိတ်တို့၌ ရနိုင်သောနိမိတ်ကား- ဥဂ္ဂဟနိမိတ်၊ ဘာဝနာကား- ဥပစာရ ဘာဝနာဖြစ်သည်။

(နယဂ္ဂါဟပြလေး)

(၃)နံပါတ်ပါ ကမ္မဋ္ဌာန်းတို့၌ ပရိကမ္မနိမိတ်နှင့် ရှေ့ပိုင်းပရိကမ္မဘာဝနာ၊ ဥဂ္ဂဟနိမိတ်နှင့် နောက်ပိုင်း ပရိကမ္မဘာဝနာ ဥပစာရဘာဝနာဟု တွဲရမည်။ (ကမ္မဋ္ဌာန်း။ပိုဒ်၊၄၀)

**"အစိတသောချက်များ"**

(၃)နံပါတ်ပါ ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်း(၁၀)ပါးတို့၌ ပရိကမ္မဘာဝနာ ဥပစာရဘာဝနာသာ ရနိုင်၏၊ အပ္ပနာဘာဝနာ မရနိုင်။

သို့ဖြစ်၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပွားများသူ၏ မဟာကုသိုလ် မဟာကြိယာစိတ်သည် ရှေ့ပိုင်းပရိကမ္မဘာဝနာ၊ ဘုရားဂုဏ်တော်သည် ပရိကမ္မနိမိတ်၊ ဘုရားဂုဏ်တော်၌ သမာဓိအားကောင်းသောအခါ ဥဂ္ဂဟနိမိတ်နှင့် နောက်ပိုင်းပရိကမ္မဘာဝနာ၊ နီဝရဏကင်းကွာသောအခါ ဥဂ္ဂဟနိမိတ်နှင့် ဥပစာရဘာဝနာဟု တွဲ၍ဖြေဆိုရမည်။

အောက်ပါ မေးခွန်းနှင့် အဖြေကိုလည်း ကြည့်ပါ။

မေး [illegible] ၌ ဖြစ် သင့်သော နိမိတ်နှင့် ဘာဝနာ [illegible] တို့ကို ပြည့်စုံအောင် ဖြေဆိုခဲ့ပါ။

ဖြေ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း [illegible] မဟာကုသိုလ်

http://www.dhammadownload.com



ဉာဏသမ္ပယုတ်စိတ်သည် (သမာဓိအားပကောင်းခင်) ရှေ့ပိုင်းပရိကမ္မ ဘာဝနာ၊ ဘုရားဂုဏ်တော်သည် ပရိကမ္မနိမိတ်၊

(သမာဓိအားကောင်းသောအခါ) နောက်ပိုင်းပရိကမ္မဘာဝနာ နှင့် ဥဂ္ဂဟနိမိတ်၊ (နီဝရဏကင်းကွာသောအခါ) ဥပစာရဘာဝနာနှင့် ဥဂ္ဂဟနိမိတ် ဖြစ်သည်။ | နည်းယူတတ်ပါစေ |

မေး။ ယောဝ ဗုဒ္ဓ ဓမ္မ၊ သံဃ သရဏံ ဂတော-အရ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းသည် အပ္ပနာဝဟကမ္မဋ္ဌာန်း ဖြစ်နိုင်/မဖြစ်နိုင် အကြောင်းပြ ဖြေဆိုပါ။ (၄၅-ဒုတ-ဆင့်၊ဓမ္မပဒ)

ဖြေ မဖြစ်နိုင်ပါ။

အကြောင်းကား- ဘုရားဂုဏ်တော်စသည်တို့၏ ပရမတ္ထ ဖြစ်သောကြောင့်လည်းကောင်း။ များသောအပြားရှိသောကြောင့်လည်း ကောင်း။ တစ်ခုတည်းဖြစ်သော အရဟံဂုဏ်တော်စသော ပရမတ္ထ ဓမ္မ၏လည်း နက်နဲသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ထို(၁၀)ပါး သောကမ္မဋ္ဌာန်းတို့၌ အပ္ပနာ၏ အစွမ်းဖြင့် သမာဓိတည်တံ့ခြင်းငှာ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်လည်းကောင်းတည်း။

"ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တွဲပုံ"

| ဝိသုဒ္ဓိ | ဉာဏ်စဉ် |
|---|---|
| သီလ,စိတ္တ,ဒိဋ္ဌိ ကင်္ခါဝိတရဏ | တေဘူမကသင်္ခါရတို့ကို အနိစ္စဒုက္ခအနတ္တ ဟု မသုံးသပ်သေးသောကြောင့် သမ္မသနဉာဏ်မျှ မရ |
| မဂ္ဂါမဂ္ဂဉာဏဒဿန | သမ္မသန, ဥဒယဗ္ဗယ ရှေ့ပိုင်း |
| ပဋိပဒါဉာဏဒဿန | ဥဒယဗ္ဗယနောက်ပိုင်း, ဘင်္ဂ, ဘယ, အာဒီနဝ, နိဗ္ဗိဒါ, မုစ္စိတုကမျတာ, ပဋိသင်္ခါ, သင်္ခါရုပေက္ခာ, အနုလောမ |
| ဉာဏဒဿန | နိဗ္ဗာန်ကိုအာရုံပြု၍ သင်္ခါရတရားတို့၌လက္ခဏာ သုံးပါးသို့ တင်-မရှုသောကြောင့် မည်သည့် ဝိပဿနာဉာဏ်မျှ မဖြစ် |

http://www.dhammadownload.com



ဆောင် • သီ,စိတ်,ဒိဋ်,ကင်၊ ဤလေးအင်၊ ဉာဏ်စဉ် မဆိုင်သင့်။
မဂ္ဂါမဂ္ဂ၊ စခန်းကျလျှင်၊ သမ္မသန၊ ဉာဏ်အစနှင့်၊
ဥဒယဗ္ဗယ၊ ရှေ့ပိုင်းဉာဏ်၊ အမှန် ပါသဖြင့်။
ပဋိပဒါ စခန်းကျသော်၊ ဥဒယလျှင်။ ဉာဏ်နောက်ပိုင်းမှ၊
စ၍နလုံ၊ တိုင်အောင်ဖြူ ဉာဏ်ကုန် ကိုးပါးဆင့်။
(အခြေပြုသင်္ဂြိုဟ်ဖြေ၀၄၊)

မှတ်ချက် ပုစ္ဆာ၌ မည်သည့်ဝိသုဒ္ဓိအခိုက် မည်သည့်ဝိပဿနာဉာဏ်များ ရနိုင်ပါသနည်းဟု မေးနိုင်သည်၊ သို့ဖြစ်၍အထက်ပါ ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်အတွဲပြ ဇယားကွက်ကိုလည်း ပိုင်နိုင်စွာ လေ့လာထားကြရမည်။

ထို့ပြင် ပရိကမ် ဥပစာ အနုလုံနှင့်ယှဉ်သောဉာဏ်...ည် အနုလောမဉာဏ်ဖြစ်၍ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌ ဝင်၏၊ မဂ်ဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိ၌ ဝင်၏။ ဂေါတြဘုဉာဏ်သည်ကား အနုလောမဉာဏ်မဟုတ်၍ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌လည်း မဝင်ပါ။

(တနည်း) ဝိပဿနာဉာဏ်၏ အထွဋ်ဦးခေါင်းနှင့် တူသောကြောင့် အနုလောမဉာဏ်၌ ဝင်၏ဟု မှတ်ပါ။

**အောက်ပါ သင်္ဂြိုဟ်မေးခွန်းဟောင်း နှင့် အဖြေကိုလည်း ကြည့်ပါ။**

မေး မနာပေန ပဏ္ဏပဋ္ဌေန္တိ၌ ကြိယာပုဒ်ဝယ် ဓာတ်အရတရား၏ ရနိုင်သည့် ဝိသုဒ္ဓိတို့ကို ဖြစ်သင့်သည့် ဉာဏ်စဉ်တို့နှင့် တွဲဖော်ပြပါ။

ဖြေ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိတို့၌ သမ္မသနဉာဏ်မျှ မရပါ။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအခိုက်၌ သမ္မသနဉာဏ်နှင့် ရှေ့ပိုင်းဥဒယဗ္ဗယဉာဏ်၊ ပဋိပဒါဉာဏဝိသုဒ္ဓိနှင့် နောက်ပိုင်းဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ် ဘယဉာဏ် အာဒီနဝဉာဏ်နိဗ္ဗိဒါဉာဏ် မုစ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



အထက်ပါ မှတ်ချက်ကို ကြည့်၍ အောက်ပါမေးခွန်းကို ဖြေကြည့်ပါ။

မေး။ ဒိဋ္ဌိယောဂဝိသံယောဂေါ-အရ တရားကို ကောက်ပြ၍ ယင်းအရတရား၏ ဥပစာရသမာဓိဇောအခိုက် ရနိုင်သောဝိသုဒ္ဓိ၊ ယင်းဝိသုဒ္ဓိအခိုက် ဖြစ်နိုင်သော ဝိပဿနာဉာဏ်တို့ကို ပေါ်ပြပြီး ဣတာဝိပ္ပယုတ ဝိပဿနာ ဉာဏ်ကိုလည်း ထုတ်ပြပါ။

''ဝိမောက္ခအခွဲ''

ဝိမောက္ခဟူသော အမည်သည် ဆန့်ကျင်ဘက်ကိလေသာတို့မှ လွတ်မြောက်ဆဲ လွတ်မြောက်ပြီးဖြစ်သော မဂ်ဖိုလ်၏အမည် ဖြစ်သည်။

ယင်းဝိမောက္ခသည် သုညတဝိမောက္ခ၊ အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတ ဝိမောက္ခဟု (၃)ပါး ရှိသည်၊

မဂ်သည် ဝိမောက္ခအမည်ရရာ၌ ဝိပဿနာနှင့် စပ်၍လည်းကောင်း။ အာရုံနှင့် စပ်၍လည်းကောင်း။ မိမိကိစ္စနှင့် စပ်၍လည်းကောင်း၊ အမည်ရသည်။

ဖိုလ်သည် ဝိမောက္ခအမည်ရရာ၌ မဂ်နှင့်စပ်၍လည်းကောင်း။ ဝိပဿနာနှင့် စပ်၍လည်းကောင်း။ အာရုံနှင့်စပ်၍လည်းကောင်း။ မိမိ၏ကိစ္စနှင့် စပ်၍လည်းကောင်း၊ အမည်ရသည်။

"ဝိပဿနာနှင့်စပ်၍ မဂ်၏ ဝိမောက္ခအမည်ရပုံ"

ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်

- အနတ္တဟုရှုသဖြင့် သုညတဝိမောက္ခမှာ အမည်ရခဲ့လျှင် မဂ်သည် သုညတဝိမောက္ခ၊
- အနိစ္စဟုရှုသဖြင့် အနိမိတ္တဝိမောက္ခမှာ အမည်ရခဲ့လျှင် မဂ်သည် အနိမိတ္တဝိမောက္ခ၊
- ဒုက္ခဟုရှုသဖြင့် အပ္ပဏိဟိတဝိမောက္ခမှာ အမည်ရခဲ့လျှင် မဂ်သည် အပ္ပဏိဟိတဝိမောက္ခ မည်၏။ (ဖိုလ်လည်း နည်းတူမှတ်ပါ။)

မှတ်ချက် မဂ္ဂဝီထိ၌ ဝိပဿနာမဂ်ဖိုလ် ဟု စိတ်အစဉ်ဖြစ်သဖြင့် မဂ်သည် ဝိပဿနာကိုထောက်၍, ဖိုလ်သည်မဂ်ကိုထောက်၍ သုညတ ဝိမောက္ခစသော အမည်ကို ရကြသည်၊

http://www.dhammadownload.com



''မဝံ့နှင့်စပ်၍ ဗိုလ်၏ဝိမောက္ခအမည်ရပုံ''

- မဂ်သည် သုညတဂိမောက္ခ အမည်ရလျှင် ဖိုလ်သည် သုညတဝိမောက္ခ၊
- မဂ်သည် အနိမိတ္တဝိမောက္ခ ဟူ၊ လျှင် ဖိုလ်သည် အနိမိတ္တဝိမောက္ခ၊
- မဂ်သည် အပ္ပဏိဟိတဝိမောက္ခ ဟူ၊ လျှင် ဖိုလ်သည် အပ္ပဏိဟိတ ဝိမောက္ခအမည် ရကြသည်၊

''အာဂုံနှင့်စပ်၍ ဖလဗိုလ်၏ ဝိမောက္ခအမည်ရပုံ''

မဂ်ဖိုလ်တို့၏ အာရုံသည် နိဗ္ဗာန်ဖြစ်၏၊ ယင်းနိဗ္ဗာန်သည် သုညတနိဗ္ဗာန် အနိမိတ္တနိဗ္ဗာန် အပ္ပဏိဟိတနိဗ္ဗာန် ဟု (၃)မျိုးရှိသည်၊

- သို့ဖြစ်၍ အကြောင်းအာရုံဖြစ်သော နိဗ္ဗာန်က သုညတအမည်ရခဲ့လျှင် အကျိုးအာရမ္မဏိကဖြစ်သော မဂ်ဖိုလ်သည်လည်း သုညတဝိမောက္ခ အမည်ရ၏၊
- နိဗ္ဗာန်က အနိမိတ္တအမည် ရခဲ့လျှင် မဂ်ဖိုလ်သည်လည်း အနိမိတ္တ ဝိမောက္ခ၊
- နိဗ္ဗာန်က အပ္ပဏိဟိတအမည်ရခဲ့လျှင် မဂ်ဖိုလ်သည်လည်း အပ္ပဏိဟိတ ဝိမောက္ခအမည် ရကြသည်၊

''မိမိတိစ္စနှင့်စပ်၍ ဖလဗိုလ်၏ဝိမောက္ခအမည်ရပုံ''

၁။ မဂ်ဖိုလ်တို့သည် ရာဂစသော ကိလေသာတို့မှ ကင်းသောကြောင့် သုညတ ဝိမောက္ခ မည်၏၊

၂။ မဂ်ဖိုလ်တို့သည် သင်္ခါရနိမိတ်မှ ကင်းသောကြောင့် အနိမိတ္တဝိမောက္ခ မည်၏၊

၃။ မဂ်ဖိုလ်တို့သည် ရာဂစသော တောင့်တမှု ကိလေသာတို့မှ ကင်းသော ကြောင့် အပ္ပဏိဟိတဝိမောက္ခ မည်၏၊

အကျဉ်းချုပ် မှတ်ဖွယ်

မဂ်၏ဝိမောက္ခအမည်တို့သည် ဝိပဿနာ နှင့်စပ်၍(၃)ပါး၊ အာရုံနှင့် စပ်၍(၃)ပါး၊ မိမိ၏ကိစ္စနှင့်စပ်၍(၃)ပါး ဤသို့အားဖြင့် (၉)ပါး ရှိ၏၊

http://www.dhammadownload.com


ဗိုလ်၏ဝိမောက္ခအမည်တို့သည် ဝိပဿနာနှင့်စပ်၍(၃)ပါး၊ မဂ်နှင့်စပ်၍(၃)ပါး၊ အာရုံနှင့်စပ်၍(၃)ပါး၊ မိမိ၏ကိစ္စနှင့်စပ်၍(၃)ပါး၊ ဤသို့အားဖြင့် (၁၂)ပါး ရှိ၏။

သို့ရာတွင် မဂ္ဂဝီထိပါ ဗိုလ်၏ဝိမောက္ခအမည်သည် မဂ်နှင့်စပ်၍ ရသည်ကိုလည်းကောင်း။ ဖလသမာပတ္တိဝီထိပါ ဗိုလ်၏ဝိမောက္ခအမည်သည် ဝိပဿနာနှင့်စပ်၍ ရသည်ကိုလည်းကောင်း၊ အချုပ်မှတ်ပါ။

တောက်ပါ အမေးအဖြေကိုလည်း၊ ကြည့်ပါ၊

မေး အဝိဂ္ဂါယောဂ ဝိသံယောဂေါ အရကို ဝီထိပုံစံအကျဉ်းမျှ ချပြ၍ ယင်း ဝီထိပါ ဗိုလ်၏ ဝိမောက္ခအမည်တို့ကိုလည်း၊ ရနိုင်သမျှ ထုတ်ပြပါ။

ဖြေ န. ၁. မ. ပ. ဥ. န. ဝေါ. (အရဟတ္တ)မဂ်. ဗိုလ်. ဗိုလ် ဖြစ်သည်။

ဝိမောက္ခအမည်များ

အရဟတ္တမဂ်သည် သုညတဝိမောက္ခ အမည်ရခဲ့လျှင် အရဟတ္တဗိုလ်သည် သုညတဝိမောက္ခ၊ အရဟတ္တမဂ်သည် အနိမိတ္တဝိမောက္ခအမည် ရခဲ့လျှင် အရဟတ္တဗိုလ်သည် အနိမိတ္တဝိမောက္ခ၊ အရဟတ္တမဂ်သည် အပ္ပဏိဟိတဝိမောက္ခ အမည်ရခဲ့လျှင် အရဟတ္တဗိုလ်သည် အပ္ပဏိဟိတဝိမောက္ခ၊

ထို့အတူ နိဗ္ဗာန်ဟူသော အာရုံနှင့်စပ်၍(၃)ပါး၊ မိမိ၏ကိစ္စနှင့်စပ်၍(၃)ပါး ဤသို့အားဖြင့် အရဟတ္တဗိုလ်၌ ဝိမောက္ခအမည်(၉)ပါး ရနိုင်သည်။

## ဆက်လက်ကြည့်ရှုရန်

အာရုံနှင့်စပ်၍လည်းကောင်း၊ မိမိ၏ကိစ္စနှင့်စပ်၍လည်းကောင်း၊ မဂ်ဗိုလ်တို့၌ သုညတဝိမောက္ခစသောအမည် အပြဲရနိုင်ကြ၏။

ဝိပဿနာနှင့်စပ်၍လည်းကောင်း၊ မဂ်နှင့်စပ်၍လည်းကောင်း၊ မဂ်ဗိုလ်တို့၌ သုညတဝိမောက္ခစသော အမည်ကိုကား၊ အမြဲမရနိုင်ကြပေ။

မိမိဖြစ်ပေါ်လာကြောင်း၊ ဝိပဿနာက သုညတဝိမောက္ခအမည်ရမှ မဂ်ဗိုလ်တို့သည်လည်း၊ သုညတဝိမောက္ခ အမည်ရနိုင်ကြပုံ စသည်ကိုလည်း၊ သိပါ။

http://www.dhammadownload.com


အောက်ပါ သင်္ချာသိပ္ပံမေးခွန်းဟောင်း၏ အဖြေကိုလည်း ကြည့်ပါ။

မေး။ ဇနပဒကလျာဏီထေရီမ၏ မဂ်ဖိုလ်လေးပါး ရှေ့သွားဖြစ်သော အနလောမဉာဏ်များ၏ အာရုံလက္ခဏာကို ဝေပန်ထောက်ဆ ကောက်ပြပြီးလျှင် ယင်းထေရီမ၏မဂ်ဖိုလ်များ အဘယ်ဝိမောက္ခ ဖြစ်သည်ကို အကြောင်းပြကာ ဖြေဆိုပါ။ (၁၉၃၇ ခုတ ဆင့်၊ ဓမ္မပဒ)

ဖြေ။ သောတာပတ္တိမဂ်၏ ရှေ့သွားဖြစ်သော အနလောမဉာဏ်သည် အနိစ္စလက္ခဏာကို၊ အထက်မဂ်၏ရှေ့သွားဖြစ်သော အနလောမဉာဏ်သည် အနတ္တလက္ခဏာကို အာရုံပြုသည်။

ဝိမောက္ခအမည်များ-

သောတာပတ္တိမဂ်ဖိုလ်၏ ဝိမောက္ခအမည်ကား- အနိမိတ္တဝိမောက္ခ ဖြစ်ပါသည်။

အထက်မဂ်ဖိုလ်တို့၏ ဝိမောက္ခအမည်ကား- သုညတဝိမောက္ခ ဖြစ်ပါသည်။

မှတ်ချက်။ ဇနပဒကလျာဏီ ရူပနန္ဒာထေရီဝတ္ထု (ဓမ္မ၊ ၄၊ ၂၇၄။)၌ ဇနပဒကလျာဏီထေရီမသည် အနိစ္စဟု ရှု၍ သောတာပတ္တိမဂ်ဖိုလ်ကို၊ အနတ္တဟု ရှု၍ အထက်မဂ်ဖိုလ်များကို ရရှိကြောင်း တွေ့ရသည်။

သို့ဖြစ်၍ အထက်ပါအဖြေ၌ ဝိမောက္ခအမည်များကို ခွဲခြား၍ ဖြေဆိုထားသည်။

"ညွှန်ကြားချက်"

အထက်ပါ အဖြေနှင့် မှတ်ချက်များကို နည်းရအောင်ယူပြီး မဟာကာဠ ပင့်လယ်ရှိ၏ မဂ်ဖိုလ်များကို အနိစ္စဟုရှု၍ ရခဲ့သဖြင့် အနိမိတ္တဝိမောက္ခ အမည်ရနိုင်ပုံကိုလည်းကောင်း။

ကျွန်ုပ်တို့၏ မဂ်ဖိုလ်တို့၌ ရနိုင်သော ဝိမောက္ခအမည်ကို မေးခဲ့လျှင် မဂ်ဖိုလ်ရကြောင်း အနိစ္စစသော လက္ခဏာကိုကြည့်၍ ဝိမောက္ခအမည် ပေးရမည်ကိုလည်းကောင်း။

ပိုပိုကောက်ယူပေးသော မဂ်ဖိုလ်များ၏ ဖြစ်ပေါ်လာကြောင်း

http://www.dhammadownload.com



အနိစ္စသော လက္ခဏာ အတိုအကျ မထင်ရှားလျှင် သုညတာသော အမည်(၃)ပါးလုံး ရနိုင်သည်ကိုလည်းကောင်း။

ကောက်ယူ နိုင်းထားသော မဂ်ဖိုလ်တို့၌ ရနိုင်သမျှသော ဝိမောက္ခအမည်တို့ကို မေးခဲ့လျှင် ဝိပဿနာ, မဂ်, အာရုံ, ပိဋကတ်စသတို့နှင့် ဝပ်၍ ရနိုင်သမျှသော ဝိမောက္ခအမည်တို့ကို ထုတ်ဖော်၍ ရှေးသား ဖြေဆိုရမည်ကိုလည်းကောင်း။

ပုစ္ဆာအခြေအနေကို ကြည့်ပြီး ဝိမောက္ခအမည်များ ထုတ်နုတ် ဖြေဆိုရမည်ကိုလည်းကောင်း၊ အထူး မှတ်သားထားကြရမည်။

## ''ဝိမောက္ခမုခ''

ပုစ္ဆာ၌ ကောက်ယူနိုင်းထားသော မဂ်ဖိုလ်တို့၏ ဝိမောက္ခအမည် မေး သကဲ့သို့ ယင်းဝိမောက္ခ၏ ဝိမောက္ခမုခအမည်တို့ကိုလည်း မေးနိုင်သည်။ သို့ ဖြစ်၍ ဝိမောက္ခမုခနှင့် ဆက်သွယ်နေသော အချက်အလက်များကို ဤနေရာ၌ အကျဉ်းချုပ် ပြဆိုဦးမည်။

## အချက်အလက်များ

ဝိမောက္ခမုခဟူသော အမည်သည် မဂ်ဖိုလ်ဟူသော ဝိမောက္ခ၏ ဝင် ကြောင်းတံခါးဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အမည်ဖြစ်သည်။

ယင်းဝိမောက္ခမုခသည် သုညတာနုပဿနာ အနိမိတ္တာနုပဿနာ အပ္ပဏိဟိတာနုပဿနာ ဟု (၃)မျိုးရှိ၏။ [ကမ္ဘဋ္ဌာန်း။ပိုဒ်၊၄၈]

ထိုတွင် ဝုဋ္ဌာနဂါမိနီဝိပဿနာသည် -

အနတ္တဟု ရှုလျှင် သုညတာနုပဿနာ ဝိမောက္ခမုခ၊

အနိစ္စဟု ရှုလျှင် အနိမိတ္တာနုပဿနာ ဝိမောက္ခမုခ၊

ဒုက္ခဟု ရှုလျှင် အပ္ပဏိဟိတာနုပဿနာ ဝိမောက္ခမုခ

အမည်ရကြသည်။ [ကမ္ဘဋ္ဌာန်း။ပိုဒ်၊၆၁-၂-၃။]

## အောက်ပါ တမေးတဖြေကိုလည်း ကြည့်ပါ။

မေး။ မဟာကာဠမထေရ်၏ မဂ်ဖိုလ်တို့၌ ရနိုင်သော ဝိမောက္ခအမည်၊ ယင်း ဝိမောက္ခ၏ ဝိမောက္ခမုခအမည်တို့ကို တိကျစွာ ဖြေပါ။

http://www.dhammadownload.com


ဓမ္မ မဟာကာဠုမထေရ်၏ မင်္ဂိုလ်တို့၌ အနိမိတ္တဝိမောက္ခအမည် ရနိုင်ပါသည်။

ယင်းဝိမောက္ခ၏ ဝိမောက္ခမုခအမည်ကား- အနိမိတ္တာနုပဿနာဟုသော ဝိမောက္ခမုခ ဖြစ်ပါသည်။ (နယဂ္ဂါဟ မြွလေး)

''ဝိသုဒ္ဓိနှင့် ဓောဓိပက္ခိယအဖွဲ့''

ပုဗ္ဗာ၌ ကောက်ယူနိုင်းထားသော လောကီကုသိုလ်နှင့် လောကုတ္တရာ စိတ်တို့၌ ရနိုင်သောဝိသုဒ္ဓိနှင့် ယင်းဝိသုဒ္ဓိအဒိုက် ဖြစ်နိုင်သော ဗောဓိပက္ခိယတရားတို့ကိုလည်း မေးနိုင်သည်၊ သို့ဖြစ်၍ ပေါ်ပြလတ့်ပါ ဝိသုဒ္ဓိနှင့် ဗောဓိပက္ခိယအဖွဲ့ကို ကျေပွန်စွာ လေ့လာထားကြရမည်။

| ဝိသုဒ္ဓိ | တရားကိုယ် |
| --- | --- |
| သီလဝိသုဒ္ဓိ | မဟာကုသိုလ်စိတ် (၈)ပါး |
| စိတ္တဝိသုဒ္ဓိ | မဟာကုသိုလ်စိတ်(၈)ပါး<br>မဟဂ္ဂုတ်ကုသိုလ်စိတ်(၉)ပါး |
| ဒိဋ္ဌိဝိသုဒ္ဓိ | မဟာကုသိုလ်စိတ်(၈)ပါး |
| ကင်္ခါဝိတရဏ | မဟာကုသိုလ်စိတ်(၈)ပါး |
| မဂ္ဂါမဂ္ဂဉာဏဒဿန | မဟာကုသိုလ်စိတ်(၈)ပါး |
| ပဋိပဒါဉာဏဒဿန | မဟာကုသိုလ်စိတ်(၈)ပါး |
| ဉာဏဒဿန | လောကုတ္တရာစိတ်(၈)ပါး |

[illegible]

http://www.dhammadownload.com



## ဗောဓိပက္ခိယတရားတို့သည်

ပဓာနအားဖြင့်

| | | | |
|---|---|---|---|
| သတိပဋ္ဌာန် | (၄) | သမ္မပ္ပဓာန် | (၄) |
| ဣဒ္ဓိပါဒ် | (၄) | ဣန္ဒြေ | (၅) |
| ဗိုလ် | (၅) | ဗောဇ္ဈင် | (၇) |
| မဂ္ဂင် | (၈) | ပေါင်း | (၃၇)ပါး ရှိသည်၊ |

တရားကိုယ်အားဖြင့်-

ဆန္ဒ၊ စိတ်၊ ဥပေက္ခာ၊ သဒ္ဓါ၊ ပဿဒ္ဓိ၊ ပီတိ၊ သမ္မာဒိဋ္ဌိ၊ ဝိတက်၊ ဝီရိယ၊ ဝိရတီ(၃)ပါး၊ သမ္မာသတိ၊ သမ္မာသမာဓိအားဖြင့် (၁၄)ပါး ရှိသည်၊

### အခြေခံမှတ်ချက်

လောကီဝိသုဒ္ဓိ (၆)ပါး ဖြစ်ရာအခါ၌ သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဝိရတီမဂ္ဂင်တို့သည် တပေါင်းတည်း တပြိုင်နက် မဖြစ်နိုင်ကြ၊ အသီးအသီး တစ်ပါးစီသာ ဖြစ်ကြ၏၊

ထိုတွင် ပဌမသတိပဋ္ဌာန်သည် သမထဝိပဿနာ၏အစွမ်းဖြင့်၊ ဒု-တ-စ သတိပဋ္ဌာန်တို့သည် သုဒ္ဓဝိပဿနာ၏အစွမ်းဖြင့် ဖြစ်ကြကုန်၏၊ သို့ဖြစ်၍ သတိပဋ္ဌာန်(၄)ပါး ရ+မရသိလိုလျှင် မိမိဖြစ်ရာဝိသုဒ္ဓိများကို သမထဝိပဿနာတို့၏ အစွမ်းဖြင့် ဖြစ်+မဖြစ် သုံးသပ်ကြည့်ရမည်၊ ဖြစ်ခဲ့လျှင် သတိပဋ္ဌာန်(၄)ပါး တစ်ပါးပါးရနိုင်၏၊ မဖြစ်ခဲ့လျှင် လုံးဝမရနိုင်၊ (သမ္မပ္ပဓာန်နှင့် ဣဒ္ဓိပါဒ်တို့ကား အမြဲတမ်း တစ်ပါးစီ ရနိုင်ကြသည်၊)

ဝိရတီတို့သည် အာရုံအားလျော်စွာ တစ်ပါးတည်းသာ ရနိုင်၏-ဟု ဆိုထားသော်လည်း အာရုံဖြစ်သောတရားက ဝီတိက္ကမိတဗ္ဗဝတ္ထု မဟုတ်ပါက ယင်းဝိသုဒ္ဓိတို့၌ ဝိရတီမဂ္ဂင် လုံးဝ မရနိုင်ပါ၊

### ''ဝီတိက္ကမိတဗ္ဗဝတ္ထု, အာဇီဝပါရိသုဒ္ဓိ, သီလဝိသုဒ္ဓိအခိုက် ရနိုင်သော ဗောဓိပက္ခိယတရားများ''

ထိုထိုကိစ္စအားလျော်သော သမ္မပ္ပဓာန်(၁) ထိုထိုပုဗ္ဗာဘိသင်္ခါရအား လျော်သော ဣဒ္ဓိပါဒ်(၁) ဣန္ဒြေ(၅) ဗိုလ်(၅) ဗောဇ္ဈင်(၇) အာရုံအားလျော်သော ဝိရတီမဂ္ဂင်(၁) သမ္မာဒိဋ္ဌိစသော ကြွင်းမဂ္ဂင်(၅)ပေါင်း (၂၅)ပါး ရနိုင်သည်။

http://www.dhammadownload.com



## "သတိပြုရန်"

အထက်ပါ အခြေခံများကို ကြည့်၍ အထက်ပါ သီလဝိသုဒ္ဓိ၌ သတိပဋ္ဌာန် လုံးဝ မရနိုင်ပုံကိုလည်းကောင်း၊ သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဝိရတိမဂ္ဂင်တို့တွင် အသီးအသီး တစ်မျိုးစီသာ ရနိုင်ပုံကိုလည်းကောင်း အထူးသတိပြုကြရမည်။

မှတ်ချက်။ အထက်ပါ သီလဝိသုဒ္ဓိ၌ ဗောဓိပက္ခိယတရား(၂၅)ပါး ပြဆိုထားခြင်းသည် မဟာကုသိုလ်စိတ် (၈)ပါးလုံး၌ ရနိုင်သမျှ တရားကိုကိုသာ ပြဆိုထားခြင်း ဖြစ်၏၊ အကယ်၍ သမ္ပယုတ် ဝိပ္ပယုတ် သောမနဿ ဥပေက္ခာဟု အသီးအသီး ခွဲခြား၍ ဓေလာခဲ့လျှင်မူကား ဖေါ်ပြလတ့်ပါတတိုင်း အတိအကျ ပြေဆိုရမည်။

## "အတိအကျ ခွဲခြားပြဆိုခြင်း"

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်၌ အထက်ပါ (၂၅)ပါးလုံး ရနိုင်သည်၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်၌ အထက်ပါ (၂၅)ပါးတွင် ဝီမံသိဒ္ဓိပါဒ် ပညိန္ဒြေ ပညာဗိုလ် ဓမ္မဝိစယသမ္ဗောဇ္ဈင် သမ္မာဒိဋ္ဌိမဂ္ဂင်တို့ကိုကြဉ် ကျန်(၂၁) ပါးသာ ရနိုင်သည်။ (ဝီမံသိဒ္ဓိပါဒ်ကြဉ်သော်လည်း ကျန်ဣဒ္ဓိပါဒ် (၃)ပါးတို့တွင် တစ်ပါးပါး ရနိုင်သေးသည်ဖြစ်၍ အရေအတွက် မလျော့ပါ။)

မဟာကုသိုလ် သောမနဿ သဟဂုတ်စိတ်(၄)ပါး၌ အထက်ပါ (၂၅)ပါးလုံး ရနိုင်သည်၊ မဟာကုသိုလ် ဥပေက္ခာသဟဂုတ်စိတ်(၄)ပါး၌ အထက်ပါ (၂၅) ပါးတွင် ပီတိသမ္ဗောဇ္ဈင်ကြဉ်၍ ကျန်(၂၄)ပါး ရနိုင်သည်၊ ကျန်အသေး စိတ်များကို ဉာဏ်ကစား၍ ခွဲခြားဝေဘန်ကြပါကုန်။

## "ဣန္ဒြိယသံဝရ, ဝစ္စယသန္နိဿိတ သီလဝိသုဒ္ဓိအားဖြင့် ရနိုင်သော ဗောဓိပက္ခိယတရားများ"

ထိုထို့ကိစ္စအားလျော်သော သမ္မပ္ပဓာန်(၁) ထိုထိုပုဗ္ဗာဘိသင်္ခါရအား လျော်သော ဣဒ္ဓိပါဒ်(၁) ဣန္ဒြေ(၅) ဗိုလ်(၅) ဗောဇ္ဈင်(၇) ဝိရတိကြဉ်သော မဂ္ဂင်(၅) ပေါင်း(၂၄)ပါး ရနိုင်သည်။

http://www.dhammadownload.com


## ''စိတ္တဝိသုဒ္ဓိ''

စိတ္တဝိသုဒ္ဓိသည် ·

(၁)မဟာကုသိုလ်စိတ်ဟူသော ဥပစာရစိတ္တဝိသုဒ္ဓိ

(၂)မဟဂ္ဂုတ်ကုသိုလ်စိတ်ဟူသော အပ္ပနာစိတ္တဝိသုဒ္ဓိဟု နှစ်မျိုးရှိ၏၊

ထိုတွင် (၁)နံပါတ်ပါ ဥပစာရစိတ္တဝိသုဒ္ဓိအခိုက် ရနိုင်သော ဗောဓိပက္ခိယတရားများကို ရှေးဦးစွာ အသေးစိတ် ခွဲပြတော့မည်။

### ''အသုဘပဌမဈာနုပစာရ စိတ္တဝိသုဒ္ဓိအခိုက်''

ကာယာနုပဿနာသတိပဋ္ဌာန်(၁) ထိုထိုကိစ္စအားလျော်သော သမ္မပ္ပဓာန် (၁) ထိုထိုပုဗ္ဗာဘိသင်္ခါရအားလျော်သော ဣဒ္ဓိပါဒ်(၁) ဣန္ဒြေ(၅) ဗိုလ်(၅) ဗောဇ္ဈင်(၇) ဝိရတီမဂ္ဂင်ကြဉ် မဂ္ဂင်(၅) ပေါင်း(၂၅)ပါး ရနိုင်သည်။

မှတ်ချက် အသုဘပဌမဈာနုပစာရသမာဓိ·ဟူသည် ကောဋ္ဌာသပညတ် အသုဘပညတ်တို့ကို အာရုံပြုသော ပဌမဈာန်၏ ရှေ့အနန္တရ ဖြစ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်ရှိ သမာဓိကို ဆိုလိုသည်၊

သို့ဖြစ်၍ အသုဘပဌမဈာန်၏ ဥပစာရ သမာဓိဇော အခိုက်၌ ရနိုင်သော ဝိသုဒ္ဓိ ဗောဓိပက္ခိယတရားတို့ကိုလည်း မေးနိုင်သည်။

### ''ကြွင်းကျန်သော ဥပစာရစိတ္တဝိသုဒ္ဓိအခိုက်''

ထိုထိုကိစ္စအားလျော်သော သမ္မပ္ပဓာန်(၁) ထိုထိုပုဗ္ဗာဘိသင်္ခါရအား လျော်သော ဣဒ္ဓိပါဒ်(၁) ဣန္ဒြေ(၅) ဗိုလ်(၅) ဗောဇ္ဈင်(၇) ဝိရတီမဂ္ဂင်ကြဉ် မဂ္ဂင်(၅) ပေါင်း(၂၄)ပါး ရနိုင်သည်။

(ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိအခိုက် ရနိုင်သော ဗောဓိပက္ခိယတရား တို့ကို မေးလျှင်လည်း ဤ(၂၄)ပါးကိုပင် ဖြေပါ။)

မှတ်ချက် ကြွင်းကျန်သော ဥပစာရသမာဓိဟူသည် ကသိုဏ်းပညတ် အာနာပါနပညတ် သတ္တဝါပညတ်တို့ကို အာရုံပြု၍ဖြစ်သော ရူပါဝစရဈာန် (၄)ပါးတို့၏ ရှေ့အနန္တရ ဥပစာရသမာဓိ ဟူသော

http://www.dhammadownload.com



သမာဓိကို ဆိုလိုသည်။ သို့ဖြစ်၍ ယင်းဈာန်(၅)ပါးတို့၏ ဥပစာရ သမာဓိစေသာအခိုက် ရနိုင်သော ဝိသုဒ္ဓိ, ဗောဓိပက္ခိယတရားတို့ ကိုလည်း ပေါနိုင်သည်။

"အသုဘဝဋ္ဋမျှာန်ဟုသော စိတ္တဝိသုဒ္ဓိအခိုက် ရနိုင်သော ဗောဓိပက္ခိယတရားများ"

ကာယာနုပဿနာ သတိပဋ္ဌာန်(၁) ထိုထိုကိစ္စအားလျော်သော သမ္မပ္ပဓာန် (၁) ထိုထိုပုဗ္ဗာဘိသင်္ခါရအားလျော်သော ဣဒ္ဓိပါဒ်(၁) ဣန္ဒြေ(၅) ဗိုလ်(၅) ဗောဇ္ဈင်(၇) ဝိရတီမပါ မဂ္ဂင်ကြည် မဂ္ဂင်(၅) ပေါင်း(၂၅)ပါးသော တရားများ ရနိုင်သည်။

(အသုဘဗဟုဗ္ဗဇ္ဈာနုပစာရ စိတ္တဝိသုဒ္ဓိအခိုက် ရသော ဗောဓိပက္ခိယ တရားများနှင့် တူသည်။)

"တွန့်သော ကသိုဏ်း၊ဝညတ်စသည်ကို အာရုံပြု၍ဖြစ်သော ဈာန်စိတ္တဝိသုဒ္ဓိအခိုက် ရနိုင်သော ဗောဓိပက္ခိယတရားများ"

ထိုထိုကိစ္စအားလျော်သော သမ္မပ္ပဓာန်(၁) ထိုထိုပုဗ္ဗာဘိသင်္ခါရအား လျော်သော ဣဒ္ဓိပါဒ်(၁) ဣန္ဒြေ(၅) ဗိုလ်(၅) ဗောဇ္ဈင်(၇) ဝိရတီမပါဂ္ဂင်ကြည်သော မဂ္ဂင်(၅) ပေါင်း(၂၄)ပါး ရနိုင်သည်။

မှတ်ချက် ဒုတိယဈာန်စသော စိတ္တဝိသုဒ္ဓိတို့တွင် ဒုတိယ တတိယဈာန် စိတ္တဝိသုဒ္ဓိ၌ အထက်ပါ (၂၄)ပါးတွင် သမ္မာသင်္ကပ္ပမဂ္ဂင်ကြည် ကျန်(၂၃) ပါး ရနိုင်သည်။

စတုတ္ထ, ပဉ္စမဈာန်စိတ္တဝိသုဒ္ဓိ၌ အထက်ပါ(၂၄)ပါးတွင် သမ္မာ သင်္ကပ္ပမဂ္ဂင်နှင့် ပီတိသမ္ဗောဇ္ဈင်တို့ကို ကြဉ်၍ ကျန်(၂၂)ပါး ရနိုင် သည်။

(ဒုတိယဈာန် စသည်တို့၌ သမ္မာသင်္ကပ္ပမဂ္ဂင်ဟုသော ဝိတက်, ပီတိသမ္ဗောဇ္ဈင်ဟုသော ပီတိစေတသိက်ကို မရနိုင်ပုံကို စေတသိက် ပိုင်း သမ္ပယောဂနည်းကြည့်၍ သိလေ။)

http://www.dhammadownload.com



## ''မဂ္ဂါမဂ္ဂဉာဏဒဿန, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအခိုက် ရနိုင်သော ဗောဓိပက္ခိယတရားများ''

ထိုထိုကိစ္စ အာရုံအားလျော်သော သတိပဋ္ဌာန်(၁) ထိုထိုကိစ္စအားလျော်သော သမ္မပ္ပဓာန်(၁) ထိုထိုပုဗ္ဗာဘိသင်္ခါရအားလျော်သော ဣဒ္ဓိပါဒ်(၁) ဣန္ဒြေ(၅) ဗိုလ်(၅) ဗောဇ္ဈင်(၇) ဝိရတီမဂ္ဂင်ကြဉ် မဂ္ဂင်(၅) ပေါင်း(၂၅)ပါး ရနိုင်သည်။

## ''ဉာဏဒဿနဝိသုဒ္ဓိအခိုက် ရနိုင်သော ဗောဓိပက္ခိယတရားများ''

ပဌမဈာန်နှင့်ယှဉ်သော လောကုတ္တရာစိတ်၌ ဗောဓိပက္ခိယတရား (၃၇)ပါးလုံး ရနိုင်သည်။

ဒုတိယ, တတိယဈာန် လောကုတ္တရာစိတ်၌ သမ္မာသင်္ကပ္ပမဂ္ဂင်ကြဉ် ကျန်(၃၆)ပါး ရနိုင်သည်။

စတုတ္ထ, ပဉ္စမဈာန် လောကုတ္တရာစိတ်၌ သမ္မာသင်္ကပ္ပမဂ္ဂင် ပီတိသမ္ဗောဇ္ဈင်ကြဉ်သော ကျန်(၃၅)ပါးသော ဗောဓိပက္ခိယတရားများကို တပြိုင်နက် ရနိုင်ကြသည်။

[ဝိသုဒ္ဓိမဂ်၌ကား၊ ဖိုလ်စိတ္တုပ္ပါဒ်ဝယ် သမ္မပ္ပဓာန်(၄)ပါး လုံးဝ မရနိုင်ဟု ဆိုထားသည်။ ဝိသုဒ္ဓိ၊ ၂။၃၂၀။]

မှတ်ချက် ဒုတိယဈာန်စသည်တို့၌ သမ္မာသင်္ကပ္ပမဂ္ဂင်ဟူသော ဝိတက်, ပီတိသမ္ဗောဇ္ဈင်ဟူသော ပီတိစေတသိက်တို့ မရနိုင်ပုံကို စေတသိက်ပိုင်း သမ္ပယောဂနည်းကိုကြည့်၍ သိရမည်။

ထို့ပြင် သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတို့သည် ဤဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ရာအခါ၌ လောကီဝိသုဒ္ဓိ(၆)ပါး တို့၌ကဲ့သို့ အသီးအသီး အစဉ်ပါ၍သာ ဖြစ်ကြသည်မဟုတ်၊ တပေါင်းတည်း တပြိုင်နက် ဖြစ်ကြသည်ဟု မှတ်ကြရမည်။

အောက်ပါ သင်္ဂြိုဟ်မေးခွန်းဟောင်း၏ အဖြေကိုလည်း ကြည့်ပါ။

မေး။ ဥပ္ပတ္တိရိပန [illegible] မဂ္ဂ [illegible] ၌ ဖြစ်ထိုက်သော ဗောဓိပက္ခိယ [illegible] ဖြစ်ပုံနှင့်တကွ ဖော်ပြပါ။ (၅၆ ခုနှစ် [illegible])

http://www.dhammadownload.com


ဖြေ ။ ဖြစ်ထိုက်သော ဝိသုဒ္ဓိ- ဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပါသည်။ ဖြစ်ပုံကား- ဘဝဂ်ဝလန ဘဝဂ်ပစ္စွေ မနောဒွါရာဝဇ္ဇန်း ပရိကမ် ဥပစာ အနုလုံ ဂေါ်ဒါ်န် မဂ်တစ်ကြိမ် ဖိုလ်နှစ်ကြိမ် ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ကြလေသည်။

မေး ။ အာသဝါန် ခယဉာဏကာယ စိတ္တဲ အဘိနီဟာရမေသိ-၌ စိတ္တဲအရတရား၏ ဖြစ်နိုင်သမျှ ဝိသုဒ္ဓိတို့ကို ပေါ်ပြပါ။ (၅၇-ခုတ-ဆင့်၊ဝိနည်း)

ဖြေ ။ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတို့ ဖြစ်ပါသည်။

မှတ်ချက် ။ စိတ္တဲ-အရ ဝိပဿနာစိတ်ဖြစ်၍ ဤနေရာ၌ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတို့သာ ဖြစ်နိုင်သည်၊ သို့သော်လည်း ပုစ္ဆာအမေးအနေကိုကြည့်၍ (၆)ပါးလုံး ဖြေဆို လိုက်သည်။

မေး ။ မနသာ စေ ပသန္နေန-၌ မနောအရတရားသည် အဘယ်သီလဝိသုဒ္ဓိ ကိစ္စတပ်နိုက် အဘယ်တောဝိပက္ခိယတရားများ ရနိုင်ပါသနည်း သိသာရုံ ရေတွက်ပြပါ။ (၅၈-ခုတ-ဆင့်၊ဓမ္မပဒ)

ဖြေ ။ ပါတိမောက္ခသံဝရ, အာဇီဝပါရိသုဒ္ဓိ သီလဝိသုဒ္ဓိကိစ္စတပ်နိုက် ထိုထို ကိစ္စအားလျော်သော သမ္မပ္ပဓာန်(၁) ထိုထိုပုဂ္ဂိုလ်ဘိသင်္ခါရအားလျော် သော ဣန္ဒြိယ်(၁) ဣန္ဒြေ(၅) ဗိုလ်(၅) ဇောဈင်(၇) အာရုံအားလျော် သော ဝိရတီမဂ္ဂင်(၁) သမ္မာဒိဋ္ဌိစသော ကြွင်းမဂ္ဂင်(၅) ပေါင်း(၂၅)ပါး ရပါသည်။

ဣန္ဒြိယသံဝရ, ပစ္စယသန္နိဿိတ သီလဝိသုဒ္ဓိတပ်နိုက်၌ ထိုထို ကိစ္စအားလျော်သော သမ္မပ္ပဓာန်(၁) ထိုထိုပုဂ္ဂိုလ်ဘိသင်္ခါရအားလျော် သော ဣန္ဒြိယ်(၁) ဣန္ဒြေ(၅) ဗိုလ်(၅) ဇောဈင်(၇) ဝိရတိ[illegible] မဂ္ဂင်(၅) ပေါင်း(၂၄)ပါး ရပါသည်။

http://www.dhammadownload.com



မှတ်ချက်   ပုစ္ဆာ၌ သိသာရုံမျှ ရေတွက်ပြပါ·ဟု မေးထားသော်လည်း အဖြေ၌ အတိအကျ ဖြေဆိုလိုက်သည်၊ ထိုသို့ဖြေဆိုခြင်းကြောင့် အမှတ်လျော့ပေးမည် မဟုတ်ပေ၊ အမှတ်ပြည့်ပင် ပေးနိုင်သည်၊

မေး   မဂ္ဂညာဏာစ ဘဂ္ဂသို့·ဖြင့် ဟောဟော်မှုအပ်သော ဝိသုဒ္ဓိကို ဖော်ပြပြီးလျှင် ယင်း၀ိသုဒ္ဓိတပ်နိုက်·ရနိုင်သည့် စေတသိကတရားတို့ကို ပြည့်စုံအောင် သိသာရုံမျှ ရေတွက်ပြပါ၊ (၆၁·ခုတ·ဆင့်၊ဓမ္မပဒ)

ဖြေ   ပစ္စယသန္နိဿိတသီလဝိသုဒ္ဓိ ဖြစ်ပါသည်၊

ရနိုင်သည့် စေတသိကတရားများ· ထိုထိုက်စွာအားလျော်သော သမ္ပယုတ်(၁) ထိုထိုပုဂ္ဂလာဘိသင်္ခါရအားလျော်သော ကုသိုလ်(၁) ကံမြွေ(၅) ဝိုလ်(၅) ဇောရှင်(၇) ဝိရတီကြည်သော မဂ္ဂင်(၅) ပေါင်း (၂၄)ပါး ရပါသည်၊

မေး   ဝေရဉ္စသုတ်လာ သော စေဝံ သမာဟိတေ ။ပ၊ ဋ္ဌိတေ အာနေဉ္ဇပ္ပတ္တေ· ၌ အာနေဉ္ဇပတ္တစိတ်၏ ဝိသုဒ္ဓိအမည်၊ ယင်း၌ ရထိုက်သော စေတသိကတရားများကို ဖြေဆိုပါ၊ (၄၈·ခုတ·ဆင့်၊အံ)

ဖြေ   စိတ္တဝိသုဒ္ဓိ ဖြစ်ပါသည်၊

ရနိုင်သော စေတသိကတရားများ· ထိုထိုက်စွာအားလျော်သော သမ္ပယုတ်(၁) ထိုထိုပုဂ္ဂလာဘိသင်္ခါရအားလျော်သော ကုသိုလ်(၁) ကံမြွေ(၅) ဝိုလ်(၅) ပီတိသမ္ပယုတ်ကြည် ဇောရှင်(၆) သမ္မာသင်္ကပ္ပနှင့် ဝိရတီမဂ္ဂင်ကြည် မဂ္ဂင်(၄) ပေါင်း၊ (၂၂)ပါး ရပါသည်၊

မေး   အတိဓာနစာရိန်·၌ ဓာနအရတရား၏ အာရုံကိုဖော်ပြ၍ ဓာနစာရိဖြစ်နိုက် ဖြစ်သင့်သောဝိသုဒ္ဓိကို သာမည+ဝိသေသအားဖြင့် ဖော်ပြပြီး ယင်းအနိုက် ရထိုက်သောစေတသိကတရားတို့ကိုလည်း ရေးခဲ့ပါ၊ (၅၄·ခုတ·ဆင့်၊ဓမ္မပဒ)

ဖြေ   ဓာန၏အာရုံ   • လောကုတ္တရာကြည် အလုံးစုံအာရုံ၊ (သာမည)
ပစ္စည်းလေးပါးအာရုံ (ဝိသေသ)

ဖြစ်သင့်သောဝိသုဒ္ဓိ- သီလဝိသုဒ္ဓိ (သာမည)

ပစ္စယသန္နိဿိတ သီလဝိသုဒ္ဓိ (ဝိသေသ)

ယင်းအခိုက် ရထိုက်သောဗောဓိပက္ခိယ တရားများ-

ထိုထိုကိစ္စအားလျော်သော သမ္မပ္ပဓာန်(၁) ထိုထိုပုဗ္ဗာဘိသင်္ခါရအားလျော်သော ဣဒ္ဓိပါဒ်(၁) ဣန္ဒြေ(၅) ဗိုလ်(၅) ဗောဇ္ဈင်(၇) ဝိရတိကြဉ်သော မဂ္ဂင်(၅) ပေါင်း (၂၄)ပါး ရပါသည်။

မေး ဝေရဥ္ဇသုတ်လာ "သော စေ သမာဟိတေ ။ပ။ အာသဝါနံ ခယ ဉာဏာယ စိတ္တံ အဘိနိန္နာမေသိ"-ဝယ် ခယအရ ဉာဏအရတို့ကို တိကျစွာ ကောက်ပြပြီးလျှင် ရှေ့ပုဒ်အရတရားသည် နောက်ပုဒ်အရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကို ယထာရဟ ဖော်ပြ၍ ခယအရ ဖြစ်ထိုက်သော ဝိသုဒ္ဓိနှင့် ဗောဓိပက္ခိယ တရားတို့ကို ဖော်ပြပါ။ (၄၄-ခုတ-ဆင့်၊ဘဲ)

ဖြေ ခယ-အရ ပဉ္စမဈာန်နှင့်ယှဉ်သော အရဟတ္တမဂ်၊

ဉာဏ-အရ ပဉ္စမဈာန်နှင့်ယှဉ်သော အရဟတ္တမဂ်ပညာ ဖြစ်ပါသည်။

ပစ္စယသတ္တိများ- အကြီး(၄)၊ အညမည သမ္ပယုတ္တ၊ အဝိဂတ အာဟာရ ဣန္ဒြိယ (ဈာန မဂ္ဂ)တို့ဖြင့် ယထာရဟကျေးဇူးပြုသည်။

ခယအရ ဖြစ်ထိုက်သောဝိသုဒ္ဓိ- ဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပါသည်။

ဗောဓိပက္ခိယတရား-သမ္မာသင်္ကပ္ပမဂ္ဂင်နှင့် ပီတိသမ္ဗောဇ္ဈင်ကြဉ်သော ကျန်ဗောဓိပက္ခိယတရား (၃၅)ပါး ဖြစ်ပါသည်။

မှတ်ချက် အထက်မေးခွန်းပါ ခယအရ အရဟတ္တမဂ်သည် ဘုရားရှင်၏ အရဟတ္တမဂ်ဖြစ်၍ စတုတ္ထဈာန် (စတုက္ကနည်း) ပဉ္စမဈာန်(ပဉ္စကနည်း)နှင့်ယှဉ်သော အရဟတ္တမဂ်စိတ်သာ ဖြစ်ရမည်၊ သို့ဖြစ်၍ အဖြေ၌ ပဉ္စမဈာန်နှင့်ယှဉ်သော အရဟတ္တမဂ်၌ ရထိုက်သော ဗောဓိပက္ခိယတရားများကိုသာ ဖြေဆိုလိုက်သည်။

မေး သုဒ္ဓိနကျွှ "သော ဧကော ဝူပကဋ္ဌော" ၌ ဝူပကဋ္ဌအရ အစဆုံးဖြစ်ထိုက်သော တရားကိုဖွင့် (မနောယောဂ ဓမ္မာယောဂ)ထိုက်သောတရားတို့ကိုသာ

http://www.dhammadownload.com



ပေါ်ပြ၍ "ဒင္ဓော မလ္လပုင္တော တေဇောဓာတု သမာပန္တော"-၌ ဖြစ်ထိုက်သော ဝိသုဒ္ဓိအမည်နှင့် ဗောဓိပက္ခိယတရားတို့ကို သူရုပ်သင်္ချာမျှ ပေါ်ပြပါ။ (၄၆-ခု၊တ-ဆင့်၊ဝိနည်း။)

ဖြေ မနာယတနထိုက်သော တရားကား- ပဋိသန္ဓေကိစ္စတပ်သော မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်(၄)ပါးတို့တွင် တစ်ပါးပါး၊

ဓမ္မာယတန ထိုက်သောတရားကား- ကမ္မဇရုပ်တို့တွင် အာပေါ အာဟာရရုပ် ပုရိသိန္ဒြေ ဟဒယဝတ္ထု ဇီဝိတရုပ် (အတွင်းရုပ်)၊ အာကာသဓာတ် ဥပစယ သန္တတိ (အပြင်ရုပ်)၊

ဝိသုဒ္ဓိအမည်ကား- စိတ္တဝိသုဒ္ဓိ၊

ဗောဓိပက္ခိယတရားတို့၏ သင်္ချာ- (၂၂)ပါး ဖြစ်ပါသည်။

မေး "ယော စ ပုညဉ္စ ပါပဉ္စ၊ ဗာဟေတွာ ဗြဟ္မစရိယဝါ"-၌ ဗာဟေတွာ အရက (ယော)အရ ဖြစ်သင့်သောတရားအား မည်သည့်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ကြောင်းရေး၍ ယင်းပစ္စည်းတရားသည် မည်သည့် ဝိသုဒ္ဓိ ဖြစ်ကြောင်း သက်ဂြိုဟ်အထောက်အထားပြ ဖြေဆိုပါ။ (၃၇-ခု၊ တ-ဆင့်၊ဓမ္မပဒ)

ဖြေ ဗာဟေတွာ အရ- မဂ်စိတ်(၄)ပါး ပစ္စည်းတရားက ယော အရ- ယှဉ်ဘက်သမ္ပယုတ္တဓမ္မအား အကြီး(၄) လတ်(၂)၊ ငယ်- အဓိပတိ အာဟာရ ဣန္ဒြိယ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

(တနည်း) ဗာဟေတွာအရ- မဂ္ဂင်(၈)ပါး ပစ္စည်းတရားက ယောအရ- မဂ္ဂင်(၈)ပါးကြဉ် ကြွင်းမဂ်စိတ္တုပ္ပါဒ်အား အကြီး(၄)၊ အညမည သမ္ပယုတ္တ၊ ဟေတု အဓိပတိ ဣန္ဒြိယ ဈာန မဂ္ဂ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

ပစ္စည်းတရား၏ ဝိသုဒ္ဓိကား- ဉာဏဒဿနဝိသုဒ္ဓိဖြစ်ပါသည်။

သင်္ဂြိုဟ်အထောက်ကား-

ဆဗ္ဗိသုဒ္ဓိကမေနေဝ၊ ဘာဝေတဗ္ဗော စတုဗ္ဗိဓော၊

ဉာဏဒဿနဝိသုဒ္ဓိ- နာမမဂ္ဂေါ ပဝုစ္စတိ။

http://www.dhammadownload.com



မေး "ပန္နဘာရ ဝိသံယုတ္တံ တမဟ် ဖြူမိ ဗြာဟ္မဏ်"-၌ ဝိသံယုတ္တံ၏ အနတ္တ အရတရား ဖြစ်ရာဘုံ, ၄င်းတရားသည် ဖြစ်စေအပ်သောရုပ်, ထိုတရား ၏ အာယတနအမည်, ထိုအာရုံသည် ကျေးလှမ်းနိုင်သော ပစ္စည်းစု, ထိုတရား၌ ရသင့်သော ဝိသုဒ္ဓိအမည်တို့ကို ရေးသားပါ။ (၂၉-ခု၊ တ-ဆင့်၊ဓမ္မပဒ)

ဖြေ အနတ္တ (အရဟတ္တမဂ်)တရားဖြစ်ရာဘုံကား- ကာမသုဂတိ (၇)ဘုံ, ရူပ (၁၅)ဘုံ, အရူပ (၄)ဘုံ၊

ဖြစ်စေအပ်သောရုပ်- ဝိညတ်ငွေ။ သဒ္ဒရုပ်ကြဉ်သော ကြွင်း စိတ္တဇရုပ်။

အာယတနအမည်- မနာယတန၊

ကျေးလှမ်းနိုင်သော ပစ္စည်းစု- အာရမ္မဏ အဓိပတိ ဥပနိဿယ၊

ရသင့်သော ဝိသုဒ္ဓိ- ဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပါသည်၊

။ မျှ၊နှိုင်း ပြီး၏ ။

# နောက်ဆက်တွဲ ကြည့်ရှုရန်

## မာန်(မာန) ၉-မျိုး

| | |
|---|---|
| သေယျပုဂ္ဂိုလ်၏ | ၁။ သေယျမာန် |
| | ၂။ သဒိသမာန် |
| | ၃။ ဟီနမာန် |
| သဒိသပုဂ္ဂိုလ်၏ | ၁။ သဒိသမာန် |
| | ၂။ သေယျမာန် |
| | ၃။ ဟီနမာန် |
| ဟီနပုဂ္ဂိုလ်၏ | ၁။ ဟီနမာန် |
| | ၂။ သေယျမာန် |
| | ၃။ သဒိသမာန်ဟု ၉-မျိုး ရှိသည်။ |

## ယာထာဝမာန် + အယာထာဝမာန်အဖွဲ့

သေယျပုဂ္ဂိုလ်၏ သေယျမာန်၊ သဒိသပုဂ္ဂိုလ်၏ သဒိသမာန်၊ ဟီနပုဂ္ဂိုလ်၏ ဟီနမာန်၊ ဤ(၃)မျိုးကို "ယာထာဝမာန်"ဟု ခေါ်သည်။

သေယျပုဂ္ဂိုလ်၏ သဒိသမာန်၊ ဟီနမာန်၊

သဒိသပုဂ္ဂိုလ်၏ သေယျမာန်၊ ဟီနမာန်၊

ဟီနပုဂ္ဂိုလ်၏ သေယျမာန်၊ သဒိသမာန်၊ ဤ(၆)မျိုးကို "အယာထာဝမာန်"ဟု ခေါ်သည်။

## ပဟာယက + ပဟာတဗ္ဗ အဖွဲ့

ယာထာဝမာန်(၃)မျိုးသည် ပဟာတဗ္ဗ၊ အရဟတ္တမဂ်သည် ပဟာယက။

အယာထာဝမာန်(၆)မျိုးသည် ပဟာတဗ္ဗ၊ သောတာပတ္တိမဂ်သည် ပဟာယက။ (ရှု၊ ၁၊ ၃၂၈။)

http://www.dhammadownload.com



### ဘုရားရှင်၏ ပရိနိဗ္ဗာနစိတ်

ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ပရိကမ်ဥပစာ အနုလုံ ဂေါတြဘု ရူပကြိယာဝတ္ထုပ္ပစ္စဝေက္ခဏာ ဈာန်ဇောများ ဖြစ်ပြီးလျှင် ထိုနောင် ဘဝင်အနည်းငယ်ခြား၍

ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း မဟာကြိယာ ဉာဏသမ္ပယုတ် ပစ္စဝေက္ခဏာ မရဏာသန္နဇော(၅)ကြိမ် ဖြစ်ပြီးလျှင် ထိုနောင် ဘုရားရှင်၏ ပရိနိဗ္ဗာနစုတိ ကျ၏။

### စိတ်သရုပ်သည် ဝေဘန်ပုံ

စိတ်သရုပ်။ ။ ငံထိမှတ်စိတ်အရ မဟာဝိပါက် ဉာဏသမ္ပယုတ်သောမနဿ သဟဂုတ် အသင်္ခါရိကစိတ်ကို ကောက်။

ဝီထိစိတ်တို့အရ မနောဒွါရာဝဇ္ဇန်း-၁ မဟာကြိယာဉာဏ သမ္ပယုတ်-၄ (ရူပကြိယာစတုတ္ထဈာန်-၁)တို့ကို ကောက်။

အာရုံ။ ။ ဝိထိမှတ်စိတ်တို့သည် အတိတာနန္တရဘဝက မနောဒွါရိက မရဏာ သန္နဇောသည် ယူအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်(၃)ပါး တို့တွင် တစ်ပါးပါးကို အာရုံပြုကြသည်။

ဝီထိစိတ်တို့သည် အတိတ်ဖြစ်သော ရူပကြိယာ စတုတ္ထဈာန်မှ ဉပေက္ခာ ဝေဒနာ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါတို့ကို အာရုံပြုကြ သည်။ (ဈာနသမာပတ္တိဝီထိ၌ ဝီထိစိတ်တို့သည် ကသိုဏ်းပညတ်-၁၀ အာနာပါနပညတ်-၁ ဉပေက္ခာ၏အာရုံဖြစ်သော သတ္တဝါ ပညတ်-၁ တို့ကို အာရုံပြုကြသည်။)

ဝိရာဝတ္ထု။ ။ စုတိစိတ်မှ ပြန်၍ရေသော် သောဠသမစိတ်တိုင်အောင်သော ဝီထိစိတ် ဝိထိမှတ်စိတ်တို့သည် စုတိစိတ်မှ ပြန်၍ရေသော် ၁၇ ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို မှီကြသည်။

http://www.dhammadownload.com



ကြွင်းကျန်သော ဝီထိစိတ် ဝီထိမုတ်စိတ်တို့သည် ရှေးရှေး စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို မှီကြသည်။

ဘုံ ။ ။ မနုဿဘုံ။

ပုဂ္ဂိုလ် ။ ။ သမ္မာသမ္ဗုဒ္ဓ (ရဟန္တာပုဂ္ဂိုလ်)။

မှတ်ချက်။ ။အထက်ပါ ဘုရားရှင်၏ ပရိနိဗ္ဗာနဝီထိကို သုတ်မဟာဝါ အဋ္ဌကထာ ဋီကာတို့ကို ကြည့်ရှု၍ ချပြထားခြင်းဖြစ်သည်။ သုတ်မဟာဝါပါဠိတော်မျှကိုသာ ကြည့်ရှု၍ ချပြလျှင်ကား "ဈာန သမနန္တရ ပရိနိဗ္ဗာနဝီထိ"ကို ချရမည်။ (ဝီထိချပုံကို စာမျက်နှာ ၇၁-၌ ရေးပြီး။)

**သင်္ဂဟဝီထိကျမ်း ပြီးပါပြီ။**

http://www.dhammadownload.com

# ပဟာတဗ္ဗ - ပဟာယကအခွဲ

| အုပ်စု | ပဟာတဗ္ဗ | ပဟာယက |
|---|---|---|
| အာသဝ | ဒိဋ္ဌာသဝ | သောတာပတ္တိမဂ် |
| | ကာမာသဝ | အနာဂါမိမဂ် |
| | ဘဝါသဝ.အဝိဇ္ဇာသဝ | အရဟတ္တမဂ် |
| | ဩဃ - ယောဂလည်း နည်းတူမှတ် | |
| ဂန္ထ | သီလဗ္ဗတ.ဣဒံသစ္စာဘိနိဝေသ | သောတာပတ္တိမဂ် |
| | ဗျာပါဒ | အနာဂါမိမဂ် |
| | အဘိဇ္ဈာ | အရဟတ္တမဂ် |
| ဥပါဒါန် | ဒိဋ္ဌိ.သီလဗ္ဗတ.အတ္တဝါဒ | သောတာပတ္တိမဂ် |
| | ကာမုပါဒါန် | အရဟတ္တမဂ်(မဂ်လေးပါး) |
| နီဝရဏ | ကုက္ကုစ္စ.ဝိစိကိစ္ဆာ | သောတာပတ္တိမဂ် |
| | ကာမစ္ဆန္ဒ.ဗျာပါဒ | အနာဂါမိမဂ် |
| | ထိန.မိဒ္ဓ.ဥဒ္ဓစ္စ.အဝိဇ္ဇာ | အရဟတ္တမဂ် |
| အနုသယ | ဒိဋ္ဌိ.ဝိစိကိစ္ဆာ | သောတာပတ္တိမဂ် |
| | ကာမရာဂ.ပဋိဃ | အနာဂါမိမဂ် |
| | မာန.ဘဝရာဂ.အဝိဇ္ဇာ | အရဟတ္တမဂ် |
| သံယောဇဉ် | ဒိဋ္ဌိ.သီလဗ္ဗတ.ဝိစိကိစ္ဆာ.ဣဿာ.မစ္ဆရိယ | သောတာပတ္တိမဂ် |
| | ကာမရာဂ.ပဋိဃ | အနာဂါမိမဂ် |
| | မာန်.ဘဝရာဂ.အဝိဇ္ဇာ (ဥဒ္ဓစ္စ) | အရဟတ္တမဂ် |

http://www.dhammadownload.com



| | | |
|---|---|---|
| ကိလေသာ | ဒိဋ္ဌိ.ဝိစိကိစ္ဆာ<br>ဒေါသ<br>လော.မော.မာ.ထိန.ဥဒ္ဓစ္စ.အဟိရိ.အနောတ္တပ် | သောတာပတ္တိမဂ်<br>အနာဂါမိမဂ်<br>အရဟတ္တမဂ် |
| အကုသလကမ္မပထ | ပါဏာ.အဒိန္နာ.ကာမေသု.မုသာ.မိစ္ဆာဒိဋ္ဌိ<br>ပိသုဏာ.ဖရုသာ.ဗျာပါဒ<br>သမ္ဖပ်.အဘိဇ္ဈာ | သောတာပတ္တိမဂ်<br>အနာဂါမိမဂ်<br>အရဟတ္တမဂ် |
| အကုသလစိတ္တုပ္ပါဒ | ဒိဋ္ဌိဂတသမ္ပယုတ်.ဝိစိကိစ္ဆာ<br>ဒေါသမူဒွေး<br>ဒိဋ္ဌိဂတဝိပ္ပယုတ်.ဥဒ္ဓစ္စသဟဂုတ် | သောတာပတ္တိမဂ်<br>အနာဂါမိမဂ်<br>အရဟတ္တမဂ် |
| မိစ္ဆတ္တ (၁၀) | မိစ္ဆာဒိဋ္ဌိ.မိစ္ဆာကမ္မန္တ.မိစ္ဆာဇီဝ<br>မိစ္ဆာသင်္ကပ္ပ.မိစ္ဆာဝါစာ<br>မိစ္ဆာဝါယာမ.မိစ္ဆာသတိ.မိစ္ဆာသမာဓိ.<br>မိစ္ဆာဝိမုတ္တိ.မိစ္ဆာဉာဏ | သောတာပတ္တိမဂ်<br>အနာဂါမိမဂ်<br>အရဟတ္တမဂ် |
| ဝိပလ္လာသ (၁၂) | အနိစ္စကို နိစ္စ.အနတ္တကိုအတ္တ - ဟုဖောက်ပြန်သော သညာ.စိတ္တ.ဒိဋ္ဌိဝိပလ္လာသ (၆)<br>ဒုက္ခကို သုခ.အသုဘကိုသုဘ - ဟုဖောက်ပြန်သော ဒိဋ္ဌိဝိပလ္လာသ (၂)<br>အသုဘကို သုဘဟု ဖောက်ပြန်သော သညာ.စိတ္တ ဝိပလ္လာသ (၂)<br>ဒုက္ခကို သုခဟုဖောက်ပြန်သော သညာ.စိတ္တ ဝိပလ္လာသ (၂) | သောတာပတ္တိမဂ်<br>(သကဒါဂါမိမဂ်)အနာဂါမိမဂ်<br>အရဟတ္တမဂ် (အံ၊ဋ္ဌ၊၂၊၂၀၄) |

http://www.dhammadownload.com



| | | |
|---|---|---|
| လောကဓံ (၈) | အလာဘ.အယသ.နိန္ဒာ.ဒုက္ခလျှင် အကြောင်းရှိသော ပဋိဃ | အနာဂါမိမဂ် |
| | လာဘ.ယသ.ပသံသာ.သုခလျှင် အကြောင်းရှိသော အနုနယလောဘ | အရဟတ္တမဂ် |
| အဂတိ | ဆန္ဒ.ဒေါသ.မောဟ.ဘယာဂတိ | သောတာပတ္တိမဂ် |
| မစ္ဆရိယ | အာဝါသ.ကုလ.လာဘ.ဝဏ္ဏ.ဓမ္မ | သောတာပတ္တိမဂ် |

မှတ်ချက်။ ❖ အထက်ပါ ပဟာတဗ္ဗ.ပဟာယကအခွဲဇယားကွက်၌ ထိုထိုမဂ်ဖြင့် အကြွင်းမဲ့ပယ်သတ်နိုင်သော အာသဝ. ဩဃ စသည်တို့ကို အုပ်စုခွဲကာ ဖော်ပြထားသည်။

❖ အောက်ပါဆောင်ပုဒ်လင်္ကာ၌ကား မဂ်တစ်ခုပယ်သတ်နိုင်သမျှသော အာသဝ. ဩဃ စသည်တို့ကို စုပေါင်းပြဆိုထားသည်။

http://www.dhammadownload.com



## မဂ်လေးပါး ပယ်စဉ်လင်္ကာ

သောတာမဂ်ပယ် အသွယ်သွယ်ကို အလွယ်ဆိုအံ့ -
ငါးအင်မစ္ဆရိ . အဂတိလေးဖြာ . ဒိဋ္ဌာသဝ . ဒိဋ္ဌောဃနှင့် ၊ ယောဂ ဒိဋ္ဌိ .
ဂန္ထကြည့်သော် သီလ . ဗ္ဗတံ . နီ-ကိစ္စံကြဉ် ပါဒါန်တွင်မူ ကာမူမှကြွင်း
ပယ်တုံ့လျှင်း၏၊ ဒိဋ္ဌိ . ကိစ္စာ နနစ်ဖြာပယ် . တစ်သွယ်အကု ကမ္မရှုသော်
ပါကာဒိန္န စာရမုသာ မိစ္ဆာငါးပယ် . စိတ္တုပ်ဝယ်မူ ဒိဋ္ဌသံဝိစိ ၊
တစ်ဆယ်ကိုတွင် အနုသွင်တူ သံယောမူကား ဒိဋ္ဌိ.ကိစ္စာ ပရာမာသ
ပါယဂတိ ကာ.ပဋိစွက်ပယ်ခွါဖျက်သည် ညက်ညက်ကျေစေ့ မခက်တည်း။

အထက်မဂ်များ ပယ်တရားကား -ပါယဂတိ ကာ.ပဋိကြွင်း
ရှန့်ရင်းရာဂ ပဋိယနစ်ဖြာ သကဒါပယ်.နာဂါမဂ်မူ ဗျာပါဂန္ထ အာသဝဝယ်
ကာမယဝယ်၏၊ ဩ.ယော နစ်ဆူ အတူအာသဝ ကာမဗျာပါ ကုက္ကုစ္စာနီ .
သုံးလီပယ်သတ် အနုမှတ်မူ နစ်ဆူကာ.ပဋိ ၊ မူလတီတွင် ဒေါသကြဉ်ခွါ
ကံယထာမူ ပိသူဇရ ဗျာပါစုပယ် စိတ်-ကိဝယ်ဟူ မူလတူ၏၊
တစ်မူအာနော ဩနှင့်ယောတွင်ပယ်ကြဉ်ဘဝ အဝိဇ္ဇနစ် ထိနဒွစ္စ နီ-မိဒ္ဓစု
အနုရှိသော်မာနဝိဇ္ဇာ ဘဝရာပယ် မူလဝယ်မူ လော.မောမူလ ကမ်ဘဝမှတ်
သမ္ပပ်.ဝိဇ္ဇာ စိတ္တုပ္ပါမူ ဝိပ်ဥဒ္ဓစ္စ ဘာဂဥဒ္ဓံ သံယောဂ်ကြဉ် ကိလေ တွင်မူ
ခနစ်ဆူကြွင်း ပယ်တုံ့လျင်းသည် ဂျွင်းရှင်းဆုံးမဂ် ပယ်စဉ်တည်း။ ။